# ဘုံဝါဒနှင့်
# ရိုဗမာ

သိန်းဖေမြင့်

# ဘုံဝါဒနှင့် တို့ဗမာ

သိန်းဖေမြင့်

၂၅–၀–၆၇ (အုပ်ရေ–၃၀၀၀)

## တတိယအကြိမ် ထုတ်ဝေသူ၏အမှာ

ဘုံဝါဒနှင့် တို့ဗမာစာအုပ်ကို ၁၉၅၄ခုနှစ်က ပြည်တော်စိုး စာအုပ်တိုက်မှ ထုတ်ဝေခဲ့ပါသည်။

တဖန် ဂျိုးဖြူ စာအုပ်တိုက်မှ ၁၉၆၄ ခုနှစ်တွင် ဒုတိယ အကြိမ် ရိုက်နှိပ်ထုတ်ဝေပြန်ပါသည်။ နှစ်ကြိမ်ရိုက်သော စာအုပ်များ လုံးဝကုန်သွားပြန်၍ ယနေ့အချိန်အခါတွင် စာအုပ်ဆိုင်များ၌ ဝယ်ယူ၍မရခဲ့ပါသဖြင့် လေ့လာလိုသူများက ပြန်လည်ရိုက်နှိပ်သင့်ကြောင်း တောင်းဆိုခဲ့ပါ၍ ယခုတတိယ အကြိမ် ပြန်လည် ရိုက်နှိပ်ထုတ်ဝေလိုက်ရပါကြောင်း။

ဗေဒစတော့စာပေ

နိုင်ငံရေးဆိုင်ရာစာပေ ခွင့်ပြုချက် အမှတ် (၂၃၀)

ပုံနှိပ်သူ။ ဒေါ်ခင်ဦး၊ မှတ်ပုံတင်အမှတ် (၀၈၃၁) နွယ်နီပုံနှိပ်တိုက်၊ ၂၃၈၊ ၂၉-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ။ ဦးလှဖေ၊ (၀၄၁၉) "ဗေဒစတော့စာပေ" အမှတ် ၂၁၊ အရှေ့ဒီရုံ၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မြို့။

## မာတိကာ

၁။ သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော ဗဟို တို့ဗမာ အစည်းအရုံးကြီး၏ တို့ဗမာဝါဒ ... ၅
၂။ ခေတ်ကာလ ပြုပြင်ပြောင်းလဲရေး။ (သခင်ကိုယ်တော်မှိုင်း) ... ၁၂
၃။ သခင်ကိုယ်တော်မှိုင်းနှင့် စစ်ကိုင်းသူတို့၏ မေတ္တာလက်ဆောင်။ ... ၁၈
၄။ ကမ္ဘာစစ်နှင့် ဗမာ (သခင်အောင်ဆန်း) ... ၂၉
၅။ ကျွန်တော်ဘုံသမား (ပေါင်နု) ... ၄၄
၆။ ဘယ်လို လွတ်လပ်ရေးမျိုးလဲ (မောင်နု) ... ၆၇
၇။ ရေနံမြေ အရေးတော်ပုံ (မောင်စိုး) ... ၇၅
၈။ အလုပ်သမား နှင့် လယ်သမားသာ တိုင်းပြည်၏ အရှင်သခင် (သခင်လေးမောင်) ... ၈၇
၉။ ဆိုရှယ်လစ်ဝါဒနှင့် ဗမာရာဇဝင် (သန်းထွန်း) ... ၉၇
၁၀။ လောကနိဗ္ဗာန်တည်ဆောက်နေသူ စတာလင်။ (မောင်ဗဆွေ) ... ၁၁၃
၁၁။ ကမ္ဘာကို ချောက်ချားတုန်လှုပ်စေခဲ့သော နိုင်ငံရေးပါတီတခု။ (မောင်ဗဟိန်း) ... ၁၂၃
၁၂။ လက်ဝဲဂိုဏ်းများ၏ ဝါဒ (ဦးသန့်) ... ၁၃၀

## မာတိကာ


၁၃။ ငြိမ်းချမ်းရေး နှင့် ဖြိုတိသျှခြေလှမ်း (မောင်လှဖေ) ၁၃၅

၁၄။ တိုဗမာအစည်းအရုံးကြီးနှင့် ဆိုရှယ်လစ်ဝါဒ (သခင်ကျော်စိန်) ၁၃၉

၁၅။ ကုလား ဗမာဘိုက်ပွဲ (မောင်သိန်းဖေ) ၁၅၈


## အတ္ထုပ္ပတ္တိ အကျဉ်းများ


၁။ သခင်ကိုယ်တော်မှိုင်း ၁၈၁

၂။ သခင်အောင်ဆန်း ၁၈၅

၃။ သခင်နု ၁၈၉

၄။ သခင်စိုး ၀၉၂

၅။ သခင်သန်းထွန်း ၁၉၄

၆။ သခင်လေးမောင် ၁၉၆

၇။ ဦးဗဆွေ ၁၉၈

၈။ ပန်းတနော် ဦးသန့် ၂၀၀

၉။ သခင်ဗဟိန်း ၂၀၁

၁၀။ သခင်လှဖေ (ဗိုလ်လကျာ်) ၂၀၃

၁၁။ သခင်ကျော်စိန် ၂၀၄

၁၂။ သိန်းဖေမြင့် ၂၀၇


# နိဒါန်း

ဤ"ဘုံဝါဒနှင့် တိုဗမာ" စာအုပ်ဖြစ်ပေါ်လာပုံကား အောက်ပါအတိုင်းဖြစ်၏။

ကျွန်တော်သည် မြဝတီမဂ္ဂဇင်း၌ "အရှေ့ကနေဝန်းထွက်သည့်ဗမာ" ဝတ္ထုရှည်ကြီးကို အပါတ်စဉ်ရေးရာ ၁၃၀၀-ပြည့်နှစ် အရေးတော်ပုံနှင့် ပတ်သက်သော စာအုပ် စာတမ်း စာနယ်ဇင်းများကို ဘတ်ရလေ့လာရလေသည်။ ၎င်းထဲတွင် နဂါးနီစာစောင်များပါ၏။

၁၃၀၀-ပြည့်နှစ် အရေးတော်ပုံ မတိုင်မီကလေးနှင့် အရေးတော်ပုံအတွင်း မာ့က်စ်ဝါဒသည် ဗမာ့လွတ်လပ်ရေး အုံကြွဖစည်းမှုအတွင်းသို့ ဩဇာပျံ့နှံ့လာလေသည်။ တိုဗမာအစည်းအရုံးကြီးသည်လျှင် လူမျိုးရေးဝါဒကိုသာမကဘဲ ဘုံဝါဒ (ဝါ) မာ့က်စ်ဝါဒကို ခံယူစပြုလာလေသည်။ လူမျိုးရေးဝါဒသမားသက်သက်ဖြစ်သူတို့သည် တိုဗမာ ခေါင်းဆောင်မနေရာမှ တဖြည်းဖြည်း ရှေ့လျောကျဆင်းလျက်မာ့က်စ်ဝါဒသမားတသည် တိုဗမာခေါင်းဆောင်မနေရာသို့ တက်ရောက်လာကြလေသည်။

အထင်ရှားဆုံးမှာ မြင်းခြံတွင်ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာ တိုဗမာအစည်းအရုံး ညီလာခံတွင် ဥက္ကဋ္ဌ ဖြစ်လာသော သခင်လေးမောင်၏ ဥက္ကဋ္ဌမိန့်ခွန်းဖြစ်လေသည်။ ၎င်းနောက် တိုဗမာအစည်းအရုံး နိုင်ငံလုံးဆိုင်ရာ ကော်မတီက ၁၉၃၈-အကန် ၃၉ အစတွင် ဘုံဝါဒကို တိုဗမာ လက်သုံးတရားဝင်ဝါဒအဖြစ်ဖြင့် ကျေညာလေတော့သည်။ "ယင်းကျေညာချက်ကို စာအုပ်အစတွင်တွေ့နိုင်ပေသည်"

သို့ကလို တိုဗမာနိုင်ငံရေးလုပ်ငန်း၌ ဝင်ရောက် လာခြင်းသည် နဂါးနီစာစောင်များ၌ ထင်ဟပ်လာခဲ့လေ၏။ ထို့ကြောင့် ဘုံဝါဒသဘောနှင့်ပတ်သက်သော ဆောင်းပါးများ ဘုံဝါဒအရင်းခံ၍ ဗမာ့အရေး၊ ကမ္ဘာ့အရေးတို့ကို ဝေဖန်ပိုင်းခြားကြသော ဆောင်းပါးများ။ ကမ္ဘာ့ဘုံဝါဒ (ဝါ) မာ့က်စ်ဝါဒဆောင်းပါးများနှင့် ပါတီများအကြောင်း ဆောင်းပါးများတို့ကိုဘတ်ရှုရပေသည်။

၁၃၀၀-ပြည့်နှစ် အရေးတော်ပုံကို သတ္တု ချက်ကြည့်လျှင် ရေနံမြေအလုပ်သမားသပိတ် ခေါင်းဆောင်သော ဗမာလက်လုပ်ရေး ဒုကြလှုပ်ရှားမှု လက်တွေ့လုပ်ငန်းနှင့် မာ့က်စ်ဝါဒ သဘောတရားတို့ ဗမာ့သမိုင်းတွင် ပထမဆုံးအကြိမ် ပေါင်းစပ် သဟဇာ ဖြစ်ခြင်းပင်ဖြစ်ကြောင်းတွေ့ရပေသည်။

နဂါးနီစာစောင်များတွင် ဖော်ပြပါ ဆောင်းပါးများကို ဘတ်ရကသည်းက "ဘုံဝါဒနှင့် တိုဗမာ"ဟူ၍ စာတအုပ် အဖြစ်ဖြင့် ဆောင်းပါးအချို့ကို ရွေးချယ် ထုတ်ဝေအပ်သည် ဟု ကျနတော်ထင်မြင်နေခဲ့လေသည်။



ထိုအခိုက် 'ပြည်တော်စိး'စာအုပ်တိုက်မှ ကျန်တော့်ထံ ချဉ်းကပ်ကာ စာမူတောင်းလာပေ၏။ ကျန်တော့်မှာ လက်တွေ့ နိုင်ငံရေး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းများဖြင့်ရှုပ်၍ အပါတစ်ခုဆောင်းပါးများ ရေးရခြင်းဖြင့်၄င်း ကြားမညှပ်နိုင်အောင် မအားမလပ်ဖြစ်နေရကား စာတအုပ်ဖြစ်လောက်အောင် စာမူရေးပေးနိုင်ခွင့်မရှိခဲ့။ ထို့ကြောင့် "ဘုံဝါဒနှင့်တိုဗမာ" စာအုပ်ကိုထုတ်ဝေရန်သာ တိုက်တွန်းရပေတော့၏။

ပုံနှိပ်ထုတ်ဝေသူတိုကလည်း ကျန်တော့် အကြံပေးချက်ကို ခေါက်ခြင်းလက်ခံလေရာ နဂါးနီစာမူများကို အမြဲခထားသော မြန်မာနိုင်ငံ ဘာသာပြန်စာပေအသင်း "စာပေဗိမာန်" သို့ ခွင့်ပြုရန် စာရေးတောင်းဆိုခဲ့ပေသည်။ ဘာသာပြန်စာပေအသင်းကလည်း ခေါက်ခြင်းပင် ကျေနပ်စွာ ခွင့်ပြုသဖြင့် နဂါးနီစာစောင်မှ ဆောင်းပါးများကို ရွေးချယ်၍ ထုတ်ဝေသူများအား ပေးခဲ့လေသည်။

ဤ "ဘုံဝါဒနှင့် တိုဗမာ"ပါ ဆောင်းပါးတိသည် တိုဗမာ အစည်းအရုံးသည် ဘုံဝါဒပျံ့နှံ့လာပုံကို ပြည့်စုံစွာ အကောင်းဆုံး ထင်ဟပ်သည်ဟုမဆိုလိုပါ။ ထိုစဉ်က အခြားရေးသားချက်တို့လည်း ရှိပေလိမ့်မည်။ သို့ရာတွင် လယ်လင်တကာ ရှာဖေမရသဖြင့် နဂါးနီစာစောင်မှ ရသမျှလောက်ကိုသာ အဓိကပင်ရွေးထား၍ ထည့်သွင်းရပေသည်။ ဥပမာ... အခြားသူများရေးသောစာများကိုမဆိုနှင့် ကျန်တော့် ရေးသားချက်များပင်လျှင် လယ်လားတကာ ရှာမရ၍ မထည့်နိုင်

နဂါးနီမထုတ်ဝေ၍ ဗြိတိသျှအစိုးရတို့က ပိတ်ပစ်ခဲ့သော ကျွန်တော်၏ "ယနေ့လက်ငင်း တို့တာဝန်" ဆိုသော စာအုပ်ငယ်သည် မာ့က်စ်ဝါဒကိုလေ့လာရန် အရေးကြီးပုံ၊ ဘယ်သို့ လေ့လာရမည် စသည်တို့ကို ရေးထား၏။ ထိုစာအုပ်ငယ်ကို ထည့်သွင်းပနိုင်ရန် ရည်ရွယ်ခဲ့၏။ သို့သော် စာမရှာမတွေ့သဖြင့် မထည့်သွင်းနိုင်ဖြစ်ရလေ၏။

ဤစာအုပ်ပါဆောင်းပါးတို့သည် မာ့က်စ်ဝါဒ စစ်စစ်မှန်မှန်ချည်း ဖြစ်သည်ဟုလည်း မဆိုဝံ့ချေ။ မာ့က်စ်ဝါဒ (ဝါ) ဘုံဝါဒသည် နေ့ချင်းညချင်း ရင်ကျက်စာပေါ်လာနိုင်သည်မဟုတ်။ "မြေစမ်း ခရမ်းပျိုး" သဘောဖြင့် ဝင်ရောက်လာခြင်းသာဖြစ်ပေသည်။ ပေါက်ခါစ ဖွားခါစ ဖြစ်သည့်အတိုင်း ချို့ယွင်းချက် အားနည်းချက်များလည်း ပါပေလိမ့်မည်။ သို့ရာတွင် စာဖတ်သူသည် ထိုချို့ယွင်းချက် အားနည်းချက်များကို နှလုံးသွင်းကာ ဝေဖန်ဖတ်ရှုပါလျှင် ဗမာနိုင်ငံရေးသမိုင်းကို လေ့လာနိုင်၍ ဗဟုသုတ တိုးပွားရုံမက ချို့ယွင်းချက်များကို ဖယ် အားနည်းချက်များကို အားရှိအောင်လုပ်၍ ရင့်ကျက်ပြည့်စုံမှုကို ရယူနိုင်ခွင့် ရှိပါလိမ့်မည်။ ထိုစဉ်က မာ့က်စ်ဝါဒမျိုးစေ့ ချခဲ့ကြပြီး ယနေ့ ဗမာခေါင်းဆောင်များ ဖြစ်နေသူတို့၏အတိတ်ခရီးကို ကောင်းစွာမြင်ကာ ပစ္စုပ္ပန် မှားမှန်တို့ကို ဝေဖန်ပေးနိုင်ကြပြီးလျှင် မှန်ကန်သော ခေါင်းဆောင်မှုအဖြစ်သို့ ပို့ပေးနိုင်ကြလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။

သိန်းဖေမြင့်၊ ၁၅-၁၂-၅၃။

# သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော

## ဗဟို တို့ဗမာအစည်းအရုံးကြီး၏ တို့ဗမာဝါဒ

တို့ဗမာဝါဒ ဆိုသည်မှာ တို့ဗမာ အစည်းအရုံးကြီး၏ ရည်ရွယ်ချက် ယုံကြည်ပုံ ဆုံးချက် သဘောထားတို့ကို ဆိုလိုသည်။ တို့ဗမာအစည်းအရုံးကြီး၏ ဝါဒသည် အကျဉ်းအားဖြင့် တို့ဗမာဝါဒ ဖြစ်သည်။

(၁) တို့ဗမာဆိုသည်မှာ ဗမာပြည်တွင်းရှိ တိုင်းရင်းသားများနှင့် ဗမာသွေးပါသော ဗမာပြည်ကြီး၏ အကျိုးတိုက် တို့ဗမာဝါဒအတွင်း ဆောင်ရွက်မည့်သူများကို တဖြည်းဖြည်း တပြေးတည်း သွေးစည်း၍ ညီညွတ်စည်းလုံးရန်ကို ဆိုလိုသည်။

(၂) သခင်ဆိုသည်မှာ လူတိုင်းလူတိုင်း၏ အခွင့်အရေးကို ရရှိပိုင်ဆိုင်ရန်အတွက် ဆောင်ရွက်လုပ်ကိုင်သူများနှင့် လူတိုင်းလူတိုင်းတို့၏ လူတန်းစေ့နေရေးထိုင်ရေးတို့ကို ကြံစည်လုပ်ကိုင်နေသူများကို ဆိုလိုသည်။ သို့အတွက် လူတိုင်းလူတိုင်း လူ့အလျောက် လူလိုနေထိုင်ရန် ကြံစည်အားထုတ်သူတိုင်း သခင်ဟု ခေါ်သည်။ လူတိုင်းလူတိုင်း တတန်းတည်း သခင်ဖြစ်ရန်

လိုသည်။ ယခုအခါ တို့ဗမာတို့သည် နိုင်ငံရေးအရ သော်၎င်း၊ စီးပွားရေးအရ သော်၎င်း၊ လွှမ်းမိုးချုပ်ချယ်ခြင်း ခံရလျက် အလွန်အောက်ကျနောက်ကျသော အခြေသို့ ရောက်၍နေ၏။ တနည်းအားဖြင့် နေရေးထိုင်ရေးတို့ကို မရရှိကြဘဲ လတန်း မစေ့ကြ။ သို့အတွက် တို့ဗမာတိုင်း တို့ဗမာတိုင်း လတန်းစေ့ နေနိုင်ရန် တို့ဗမာအစည်းအရုံးကြီးက ရှေ့ဆောင်ဦးစီးနေကြ သဖြင့် တို့ဗမာအစည်းအရုံး၀င်တိုင်းသည် သခင်, သခင်မများ ဖြစ်ကြသည်။

(၃) တို့ဗမာအစည်းအရုံးကြီးသည် တို့ဗမာအလုပ်သမား လယ်သမား၊ ဆင်းရဲသား၊ ဈေးရောင်း ခေါင်းရွက်၊ လုပ်စားကိုင်စားတို့ အများဆုံး ပါ၀င်သည့်အစည်းအရုံးကြီး ဖြစ်သဖြင့် မူလအခြေခံကစ၍ အခြား အဖွဲ့အစည်းများနှင့်မတူ အထူးကဲပြား ခြားနားသည့်အပြင် ပြောင်းလဲလျက် ရှိသော ကမ္ဘာလောကကြီး၏အတွင်းရှိ ဆင်းရဲသားပိုက်ဆံမဲ့ လုပ်စား ကိုင်စား ဘောင်သူလယ်သမားများ၏ အရေးကိစ္စတို့ကို ဦးစီး ရှေ့ဆောင်ကာ လုပ်ကိုင်နေသော ကမ္ဘာ့ အစည်းအရုံးကြီး များကဲ့သို့ တို့ဗမာ အစည်းအရုံးကြီးသည်လည်း ဗမာတပြည် လုံးနှင့် ပတ်သက်သော အစည်းအရုံးကြီးဖြစ်၏။

(၄) ပစ္စည်းရှိသူ၊ အရင်းရှိသူ၊ ဓနရှင်သူဌေး အစရှိသည် တို့၏ အကျိုးများကို အဓိကထား၍ အုပ်စိုး ချုပ်ချယ်သော အရင်းအနှီးစနစ်ကြီး တည်ရှိနေသမျှ ကာလပတ်လုံး ပစ္စည်းရှိ သူနှင့် ပစ္စည်းမဲ့သူ၊ ပိုက်ဆံရှိသူနှင့် ပိုက်ဆံမရှိသူ ကွဲပြားခြား နားခြင်း။ သူဌေးနှင့်ဆင်းရဲသား၊ အထက်တန်းစားနှင့် အောက်



တန်းစား၊ သွေးစုပ်သူနှင့် သွေးစုပ်ခံရသူတို့၏ အဆင့်အတန်း များမတူခြင်း၊ အစရှိသော အတန်းအစားကွဲပြားမှုရှိသည်ဟူ၍ ယုံကြည်ကြောင်း။

(၅) လူနည်းစုဖြစ်သော သူဌေး၊ ဓနရှင်၊ ကိုယ်ကျိုးရှာ အရင်းအနှီးအားဖြင့် အမြတ်ယူသူတို့၏ လက်ထဲတွင် ပစ္စည်း ဥစ္စာပိုမိုတိုးပွားလေလေ လူများစု ဖြစ်သော ဆင်းရဲသား ပစ္စည်းမဲ့ အောက်တန်းစားတို့၏ ဆင်းရဲဒုက္ခ ကြပ်တည်းခြင်း တို့သည် တနေ့တခြား ပိုမို၍ များလေလေ ဖြစ်လေသည်ကို ယုံကြည်ကြောင်း။

(၆) ဗမာပြည်နှင့်တကွ အခြားလက်အောက်ခံနိုင်ငံတို့၏ လွတ်လပ်ရေး၊ လူနည်းစု ဓနရှင်သူဌေးတို့၏ ကိုယ်စားလှယ် အစိုးရကင်းမဲ့ရေး၊ အရင်းအနှီးစနစ်အရ တည်ထောင်ထား သော အာဏာရှင် အုပ်ချုပ်နည်းပပျောက်ရေး၊ လူတိုင်းချမ်း သာစေ၍ လူတို့၏ အခွင့်အရေးကို အားလုံးညီတူညီမျှ ခံစား ပိုင်ဆိုင်သော စနစ်အခြေခံဖြင့် အုပ်ချုပ်သော တိုင်းသစ်ပြည် သစ် အစိုးရသစ်များ အလျင်အမြန် ထူထောင်ရန် အလို၍ ကြောင်း။

(၇) ဗမာပြည်နှင့်တကွ ကမ္ဘာကြီး၏ စီးပွားချမ်းသာ ရေး အခြေမြစ်တည်နေရန်မှာ လူများစုဖြစ်သော အောက်တန်း စားဆင်းရဲသားပိုက်ဆံမဲ့ တောသူတောင်သား၊ လယ်သမား၊ အလုပ်သမားတို့ကိုယ်တိုင် အစိုးရမဖြစ်သမျှ ကာလပတ်လုံး မအောင်မြင်နိုင်။

**သို့အတွက် တို့ဗမာအစည်းအရုံးကြီးကအခြေခံ ထားသောအချက်များမှာ—**

(က) အောက်ဆုံးတန်းရှိ ပိုက်ဆံမဲ့ တောသူတောင်သား လုပ်စားကိုင်စား အလုပ်သမား၊လယ်သမား ဆင်းရဲသား နင်းပြားတို့သည် အရာရာတွင်ရှေ့ဆောင်ရန်။ (ရှေ့ဆောင်ခြင်းဆိုသည်မှာ ဝါဒလွှမ်းမိုးမှုကိုဆိုလိုသည်)။

(ခ) နောက်ဆုံးရည်ရွယ်ချက်ဖြစ်သော လူတိုင်းလူတိုင်း၏ အခွင့်အရေးအားလုံးကုန်ကို ညီတညီမျှခံစားရမီ ဆင်းရဲသား လယ်သမား၊ အလုပ်သမားများ ကြီးစိုးသော အစိုးရထူထောင်ရန်။

(ဂ) အရင်းအနှီးအားဖြင့် အမြတ်ယူခြင်း၊ လူနည်းစု၏ လက်ရှိငွေရင်းငွေနှီးဖြင့် ပိုက်ဆံရှာခြင်းအစရှိသော သဘောတရားကို ကွယ်ပျောက်စေခြင်း၊ လုပ်ရည်ကိုင်ရည်အစွမ်းကိုသာ တန်ဘိုးထားစေရန် တဦးတည်း ပိုင် တခုတည်းပိုင် အဖြစ်ဖြင့် ပစ္စည်းဘောဂများသည် လှည့်လည်ခြင်းမရှိဘဲ တနေရာ တနေရာကောင်းတို့၌သာ စုပုံနေခြင်းအားဖြင့် များစွာသောသူတို့ ကြပ်တည်းကျဉ်းမြောင်းသောစနစ်မျိုး ကွယ်ပျောက်စေရန်နှင့် တိုင်းပြည်၏ ပစ္စည်းဘောဂများကို လူတိုင်းလူတိုင်း ညီမျှစွာ ပိုင်ဆိုင်ခွင့်ရှိစေရန်။

(ဃ) အထက်တန်းစား၊ အောက်တန်းစား၊ သူဌေး ဆင်းရဲသားစသည်ဖြင့် စိတ်ဝမ်းကွဲပြားစေသည့် အတန်းအစားခွဲခြားခြင်းမရှိစေရန်။

(င) ငွေပင်ငွေရင်းစိုက်ထူ၍ အများအပေါ်၌ အညွန့်ခူးသောစနစ်သည် နိုင်ငံချဲ့စနစ်၏ မူလအခြေခံ သဘောတရားဖြစ်သဖြင့် လူနည်းစု မိန့ရှင်တို့ အကျိုး အတွက်



လောဘရမက်ကိုရှေ့ထား၍ စစ်မက်ပြုခြင်း၊ နိုင်ငံချဲ့ခြင်း စသည်တို့ကို တိုးပွားစေသောကြောင့် ထိုနည်းစနစ် ပပျောက်စေ၍ ငတ်မွတ်ခေါင်းပါး ချို့တဲ့ခြင်း၊ အောက်တန်းကျခြင်း၊ စသောဒုက္ခတို့မှ ငြိမ်းရာ ချုပ်ရာဖြစ်သော လောကနိဗ္ဗာန်တည်းဟူသော လူတိုင်းလူတိုင်း လူ၏ အခွင့်အရေး၊ တင်းပြည့် ခံစားရေးတို့ကို တည်ထွင်ရန်ဖြစ်သည်။

(ဂ) တို့ဗမာတို့သည် ယခုအခါ အလွန်ဆင်းရဲဒုက္ခရောက်လျက်ရှိကြရခြင်း အကြောင်းရင်းမှာ လက်ရှိဆိုးဝါးလသော ဓနရှင်စနစ်၏ လက်ပါးစေတည်းဟူသော နိုင်ငံချဲ့စနစ်ကြောင့်ဖြစ်လေသည်။ ထိုနိုင်ငံချဲ့စနစ်ကြီးနှင့် တို့ဗမာတွေ တွေ့လျက်နေကြရသဖြင့် ထိုစနစ်ကြီးကို ပယ်ဖျောက် သတ်သင်ရမည်။ ထိုစနစ်ဆိုးကြီးကို နိုင်ငံရေးအရသော်၎င်း၊ စီးပွားရေးအရသော်၎င်း၊ တို့ဗမာတို့သည်ပယ်ဖျက်ကြရမည်။ သို့ပယ်ဖျက်ရာ၌ နိုင်ငံရေးလွတ်လပ်မှုကိုရှေ့ ရှုရန် တို့ဗမာ အစည်းအရုံးကြီးက အခြေခံသဘောထားသည်မှာ ဗမာပြည်သည် တို့ပြည်၊ ဗမာစာသည် တို့စာ၊ ဗမာစကားသည် တို့စကား၊ အစရှိသည်တို့ ဖြစ်သည်။

(ဇ) နိုင်ငံရေးအရ လွတ်လပ်ရုံမျှနှင့် ကိုယ်မင်းကိုယ်ချင်းအဖြစ်သို့ မရောက်သေး၊ ကိုယ်မင်းကိုယ်ချင်းတည်ထောင်ရေးသည် လွတ်လပ်ရေးရပြီးနောက်မှဖြစ်နိုင်သည်။ ကိုယ်မင်း ကိုယ်ချင်း တည်ထောင်ရေးဆိုသည်မှာ ရှေးကကဲ့သို့ တဦးတည်း တယောက်တည်း အသက်ဦးဆံပိုင် အာဏာရှင်ဘုရင်တို့အုပ်စိုးနည်းမျိုးမဟုတ်၊ အများဖြစ်သော ဆင်းရဲသားများကိုယ်တိုင်

ကြီးမှူးအုပ်ချုပ်သော ဆင်းရဲသားမင်း, ဆင်းရဲသားချင်းတော်သာ တို့ဗမာများ သဘောဆန္ဒအရ၊ ကိုယ့်မင်းကိုယ့်ချင်း တည်ထောင်ရေးဖြစ်သည်။

(၁၀) နိုင်ငံခြားစံနစ်တိုက်ဖျက်ရန် လွတ်လပ်ရေးရရန်နှင့် ဆင်းရဲသားချင်း တည်ထောင်ရန်တို့သည် အလိုအလျောက် မလုပ်ဘဲနှင့် မဖြစ်နိုင်ချေ။ နိုင်ငံခြားစံနစ် တည်ရှိနိုင်သမျှ တည်ရှိမည်။ ဆင်းရဲသားများ ကြီးစိုးနိုင်သော ကိုယ့်မင်း ကိုယ့်ချင်း တည်ထောင်ရန်မှာ ဆင်းရဲသားများကိုယ်တိုင် စိတ်တသဘောတ စည်းလုံးညီညွတ်စွာ ဆောင်ရွက်မဖြစ်နိုင်မည်။

(၁၁) တို့ဗမာအစည်းအရုံးကြီး၏ ယုံကြည် ယူဆချက်များကို ထမြောက်အောင်မြင်အောင်လုပ်ဆောင်ရာ၌မရှောင်မလွှဲသာသော အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်တွေ့ကြုံရမည်ဖြစ်၍ ၎င်းတို့ကို တွေ့ဆုံကျော်နင်းပြီးအောင်မြင်ရမည်။ သို့အတွက်ကြောင့် တို့ဗမာအစည်းအရုံးကြီး၏ ယူဆချက်တခုမှာ လာမည့်ဘေး ပြေးတွေ့ဖြစ်သည်။

(၁၂) အခါကာလအားလျော်စွာ ရွေးကောက်ပွဲများ ဝင်ရောက်အရွေးခံခြင်း၊ အစည်းအဝေးပွဲများ ကျင်းပဆုံးဖြတ်ခြင်း၊ နစ်နာချက်အမျိုးမျိုးတို့ကိုတောင်းဆိုရာ၌ အလုပ်ရပ်စဲခြင်း၊ နစ်နာခြင်းများအတွက် ကန့်ကွက်သောအနေဖြင့်စီတန်းလှည့်လည်ခြင်းတို့နှင့် အခြား စည်းစနစ် ကျနသင့်လျော်သော ဆူပူလုပ်ကိုင်မှုတို့ကို တို့ဗမာအစည်းအရုံးကြီးက လုပ်ဘို့ရန် ယုံကြည်ကြောင်း။



(၁၃) တို့ဗမာ အစည်းအရုံးတွင်ပါသော ဗမာပြည် တဝှမ်းလုံးရှိ တောသားတောင်သား အလုပ်သမား လယ်သမားတို့သည် တို့ဗမာအစည်းအရုံးကြီး၏ နိုင်ငံရေးအခြေခံ သဘောတရားတို့ကို စိတ်ဝင်ယုံကြည် သဘောပေါက်ပြီးသည့်နောက် ညီညွတ်စည်းလုံးသောအင်အားနှင့် စည်းကမ်းကျနစွာ ဆောင်ရွက်ခြင်းဖြင့် တကယ်တန်ခိုးအာဏာရရှိမှသာလျှင် ရည်ရွယ်ချက်များပေါက်ရောက်နိုင်မည်။

(၁၄) အလုပ်လုပ်ရာ၌ နောက်ဆုံး အချုပ်အချာဖြစ်ခါ တန်ခိုးအာဏာများကို လက်ရသိမ်းပိုက်ရန် ပြင်ဆင်သော ပဌမကာလနှင့် ပြင်ဆင်ပြီးသည်နှင့်တပြိုင်နက် အာဏာ တန်ခိုးများတို့ တကယ်သိမ်းပိုက်ရေးကို လုပ်ကိုင်သော ဒုတိယကာလဟူ၍ ကာလကြီးအားဖြင့် ၂-ကာလရှိသည်ကို ယုံကြည်ကြောင်း။

(၁၅) တို့ဗမာ အစည်းအရုံးကြီးသည် ကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်ရာ၌ တို့ဗမာအစည်းအရုံးကြီး၏ စည်းမျဉ်းအရ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အထက်ပါ တို့ဗမာဝါဒမှာ ၁၃၀၀—ပြည့် တန်ဆောင်မုန်းလဆုတ် ၁၅-ရက်နေ့ မော်လမြိုင်ဇရပ်တွင် ကျင်းပသော မြန်မာပြည်လုံးဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့မှ အတည်ပြုပြီးသော ဝါဒဖြစ်သည်။

## ခေတ်ကာလ ပြုပြင်ပြောင်းလဲရေး

**ရေးသူ သခင်ကိုယ်တော်မှိုင်း**

“သတိမမူ ဂူမမြင်” ဟူသော စကားကဲ့သို့ လောက လူတို့သည် အခြားအခြားသော ကိစ္စကြီးငယ်တို့ကို ဂရုတစိုက် လိုက်လံပြုလျက်ရှိကြသော်လည်း ထိုထိုသော ကိစ္စအပေါင်းတို့ထက် အရေးကြီး၍ ယခုလည်း မိမိတို့အား ပြုပြင်လျက်နေသော နေ့သား အလွန့်ရှည်စွာသော သား မြေး မြစ်အစဉ်အဆက်တို့၏ ကောင်းကျိုးမကောင်းကျိုးတို့ကို ပြုပြင်တတ်သည့်အပြင် “ကမ္ဘာကျေသော်လည်း ဥဒါန်းမကျေ” ဟူသော စကားကဲ့သို့ နောင်သောရာဇဝင်မှတ်တမ်း အရပ်ရပ်တို့တွင် ယခုကာလလူဖြစ်ရသော ကျွန်ုပ်တို့ ခေတ်ပကြီးသဖွယ် အထိမ်းအမှတ်တခုအဖြစ် ကမ္ဘာအရှည် တွေမြင်နိုင်ကြရန် ကျန်ရစ်မည်ဖြစ်သော ခေတ်ကြီး၏ အကြောင်းကိုမူကား ကောင်းစွာ ဂရုပစိုက်နိုင် အမှုမဲ့အမှတ်မဲ့ ဖြစ်နေကြလေသည်။ သို့သော် ထိုထိုသော ကိစ္စကြီးငယ်တို့က ကျွန်ုပ်တို့အား ကြီး



မားခိုင်ခန့်သော အကျိုးကိုပေးစွမ်းနိုင်သည်မဟုတ်၊ ခဏခေတ္တ တာဒဂ်မျှသော မျက်မှောက်အကျိုးကလေးကို ပေးတတ်ချေသည်။ “ခေတ်ကြီး” ကမူသာလျှင် ကမ္ဘာအရှည်တည်တန့် ခိုင်မြဲသော အကျိုးထူးအကျိုးမြတ်တို့ကို ပေးစွမ်းနိုင်သဖြင့် ကျွန်ုပ်တို့သည် ခေတ်ကာလကြီးကို အထိမ်းအမှတ်မရှိ အမှုမဲ့ အမှတ်မဲ့ တက်မကင်းသော လေသဘောကဲ့သို့ ရောက်လိုရာ ရောက် မျောလိုရာ မျောမထားဘဲ အရပ်ရပ်သောကိစ္စတို့ထက် အလေးဂရုမထိုက်ပေသည်။

“ခေတ်”ဟူသောစကားသည် ပညတ် သမုတ်အပ်သော အခေါ် ဝေါဟာရအတိုင်းပင် ကမ္ဘာအရှည်တည်တန့်သော အရာမျိုးမဟုတ်၊ ချောင်းမမြစ်ရေသည် တနေရာတွင် တည်တန့်မနေဘဲ အစဉ်သဖြင့် စီးလျော ရွေ့ရှားနေဘိ သကဲ့သို့၎င်း၊ အချိန်နာရီသည် အစဉ်ပြောင်းလဲ နေဘိသကဲ့သို့၎င်း၊ နှစ်သည် နှစ်သီကူးပြောင်းသကဲ့သို့၎င်း၊ အစဉ်သဖြင့် ရွေ့လျောပြောင်းကြနေသော အရာဖြစ်ပေသည်၊ လွန်ပြီးသော အတိတ်က ခေတ်များသည်လွန်ခဲ့ပေပြီ။ ယခုလည်း ပစ္စုပ္ပန်ခေတ်ကြီး ကျရောက်လျက်ရှိ၏။ နောင်အခါလည်း အနာဂါတ်ခေတ်များ လာရောက်ဦးမည်ဖြစ်၍ ကမ္ဘာ တည်သမျှ ကာလပတ်လုံး တခေတ်မှတခေတ်သည် ပြောင်းလဲလျက်ရှိချေမည်။

သို့သော် ကိုယ်ခေတ် ကိုယ်သာဆိုင်သည်ဟု မှတ်ရမည်။ အချို့တို့မှာ မိမိတို့ခေတ်ကြီးတခုလုံးကို မကောင်း ချလျက် ရေးလွန်လေပြီးသော ခေတ်ဟူသမျှတို့ကို အကောင်း ချည်း

သာထားလျက် ယခုကာလ ရှေးကလိုနေရာမကျပေါင်ကယ်၊ ရှေးကခေတ်များသာ အောင်မေ့တန်းတ ညီးတားကာ နေ တတ်ကြပေသည်။ ထိုသူတို့မှာ ယခုခေတ်ကာလကြီး၏ကောင်း သောအချက်အလက်တို့ကို သတိမူကြသော သမျှားမဟုတ်ကြ ပေ။ ဟောင်းတိုင်းကောင်းသည်ဟု ထင်မှတ်ကြ သမျှားဖြစ်ကြ ပေသည်။

အချို့တို့မှာကား မိမိတို့ခေတ်ကာလ မော် တော် ကား ကလေး စီးရသည်ကိုပင်၊ ရှေးကထက် အလွန်အကြူးကောင်း လှပေသည်ဟု ထင်မှတ်လျက်၊ မိမိတို့ဆင်းသက်ခဲ့ကြသောဘိုး ဘွား မိဘ လက်ထက်ကို အထင်အမြင်သေးသိမ်လျက် ရှိ တတ် ကြ လေသည်။ ထိုသူတို့ကား မြို့ဘူး မှူးမြစ်ထင် ဆိုဘက်ိုသော ဖြစ်ချေသည် မိမိတို့မော်တော်ကား စီးရသော ခေတ်မှ သာ လျှင် လူ့ကျိုးနပ်သည်ဟု ထင်နေကြသော သူ များ အာ အမောင်တို့ ရှေးခေတ်များမှာ အမောင်တို့လိုမော်တော်ကား စီးရခြင်း၊ မီးရထားစီးရခြင်းများကား မရှိ ဟုတ်မှန် ပါ၏ သို့သော် အမောင်တို့ခေတ်တွင် အနော်ရထာမင်းစော၊ ဟံ သာဝတီဆင်ဖြူရှင်များရှင်၊ အလောင်းမင်းတရား၊ ဗန္ဓုလတို့ ကဲ့သို့ တိုင်းပြုပြည်ပြု ဘုန်းအား-ရှိန်းအား-နှလုံးအားဖြင့် သုံး ပါးဗလပြည့်စုံလင်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်များ ရှိပါ၏ လော၊ အစမ်းအစ ပါ၏လောဟု မေးမြန်းပါက မရှိ ကြောင်းဝန်ခံလျက်၊ ငါတို့ခေတ်မသာ ခေတ်မဟုတ် ပါက ကားဟု တွေးတောမိကြပေလိမ့်မည်။

သို့သော် ဤအရာများကား၊ အကြောင်းအားလျော်စွာ ပြဆိုလိုက်ခြင်းဖြစ်ပေသည်။ စင်စစ် သူ့ခေတ် ကောင်းသော်



ငါ့ခေတ်ကောင်းသည်ဟု ငြင်းခုံမာန်တက်၍ နေရန်မလို၊ အ ထက်က ပြဆိုခဲ့သည့်အတိုင်း ကိုယ်ခေတ် ကိုယ်နှင့်သာ ဆိုင် သည်ဟု အမှတ်ထားခါ၊ မိမိတို့ခေတ်ကို မိမိတို့ လုံခြုံအောင် စောင့်ရှောက်ကြရန် ဖြစ်ပေသည်။ ရှေးခေတ်များကို အပြစ် အနာမစ၍ ကဲ့ရဲ့ရှုတ်ချ ပြောရန်မလို၊ ထိုခေတ်များမှာ ကောင်းလျှင် ကောင်းသည်အလျောက်၊ ဆိုးလျှင် ဆိုးသည် အလျောက်၊ ဤသို့သော အကြောင်းရှိသဖြင့် ဤခေတ်တွင် ဆိုးရလေသည်။ ဤသို့သော အကြောင်းရှိသဖြင့် ဤ ခေတ် တွင် ကောင်းရပေသည်ဟု အကျိုးနှင့်အကြောင်း တိုင်း ထွာ ဆင်ခြင်၍ ရှေးခေတ်များကိုအတုယူ နည်းခိုးလျက်၊ မိမိတို့ ဆရာအဖြစ်ထားသင့်ပေသည်။

ခေတ်ကာလ၏ အဆိုးအကောင်းမှာ လူတို့၏ လက်တွင်း တွင် ဖြစ်ပေသည်။ အိုးထိန်းသည်၏လက်တွင်းရှိ ရွံ့စေးကဲ့သို့ ခေတ်ကာလမှာမူ လူတို့ပြုပြင်ရာဖြစ်ပေသည်။ လူအပေါင်း တို့ လုံ့လ, ဝီရိယ, ဉာဏ်ပညာ အမျော်အမြင်ဉာဏ်နှင့် သေး ကွေးသောအခါများ၌ ခေတ်သုံ့ခေတ်ဆိုးများ ဖြစ်ပေါ်တတ်ပေ သည်။ လူတို့ လုံ့လ,ဝီရိယ, ဉာဏ်ပညာကြီးမား ခိုင်ခံ့သော အခါများတွင် ရွှေမိုးငွေမိုး စွေဖြိုးရာသန်း အတိုင်းထက်အ လွန်ကောင်းမြတ်သော ခေတ်ကြီးများ ဖြစ်လာရကြောင်းကို ရှေးဟောင်းရာဇဝင် အစဉ်အလာများ၌ ထင်ရှားတွေ့ရှိကြ ရပေသည်။ ယခုခေတ်တွင်ပင်လည်း တိုင်းကြီးပြည်ကြီး အ သီးသီးတို့တွင် မျက်မြင်ဒိဋ္ဌဖြစ်ပေသည်။ ထို့ကြောင့် ခေတ် ဆိုးလျှင် ခေတ်ကိုအပြစ်မဆိုသာ ထိုခေတ်တွင်ရှိသော လူ တို့ကိုသာ အပြစ်ဆိုရာဖြစ်သောကြောင့် ငါတို့ခေတ် အ တော်

ငါတို့တာဝန်ကြီး ပေဘကားဟု များများကြီး နှလုံးသွင်းအပ်ပေသည်။

ကျွန်ုပ်တို့မြန်မာပြည် လက်ရှိခေတ် ကာလကြီးကို တွေးတောကြည့်ရှု ရှေ့နောက်တင်းတာလိုက်သော် များစွာအရေးကြီးနေသော အခါကာလကြီးနှင့် ကြုံကြိုက်လျက်၊ သတိမမိ သတိ စိုးရိမ်ကြောင့်ကြဖွယ်ရာဖြစ်၍ နေပေသည်။ ယခုအခါ မြန်မာလူမျိုးတို့မှာ လွန်ခဲ့သော ခေတ်ကကဲ့သို့ ဖြစ်သမျှနှင့် တင်းတိမ်ရောင့်ရဲခြင်းမရှိ၊ ရှေ့သို့ တိုးတက်လိုသော စိတ်၊ ကောင်းနိုးရာရာကို တက်လမ်းဆွတ်ခူး အသုံးပြုလိုသော ဆန္ဒဖြင့် ကာယစိတ္တ နှစ်ဌာနလုံး၌၊ မငြိမ်သက်ဘဲ၊ လှုပ်လှုပ်ရှားရှား ပြောင်းရွှေ့နေသော ကြားခေတ်ကြီးနှင့် ကြုံကြိုက်လျက်ရှိရပေသည်။ ယခုအခြေအနေကို ထောက်ဆသော် အိုးထိန်း စက်ပေါ်တင်ထားသော ရွှံ့စေးကဲ့သို့ ဖြစ်နေ ပေ သည်။ ပုံပန်းသဏ္ဌာန် ကျကျနနမရှိသေး၊ အိုးထိန်းဆရာကြီးလက်က ညှို့လျှင် ညှို့သည့်အလျောက်၊ ကောင်းလျှင် ကောင်းသည့်အလျောက် ဖြစ်ရချေမည်။ သို့အတွက် အိုးထိန်းနှင့် တူ သော ယခုခေတ်ရှိလူများက ချို့ယွင်းပျက်ပြယ်ခြင်းမရှိဘဲ၊ ခိုင်ခံ့လှပသော အိုးသစ်အိုးကောင်းများ ဖြစ်လာရန် အထူးသဖြင့် ညွှန်ပြအားစိုက် သတိဝီရိယ ကြီးရမည့်အခါကြီး ဖြစ်ပေသည်။

လက်ကိုအစိုးရသည်မှာ စိတ်ပင်ဖြစ်၏။ စိတ်ကိုအစိုးရ သည်မှာ ပညာပင်ဖြစ်သည်။ ပညာကိုအစိုးရသည်မှာ ဗဟုသုတ အတတ်ပင်ဖြစ်သည်။ ဗဟုသုတ အကြားအမြင်အတတ်ကို မူကား ကျမ်းဂန်စာပေက အချုပ်ဖြစ်၏။ ကျမ်းဂန်စာပေသည်



အထူးပြုဖြစ်၍ ခေတ်ကိုသော်၎င်း၊ လက်ကိုသော်၎င်း၊ ချုပ်ချယ်လျက် ကောင်းကျိုးမကောင်းကျိုးကို ပေးနိုင်သည်မှာ ရာဇဝင်တွင် သက်သေသာဓက အထင်ရှားဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် အင်းဝအဆက်နောက်ဆုံး၌ နိမိတ်မင်္ဂလာ မရှိသော စာနှစ်စာည့် များ ထန်းကားလန်းသဖြင့် အင်းဝဘုရင်တလင်း တလက်သို့ပါကာ၊ မြန်မာတပြည်လုံး ထုံးထုံးညက်ညက် ကြေကြေခြင်း၊ ပြင်သစ်ပြည်တွင် "ရူဆိုးဗော်လထိုးယာ" တို့၏ စာပေများ လှုံ့ဆော်ချက်ဖြင့် ပြင်သစ်အရေးတော်ပုံကြီးဖြစ်၍ ပြင်သစ်နန်းဆက်ပြတ်စဲရခြင်း၊ ယခုခေတ်ကာလ 'ကာလ်မတ်စ်' ခေါ် ပုဂ္ဂိုလ်ကြီး၏ ရေးသားချက်တို့ဖြင့် ရုရှားပြည်ကြီး ဂျုန်းထိုး မှောက်ခုဖြစ်ရခြင်း။ ဤသို့စသည်ဖြင့် စာပေ၏ အစွမ်းအားသည် မည်မျှကြီးမားကြောင်းကို တွေ့ရပေသည်။

သို့အတွက် ခေတ်ကာလပြောင်းလဲရေးများတွင် စာပေများက အထူး ဆောင်ရွက်သင့်ပေသည်။ တည်ငြိမ်သော အခါများ၌ အရေးမကြီး လှလှပပ ဝါဝါ မငြိမ် မသက်ရှင် လှုပ်ရှားသည့် ဤအရာကောင်းနိုးနိုး၊ ထိုအရာ ကောင်းနိုးနိုးဖြင့် တွေ့သမျှမြင်သမျှတို့ကို လက်လှမ်းဘမ်းဆုပ်နေသည့်အခါကြီး တွင် မသင့်မလျော်သော စာပေများကို ကိုင်တွယ်မိမည်ကို စိုးရိမ်ရပေသည်။ သို့အတွက် လိုသော စာပေများကို အပိုး ပပျောက် မပြုမထက်ဝအောင် လက် အကျိုးဖြစ်ထွန်းစေမည့် စာကြီးပေကြီး ကောင်းမွန်သန့်ပြန့်သော အဘတ်ပညာများ ကို အထူးဂရုပြု၍ စာပေဝန်ထမ်းကြီးအဖြစ် ဆောင်ရွက်ကြ ပါမှ သင့်လျော်လျောက်ပတ်မည်ဖြစ်ကြောင်း။ ။

## သခင်ကိုယ်တော်မှိုင်းနှင့် စစ်ကိုင်းသူတို့

### မေဓ္ဍာလက်ဆောင်

ကျွန်ုပ်တို့သည် ကျော်မည်သော ဇေယျာပုရတိုင်း စစ်ကိုင်းမြို့ ရွှေမင်းဝံတောင်တန်း၌ ရှောင်ဘမ်းရင်း စာချပြီး ယာပထမျှ ခြင်းဖြင့် သီဘင်းသုံးနေ့ထိုင်တော်မ၍တနေ့သောနံနက် အရုဏ်တက်အချိန်မှာရင်ဏန္ဒာစရိယ၏လပ်ရပ်ကျမ်းဂန်မှ “အစိန္တေယျံ ပနမာဟ” အစချီသည့် ဘုရားဂုဏ်ဒိုးအရ စတုဓါတ-ဓာတ လည်းလေးထေ၊ နဂါးမြေကလည်း လေးစင်း၊ ခပင်းမျှားလ စတုကဖြင့် လေးဝတေဇော ဓာတ်သဘော ကလည်းကောင်း၊ စတုရသ၌၊ ဖြူ-ရွှေ-ဝါ-နီ လေ လအရောင် ပြောင်ပြောင် ထ ခြား၊ ပြဒါး လေးထေ၊ လေးစင်းမြေကလည်းကောင်း အစ သည်ဖြ အာလပဂယ၊ သကာအမျိုးမျိုးတို့နှင့် ဘုရားပထ ရိခိုးဝတ်ပြုခြ ပရိတ်ဘာဝနာ ဓမ္မတာကာ ဌာန်း စီးဖြန်းပြီ ရာ ရေးအခါကာလ ဗမာများသမိုင်း မညီးခဲ့တဲ့ စစ်ကိုင်း[၁၀] ခြသေ့သုံးဆယ်ဘုရားအရှေ့တွင် အမေ့မောင်ကြီး ဦရီးရဟန်း

တော်နှင့် အင်္ဂယ ထိုးဘက်ဖြစ်တော်မသောလမည်ဦးစ ရဟန်း မည် ဦးဂုဏ်ဒ္ဒက ထိုမည်သော အင်္ဂယ သမားဘိသည် နဂါးကို အကောက်မှားလို့ မောက်အားကြီးကြကြောင်း။ ။ငှင်းပြင် တလီ နဂနီ ခေါ်ဝေါ်ပုံကို အာရုံနှင့်ဆင်ခြင်၍ထင်မြင်ရိပ်မိမှ သိဒ္ဓိလမ်းပေါက်မည်တကားဟု ရေးသားတဲ့ တေးသားကဗျာ ကို ဆရာတဖန် သတိရတော်မပြန်လေ၏။ အဘယ်သို့ သတိရ သည်မှာလည်း အောက်ပါအတိုင်းပင်ဟ၏။

### နဂါးနီဘုံ တေးထပ်

ပညာဉာဏ်သိပ္ပ၊ စိတ်ချတော့သချာ၊ ဒိဋ္ဌပေါ် ဝေပါတယ်၊ ကေဝလာစုံစေ့။ ။အိတ်ကလေး မဝှက် သိပေါင်၊ စမြက်ဆိုကြွားလိုက်လေလေ့။ ။နွားကျ ကျ မူဒသသေငယ်၊ ယူပစေမမေ့၊ လူခလတွေ မတွေ့ လို့လေ့သော်လပန်း၏။ ။နဂါးကို အကောက်မှား လို့၊ မောက်အားဖြင့် ကြီးကြဗိုလ်ပုံ။ ။ရေနှင့် မီး တွေဆုံလျှင်၊ နေ့မကန် ရက်မကူးပါဘး၊ အချက်ထး နဂါးနီနှော၊ ရေးကအဒေါ်။ ။မလဲနှင့် လမော် ငယ်၊ ဖြူတော်သာမအန်းမယ်ပလေး။ ။ဟာ၍လည်း ကောင်း။

ငှင်းပြင်တဖန် ပဌမံ ဦးအောင်ယခေါ်က စီရင်ခဲ့သော အင်္ဂယာရကန်၌လာပုံ။ ။ယှဉ်နှင့် ဒေါင်းဝက်၊ ပေါင်းကာ ရှကာ၊ နဂါးစက်ကားပြယ်လိမ့်မည်။ အများထက်ကားကြွယ် လိမ့်မည်။ ။ဟာသည်ကလည်းကောင်း။

တကြောင်းနောက်မှ တောင်ငူမြို့အပိုင်၊ ခရိုင်အထူးမြူး မြို့အဝင်အပေါ် မင်္ဂလာစနဲ့ မီးလောက်တဲ့ဝါကြီးအောက်ခရာ၊ ဆရာတော်အရှင်၊ ပြုစီရင်တဲ့ "အင်္ဂလိယ အလင်းပြ" ကျမ်းတကျမ်းကို၊ ဘန်းခံးရင်ကေသာက၊ တသေတချာပေးလာသဖြင့် ရေးအခါ လက်ရှိ သမတတည်းဟူသော အင်္ဂလိယ ကျမ်းအစောင်စောင်တို့၌ တိမ်ရောင်နှင်နက်နဲ့ပြီး၊ ခက်ခဲသော အဓိပ္ပာယ်တို ကို မပိတ်မကယ် ဖေါ်ပြသဖြင့် တော်ခတော်ခဟု စဉ်းစားပြီး လင်းအားကြီးအချိန်မှာ လာနေကျ ဘီးသတော် ငမောင်တို သည် ရောင်ေ၊ရောင်နဲ့ တောင်ခြေသို့ရောက်လာကြသည့်ပြင် သိလရင်တပည့်မတို့လဲ ရသေ့ဆရာ့ ရှေ့ဘွားတော်အောက်သို့ လာရောက်ပြီးခါ တရားနာချင်ကြပါကြောင်းနှင့် တောင်းပန် လျှောက်ထားကြကုန်၏။

သို့တောင်းပန် လျှောက်ထားသည်များကို သနားတာကလဲ တခါ၊ အားနာရတာကလဲတမျိုးနဲ့။ ဝိရိုးသို့ ဖိတ်းမကြွသွား မိ၊ နဂါးနီအသင်းက ဖြန့်ကျင်းထုတ်ဝေမည့် နဂါးနီသတင်း နှင့် စပ်လျဉ်း၍၊ ကျဉ်းလည်းမကျဉ်း၊ ကျယ်လည်းမကျယ်၊ အလယ်အလတ်ဖြစ်သော တရားကို ဟောလား ပြောလား လုပ်တော်မူရသည်မှာ အောက်ပါအတိုင်းဟူလို့။

အိ ဘီးသတော်-မယ်သီလ၊ ရှိသမျှအပေါင်း သတော် ကောင်းတို့။

"ဘုရားပါ ဘုရားဟု" ညည်ညည်ညာညာ ဦးချပြီး ထူးကြစေ။

"ဩော်-ဟိုနောက်နားက ဖ"ီးဖ"ီလိမ်းလိမ်းနဲ့ဟာ ကျုပ် ဘုရားကာမကြီး အရှီးစိမ်းမဟုတ်လား"



အရှီးစိမ်း။ ။"မှန်ကြောင်းပါဘုရား"

"အင်း-တာဝတိန်သာ၊ မဟာနန္ဒဝန် ကျောင်းသို့ ရွေ့ ပြောင်းတော်မမူခင် အသျှင်ဦးဝိစာရက ဒကာ-ဒကာမတည်း ဟူသော ဗမာများ မတိမ်စရာ လိမ်မာရစ်ကြလို့ အနို့လို မိန့်ဟော်မခဲ့တဲ့ အမိန့်တော်စကားကို များများကြီး သတိရ ပြီး ကာဝိဇေရင်းရသေ့က အောက်မေ့တော် မမူတယ် ပညာ ဝတီရဲ့"

ပညာဝတီ။ ။"မန်လပါ- အမျိုးဘာသာ သာသနာ တော်ကြီးအတွက် အသက်ကိုမနှမြောဘဲ ရက်ရောစွာ ပြုတော် မခဲ့တဲ့အကြောင်း ဟောင်းတယ်လို့ မမေ့ဘဲ အောက်မေ့ စရာကြီးပေါ်ဘုရား"

"အိ-ကေသာဝတီတို ဘေဒါရီတိုအာဇာနည်ယခင် အရှင် ဦးဝိစာရ၏ ဓျာပနဥ် ဘာဝနာ သမထ ကမ္မဌာန်းကျင့်ဘို ခမ်း ဘင်မင်္ဂလာ နိဗ္ဗာန်ကျောင်းချ သဘင်အခါကို သခင်ဗမာတို့ ခေတ်၊ သက္ကရာဇ် ၁၂၉၁-ခုနှစ်အတွင်း၊သီတင်းကျွတ်လဆန်း ၄-ရက်တွင် ဆင်ယဉ်ကျင်းပဘိအလုပ ကျုပ်တို့ ရေးသားပြီး သော်၊ ပဇော်ကန်တော့လိုက်သော ထောမနာ-ဩဘာစာကို တဖလာတခါ၊ တညွန်ညွန်နဲ့ ဟောရမှာဖြင့်"

**ဦးဝိစာရကမ္မဌာနီးဂါထာ။**

ဘာဝနော ဝိစာရ ထေရော
သာသနတာယစရိတော
ဇီဝိတံ ဝိသေဇ္ဇတွာန
နရလောကာတိဝတ္တဏော။ ။

အဲ-အနှုက်သို့သော ဂါထာပါဌ်ပဒ၏။ အတ္ထယောဇနာ၊ ဗမာပြန်အနက်မှာကော ဆိုတော့၊

ဘောဂ္ဂေသပ္ပုရိသာ၊ အပြည့်ပြည့်အရှောရှောမ၊ ညီညာဖြိုဖြို မကြည်မသာ၊ တရှူရှူဖြင့်၊ ဤနေရာဤဌာနသို့၊ လာကြရောက် ကြတဲ့ အို-ဒကာမ, ဒကာအပေါင်း၊ သူတော်ကောင်းရို့။ သာသနတ္တာယ၊ လောကသုံးပါး ဦးထိပ်ထားရတဲ့ ဘုရားရှေ ဘုန်းပညာတော်ထွန်းဖြစ်တဲ့ အဆုံးအမတော်တည်းဟူသော သာသ နာတော်မြတ်ကြီး အကျိုးငှာ ဇီဝိတံ၊ ရုပ်နာမ်နှစ်သွယ်၊ တည် ဘယ်အချက်၊ မတည်လည်ချင့်တဲ့၊ အနိစ္စသည့် ဇီဝိတိန္ဒြေ ဆိုတဲ့ အသက်ကို -ပဲသေဇ္ဇာတော့နဲ့၊ ဆင်မြန်းတဲ့ သင်္ကန်းတော်ကိုမ ချုပ်ပြီး မဝတ်ရတော့ မရတဲ့အပြင်၊ သံဃာတော်တို့ အထူး လုပ်စရာ ဥပုသ်ပဝါရဏာကိုမ မပြုရတဲ့အတွက်—

သည့်နှစ်ချက်တို့ကြောင့် မငြမကက်၊ ထက်ထက်မြက်မြက်၊ စိတ်အကြံထားတော်မူတဲ့ အမိန့်တော်တရား၊ မပျက်ပြားရလေ အောင်၊ ခါရှောင်စွန့်ပစ်တော်မခဲ့ပြီး၍။ စရိတော၊ အရင်း အဖျား ယင်းမမှားအောင် စဉ်းစားကော်မကာ သာသနာ တော်မြတ်ကြီး၏ အကျိုးများကို၊ နိုးနိုးကြားကြားနှင့် တီးတီး ပွားပွားဖြစ်ရလေအောင် ကြိုးစားပြီးသကာလ၊ ၁၆၆-ရက်တို့ ပတ်လုံး ဆွမ်းဘုဉ်းပေးတော်မမူဘဲ၊ ခဲခဲမဲမဲ-စွဲစွဲမြဲမြဲ၊ တကတဲ ကျင့်တော်မူပေတတ်သော။ ဝိစာရထေရော၊ အန္တတသညာ၊ လိုက်ရောစွာသား၊ မဟာဇာနည် "အရှင်ဦးဝိစာရ" မထေရ် သည်။ နရလောကာ၊ ဒုက္ခဝန်တွယ်၊ အလွန်ကျယ်တဲ့၊ ရှုံ့ဘွယ် ပေါလှ၊ လူ့လောကမှ။ သဂ္ဂလောကာ၊ အလျှံတန်ခွန်၊ စံမလွန်



တဲ့- နန္ဒဝန်တောရ ကျောင်းတိုက်ဖြင့် အကောင်းဆုံးသော သမ္မာသိမ်တိုင်နှင့် တာဝတိံသာနတ်ပြည်သို့။ အတိုဝိတ်ကျော၊ သိတင်းသုံးတော့ သံဃာတော်နှင့်၊ ပြည်ပေါ်တလား၊ တင်း ရင်းသားဖြစ်ကြ၍၊ ချစ်ရခင်ရ၊ ကြွင်နှာရတဲ့ အကြွင်ဒကာ ဒကာမတို့အား။ ပစ်ထားစွန့်ခွာတော်မူခဲ့ပြီးသော်၊ ဩော် တ ရားမျှော်ခေါ်! များစွာသော အဘော်အလော်တကို၊ သနား တော်မလျက်သားနှင့် တက်သွားကူးမြောက်တော် မူရှာလေပြီ တမုံ့။

ယင်းသို ဟောလိုက်ပြောလိုက်ရော၊ များစွာသောတပည့်မ တို့သည် အစအင သောသောရှုတ်ရှုတ် ထတဲ့ပြီး အဟောဒကာ အဟောဒကာနှင့် တောအပ်က တကြိုကြိုမန်းပြီး၊ မြည်တန် တောက်တီးကြလေသတည်း။

"အို ဘောဒါရီတို၊ ကေသာဝတီတို့၊ ဤသို့ အစရှိသော ဩဘာစာများကို ဘတ်ကြားပြီးလျှင် အရှင် ဦးဝိစာရ၏ ကလာသက် ရှာသနပြုရန် နိဗ္ဗာန်ကျောင်းချ ပြီးစီးခဲ့ ပြီးနောက်၊ သုံးရက်မြောက်ညအခါ ဒကာမတို ဆရာတကြိမ် စကလိုက်တော့ အိပ်မက်တော်မူသကို —ပုညဝတီရဲ့။

ပုညဝတီ။ ။ "ဩော်— သခင်စက်တော မြင်မက်တဲ့ အိပ်မက်များ ကြားချင်လှချည်ရဲ့ဘုရား"

"ဩော်- ဘယ်လိုမြင်မက်ပါသလဲဆိုလျှင်၊ ဟိုယခင်က ရှင်ဘုရင်များ ဆောက်လုပ်တဲ့ ကသည်တော်ကျောင်းကြီးလို ထမည်သောကျောင်းကြီးပေါ်မှာ ဆရာတော်သခင် အရှင် ဦးဝိစာရ အလောင်းတော်အခင်းအကျင်းမှာ သံလျှင်းတို၊

ကြာကလပ်တိုမမြင်ရဘဲ၊ အရှင်သာမန ညာလက်ချောင်းမှာ ဒေါင်းတောင်တေနှင့်တဝေဝေ မြင်ရပေသည့်ပြင်၊အကြင်သို သော အင်္ဂရပ်ကြီးတခုအတွင်းမှာ ပါးပြင်း တထောင် ထောင် မာန်စောင်တကြားကြားနဲ့ မြေနဂါးအရှင်ကို ရှုမြင် ရပြီး၊ ခက်ခြင်းသာ ထိုသတ္တဝါနဂါးကြီးသည်၊ အရိုးစိမ်းတို့ ရန်ကန်မှာ အပြိုင်အဆိုင်လုပ်ကြတဲ့ ဘိုင်စကပ်ရုပ်ရှင်မှာ ရုပ် အသွင်ပြောင်းလဲသလို ဘလောင်းဘလဲ ဖြစ်သွားရောတယ်

ဘေဒါ။ ။"ဘယ်လိုများပြောင်းလဲပြီး ဘလောင်း ဘလဲ ဖြစ်သွားပါသလဲကိုယ်တော်"

"ဩော်- ဘယ်လိုပြောင်းလဲသွားသလဲဆိုတော့ ထိုသို့သော နဂါးအသွင်ပြောင်းပြီး၊ ကောင်းခြင်းငါးဖြာ ကြွန်အင်္ဂါနှင့် အယဉ်မှာလာရှုမငြိုး၊ မကြိုးမငယ် ခပ်ရှယ်ရှယ်မြင်ရပေသော သခင် က တထောက်စခဲတဲ့ ပေါ်ကြွန်ပြည်ကြီး အရှင်ဘုရင်ပြေး မင်းရဲ့ သက်နှင်းမဟော်သိ တဒေဝိစောလို့ ချောပမျှားဘမ လားလို့တောင် စဉ်းစားတော်မူမိသေးတယ် ဒေါ်ပါရီမိရဲ့"

ဒေါ်ပါရီမိ။ ။"သခင်ကိုယ်တော်မြင်တဲ့ အိပ်မက်က တိမ် တိမ်နဲ့နက်တဲ့ အိပ်မက်ပေဘဲ၊ တကဘဲ ဆန်းလဲဆန်းကျယ်ပါ ပေတယ်"

"ဒီ ဒေါ်ပါရီမိ အနှီသိ အိပ်မက်ရာဝယ် "အလယ် တောရ" ဆရာတော်ဘုရားကြီးရဲ့ အပါးအနီးမှာ လျှောက် ထားဘူးတဲ့အပြင် အကြင်သိသော ရတနာပုံ မန္တလေး "ရွှေရေးဆောင် ဆရာတော်" ဘုရားကိုလဲ စာအားဖြင့် လျှောက်ထားဘူးတယ် မယ်စန္ဒာရဲ့"



စန္ဒာ။ ။"အနှီ ရွှေရေးဆောင် ဆရာတော်ဘုရားက အာဘော်သွားအကျယ်ကို ဘယ်လိုများ မိန့်တော်မပါသလဲ။ သိသာကတ ပြောပြမှ တောရသူ စန္ဒာတို့မှာ မှန်ရာကိုသိရမည် ဖြစ်ကြောင်းပါဘုရား"

"အင်း- ကျေးဇူးတော်သခင်၊ အရှင် ရွှေရေးဆောင် ဆရာ တော်ဘုရားကဖြင့် မျှားမကြာမီ ဗမာပြည် ကောင်းစားတော့ မည်။ သိသိသာသာ အမိမြန်မာဖြစ်လိမ့်မည်ကို အနှီလို နိမိတ် ဘတ်တော်မူခဲ့သည်နှင့်အညီ ကျွသိသော မောင်နှတို့ရဲ့ နဂါးနီ သတင်း၌ ထည့်သွင်းဖော်ပြလိုက်တဲ့အဆုံးမှာ နိဂုံးတေးတပုဒ် ရေးလုပ်တော်မူသည်ကား၊ အောက်နာ၌ ပါရှိလေသတည်း"

**နဂါးနီသတင်းဘဲ့ ထောမနာ သြဘာ**

**လေးချိုးကြီး**

အများအပြည့်ပြည့် ပက်ခါစတွင်ဖြင့် နဂါးနီ
ထက်လာပြတာက မမြစ်ကြာ သမထတေနှင့် တက်စ
ရာ မြန်မာချိန်လျက်မျှော်၊ အိုကယ်— အထက်အခါ
သမယဘိက မက်ခါပြပေတဲ့- ဆရာ့အိပ်မက်တော်။ ။
ဩော်- အထူး အဘဝါကဋ္ဌပေပ၊ ဦးဝိစာရရယ်လို့၊
မန္ဒးသည့် ဒါယကာ ဒါယကမတေ သေသေချာချာ
သိစေဘို့၊ ဒေသစာလည်ကာ ဘယ်သူဘယ်ညာ ဖော
တယ်လို့ လောသုံးဆယ် ဥပဒေမျိုးတေနှင့် ပြောအုံး
မယ်၊ ထုချေလို့မှ မကိုးသာဘဲ၊အမျိုးဘာ်သာ ကိုးရာ
တပါးကိုဖြင့် ဩော်-မရှောင်အပြင်း၊အချောင်ညင်း

ရော့မဟဲ့လို့.... နှောင်သွင်းအမြန် ထောင်အကျဉ်း ဒဏ်ထားရာက ဘုရားပေးသည့် သက်နိုးဆိတ် ယင်း အဝတ်တော်ကို မဆင်မြန်းနဲ့ အတင်း ချတ်နှော်လို့ ခိုင်းတဲ့ပြင် ဂိုဏ်းဂဏ အဝင်အပါ အရှင်သဃ်ာတို့ ရဲ့ အစဉ်အလာ၊ ဥပုသ် ပဝါရဏာမှ မပြုရတာ ကြောင်၊ သုဂတ သာသနာ့ဆီမှာ ခဘဝ ကြာရှည် တယ်လို့ မကောင်းပြီလို့၊ အဒေလာင်းတော် ခန္တီဝါ တို့စိတည်ပမာ အဓိဋ္ဌာန်သုံးသလိုပ၊ လုံးလုံးပင် အဝေ ရှောင်လို့မို့၊ အာဏာဘောင ဝတိန်ကြင်နိုးကိုဖြင် တိမ်ပန်း အလျှံအမှန်နှင်၊ စိမလန် ပြောစရာ ကြောင်းပေပ၊ နန္ဒဝန်တော့ရကျောင်းဆီသို့ပြောင်း ရွေ့ စိပျော်တော် မတယ်နှော်ကွယ်။ ၎င်းရသေ့ ဟောင်းတယ်လို့လဲ မမေ့နိုင်ဘု! အောင်းမေ့ပြန် သော။ ။ဆရာတော် နတ်နန်းအမြင့် ဝတ်နိုးအထက် တင်ဖြင်၊ ဒကာမနှော် ခပ်ချမ်းချမ်းနှင့် တကြိမ်စက် လိုက်တော အိပ်မက်ကတကြောင်းဖော်၊ အလောင်း တော်မှာဖြင့် ဒေါင်းလံတံခွန်မကင်း၊ (အိုကွယ်) အ ဟောင်းတဖန်ပေါ်ပြီးတော့! သောင်းမြန်မော်စေဘိ ကောင်း ဟန် အ လန် အမင်း။ ။ အနို့ပြီးတခါ၊ သို့နည်းတဖြာပ၊ ဗမာဆန်ဆန် အဟုတ်အဟုတ်ရင်း ပေတဲ့၊ သာလာယံ အင့်ဇရပ် အဘွင်းတွင်ဖြင်၊ ရပ် မဘတ် အ ဆင်း မှာ တ ညီ ညီ ဟောင် သဖြင် မ သ တိ ယောင် နှင့် ကဲ့၊ နီတီတီ အ ကောင်- စ နေ



နဂါးဟာက၊ မခေအားရာ-အသံတမြည်မြည်နှင့်၊ ထွေ ပြားစာမာန်ဖီလို့မို့၊ ဟန်တချို့ချို-ပပျင်းထောင်ရာက ဘ သောင်းရော့သလား။ ရုပ်ရှင်မှာ-ရုပ်သင်ပြောင်း သလိုပ၊ကောင်းခြင်းငါးဖြာ-ကလျာကြွန်နှင့်၊ပမာဟန် အမူအယူ-ချောပ်ပြုရမှာဖြင့်၊ အညာ ပဂံ သ-စောလုံ ဒကာမတိုလို၊ လုဂါပပ-မကြီးမငယ်။ အရွယ်အလတ် ကယ်လို့၊တတ်အပ်ထင်ထင်၊ မြင်အိပ်မက်ကိုလ၊ မနက် ထတွင် တကယ်မှ ဟောပမလားလို့ "အလယ်တော့ရ" ကပြောကရာရောက်တဲ့ဖြင့်၊ပါမောက္ခ တက္ကသိုလ်ဆရာစံ သန့် မမာရုံမှာ အဖြေပေးနိုင်သဖြင့်၊ ရတနာ့ပုံအညာ အပြေပြေက မေးရတဲ့ "ရွှေရေးဆောင်" သာသနာ တခန်းကဖြင့်၊ လူ့သဝဏ်- ဗျာညွန့်ဘို လျှောက်ပြန် တော၊ နှောက်နှောက်မကြာမီပ၊ ဗမာပြည်သာမည် ခေတ်ပင်မို့၊ ခြောက်—နိမိတ်အလာကဖြင့်၊ တဆိတ် ကြာခဲ့ဘဲ၊ အတိတ်အခါလို၊ စိတ်မှာဖြင့် မညစ်နှင် တော့သိသိသာသာအမိမြန်မာဖြစ်တော့မယ်လို့၊သနစ် ဟိတ်ဂဏ်အလိုကို-ဒိုင်၊ အဆို သဘောတွေနဲ့၊ ဟောခဲ့ တာ အခါညီရော့မထင်၊ ရာဇဌာနီ- ဒဂုန်မြို့ဆီက၊ ကြုံကြိုကြုံရည် ဖန်ရည်နှင့် နဂါးနီဆိုတဲ့ အသင်းမှာ တော၊ နဂနီဆိုတဲ့ သတင်းကိုဖြင့်၊ ထိုထိုတပဲ့အရင်း တော-ဖြန့်ဝေချီပြန်သမို့၊ မြန့်ပြေကြီးတက်ကာ- မနေ သာသုဖြင့်၊ စေတနာ ထောင်အထတွင်မ၊ အဝေရှာ ရှောင်သမပေပ၊ (အမယ်မင်း)ထောင်-အမှန့် မကြ

မကြာ ဆင်းရပေမဲ့ "မောင်နု"နဲ့ ဆရာမကင်းနိုင်
သမို့-ဩြော-အောင်ဇေယျတု- အောင်ဇေယျတုဆိုတဲ့
အောင်ဆုဘွဲ့ပတ္တနာသီချင်း။

သခင် ကိုယ် တော် မှိုင်း
စစ်ကိုင်းတောရ

## ကမ္ဘာစစ်နှင့် ဗမာ

ရေးသူ- သခင်အောင်ဆန်း

ကမ္ဘာစစ်နှင့် ဗမာပြည်အကြောင်း၊ စာကြောင်းရေ ခြောက်ဆယ်ထက်မများဘဲ ရေးစမ်းပါဟု မိတ်ဆွေတဦးက ပြောသဖြင့် ရေးလိုက်ရပေသည်။ ရေးချင်တာတွေ များလွန်း၍ တိုတိုတုတ်တုတ်သာ ဖေါ်ပြနိုင်သည်။

ယခုစစ်ဖြစ်လျှင်ဖြစ်ခြင်းစစ်ရည်ရွယ်ချက်များထွက်လာ၏။ အင်္ဂလိပ်ကရင်း၊ ပြင်သစ်ကရင်း၊ ဂျာမဏီကရင်း၊ သူ့ရည်ရွယ်ချက်များကို အသီးသီး ကမ္ဘာအား ကျေညာကြ၏။ စင်စစ်မှာ ဤသို့လုပ်ခြင်းတို့သည် ကမ္ဘာရှိ တိုင်းကြီး ပြည်ကြီးတို့အား မိမိတို့ဘက်မှ အလေးတင်းလာအောင် ပြောရိုးပြောစဉ်အတိုင်း ပြောခြင်းမျှသာ ဖြစ်လေသည်။ ထို့ကြောင့် စစ်ရည်ရွယ်ချက်များမှအပ စစ်ဖြစ်ခြင်း၏ အကြောင်းရင်းကို စဉ်းစားလျှင် လူတဦးကတဦး၊ တတန်းစားက တတန်းစား၊ တနိုင်ငံက

တနိုင်ငံကို အနိုင်ကျင့်နေသော သွေးစုတ်နေသော ဝါဒ(ဝါ) မနေရှင်ဝါဒ လမ်းမိုးသမျှ စစ်ဖြစ်မြဲ ဖြစ်မည်ပင်။

ယခုဖြစ်နေကြသည့် စစ်များကို ဆန်းစစ်လျှင် ဂျပန်က တရုတ်ကို ဂျပန်မနေရှင်များအတွက် လိုချင်၏။ တရုတ်ပြည်တွင် အင်္ဂလိပ်၊ အမေရိကန်၊ ပြင်သစ် စသော အနောက်နိုင်ငံ စားသားကြီးများကို မရလို၊ သူတဦးတည်းဝါးလိုစားလို၏။ ထို့ကြောင့် တရုတ်ကိုတိုက်လေ၏။ ဂျာမဏီနှင့် အင်္ဂလိပ်-ပြင်သစ်တို့ စစ်မှာလည်း အကြံတူ-ရန်သူ ဖြစ်ခြင်းပင်ဖြစ်၏။ ဖင်လန်ပြည်တွင်းစစ်မှာ မနေရှင်နှင့်ဆင်းရဲသားတိုက်ပွဲဖြစ်၏။ ဤကား ယခုတည်ရှိနေသော အမြတ်အစွန်းကိုသာ ပဓာနထားသည့် မနေရှင်စနစ်၏ ဖြစ်မြဲအစဉ်သာဖြစ်၏။ မထူးဆန်း။

ငါတို့ကား စစ်ဖြစ်ခြင်းကို အလိုမရှိ၊ တဦးကတဦး၊ တတန်းစားက တတန်းစား၊ တနိုင်ငံကတနိုင်ငံ စသည်ဖြင့် နိုင်ရာညှဉ်းပန်းခြင်း အမျိုးမျိုးတို့ကို အနည်းငယ်မျှ အလိုမရှိ၊ သို့အလိုမရှိသည့်အလျောက် ငါသို့ နိုင်ငံ့သ နိုင်ငံသားများအား ကျွန်လုပ်၍ စီးမိုးနေသော နယ်ချဲ့စနစ်ကို အလိုမရှိ၊ ဖြိုဖျက်လို၏။ ဖြိုဖျက်မည်ဟု အဓိဋ္ဌာန်ပြုထား၏။ ငါတို့က နယ်ချဲ့စနစ်ကို ဖြိုဖျက်လိုသည်မှာ အကြောင်းမဲ့ သက်သက်၊ နိုင်ငံခြားသားများကို မုန်းတီး၍သော်၎င်း၊ တခြားလူမျိုးများကို မနာလိုတီး၍သော်၎င်း မဟုတ်၊ အဓမ္မဆိုသမျှ မလိုလား၍ ဖြစ်၏။ အကျိုးမရှိသော စစ်ဖြစ်ပွားမှုကို မလိုလား၍ဖြစ်၏။ ယခု ကမ္ဘာတလားတွင်ဖြစ်သမျှ စစ်အဓမ္မတို့မှာ နယ်ချဲ့စနစ်၏ပယောဂကြောင့် ဖြစ်ရကား ယခုစစ်နှင့်ပတ်သက်၍ ဗမာပြည်တွင် ပြည်သူပြည်သားတို့၏ လက်ငင်းတာဝန်မှာ ကမ္ဘာတွင် ရှိရသမျှသော အား



များနှင့် ဝိုင်းဝန်း၍ မနေရှင်နယ်ချဲ့စနစ်ကို အမြစ်မနှုတ် သုတ်သင်ရန်သာဖြစ်၏။ အခြားဘာမျှ အကျယ်ချဲ့နေစရာမလို။

ယခုစစ်နှင့် ပတ်သက်၍ ဗမာပြည်အပေါ်တွင် ဗမာပြည်နိုင်ငံရေးဂိုဏ်းများ၏ တာဝန်သည် အထူးအရေးကြီးလာ၏။ ဤကိစ္စကို တို့ဗမာအစည်းအရုံးက လေးလေးနက်နက် ဂရုတစိုက် ဆောင်ရွက်ခဲ့၏။ ဗမာ့လွတ်လပ်ရေးအတွက် စည်းလုံးရန် ဗမာ့ထွက်ရပ်ဂိုဏ်းကို ထူထောင်ရာတွင်လည်း တို့ဗမာအစည်းအရုံးက ကိုယ်ထိလက်ရောက်ပါဝင်ခဲ့၏။ မန္တလေးမြို့တွင် မကြာသေးမီက ကျင်းပခဲ့သော တို့ဗမာ အစည်းအရုံး ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အစည်းအဝေးက အောက်ပါအတိုင်း ကျေညာထား၏။

**ကမ္ဘာ့အရေးနှင့် ဗမာ့အရေး**

ဗဟိုအမှုဆောင်အဖွဲ့၏ နိုင်ငံရေး အစီရင်ခံစာကို ကြားနာရပြီးနောက် ဤဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့ အစည်းအဝေးက ကမ္ဘာနှင့် ဗမာ့အရေးတို့တွင် အောက်ပါအတိုင်း ဆုံးဖြတ်ပါကြောင်း။

**(က) ကမ္ဘာ့အရေး**

(၁) ယခုဖြစ်ပွားနေသော စစ်ပွဲကြီးတွင် ဂျာမဏီနာဇီကို ဗြိတိသျှနှင့် ပြင်သစ်အစိုးရတို့က တိုက်ခိုက်ရသည်မှာ နိုင်ငံကလေးများကို နိုင်ငံကြီးများက ညှင်းဆဲမှု၊ ချုပ်ချယ်မှု၊ ကမ္ဘာ့လွတ်လပ်ရေး ဒီမိုကရေစီဝါဒကို ဖိနှိပ်မှုတို့အတွက် ဖြစ်သည်မဟုတ် အကြောင်းပြ၏။

(က) ပိုလန်ပြည် အစိုးရဟောင်းမှာ လယ်ပိုင်ရှင် မြေရှင်ဖက်ဆစ်အစိုးရမျိုးသာဖြစ်၍ တိုင်းသူပြည်သား လူအများ၏ ထောက်ခံအားပေးခြင်းမရသဖြင့် ဂျာမဏီက လွယ်ကူစွာဖြင့် ပိုလန်ပြည်ကာပိုင်းကို သိမ်းနိုင်ခြင်း။ ဆင်းရဲသား ဆိုဗီယက်စစ်ဘပ်များ ပိုလန်ပြည်တွင်းသို့ ဝင်ရောက်လာသည့်အခါ ထိုပိုလန်ပိုင်နယ်များရှိ တောသူတောင်သားလယ်သမားအပေါင်းတို့က သောင်းသောင်းဖြဖြ ကြိုဆိုကြခြင်း။

(ခ) ဗမာပြည်နှင့် အိန္ဒိယပြည်က ဗြိတိသျှအစိုးရတို့အား ၎င်းတို့၏ စစ်ရည်ရွယ်ချက်များနှင့် တပြေးညီညာ လွတ်လပ်ရေးအတွက် အရေးဆိုလိုက်သည်ကို ကျနစွာ ယခုအထိ မဖြေကြားခြင်း။

(ဂ) ပြင်သစ်ပြည် အစိုးရကလည်း လွတ်လပ်ရေးအတွက် ဒီမိုကရေစီအတွက်ဆိုပြီးလျှင် မိမိပြည်အတွင်းရှိ "ကွန်မြူနစ်ဂိုဏ်းကြီး"ကို မတရားအသင်း အဖြစ်ကြေညာ၍နှိမ်နင်းနေခြင်း။ ပြင်သစ်ပိုင် လက်အောက်ခံ နိုင်ငံများကိုလည်း လွတ်လပ်ရေး မပေးသေးခြင်း။

(ဃ) ဖင်လန်ပြည်တွင် ဖြစ်ပွားသည့်စစ်မှာ ပြည်တွင်းစစ် ဖြစ်နေခြင်း၊ ကမ္ဘာငြိမ်းချမ်းရေးနှင့် ကမ္ဘာလွတ်လပ်ရေးတို့အတွက် အမြဲတန်းအောင်ခံ၍ အကြိမ်ပေါင်းများစွာ ကိုယ်ထိလက်ရောက် ကူညီခဲ့သော ဆိုဗီယက်တိုင်းပြည်ကြီးမှ စစ်တပ်များက ဖင်လန်ပြည်သူ၏ အစိုးရဘက်မှ တိုက်နေခြင်း။





ဤအချက်များကို ထောက်ထား၍ ယခု စစ်ပွဲကြီးသည် နိုင်ငံကလေးများ၏ လွတ်လပ်ရေး၊ ကမ္ဘာ့လွတ်လပ်ရေးအတွက် မဟုတ်သည့်ပြင် နယ်ချဲ့ဝါဒနှင့်မှ ပေါ်ပေါက်သော စစ်ပွဲမျိုးဖြစ်သည်ဟု ငါတို့အဘိအလင်း ကြေညာကြောင်း။

(၂) ဆိုဗီယက်တိုင်းပြည်ကြီးသည်။

(က) ၁၉၁၇ ခု၊ မိမိအာဏာရသည်နှင့် တပြိုင်နက် ဖင်လန်ပြည် အပါအဝင်မိမိလက်အောက်ခံ တိုင်းပြည်အားလုံးအား လွတ်လပ်ရေးပေးခြင်း။

(ခ) ကမ္ဘာ လွတ်လပ်ရေးအတွက် တရုပ်ပြည်၊ စပိန်ပြည်စသော ပြည်များတွင် ကိုယ်ထိလက်ရောက် ကူညီခဲ့ဘူးခြင်း ကူညီနေခြင်း။

(ဂ) ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဖက်စစ်တလာနာဇီဝါဒကို တွန်းလှန်ရန် ဗြိတိသျှ၊ ပြင်သစ်အစိုးရနှင့် ငါးလ-ခြောက်လတိုင်တိုင် စေ့စပ်ခဲ့ရာ အချည်းအနှီးဖြစ်သည်ကို တွေ့မှသာ ယခင်ကမ္ဘာစစ်ကြီး ပြီးသည်မှစ၍ (၁၉၃၄-ခု) အထိ ရန်မဖက်စတမ်း စာချုပ်ချုပ်ဆိုခဲ့သော ဂျာမန်အစိုးရနှင့် မိမိလက်ရှိ အင်အားကို မပျက်စေရန်အလို့ငှာ၊ ရန်မဖက်တမ်း ထပ်မံချုပ်ဆိုလိုက်ခြင်း။

(ဃ) အနီးအနားရှိ တိုင်းပြည်ငယ်များနှင့်လည်း သင်တင့်မျှတအောင် စာချုပ်များ ချုပ်ဆိုခြင်း။

(င) ပိုလန်အစိုးရပစ်ပြေး၍ မိမိဝင်ရောက် ထိန်းသိမ်းရသော နယ်များတွင် လယ်သမားများ၏ လွတ်လပ်ရေးအတွက် ချက်ခြင်းဆောင်ရွက်လိုက်ခြင်း။

(စ) ဖင်လန်ပြည်၏ လွတ်လပ်ရေးကို မထိခိုက်ဟု ဖင်လန်ပြည်သူပြည်သား အစိုးရနှင့် တဦးကိုတဦး ကူညီစတန်းစာချုပ် ချုပ်ဆိုလိုက်ခြင်း။

စသည်တို့ကို ထောက်ထား၍ ဆိုဗီယက် တိုင်းပြည်ကြီးသည် ဤစစ်ပွဲကြီးတွင်မက ယခင်စစ်ပွဲကြီးတွေပါ ကမ္ဘာ့လွတ်လပ်ရေးသမားများ၊ ဆင်းရဲသားများ၏ မိုးရှုး တန်ဆောင်ဖြစ်သည်ဟု အသိအမှတ် ပြုကြောင်း။

(၃) ကမ္ဘာ့အရေးနှင့် ဗမာ့အရေးများမှာ အမြဲယှဉ်တွဲဆက်စပ် နေသဖြင့် ငါတို့၏ ကမ္ဘာ့အရေး သဘောထားဝါဒကား—

(က) တိုင်းပြည်များ၏ လွတ်လပ်ရေးကို တကယ်ဖိနှိပ်ချုပ်ချယ် သေးစတ်သော မည်သည့် ဝါဒကိုမဆို အလိုမရှိ။

(ခ) ငါတို့တိုင်းပြည် မလွတ်လပ်သမျှ ကာလပတ်လုံး အခြားတိုင်းပြည်အတွက် စစ်ကူညီခြင်း ကိစ္စကို မဖြေရှင်းစားနိုင်။

(ဂ) မည်သည့်နိုင်ငံခြားတိုင်းပြည်နှင့်မဆို အထူးသဖြင့် ငါတို့အိမ်နီးနားချင်း တိုင်းပြည်များ အရှေ့ဘက်တိုင်းပြည်များနှင့် နှစ်ဦးနှစ်ဝ အကျိုးအတွက်



အပြန်အလှန် ပေါင်းသင်းဆက်ဆံရသမျှတွင် ပေါင်းသင်း ဆက်ဆံရမည်။

(ဃ) စစ်တခါဖြစ်လျှင် လူပေါင်းများစွာ သေခြင်း၊ ကျွန်ဖြစ်ခြင်း၊ ဆင်းရဲသားတို့မှာ ပိုမိုအခွန်ပေးရသဖြင့်၎င်း၊ အမြတ်အစွန်းရှာသူများ၏ ပယောဂကြောင့်၎င်း၊ ဆင်းရဲမွဲတေ ပါးရှားလာရခြင်း စသည်တို့သာ ဖြစ်သောကြောင့် နယ်ချဲ့စံနစ်မှ ပေါ်ပေါက်သော ယခုစစ်ပွဲကြီးကို အမြန်ဆုံးပြီးဆုံးစေ၍ ကမ္ဘာ့ရှိကျွန်နိုင်ငံများနှင့် ဆင်းရဲသားများမှန်သမျှ၏ လွတ်လပ်ရေးအတွက် အပြင်းအထန် ကြိုးပမ်းရမည်။

(ခ) ဗမာ့အရေး။

(၁) အထက်ပါအတိုင်း ကမ္ဘာ့အရေးတွင် သဘောထားပုံကို သိရှိစေပြီးနောက် ဗမာ့အရေးတွင် အောက်ပါအတိုင်း ငါတို့သဘောထားကို ကျေညာကြောင်း။

(က) ဗမာပြည်အား ကျွန်အဖြစ် ချုပ်ချယ်ထားသည့် နိုင်ငံချဲ့စံနစ်ပြိုပျက်မှုကို အားထုတ်ရမည်။ ထိုနယ်ချဲ့စံနစ်၏ ခံတပ်ကြီးဖြစ်သော "၃၁"ဌာန အုပ်ချုပ်ရေးကို တိုက်ဖျက်၍ ဗမာများအလိုကျ ဗမာ့အုပ်ချုပ်ရေးကို အမြန်ဆုံးရရှိရန် ကြိုးစားရမည်။

(ခ) အထက်ပါအချက်ကို သဘောတူ၍ အလုပ်လုပ်သော ငါတို့မှအပ မည်သည့်နိုင်ငံရေးဂိုဏ်း မည်သည့် အခြားအဖွဲ့ အသင်းအပင်းမျိုးနှင့်မဆို လမ်း

အတူတူ အလုပ်အတူတူလုပ်ရန် အလင့်ရှိသည့်အပြင် ဤကဲ့သို့ တိုင်းပြည်နိုင်ငံရေး ညီညွတ်မှုအတွက် ကြိုးစားရမည်။

(၂) ဤသဘောတားအတိုင်း လွန်ခဲ့သော ဗမာနိုင်ငံလုံးဆိုင်ရာအမှုဆောင်အဖွဲ့ အထူးအစည်းအဝေးက ဗဟိုအလုပ်အမှုဆောင်အဖွဲ့သို့ အာဏာလွှဲအပ်ခဲ့ကြောင်း၊ လွှဲအပ်ခဲ့သည့်အတိုင်း ဆင်းရဲသားဝါဒသမားအဖွဲ့၊ ငါးပွင့်ဆိုင် ဝါဒသမားအဖွဲ့နှင့် ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ထောင်ထား၍ ကျေညာသော ဝါဒအခြေခံ ၁၀-ချက်ကို ငါတို့ကထောက်ခံအားသည်ဖြစ်၍ ထောက်ခံကြောင်း၊ ဗမာ့ထွက်ရပ်ဂိုဏ်း၏ လုပ်ငန်းမှာ တိုင်းပြည်၏ အကျိုးအညီကို ရှည်ဆင်းသည်လာလိမ့်မည်ကို မထောက်ထားခြင်းအားဖြင့် တတိုင်းတပြည်လုံးတွင် ကိုယ်မင်းကိုယ်ချင်း ဆန္ဒအများအပြားရှိ၍ ညီညွတ်ရကြောင်း ထင်ရှားပေသည်။

ဗမာ့ထွက်ရပ်ဂိုဏ်း၏ လုပ်ငန်းအင်အား

တောင့်တင်းရန်ရည်ရွယ်၍

(က) တိုင်းသူပြည်သားများ၏ ပိုမို ကြီးမား လွတ်လပ်ရေးစိတ်ထက်သန်မှုအတွက် အပြင်းအထန် အားထုတ်ရန်လိုသည်။

(ခ) ထိုတိုင်းသူပြည်သား အများအား နေ့စဉ် တာဝန်ခံ ညွှန်ကြား ဆောင်ရွက်မည့် ခေါင်းဆောင်များ ပေါ်ပေါက်လာရန်လိုသည်။



(ဂ) တိုင်းပြည်လွတ်လပ်ရေးအတွက် အချိန်အလိုက် ဆောင်ရွက်နိုင်စေမည့် ငွေကြေး တောင့်တင်းမှုကို ရရှိရန်လိုလေသည်။

ထိုကြောင့် တို့ဗမာ အစည်းအရုံး၏ အစည်းအရုံးဝင်များ များပြားလာအောင်ဆောင်ရွက်ခြင်း၊ ဗမာ့ လက်ရုံးတပ်များ တည်ထောင်၍ လေ့ကျင့်ခြင်း၊ နိုင်ငံရေးပညာသင်တန်းများ ဖွင့်လှစ်ခြင်း၊ ဆွေးနွေးပွဲများ ကျင်းပခြင်း၊ ငွေကြေးရှာဆောင်းခြင်း၊ နိုင်ငံခြားတွင် ဝါဒဖြန့်ခြင်းတို့ကို ကျေနပ်လောက်အောင် ဆောင်ရွက်ခြင်းဖြင့် ဗမာ့ထွက်ရပ်ဂိုဏ်း၏ လုပ်ငန်းများကို တွင်ကျယ်စွာ ဆက်လက်လုပ်ကိုင်ရန် ဤဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အစည်းအဝေးက ဆုံးဖြတ်ကြောင်း။

ယခုအခြေအနေမှာ ဗမာပြည်၏လွတ်လပ်ရေး ကိစ္စသည် အပြော အရေး စခန်းမှ အလုပ်စခန်းသို့ ရောက်လာပေပြီ။ မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ၊ ပယောဂ ထုတ်ရုံနှင့်လည်း မရ၊ ဒေသအားဖြင့်၎င်း၊ ကာလအားဖြင့်၎င်း၊ သင့်မြတ်မှလည်း အောင်မြင်နိုင်မည်။ လုပ်ယောဂလည်း ပါရမည်။ ဒေသအားဖြင့်လည်း သင့်မြတ်ရမည်၊ အချိန် အားဖြင့်လည်း ကောင်းရမည်၊ ဤကား ကမ္ဘာ့ရှိ ပယောဂစတ၊ စစ်ပိုလ်မှူးမန်သမျှ လိုက်နာရမည့် တရားနည်းလမ်းများဖြစ်၏။ ယခုအခါ ဗမာပြည်၏ လွတ်လပ်ရေးလုပ်ငန်းမှာ ဒုတိယနှင့် တတိယ အချက်အားဖြင့် ပြည့်စုံပြီး အကျယ်ချဲ့ရမလို၊ လုပ်ယောဂ တခုတည်းသာလို၏။ ဘယ်လိုလိုသနည်း။

(၁) ဗမာပြည်က လွတ်လပ်ရေးလိုကြောင်း၊ သိအတွက် အရေးကြီးဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ ဝါဒ ဖြန့်ရမည်။ စည်းရုံးရမည်။

(၂) ဝါဒဖြန့်စဉ် တိုင်းပြည် လွတ်လပ်ရေးအတွက် လိုအပ်သော နိုင်ငံရေးညီညွတ်မှုကို ရရှိရန် ကြိုးစားရမည်။ "နိုင်ငံရေး ညီညွတ်မှုဆိုသည်မှာ ခေါင်းဆောင်ဆိုသူများ ညီညွတ်ရေးဟု အတပ် မဆိုသာ ယခုလာမည့် နိုင်ငံချဲ့စနစ် တိုက်ဖျက်မည့် အရေးတော်ပုံအတွက် ခေတ်စာကျသော အလုပ်သမား ကျောင်းသား၊ အမျိုးသမီး၊ ကုန်သည်၊ စာရေးစာချီ၊ လယ်လုပ် လယ်သမား၊ လယ်ကုလီများ၊ ရှမ်း-ခါင်း-ကချင်-ကရင်-ချင်းတောင်များ၊ နယ်များရှိ ဆင်းရဲသားလူထုများ အားလုံး ညီညွတ်မှု၊ သွေးစည်းမှုကိုဆိုသည်။ ယခုအခါ တို့ဗမာ အစည်းအရုံးတွင် ရှေ့နေရှေ့ရပ်၊ ကုန်သည်၊ ပွဲစားများ၊ ဆရာဝန်စသော အလယ်တန်းစားများ၊ ပညာတတ်များတို့မပါ အခြားလူထုကြီးများ၏ သွေးစည်းညီညွတ်မှုကို အထိုက်အလျောက် ရရှိထားလေပြီ၊ ဗမာ့ထွက်ရပ်ဂိုဏ်းကို တည်ဆောက်ရခြင်းမှာ အထက်တွင် ဖော်ပြခဲ့သော မပါသေးသူများကို လွတ်လပ်ရေးတိုက်ပွဲတွင် သိမ်းသွင်းနိုင်ရန်အလို့ငှာ ဖြစ်ပေသည်။

(၃) ဝါဒဖြန့်ရင်း နိုင်ငံညီညွတ်ရေးရရှိမှ ကြိုးစားရင်း [illegible]ဒေသအလျောက်ရင်း၊ လယ်သမား "ဗမာပြည်တွင်အရေး အကြီးဆုံးအရေးဖြစ်သည်" အလုပ်သမားစသည့် အမျိုးအစား အလျောက်ရင်း၊ ပေါ်ပေါက်နေသော လက်ငင်းကိစ္စကလေးများမှ ဆွဲလုံ့ဆော်၍ တိုင်းပြည်ရှိ လူထု အင်အားများကို



လွတ်လပ်ရေးတိုက်ပွဲအတွက် စစ်အင်ကျင်း၍ အပြီး စစ်ပြင် ရပေမည်။

(၄) လုံလောက်အပ်သောအင်အားကို ပြင်ဆင်စုဆောင်းပြီးနောက်၊ လွတ်လပ်ရေးတိုက်ပွဲကို ကမ္ဘာ့တိုက်ပွဲ တိုက်နည်းအမျိုးမျိုးမှ နမူနာယူ၍ ဗမာပြည်နှင့် အသင့်တော်ဆုံးဟု ထင်သောနည်းအရ အဆင့်ဆင့်ခင်းကျင်းရပေမည်။

ကျသသာ အစဉ်အတိုက် သဲသဲမဲမဲလုပ်ငန်းများချ၍ ဆောင်ရွက်ပါက ဗမာပြည်သည် လွတ်လပ်သော တိုင်းပြည်အဖြစ်သို့ ရောက်သော်လည်း ရောက်မည်။ မရောက်သည့် တိုင်အောင် ဗမာများ ညီ[illegible]လန်းလလျှင် အကြီးအကျယ် နိုင်ငံရေး အဆင့်အတန်း တိုးတက်ရန်အကြောင်း ရှိသည်။ ဗမာပြည်တွင် အုပ်ချုပ်ရေး အဆင့်အတန်း တိုင်းသူပြည်သားများ၏ နိုင်ငံရေး အဆင့်အတန်း၊ ခေါင်းဆောင်မှု၏အဆင့်အတန်းမှာ အထူး မြင့်လာပေမည်။ တိုးခဲ့သောပွဲမှ သင်ခန်းစာ အမျိုးမျိုး ရပေမည်။ ထိုအခါ နောက်ထပ် လွတ်လပ်ရေး တိုက်ပွဲအတွက် မခံ ယူသွားတော့ပြီ။

## လုပ်ရမည့်လုပ်ငန်းများမှာ အထူးသဖြင့်

(၁) ကျောင်းသားလူငယ်များ၏ အကူအညီဖြင့် တိုင်းပြည်အနှံ့ လွတ်လပ်ရေးတရား၊ လက်နက်ဥပဒေ ပယ်ဖျက်ရေး တရား၊ ကမ္ဘာ့အဖြစ်အပျက် အမှန်များတို့ကို အမြဲ ဟော၍ ဝါဒဖြန့်ခြင်း၊ ဗမာ့လက်ရုံးတပ်စသော အပျော်တန်းတပ်များ ထောင်ခြင်း တို့ဗမာအစည်းအရုံး အသင်းသားစုဆောင်းခြင်း

တရုပ်ပြည်၊ အိန္ဒိယပြည်၊ ဘိလပ်စသော တိုင်းနိုင်ငံများအား လက်ကိုယ်တိုင်သော်၎င်း၊ စာအားဖြင့်သော်၎င်း၊ ဝါဒဖြန့်ခြင်း၊ ဗမာပြည်အကြောင်း စာအုပ်စာတမ်းရိုက်ဝေခြင်း၊ တတိုင်းတနိုင်ငံလုံး၏ အင်အားကို ယူသောအားဖြင့် ပြည်လုံးကျွတ်နိုင်ငံရေး အစည်းအဝေးကြီးကျင်းပခြင်း၊ အမျိုးသားသတင်းစာသည်များပြုလုပ်ခြင်း၊ ဧပြီလ (၁) ရက် အုပ်ချုပ်ရေး ကန့်ကွက်ပွဲနေ့တွင်၎င်း၊ အမျိုးသားအတွင်း၎င်း၊ နယ်ချဲ့စံနစ် လက်အောက်မ [illegible] လုပ်ရေးအတွက် [illegible] ပြည်သူ့ ဆန္ဒများ ကောက်ယူခြင်း။

(၂) ယခုအခါ နိုင်ငံရေးလုပ်ငန်းမှာ ရေးကအချိန်မျိုး မဟုတ်သဖြင့် ဗမာမန်သမျှ ဗမာပြည်သူ [illegible] မှန်သမျှ အား [illegible] ဆော်တိုက်တွန်းခြင်း၊ တိုင်းခံ [illegible] ကို [illegible] ခြင်း။ [illegible] များကို မိမိတို့က ခေါင်းဆောင်၍ ဖျောက်ဖျက်ခြင်း၊ [illegible] သမား၊ လယ်သမား၊ [illegible] သေးစည်းများ [illegible] ချ [illegible] သည် [illegible] သားများ [illegible] အောက်တန်းစားများ၊ [illegible] များ [illegible] လွတ်လပ်ရေးသည် [illegible] အတွက်ပါ ဖြစ်သည်ဟုသိစေခြင်း။

(၃) အထက်ပါ [illegible] နှင့်များနှင့် [illegible] တပေါင်းပေါက်လာသော အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ ဈေးသူဈေးသား အခွန်ထမ်း [illegible] ရှိသော ကိစ္စများနှင့် ပတ်သက်၍ အရေးတော်ပုံကလေးများကို အမှီပြု၍ လွတ်လပ်ရေး အကြောင်း အုပ်ချုပ်ရေးအကြောင်း၊ စစ်အကြောင်း လက်နက်



ဥပဒေဖျက်ရန်အကြောင်း အမြဲဝါဒဖြန့်ခြင်း၊ ထိုအရေးတော်ပုံကလေးများသည် လာမည့်အရေးတော်ပုံကြီး၏ ရှေ့ပြေးများသာဖြစ်ကြောင်း၊ တိုင်းသူပြည်သားများ၏ ဆင်ရာစီးပွားရေး လူမှုဆက်ဆံရေး၊ နိုင်ငံရေးတောင်းဆိုချက် အရပ်ရပ်မှာ လွတ်လပ်ရေးအပေါ် တည်ကြောင်းကို တိုင်းပြည်အားသိစေခြင်း။ အသင်းသားများစုဆောင်းခြင်း၊ ဗမာ့လက်ရုံးတပ်များထောင်ခြင်း၊ လွတ်လပ်ရေး [illegible] ငွေစုဆောင်းခြင်း။

(၄) လာမည့် တို့ဗမာအစည်းအရုံး ညီလာခံတွင် [illegible] လုပ်ရေးတိုက်ပွဲနှင့် ပတ်သက်၍ တို့ဗမာအစည်းအရုံး လုပ်ငန်း အရပ်ရပ်များကို လိုလေသေးသည်မရှိ ပြင်ဆင်ထားခြင်း။

ဥပမာ ယခုနယ်ချဲ့စနစ်တိုက်ပွဲ အရေးတော်ပုံ အတွက် ခေတ်ရှိသေးသော လူထုအင်အား အမျိုးမျိုးအစားစား အတွက် လူမျိုးအလိုက် အတန်းစားအလိုက် တဦးနှင့်တဦးမဆန့်ကျင်သော အထူးသဖြင့် အောက်တန်းစား အလုပ်သမား လယ်သမားတို့ အကျိုးနှင့်မဆန့်ကျင်သော လိုသားချက်မှန်သမျှ ပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ်တခု တည်ထောင်ခြင်း၊ လာမည့်အရေးတော်ပုံတွင် ခေါင်းဆောင်နိုင်မည့်စိတ် အကြောက် အများ စုဆောင်းသင်ကြား၍ စံနစ်တခု တည်ထောင်ခြင်း၊ လွတ်လပ်ရေးရပ်ငွေ ကောက်ခံရန် နည်းလမ်းစည်းကမ်းများ ဘည်ထင်ခြင်းတို့ ဖြစ်လေသည်။

လွတ်လပ်ရေးမှာ လက်တော့အတွင်းတွင် အဆိုသွင်းရုံနှင့်မရ၊ လက်တော်အဆိမှာ ဝါဒဖြန့်ရုံ လောက်သာရှိသည်။ အလုပ်လုပ်ရပေမည်။ လုပ်ခရမည်။ အိပ်နေ၍မရ၊ တဦးတည်း ဖလ၊ တဦးတည်း နောက်လိုက်လုပ်၍မရ။ မဝယ်နေ၍မရ၊ ရာ

သုံးလိုက်နေ၍မရ၊ အော်ရုံဖြင့်မရ၊ အနစ်နာခံ၊ အဆင်းရဲခံ၊ အပင်ပန်းခံ၊ အစတေးခံကြမှရမည်။ သို့ဆောင်ရွက်လျှင် ငါ တို့သည် အောင်ပန်းကို မချွတ်လက်လှမ်းနိုင်မည်။ နယ်ချဲ့စံနစ် ဓနရှင်စံနစ် ဖြစ်တော့ ပျက်တော့ တည်တော့ တည်းဟူသော လောက ဓံတရားမှမလွတ်၊ ဓနရှင်စံနစ်သည် ပဌမမိမိအတွက် အစေ အခိုင်းများလို၍ ခေတ်ပညာတတ်များရှိလာအောင် စီမံရ၏။ သို့သော် ထိုအလုပ်သမားနှင့် ပညာတတ်များသည် အဆင့် အတန်းမြင့်လာသော်၊ ၎င်းတို့ဖန်တည်းခဲ့သော နယ်ချဲ့စံနစ်ကို ပြန်၍ တော်လှန်ကြပေ၏။ မိမိတို့ကုန်များ တင်ခွါနိုင်အောင် မီးရထား မော်တော်ကားလမ်း အခြင့်တို့ကို နယ်ချဲ့စံနစ်က ငါ တို့ပြည်များတွင် ဖေါက်လုပ်ပေးရ၏။ ထိုလမ်းများပင် ငါ တို့အချင်းချင်း ရင်းနှီးသေးစည်းစေကြောင်း ဖြစ်ခဲ့၏။ ဤသို့ လျှင် ဓနရှင် နယ်ချဲ့စံနစ်မှာ မီးတဘက် ရေမှုတ်တဘက် တ ဘက်က အကောင်းလုပ်ပေး၊ တဘက်က စီးပွားရေးလက်ဝါး ကြီးအုပ် အတက်နှိမ်၊ တဘက်ကချော့၊ တဘက်ကချောက် ရှေ့နောက်မညီ အစီအစဉ်မတူ သဖြင့် တိုင်းပြည်တွင် ဆ ပွက်သည်မှာ အံ့သြစရာမရှိ လူတို့၏ဝတ္တရားကား ဤဓနရှင် နယ်ချဲ့စံနစ် အကြောင်းအကျိုးတရားများကို လေ့လာပြီးလျှင် အချိန်ကျလျှင် အသင့်ဖြစ်စေရန် ပြင်ထားရန်ပင်ဖြစ်သည်။

လွတ်လပ်ရေးတိုက်ပွဲအတွက်ပြင်ဆင်ရာ၌၊လူမျိုးအချင်းချင်း လူတန်းစားအချင်းချင်း၊ မကွဲသင့်သည့်အချိန်တွင် မကွဲထိုက် သူများနှင့် မကွဲကွဲအောင်လုပ်တတ်သော နယ်ချဲ့စံနစ်၏ပရိ ယာယ်ကိုသတိပြု၊ ရှေ့လောကြီးခြင်း၊ စစ်မရောက်မီမြားကန် ခြင်း၊ စစ်မဖြစ်ခင်က အရှုံးပေးလိုခြင်း စသော အပြု အမ



များကိုရှောင်၊ ငါတို့၏အောင်ပွဲကား အသေအချာပင်။ ငါတို့ ၌ အချိန်ကောင်းများစွာရှိသေး၏။ ဤကဲ့သို့ အချိန်ကောင်း အခြေကောင်းတွင် ငါတို့၏လွတ်လပ်ရေးအတွက် အပြင်း အ ထန် အားထုတ်ကြပါစို့ ရဲဘော်တို့။ ။

အရေးတော်ပုံအောင်ပါစေ။

**သခင်အောင်ဆန်း**

## ကျွန်တော် ဘုံသမား

ဧပြီလ အတွင်းက ကျွန်တော်နှင့် မိတ်ဆွေ ကိုလဖေတို့သည် ဂျူဗလီဟော၌ ကျင်းပလျက်ရှိသော မင်္ဂလာပွဲထိုင် တခုကို သွားရန် အသင့်ပြင်လျက် ရှိလေသည်။ မင်္ဂလာပွဲထိုင်သို့ ပရိသတ်များကို နံနက် ၁၁-နာရီမှ နေ့လည်တချက်တီးအချိန်ထိ ဖိတ်ထားသော်လည်း ထိုနေ့က ၁၁-နာရီခွဲအထိ အလုပ်များသည် တခုပြီးတခု ကျလျက်ရှိလေသည်။

အိုင်ဆေး ကိုနု ဂျူဗလီကို သွားအုံးမလား၊ သွားရင်အဝတ်လဲတော့ဗျာ၊ မသွားရင်လဲ ဖျက်လိုက်တော့ဟု ပွဲထိုင်သို့ ကျွန်တော်နှင့်အတူ သွားရန် နံနက် ၉ နာရီခွဲလောက်က အစပြု၍ ကျွန်တော်၏အိမ်၌ လာရောက်စောင့်နေရသော မိတ်ဆွေ ကိုလဖေက စိတ်တိုလာသည့်လေနှင့် ခတ်ဆတ်ဆတ်မေးလိုက်လေ၏။

ထိုအခါ ကျွန်တော်လည်း စကားပြောရန် လာနေကြသော ဧည့်သည်များကို တောင်းပန်ပြီးလျှင် ရေမိုးချိုး အ



ဝတ်အစားလဲရန်ထလေ၏။ ၎င်းနောက် ဂျူဗလီဟော ပွဲထိုင်သို့ လန်ချားစီး၍သွားရန်လည်း မတင့်တယ်၊ လန်ချားမှလွဲ၍ အခြားစီးစရာ ကိုယ်ပိုင်မော်တော်ကားကလဲမရှိ၊ ခြေလျင် လျှောက်၍ သွားရမှာကလည်း ခရီးကဝေးသည့်အပြင် ဂုဏ်ငယ်မှာစိုးလျက် ရှိသောကြောင့် ကိုယ်ပိုင် မော်တော်ကားနှင့် ခြားသော ပရိုက်ဗိတ်တက္ကစီခေါ် လိုင်စင်မရှိဘဲ အငှားလိုက်နေသော မော်တော်ကားတစီးကို သွား၍ငှားရန် အိမ်သူငယ်ကလေးတယောက်ကို လွှတ်လိုက်လေ၏။

၁၂-နာရီထိုးရန် ၁၀-မိနစ်လောက်အလိုတွင် ကျွန်တော်လည်း အဝတ်အစားလဲပြီး၍ ပွဲထိုင်သို့ သွားရန် အသင့်ဖြစ်လေ၏။ ထိုအချိန်အထိ နံနက်စာမစားရသေး၊ အလုပ်များနေစဉ်က ဆာရမှန်းမသိသော်လည်း မော်တော်ကားကိုစောင့်နေစဉ် ထမင်းအလွန် ဆာလာလေ၏။ သို့ရာတွင် ပွဲထိုင်သို့ သွားရန် နောက်ကျနေမည်စိုးသောကြောင့် ထမင်းမစားဝံ့ဘဲ ကော်ဖီတခွက်နှင့်သာ တင်းတိမ်နေရလျက်ရှိလေ၏။

အင်ဆေး-ကိုနု ကနေ့ဟာ ကျွန်တော့်မှာ သိပ်အရေးကြီးတဲ့နေ့ဗျာ၊ ကြည့်တလာလိမ့်မယ်။

အိ-ခင်ဗျား-တာက ဘာလို့ အစကမပြောသလဲ၊ ကိုယ်လကလဲ "ခိုးချင်တာကလဲ လွန်လို့-လက်နှေးတာကလဲ လွန်လို့" ဆိုတဲ့ စကားပုံလို ကျနေပြီ။ အချိန်ကား ၁၂-နာရီနှင့် ၁၅ မိနစ်ရှိလေပြီ။ အငှားခင်းလိုက်သော မော်တော်ကား၏အရိပ်နိမိတ်ကိုမျှ မမြင်ရသေးချေ။ ကိုလဖေမှာကား နာရီကိုကြည့်လိုက်၊ ဝါးစပ်က မကြားတကြား တိုးတိုးပြောလိုက်၊ စဉ်

ထိုးလိုက်၊ မော်တော်ကားကို မော်ကြည့်လိုက်နှင့် ဖင်တကြွကြွ ဖြစ်လျက် နေလေ၏။

အိုင်ဆေး-လမ်းမှာတွေ့တဲ့ကားတစင်းကို ဆွဲပြီးစီးရအောင်ဗျာ၊ အချိန်မရှိတော့ဘူး။ ၁၂-နာရီတောင် ခွဲတော့မယ်ဟု နာရီကိုကြည့်ရင်း ပြောစဉ် ငှားလာသော မော်တော်ကားလည်း အိမ်ရှေ့သို့လာ၍ ဆိုက်လေ၏၊ ကိုလဖေက ရှေ့ကသွား၍ မော်တော်ကားထဲသို့ဝင်လေ၏။ ကျွန်တော်လည်း နောက်မှ ထပ်ချပ်မကွာ ဝင်လိုက်မည်ဟု မော်တော်ကား ခြေနင်းခုံပေါ်သို့ ခြေတလှမ်း လှမ်းတက်ပြီး ခေါင်းအငုံ့လိုက်တွင် ဘယ်ကိုလဲ ကိုနုဟူသော အသံနှင့်ပြိုင်တူ တစုံတယောက်သော သူ၏လက်သည် ကျွန်တော်၏ကန်းလျက်ရှိသော ကျောပေါ်သို့ တင်လိုက်သည်ကို သိရ၏။ ထို့ကြောင့် မော်တော်ကားထဲသို့ ဝင်တော့မည့်ဆဲဆဲ ကိုယ်ကိုမငင်စေသေးဘဲ အသာရပ်ထားပြီး ကျွန်တော်၏ကျောပေါ်သို့တင်ထားသောလက်နှင့်ဘယ်လဲ ကိုနုဟု မေးလိုက်သော အသံ၏ပိုင်ရှင်ကို လှည့်ကြည့်လိုက်မိလေ၏။

သူ၏အရပ်မှာ ၆-ပေကျော်ကျော်လောက် ရှိမည်ဟု ခန့်မှန်းရ၏။ သူ၏မျက်နှာကို မြင်ဘူးသလိုရှိသော်လည်း ဘယ်သူဘယ်ဝါဟု ကောင်းစွာ မမှတ်မိသောကြောင့် ဘယ်သူပါလိမ့်ဟု စဉ်းစားနေသောမျက်နှာဖြင့် ခေတ္တကြည့်လိုက်ပြီး အသေအချာ စုံစမ်းရန် မော်တော်ကားခြေနင်းခုံပေါ်သို့ တင်ထားသော ခြေလှမ်းကို ရုပ်သိမ်း၍ သူ၏အနီးတွင် ရပ်လိုက်လေ၏။

"ကိုနု-ကျနော့်ကို ကောင်းကောင်း မမှတ်မိတော့ဘူးထင်တယ်"



အတန်ကြာမှ သတိရပြီး "ဟာ-ခင်ဗျားကိုစိန်မဟုတ်လား။ ခင်ဗျား ဘာဖြစ်နေသလဲ၊ တကတဲ မြုပ်ချက်သား ကောင်းလိုက်တာ၊ အိုင်ဆေး မတွေ့ကြရတာ ၁၀-နှစ်လောက်ရှိပြီထင်တယ်။ က-က ဟောတာ ကျနော့်အိမ်ဘဲ မှတ်ထားဗျာ၊ နက်ဖြန်လာအုံးလေ၊ (မော်တော်ကားထဲမှ ကိုလဖေကို လက်ညှိုးနှင့် ထိုးပြ၍) ဟောဒီ မိတ်ဆွေနှင့် ချိန်ထားတဲ့ ကိစ္စကလေးတခုရှိနေလို့ သွားလိုက်အုံးမယ် သွားလိုက်အုံးမယ်နော်"ဟု ပြောပြောဆိုဆိုနှင့် မော်တော်ကားထဲသို့ ဝင်လေ၏။ ကိုစိန်လည်း ကျနော်၏နောက်မှ ထပ်ချပ်မကွာ လိုက်လာပြီး မော်တော်ကားတံခါးကိုပိတ်လိုက်လေ၏။ ကျွန်တော်က အံ့အားသင့်၍ ကြည့်နေစဉ်-

ခင်ဗျားတို့ကိစ္စကို နောက်တော့သွားတာပေါ့၊ ခုကျွန်တော့အိမ်ကိုလိုက်ခဲ့ပါအုံး၊ ကိုင်း-ဆရာကတ်ကိုင်း ဂွတ်လစ်ဖ်လမ်းကို မောင်းစမ်းပါဟု ဒရိုင်ဘာကို အမိန့်ပေးလေ၏။

"အိုင်ဆေး ဒီမှာ....ဟို"

ဟုတ်တယ်လေ၊ နောက်တော့သွားတာပေါ့၊ ခု ကျွန်တော့အိမ်ကိုလိုက်ခဲ့ပါအုံး။ ဂွတ်လစ်ဖ်လမ်းကိုမောင်းဗျာ ဟူ၍ ထပ်ပြီး အမိန့်ပေးပြန်သောကြောင့် ဤမျှကြာအောင် ကနေသော သငယ်ချင်းတဦး၏ဆန္ဒကို ငြင်းပယ်ရန် အကြပ်အတည်းနှင့် တွေ့ကြုံရလျက် ရှိလေ၏။ မော်တော်ကားသမားလည်း ဂွတ်လစ်ဖ်လမ်းဘက်ဆီသို့ မောင်းစပြုလေ၏။

ကျွန်တော်လည်း ဘာကိစ္စလာ၍ ခေါ်ပါသနည်းဟု စဉ်းစားရကြပ်လျက်ရှိသောကြောင့် ရှေ့တည့်တည့်သို့စိုက်၍ကြည့့်

နေလေ၏။ ကိုလုဖေမှာမူကား အလန့်စိတ်ပျက်သောအမူအရာဖြင့် မော်တော်ကား၏ ပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်နေလေ၏။ အတန်ကလေးကြာမှ ကိုစိန်ကို အကဲခတ်ရာ သူ၏ ရုပ်ကို အနည်းငယ် စိုက်ကြည့်လိုက်မိလေ၏။

မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေးတို့သည် လက်ဆစ်တဝက်လောက် ရှည်လျက်ရှိလေ၏။ ငှက်သိုက်ကဲ့သို့ ရှုတ်ထွေးနေသော ဆံပင်တို့သည် ဆီနှင့်မတွေ့ရသည်မှာ ကြာသောကြောင့် ဖြော့တော့ မွဲခြောက်ခြောက်အရောင် ပေါက်နေလေ၏။ လေးငါးဆယ်ရက် ဆက်၍ အအိပ်ပျက်ခဲ့ရသော အရိပ်အရောင်များသည် သူ၏ချိုင့်နေသော မျက်ကွင်းနှင့် နီနေသော မျက်လုံးများပေါ်တွင် ကောင်းစွာ ထင်ရှားလျက်ရှိကြကုန်၏။

စုတ်ပြတ်လျက်ရှိသော ရုပ်ကို အကဲခတ်ရခြင်းဖြင့် သူဝတ်ထားသော ရှပ်အင်္ကျီသည် ကောင်းလှသည်မဟုတ်ပေ။ ပင်နီ အပေါ်အင်္ကျီတပတ်နွမ်းက ကြယ်သီးစုံ တပ်ထားခြင်းသည် ရှေ့နောက် စုတ်ပြတ်လျက်ရှိသော ရှပ်အင်္ကျီ၏ အရှက်ကို ဖုံးကွယ်ရန်ပင်ဖြစ်သည်ဟု ခန့်မှန်းရ၏။ သူဝတ်ထားသော လုံချည် တပတ်နွမ်းနှင့် ဖိနပ်စုတ်တို့မှာ များစွာပန်းရလျက် ရှိကြ၏။

၁၅-မိနစ်လောက် မောင်းပြီးသောအခါ ဂွတ်လစ်ဖလမ်းထဲသို့ မော်တော်ကားဝင်လာလေ၏။ ကိုက်ငါးရာလောက် လမ်းထဲသို့ မောင်းဝင်ပြီး မော်တော်ကားကို ကျွန်တော်တို့၏ ညာဘက်လမ်းဘေး၌ တဲအိမ်ကလေးတခုရှေ့တွင် အရပ်ခိုင်းလိုက်လေ၏။

မော်တော်ကားပေါ်မှ တဲဆီသို့ လှမ်းကြည့်လိုက်ရာ ဤမျှလောက်အရေးတကြီး ခေါ်လာရသည့်ထူးခြားချက် တချက်



မျှ မတွေ့ရပေ။ သို့နှင့်ပင် ကိုစိန်က ရှေ့မှခေါင်းဆောင်၍ တဲသို့ ခေါ်သွားလေ၏။

တဲအတွင်းသို့ရောက်လျှင် ရောက်ခြင်း ရှေးဦးစွာမြင်ရသော အရာသည် ကျွန်တော်၏ရင်ကို ဒိတ်ခနဲ ဖြစ်သွားစေ၏။

ထိုအရာသည်ကား အခြားမဟုတ်၊ သုံးနှစ်သားအရွယ် ခလေးကလေး၏အလောင်းပင်ဖြစ်လေ၏၊ ၎င်းရုပ်အလောင်းကို မြင်ရသည်နှင့် တပြိုင်နက် မကြာသေးမီက သေဆုံးသွားသော ကျွန်တော်၏ သားကလေးကို ပြေး၍ သတိရသော ကြောင့် ကျွန်တော်၏စိတ်တို့သည် ပိမိ၍ ချောက်ခြားသွားလေ၏။

ဖျာစုတ်တချပ်ကို ကိုစိန်၏ဇနီးက ခင်းပေးသောကြောင့် ၎င်းဖျာစုတ်ကလေးပေါ်တွင် ကျွန်တော်နှင့် ကိုလုဖေတို့ ထိုင်ကြရ၏။

ခလေးအုံးထားသော ချေးအကွက်ကွက် ထနေသည့် ခေါင်းအုံးကလေးနှင့်ထွေးထားသော တပတ်နွမ်း ဂွမ်းစောင် အစုတ်ကလေးသည်၊ ထိုရုပ်အလောင်းကလေးကို ပို၍ သနားစရာဖြစ်အောင် ဖန်တီးပေးလျက်ရှိကြကုန်၏။

ခလေးကလေး၏အလောင်းကို စိုက်ကြည့်နေစဉ် ကိုစိန်က ကျွန်တော့သားသေတာကို ခင်ဗျားကို တိုင်ရအောင်ခေါ်လာတာဘာ။

"ဘာရောဂါနှင့်ဆုံးတာလဲဗျ"

"အစာဝအောင်မစားရလို့ သေတာဘဲဗျ"

"အစာဝအောင်မစားရလို့ ကျွန်တော့ကလေး သေတာဘဲ၊ ကျောင်းနေတုန်းက သင်ဘူးတယ်မဟုတ်လား။ ကိုယ်တွင်းပိုးတွေအားနည်းလို့ အပြင်ဘက်က ရောဂါပိုးတွေ ဝင်လာတာကို မခံနိုင်ရင် ရောဂါစွဲကပ်တာဘဲ၊ အစာဝအောင် မစားရရင် ကိုယ်တွင်းပိုးတွေအားနည်းတာဘဲ ဆိုတာတွေကို တော့ ကိုနုမှတ်မိသေးရဲ့မဟုတ်လား။ ကျွန်တော့ခလေးဟာ တခါတလေ ထမင်းတနပ်စားရတယ်။ တခါတလေ ဆံပြုတ်နဲ့ တင်းတိမ်ရတယ်။ တနေ့လုံးကို သရေစာ တပြားဘိုးလောက် စားပြီး တင်းတိမ်နေရတဲ့နေ့တွေကများတယ်။ ဒီခလေးမသေရင် ဘယ်ခလေးသေမလဲ။ ဟောဒီမှာ ကြည့်ကြဗျာဟုဆိုချ ထွေးထားသော ဂွမ်းစောင်ကိုဖြေလိုက်ရာ၊ အဖြိုင်းဖြိုင်းထနေသော နံရိုးများကို တွေ့ရလေ၏။

မနေ့က အအေးနည်းနည်း မိတယ်ဆိုလျှင်ဘဲ အားမရှိတဲ့ ခလေးခါတော့ ရောဂါဟာ ယှဉ်လိုက်သလို တခါထဲ ကြီး လာတော့တာဘဲ၊ ညက ၁၀-နာရီလောက်မှာ မျက်ဖြူလန် လန်ပြီး သုံးခါတောင်တက်တယ်။ အသက် မသေအောင် မတားနိုင်တောင် ကလေးသက်သာရာရအောင် အတက် ကျသွားရန် အပ်ချုရမဲ့ အပ်ဆေးတမွန့်မရှိဘူး။ မျက်ဖြူ လန်လန်ပြီး တက်နေတာကို ဇွတ်ဆိုင်ပြီး ကြည့်နေရတယ်။ တာသောက် ဝေဒနာ ခံစားနေရဘာကို မကြည့်ရက်လို့ လည်စိကိုညှစ်ပြီး သတ်ပစ်မယ်လို့ သုံးလေးခါ ကျွန်တော်ကြံ မိသေးတယ်၊ ကဗျာ သေဘာသော့ ပြောနေလို့မထူးဘူး၊ ဒီခလေး ဒီလိုစောစောစီးစီး သေသွားတာဟာ စင်စစ်တော့ သူဝဋ်ကျွတ်သွားတာဘဲ"



"နေပါအုံး ကိုစိန်၊ ခင်ဗျား ဘယ်လိုက ဘယ်နှယ် ဒီလို အမြင်မျိုးရောက်လာတာလဲ"

"ဒါတော့ပြောရင်တော့ ဆုံးမှာမဟုတ်ဘူးဗျာ။ ဒီကနေ့ ခင်ဗျားနဲ့ တိုင်ပင်ချင်တဲ့ ကိစ္စတခုရှိတယ်"

"ဟုတ်ကဲ့"

"မြန်မာပြည်မှာ လူဦးရေ ၁၄ သန်း ရှိတယ်မဟုတ်လား အဲဒီ ၁၄ သန်းထဲမှ လုဘာန်းစေ့အောင် မစားရတဲ့ လူဦးရေ ဘယ်လောက်ရှိမယ်ထင်သလဲ"

"အင်း-ဆိုစမ်းပါအုံး"

"ဒီ ၁၄-သန်းထဲမှာ လုဘာန်းစေ့ အဝတ်မဝဘာရတဲ့ လူဦးရေ ဘယ်လောက်ရှိမလဲ။ နာဖျား မကျန်းရှိလို့မှ လုဘာန်းစေ့ ဆေးဝါးမကုရတဲ့ လူဦးရေ ဘယ်လောက်ရှိမလဲ။ ကျွန်တော့ ခန့်မှန်းခြေအတိုင်းဆိုရင် ဒီလူစားတွေ အကုန် စုပေါင်းထား တဲ့ လူဦးရေဟာ အဖျင်းဆုံး ၁၂-သန်းလောက်တော့ ရှိမှာ ဘဲ"

"ဟုတ်ကဲ့ ဆက်စမ်းပါအုံး"

"လူဦးရေ ၁၄-သန်းရှိတဲ့အနက် ၁၂-သန်းလောက်လူတွေ လုဘာန်းမစေ့ဘဲ နေရတာဟာ အစားအသောက် အဝတ် အစား ဆေးဝါးတွေကိုဝယ်နိုင်တဲ့ ပစ္စည်းအားအား မြန်မာ ပြည်မှာမရှိလို့လား။ ရှိပေတဲ့လဲသည်ပစ္စည်းတွေကိုကျန် ၂သန်း လောက်ရှိတဲ့လူတစုက ချုပ်ချယ်သိမ်းပိုက်ထားလို့ လား ဆို တာကို ကျွန်တော်တို့ လေးလေးနက်နက်တွေးရမယ်။ အဲဒီလို လေးလေးနက်နက်တွေးလိုက်ရင် ထွက်လာတဲ့ အဖြေကတော့ လူ ၁၂-သန်း လုတာန်းစေ့မနေရတာဟာ ၂-သန်းလောက်

လစက လူတန်းစေ့အောင် လုပ်ပေးနိုင်တဲ့ ပစ္စည်းတွေကို လက်ဝါးကြီး အုပ်ထားလို့လားဘဲဆိုတာ ထွက်လာလိမ့်မယ်။ အဲဒီတော့ တခါထပ်ပြီး စဉ်းစားလေ့အုံးမယ်။ ဒီတိုင်းပြည် အတွင်းမှာ ၂-သန်းသောလူဘစုက လူတန်းစေ့အောင် လုပ်ပေးနိုင်တဲ့ပစ္စည်းထွေကို ချုပ်ချယ်ထားလိုက်တာနဲ့ ၁၂-သန်းလေးကလုတေဟာ လတန်းမစေ့ရဘူးဆိုရင် ဒီလိုချုပ်ချယ်တဲ့ နည်းစနစ်ဟာ မှန်လား မှန်းသလားဆိုတာကို ဆက်ပြီး စဉ်းစားရလိမ့်မယ်။ ဒီဟာကိုဆက်ပြီး စဉ်းစားလိုက်ရင် ဒီစနစ်ဟာ မှားတယ်ဆိုတဲ့ အဖြေထွက်လာလိမ့်မယ်။ ဒီအဖြေရရင် ဒီမှာ တဲ့စနစ်ကို ဘယ်လိုလုပ်ပြီး ပြင်ရမယ် ဆိုတာကို ဆက်ပြီး တွေးရလိမ့်မယ်"

လ ၂-သန်းလောက်က လ ၁၂-သန်းလောက်ကို လူတန်းမစေ့အောင် ချုပ်ချယ်ထားနိုင်တာဟာလဲ စင်စစ်တော့ လူ ၁၂-သန်းဟာ မစည်းလုံးမိကြသေးတာဟာဘဲ စင်စစ်တော့ ဒီလ ၁၂-သန်းဟာ မသိနားမလည်ကြသေးလို့ဘဲ။ အဲဒီတော့ လ ၁၂ သန်းလောက်ကို ၂ သန်းမျှလောက်သော လူတစုက လတန်းမစေ့ရအောင် ချုပ်ချယ်ထားတဲ့ စနစ်မှားကိုမြန်မာပြည်က ပျောက်ကွယ်သွားအောင် လုပ်ကိုင်ကြရင် လတန်းမစေ့ဘဲ လ ၁၂ သန်းကို သိနားလည်အောင် လုပ်ပေးကြရပေလိမ့်မယ်။

ဘာတွေကို နားလည်အောင် လုပ်ပေးရမယ်ဆိုရင် ဒီလ ၂ သန်းမှာရှိတဲ့ ပစ္စည်းတွေကို ခင်ဗျားတို့ကသာ ပေးရသောကြောင့် စင်စစ်မှာ ခင်ဗျားတို့သာလျှင် ဒီလ ၂ သန်း ချုပ်ချယ် သိမ်းပိုက်ထားတဲ့ ပစ္စည်းရှင်များဖြစ်ကြတယ်။ သို့ပေမဲ့



ခင်ဗျားတို့က မသိနားမလည်တဲ့အတွက် အလုပ်လုပ်ပေးရတော့ ခင်ဗျားတို့၊ စည်းစိမ်ခံစားစရာရှိတော့ သူတို့။ ခင်ဗျားတို့မှာတော့ လတန်းမစေ့တဲ့ ဘဝနဲ့ဘဲ တင်းတိမ်မှု တင်းတိမ်နေကြရဘာဘဲ။ ခင်ဗျားတို့ သိနားလည်လာတဲ့တနေ့မှာ ခင်ဗျားတို့ စည်းရုံးမိကြပေလိမ့်မယ်။ အဲဒီလိုစည်းရုံးမိတဲ့နေ့မှာ သူတို့ လက်ထဲမှာရှိတဲ့ ပစ္စည်းတွေဟာ ခင်ဗျားတို့လက်ထဲရောက်လာလိမ့်မယ်။ သူတို့မော်ချင်တိုင်းမော် ပျော်ချင်တိုင်းပျော်နေကြတဲ့ ပစ္စည်းတွေနဲ့ ခင်ဗျားတို့ကိုယ်ကို ခင်ဗျားတို့ လတန်းစေ့နေနိုင်အောင် လုပ်ပေးနိုင်လိမ့်မယ်ဟူသော အသိဉာဏ်များကို ဒီလ ၁၂ သန်းစလုံးရဲ့ ဦးနှောက်ထဲမှာ သိမှိန့်ရိုက်သွင်းထားသလိုနေအောင် လုပ်ပေးရလိမ့်မယ်။

အဲဒီလို လုပ်ပေးပြီးတဲ့နေမှာ မှားနေတဲ့စနစ်ကြီးဟာ ကျွန်တော် တို့ သိမ တပ ်တည်းပျောက်ကွယ်၍သွားရမှာဘဲ။

ကျွန်တော်တော့ သည်းမခံနိုင်ဘူး၊ ကျွန်တော် မှန်တယ် ထင်တာဟာကို လုပ်တော့မှာဘဲ၊ အဲဒါကို ကူနိုင် ကူမလား။ ကူနိုင် ပမလား။ ဒီကနေ့ ကိုနုဟာကို ဒီကိစ္စ၊ လာတဲ့ အကြောင်းက တော့ ဒါပြောချင်လို့ဘဲ၊ ဘယ်နဲ့လဲ ပါမယ်မဟုတ်လား။

"ခင်ဗျားဟာ ရုရှားဘုံဝါဒဘဲ"

"ခင်ဗျား ယုံချင်လဲယုံတော့ ရုရှားပြည်နဲ့ ဘုံဝါဒ အကြောင်း ဘာလဲ သတင်းစာထဲလောက်မှာသာ ဘာသိဘူးတာဘဲ။ ကျုပ် ရုရှားပြည်မှာ ဘာဖြစ်နေတာကို ဂရုမစိုက်ဘူး။ ဗမာပြည်မှာ စနစ်မှန်ရောက်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကိုသာ ဂရုစိုက်တယ်"။

ကျွန်တော်လဲ ကွန်မြူနစ်ဇင်၊ ဆိုရှယ်လစ်ဇင်ဆိုတဲ့ ဝါဒတွေကိုတော့ နံမည်လောက်သာ ကြားဘူးတာဘဲ၊ သေသေချာချာတော့ မသိတတ်ဘူးပါဘူး။ အင်း.... တခါတလေ ဘတ်ဘူးတဲ့ မိတ်ဆွေများကပြန်ပြောကြတဲ့အခါ နဲနဲပါးပါး ကြားရပါရဲ့၊ ဒီစာအုပ်တွေကို နည်းနည်းပါးပါး လောက်တော့ သဘောသိရအောင်ဘတ်ထားဘဲ မိတ်ဆွေများကပြောကြပါရဲ့ သို့ပေမဲ့ ကွန်မြူနစ်ဇင်ဆိုရှယ်လစ်ဇင်ဆိုတဲ့ဝါဒတွေဟာဘာသာတရားကိုပစ်ပယ်တယ်ဆိုတာကြားရတော့ဒီစာအုပ်တွေကိုဘတ်ကိုမဘတ်ရဘူးဗျ။ ဗုဒ္ဓဘာသာတရားတော်ဟာ တရားစစ် တရားမှန်ပေတဲ့ လက်ခံယုံကြည်နိုင်တဲ့ တရားမဟုတ်ဘူး၊ ပါရမီရှိသူများသာ ယုံကြည်နိုင်တဲ့တရားဗျ၊ ပါရမီကလေး ရှိလို့ ဒီဘဝမှာ လူဖြစ်ရတာကြောင့် လာ[illegible]တဲ့ ဗုဒ္ဓဘာသာတရားတော်ကြီးကို ယုံကြည်သက်ဝင်တဲ့လူ ဖြစ်နေတာ၊ အဲဒီတော့ ဒီစာအုပ်တွေကိုဘတ်မိရင် ပုထုဇဉ်တွေ သဘောဆိုတာ အခကသားဗျ၊ စိတ်ပြောင်းချင် ပြောင်းသွားမှာ အဲဒီလို ပြောင်းသွားရင် ပါရမီရလို့ တွေ့နေရတဲ့ ဗုဒ္ဓဘာသာကြီးက စွန့်မိမှာကိုအကြောက်ကြီးကြောက်ပြီး၊ဒီစာအုပ်တွေကိုမဘတ်ဘဲ နေတာဘဲ။

ကဲဗျာ ဒါတွေထားပါတော့ စာအုပ်တွေကို ကျွန်တော်လဲ နားမလည်ပါဘူး၊ ကျွန်တော်ပြောတဲ့စံနစ်မန်ဟာ မြန်မာပြည်မှာ တည်အောင် ကမလား။

ဒီလိုရှိတယ်ဗျ! ဒီနေ့ရင်ဘောကလဲ ခင်ဗျား ပြောသလိုဘဲ ဆိုးပါတယ်။ သို့ပေမဲ့ ဒီနေ့ရှင်တွေပျက်စီးဘို့ကို လုပ်ဘို့ မပြောထားနဲ့၊ ဒင်းတို့ပျက်စီးပါစေဆိုတဲ့စိတ်ကိုတောင်မမွေး



ရဘူးလို့ ဘုရားကိုယ်တော်မြတ်ကြီးက ဟောခဲ့တယ်။ အဲဒီတော့ ကိုစိန့်ပြောတဲ့ စံနစ်မန်ဆိုတာကို မြန်မာပြည်မှာ တည်အောင်လုပ်ရရင် ဘုရားကိုယ်တော်မြတ်ကြီးအလိုနှင့် ဆန့်ကျင်ဘက်ကျနေမှာဘဲ။

“ကဲ....ရှေ့မနေနဲ့ဗျာ။ ကျွန်တော်ပြောတဲ့ စံနစ်မန်ကို ခင်ဗျားလုပ်မလား မလုပ်ဘူးလား”

“မလုပ်ဘူး”

“ဘာဖြစ်လို့”

“ဘုရားအလိုတော်နှင့် ဆန့်ကျင်ဘက်ဖြစ်လို့”

ခင်ဗျားဘို့ အတော်ကြပ်တဲ့လူဘဲ(ဒေါသနှင့်) ခင်ဗျား ဘယ်တော့မှ ဘုရားအလိုကို မဆန့်ကျင်ဘူးလား။ ဘုရားက အိမ်ထောင်ခြင်း၊ သားမွေးခြင်းဆိုတဲ့ ရွာသူတို့ရဲ့အလုပ်ဟာ အင်မတန်ယုတ်တဲ့တရားလို့ ဓမ္မစကြာထဲမှာ အတိ အလင်း ဟောသွားတယ်- ဒီအလိုကိုဆန့်ကျင်ပြီး ခင်ဗျားဘို့ မယား ယူတယ်၊ သားသမီးတွေ မွေးခဲ့ကြတယ်။ ခုသာ မွေးရုံမကဘူး နောင်လဲမွေးကြအုံးမှာဘဲ၊ ဒီတော့ ခင်ဗျားတို့ဟာ ဘုရားအလိုတော်ကို ခုသာမဟုတ်ဘူး နောင်လဲ ဆန့်ကျင်မယ့်ဆဲဒါ ဖြစ်မနေဘူးလား၊ ဒီတော့ ခင်ဗျားတို့ဟာက ခင်ဗျားတို့လုပ်ချင်ဒါဆိုရင် ဘုရားအလိုတော်နှင့်ဆန့်ကျင်ပေစေ လုပ်မယ်။ မကြိုက်တာဆိုရင် ဘုရားအလိုနှင့်ဆန့်ကျင်လို့ မလုပ်ချင်ဘူးဆိုပြီး ဆင်ခြေဆင်လက်တွေပေးတယ်။ ကျွန်တော် မလုပ်ရဘူးလား ခပ်ရဲရဲပြောပါဗျ၊ ဘုရားကိုယ်တော်မြတ်ကြီးကို လုမချနေပါနဲ့။

လ ၁၂-သန်းရဲ့ ဝဝစားရမှု၊ လတန်းစေ့ အဝတ်ဝတ်ရမှု၊ အသက်ရှည်မှု၊ စိတ်ချမ်းသာမှုကို ခင်ဗျား လေးလေးနက်နက် စဉ်းစားပါ။

ဘုရားအလိုနဲ့ ရှေးဦးစွာဆန့်ကျင်၊ တကာကတော့ ခင်ဗျား ခုတင်ကပြောသွားတဲ့ ဘာဆိုလဲ မနေရှင်ဟုတ်လား၊ အင်း အဲဒီ မနေရှင်တွေဟာ၊ ဘယ်လိုဆန့်ကျင်သလဲသိလား၊ ဘုရားကိုယ်တော် မြတ်က လောဘ ဒေါသ မောဟတို့သည် သံသရာကြီးထဲတွင် ကျင်လည်အောင် လုပ်တတ်ကသဘောရှိလို့ ဒီမျိုးတွေကို သေ အောင် သတ်နိုင်လျှင်သတ်၊ မသတ်နိုင်သေးရင်လဲ ဒီမျိုးတွေကို ပါးနိုင်သလောက် ပါးရမယ်လို့ ဟောကြားပစ်ခဲ့တယ်။ ဒီ မနေရှင်တွေက ဒါငါ့လယ်တွေ။ ဒါငါ့ပစ္စည်းတွေဆိုပြီး လောဘမျိုးတွေကို ထင်းထိုးပေးနေကြတယ်၊ လောဘဆိုတဲ့အရင်းခံ တဏှာဟာ ကြီးလာပြီဆိုမဖြင့် ဒေါသ မောဟ ဆိုတဲ့ တဏှာ တွေကော ဆောက်မလာကြတော့ဘူးလား။ အဲဒီတော့ ဘုရား ကိုယ်တော်မြတ်ကြီးက တဏှာမျိုးတွေကို သတ်ဘိဟောတယ်။ မနေရှင်တွေက တဏှာမျိုးတွေကို မွေးပေးနေတယ်။ စင်စစ်မှာ ဆိုရင် မနေရှင်တွေဟာ ဘုရား ကိုယ်တော်မြတ်ကြီးရဲ့ အလို တော်နဲ့ ဆန့်ကျင်နေကြဒါ။

ဒီပစ္စည်းတွေကိုယူပြီး ဘုံပစ္စည်းလုပ်လိုက်ရင် ငါ့လယ်-ငါ့ငွေ-ငါ့ပစ္စည်း စွဲလမ်းစရာမရှိလို့ ထင်းမရှိတဲ့မီးဟာ ငြိမ်း သွားရတာလိုဘဲ၊ လောဘမီးရဲ့ ထင်းနဲ့တူတဲ့ ငါ့ပစ္စည်း-ငါ့ ငွေ-ငါ့လယ်တွေမရှိရင် ဒီလောဘမီးတွေလဲ ငြိမ်းရမယ်မဟုတ် ဘူးလား။ မငြိမ်းနိုင်သေးရင်လဲ မီးတောက်သေးရမယ်မဟုတ် လား။ ဒီတော့ ဘုံပစ္စည်းဖြစ်အောင် လုပ်ပေးနိုင်တဲ့ လူတွေ



ဟာ ဘုရားအလိုတော်ကျဖြစ်အောင် လုပ်ပေးတဲ့လူ၊ ဘုံပစ္စည်း ဖြစ်အောင် လုပ်ပေးတဲ့စနစ်ဟာလဲ ဘုရားအလိုတော်ကျဖြစ်တဲ့ စနစ်လို့ ဆိုရင်မှားမလား။

နောက်ပြီး အဘိဇ္ဈာဆိုတဲ့စိတ်ကို မဒမနဲ့ ဆိုတာ ဟုတ် ပါတယ်။ ခင်ဗျားကိုဥပမာတခုနဲ့ပြမယ်၊ ကျားကိုမကြောက် ကြလို့ မောင်းခတ်ထားတယ်၊ သို့ပေမဲ့ မြို့ထဲမှာ ကျား တလမ်းလျှောက် နေတာကို မြင်ရရင် မြင်ရတဲ့ လူတွေ မ ကြောက်ဘဲ နေမလား။ ဒီကျားတွေကိုဖျောက်ဖျက်ပစ်လိုက် ရင် ကြောက်စရာကျားတွေမရှိတဲ့အတွက် ကြောက်တဲ့လူတွေ ရှိကြအုံးမလား၊ အဲဒီလိုဘဲ အဘိဇ္ဈာဆိုတဲ့စိတ်ဟာ ပစ္စည်း ပေါ်မှာတည်နေဒါ၊ လူတယောက်က သိပ်ချမ်းသာနေတယ်၊ လူတယောက်က သိပ်ဆင်းရဲနေတယ်။ ထုံးစံအတိုင်း ဆင်းရဲ တဲ့လူက ချမ်းသာတဲ့လူအပေါ်မှာ အဘိဇ္ဈာစိတ်ထားဘဲ၊ ဒီအ ကောင့်ပစ္စည်းတွေ ငါဘဲရပါတော့ ဆိုတဲ့စိတ်မွေးမှာဘဲ။ သို့ ပေမဲ့ ဘုံပစ္စည်းလုပ်ပစ်လိုက်တဲ့အခါမှာ ဘယ် ဆင်းရဲသား လဲမရှိ ဘယ်မနေရှင်လဲမရှိလို့ ဘယ်အဘိဇ္ဈာစိတ်ကောပေါ်နိုင် ပါအုံးမလား၊ အဘိဇ္ဈာစိတ်ပျောက်သွားတယ်ဆိုရင် လုံးလုံး မပျောက်သွားတောင် နဲသွားတယ်ဆိုရင် ကျုန်တော် ပြောတဲ့ စနစ်ဟာ ဘုရားအလိုတော်ကျ စနစ်မဖြစ်နိုင်ဘူးလား။

ချမ်းသာတယ် ဆင်းရဲတယ်ဆိုဒါတော့ ကုသိုလ်၏ ဖန်တီး မှုဘဲလို့ ဘုရားကိုယ်တော်မြတ်ကြီးကဟောခဲ့တယ်။ ကိုစိန်ရဲ့ ဘဝသံသရာက ဒါနမျိုးစေ့ချခဲ့တာကြောင့် ယခုမျက်မှောက် ဘဝမှာ လာပြီးချမ်းသာကြရတာ၊ ဒီတော့ ယခုဘဝမှာဆင်းရဲ ကြရဆိုရင် ထိုဘဝသံသရာက ဒါနမျိုးစေ့ မချခဲ့လို့ဘဲ

မဟုတ်လား။ ခင်ဗျားမြင်တဲ့အတိုင်း ကျွန်တော်လဲ ဆင်းရဲနေဒါပဲ။ သို့ပေမဲ့ ကိုယ်ဒါနမျိုးစေ့ မျိုးခဲ့လို့ ဆင်းရဲရတယ်ဆိုပြီး သည်းခံနိုင်တယ်။ နိဗ္ဗာန်မရသေးမီ ဘဝဆက်တိုင်းချမ်းသာအောင်ဆိုပြီး ဒါနမျိုးစေ့ကို အခွင့်ရတိုင်း စိုက်ပျိုးခဲ့တယ်။ နောက်ပြီးတော့-

ကဲ-ကဲ- နားလည်ပြီ၊ ဒါလောက်ဆိုရင် တော်ပြီ။ ကိုယ့်ချမ်းသာတာ ဆင်းရဲတာ ကုသိုလ် အကုသိုလ်၏ ဖန်တီးမှုဘဲလို့ ဘုရားကိုယ်တော်မြတ်ကြီး ဟောတယ်ဆိုပြီး ခင်ဗျားပြောတယ် မဟုတ်လား။ ဒါကို ကျွန်တော်လဲယုံတယ်။ ငြင်းစရာမရှိ၊ ဘုရားက ဒါဘဲ ဟောပစ်ခဲ့သလား။ ဘုရားကိုယ်တော်မြတ်ကြီးက ဟော့ သူဌေးတော်၊ မင်းတို့ချမ်းသာတာဟာ ဟိုဘဝက ဒါနမျိုးစေ့ချခဲ့လို့ဘဲ၊ ဒါကြောင့် မင်းတို့ချခဲ့တဲ့မျိုးစေ့ရဲ့ အသီးအနှံတွေကို မင်းတို့ မိန်မိန်ရက်ရက် သုံးနေကြတော့၊ ဆင်းရဲသားတွေကလဲ ဒါနမျိုးစေ့ မချခဲ့ကြလို့ ဆင်းရဲရတာ ဖြစ်သမျှကိုဘဲ သည်းခံကြတော့လို့ ဒါဘဲဟောပစ်ခဲ့သလား။ ဒီကုသိုလ် အကုသိုလ်တွေကြောင့် သံသရာကြီးထဲမှာ လည်ရတယ်။ ဒီသံသရာကြီးထဲမှာလည်ရလို့ ပဋိသန္ဓေနေခြင်း ဒုက္ခ၊ အိုခြင်းဒုက္ခ၊ နာခြင်းဒုက္ခ၊ သေခြင်းဒုက္ခ၊ ချစ်တဲ့လူတွေနဲ့ ကွဲရတဲ့ဒုက္ခ၊ မချစ်တဲ့လူတွေနဲ့ ပေါင်းသင်းနေရတဲ့ ဒုက္ခဆိုတဲ့ ဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့ကြရမယ်။ ဒီဒုက္ခတွေက လွတ်ချင်ကြရင် ဒီကုသိုလ် အကုသိုလ်တွေကို စွန့်နိုင်တဲ့ မဂ်တရားရအောင် အားထုတ်ကြ၊ ဒီလိုအားထုတ်မှသာလျှင် ငါဘုရား၏ အလိုတော်ဖြစ်တယ်လို့ကော ဘုရားကိုယ်တော်မြတ်ကြီး မဟောခဲ့ဘူးလား။



ဒီတော့ ကုသိုလ်ကြောင့်ချမ်းသာတယ်ဆိုတာဒင်ရပ်ထားပြီး ကုသိုလ်ကြောင့် ဒုက္ခတွေအမျိုးမျိုးတွေ့ရတယ်၊ ဒီဒုက္ခတွေမတွေ့အောင် ဒီကုသိုလ်တွေကိုလဲ စွန့်ရမယ်ဆိုတဲ့ အယူအဆကိုမယူတာကတော့ သူဌေးတွေရဲ့ အလိုတော်ကျဗျ။ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်ကျမဟုတ်ဘူး။ နေရှင်အယူဝါဒဗျ။ ဘုရားကိုယ်တော်မြတ်ကြီးရဲ့ အယူဝါဒမဟုတ်ဘူးဗျ။

စင်စစ်တော့ ဒီနေရှင်တွေဆိုတာ ဘုရားကိုယ်တော်မြတ်ကြီး ဟောပစ်ခဲ့တဲ့ တရားတွေကို သူတို့ရဲ့ ကိုယ်ကျိုး အတွက် အလွဲသုံးစား လုပ်ပစ်နေကြတာဘဲ၊ ဒါကြောင့် ကျွန်တော့လိုဘဲ ဘုံဝါဒကိုနှစ်ခြိုက်နေတဲ့ လူတစုကတော့ ဘာသာတရားဆိုတာ ဘယ်ဘုရားရဲ့ဘာသာတရားဖြစ်ဖြစ်၊ သူဌေးတွေကသာ ကာကွယ်တဲ့ ဘာသာတရားဖြစ်လို့ လူများစု ဖြစ်တဲ့ ဆင်းရဲသားတွေချမ်းသာချင်ရင် ဘာသာတရားတွေကို အကုန်ပယ်ရမယ်လို့ ပြောနေကြကုန်ပြီ။

အခု ဒီလောက်ဖြစ်နေရင် နောက် ဒီထက်ထိ ဆင်းရဲတဲ့ လူတွေက ဆင်းရဲ ငတ်ပြတ်ပြီး ချမ်းသာတဲ့လူတွေကလဲ သိပ်နိုင်ပြီး ချမ်းသာကုန်ကြရင် ရတနာသုံးပါးကို လူတွေဟာ ဒါ့ထက် ပစ်ပယ်ကြလိမ့်အုံးမယ်။

စင်စစ်မှာတော့ ဘာသာတရားက နေရှင်တွေကိုကာကွယ်တာမဟုတ်ဘူး။ နေရှင်တွေကသာ သူတို့ကို ကာကွယ်အောင် ဘာသာတရားကို အလွဲသုံးစားလုပ်တာ။ သည့်ပြင် ဘာသာတရားတွေကိုတော့ ကျွန်တော်လဲနားမလည်လို့ မပြောတော့ဘူး။ ဗုဒ္ဓဘာသာတရားကိုတော့ နေရှင်တွေ အလွဲသုံးစားလုပ်တာအမှန်ဘဲ။

အဲဒီတော့ ကိန္နက ဘုရားကိုယ်တော်မြတ်ကြီးရဲ့ ကျေးဇူးတော်ဟာ အနန္တရှိတယ်ဆိုတာကို ခင်ဗျားယုံကြည်ရင် ဘုရားကိုယ်တော်မြတ်ကြီးကို ကျေးဇူးပြန်ဆပ်တဲ့ အကောင်းလုပ်ပါ ရတနာသုံးပါးကို ကြည်ညိုနေတဲ့ လူတွေ နည်းပါးအောင် ကိုယ်ကျိုးအတွက် ဗုဒ္ဓဘာသာတရားတော်ကြီးကို အလွဲသုံးစားလုပ်နေတဲ့ မနုရင်စံနစ်ကို အမြစ်ကပါ သုတ်သင်ပစ်ဘိဘဲ။

ရတနာသုံးပါးကို ကြည်ညိုနေတဲ့လူတွေ နည်းပါးတယ်ဆိုတဲ့စကားကို ပြောလို့ ရတနာသုံးပါးကို ကြည်ညိုနေပေတဲ့ လဲ မဆည်းကပ်နိုင်ကြတဲ့လူတွေရဲ့အကြောင်းကို ပြောရအုံးမယ်။

အူမှူတောင့်မှ သီလစောင့်နိုင်မယ်ဆိုတဲ့ စကားကို ကြားဘူးတယ်မဟုတ်လား။ အဲဒီတော့ လူတွေဟာ ဒါလောက်တောပြတ်ပြီး တနေ့ဆက်တနေ့ အလျင်မှီအောင် ရှာဖွေရ လုပ်ရကိုင်ရနဲ့ ရတနာသုံးပါးကို ဆည်းကပ်ဘို့ စိတ်နဲ့လူနဲ့ အားပါအုံးမလားလို့ တွေးလေ သာပြီး မအားလေဘဲ။ ကျွန်တော့ကိုကြည့်လေ၊ ဒီအသက်နဲ့ ဒီကိုယ်နဲ့မြဲအောင် တလုပ်တခဲ ရပါမဲ့အကြောင်း ဝိဝေါ နေအောင်ရှာနေရတော့ ရတနာသုံးပါးဆိုတာ ဘယ်အနားနေမှန်းမသိတာ ဘယ်လောက်ကြာပြီလဲဆိုတာကို မပြောနိုင်တော့ဘူး။

လောကနီတိဆရာကလဲ ဆိုသွားတယ်မဟုတ်ဘူးလား။ စိတ်ချမ်းသာမှ ကောင်းမပြုနိုင်မယ်လို့ ဒီငတ်နေတဲ့ လူတွေဟာ ဘယ်မှာသွားပြီး စိတ်ချမ်းသာနိုင်ပါအုံးမလဲလို့၊ စိတ်မချမ်းသာကြရင် ဘုရားကိုယ်တော်မြတ်ကြီး အလိုတော်ကျဖြစ်တဲ့ နိဗ္ဗာန်ရောက်ကြောင်းတရားကို အားထုတ်နိုင်ပါအုံးမလဲ။



ကျွန်တော်ပြောတာ မှန် မမှန်ကို ဘယ်မှာမ သွားကြည့်မနေနဲ့ ဥပုသ်သီတင်းနေ့တွေမှာ ကျောင်းတို့ ဇရပ်တို့မှာ လာကြည့်၊ ကြည့်ပြီးတော့ ရွှေ့မှီနောက်မှီ လူကြီးတွေကို မေး၊ တရာမေးလျှင် တရာလုံးက ရှေ့ကလောက် ဥပုသ်ဇရပ်တွေမှာ လူတွေမစည်ဘူးလို့ ပြောလိမ့်မယ်။ ဒါဘာဖြစ်လို့လဲ ရှေ့က လူတွေဟာ စားနိုင်သောက်နိုင် ချောင်ချောင်ချိချိ ဆိုတော့ တရားအားထုတ်ဘို့စိတ်လဲအားတယ်၊ လူလဲအားတယ်၊ ခုအခါဆိုတော့ တနေ့နဲ့တနေ့ အလျင်မှီအောင် မသေရုံက လေး စားရအောင် ပြေးလွှားနေရတော့ ဘယ်မှာ စိတ်အားလူအား ရှိနိုင်ပါ့မလဲ။

ဒီတော့ မနုရင်စံနစ်ဟာ ဘယ်လောက် ဆိုးသလဲဆိုတာ ကိုယ့်ဘာတွေပြီမဟုတ်လား။ အချို့လူတစုကို ဗုဒ္ဓဘာသာတရားကို ပစ်ပယ်အောင် ဒီမနုရင်စံနစ်ကလုပ်ခဲ့တယ်။ ကြည်ညိုနေတဲ့ လူများကိုလဲ ရတနာသုံးပါးကိုမဆည်းကပ်နိုင်အောင် ဒီမနုရင်စံနစ်ကဘဲ လုပ်ပေးပြန်တယ်မဟုတ်လား။

ဘုံပစ္စည်းလုပ်လိုက်ရင် အားလုံးလူတွေ လူတန်းစေ့ဝတ်စား နေထိုင်ကြရလို့ အားလုံး လူတွေ စိတ်ချမ်းသာကြလိမ့်မယ်။ အားလုံးလူတွေ စိတ်ချမ်းသာကြတော့ ဒီလူတွေဟာ ရတနာသုံးပါးကို ဆည်းကပ်နိုင်ကြလိမ့်မယ်။

ခုနေအခါ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ ဖြစ်ကြလို့ လူတွေဟာ ခိုးတွက်တိုက်ခိုက်ခြင်းဆိုတဲ့ အကုသိုလ် ဒုစရိုက်တွေကို ကျူးလွန်ကြရင် ဘုံပစ္စည်းလုပ်လိုက်တဲ့အခါ ဘယ်သူ့ပစ္စည်းမှလဲ ခိုးစရာ တိုက်စရာမရှိတဲ့အတွက် ခိုးမှု တိုက်မှု ဆိုတဲ့ ဒုစရိုက်တရားတွေလဲ တိုင်းပြည်အတွင်းမှ ပပျောက်ကုန်ကြရမှာဘဲ။

အဲဒီတော့- ဓနရှင်စံနစ်ရှိတဲ့အတွက် လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ ဟုန်းဟုန်းတောက် ပြင်းလာတယ်။ အဘိဇ္ဈာစိတ်တွေ လွှမ်းမိုးနေတယ်။ ဘာသာတရားကို ပစ်ပယ်တဲ့ လူဦးရေတိုးလာတယ်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးကို ကြည်ညိုပေတဲ့လဲ မဆည်းကပ်ကြတဲ့ လူတွေ များလာတယ်။ တိုင်းပြည်အတွင်းမှာ စိတ်မချမ်းသာတဲ့ လူတွေ များရမယ်။ ခိုးမှု တိုက်မှုဆိုတဲ့ ဒုစရိုက်တရားတွေ များလာရမယ်။

ဘုံစံနစ်ရှိရင် ဘာဖြစ်မလဲ၊ လောဘ၊ ဒေါသ၊ မောဟ မီးတွေ တခါထဲ ငြိမ်းမသွားတောင် မီးအားသေးရမယ်။ အဘိဇ္ဈာစိတ်တွေတခါထဲ ကုန်မသွားတောင် အဘိဇ္ဈာစိတ်တွေ နည်းရမယ်။ ဘာသာတရားကို ကြည်ညိုတဲ့ လူဦးရေ တိုးလာမယ်လို့တော့ အမှန်မပြောနိုင်ဘူး။ သို့ပေမဲ့ ကြည်ညိုနေတဲ့လူတွေတော့ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ် ကြရလိမ့်မယ်။ ကိုယ့်ဝမ်းစာအတွက် အလုအယက် တိုက်ခိုက်ပြီး မစားရတဲ့အတွက် လူတွေဟာ တယောက်နဲ့တယောက် ကိုလဲ ပိုမိုရင်းနှီး ချစ်ခင်လာကြလိမ့်မယ်။ ရန်အဖြစ်နဲမယ်။ လူတန်းစေ့ စားရသောက်ရလို့ လူတွေပိုပြီး စိတ်ချမ်းသာ လာလိမ့်မယ်။ အလုအယက် အတိုက်အခိုက်ဆိုတဲ့ ဒုစရိုက်တွေလဲ တိုင်းပြည်အတွင်းမှာ နဲသွားလိမ့်မယ်။

ထိုအတွင်း အသက် ၇၀-အရွယ်လောက်ရှိသော အမေကြီး တဦး နှမ်းပယ်ပုံးများ ထည့်ထားသောဗန်းကိုရွက်၍ သူ့ကိုယ်ကို မနိုင်တနိုင်နှင့် သယ်ယူကာ လမ်းလျှောက်ရင်း နှမ်းပယ်-နှမ်း



ပယ်ပါ ဟစ်အော်သွားသံကို ကြားရလေ၏။ ကိုစိန်သည် ထို အမေကြီးအား ခေတ္တမျှ စိုက်ကြည့်ပြီးနောက် (သက်မချ၍)—

ကြည့်စမ်း-ကိုနု၊ ဒီသေခါနီးအမယ်ကြီးဟာ ထမင်းတလုပ် အတွက် သေပြေး-ရှင်ပြေး အလုပ်-လုပ်နေ ကြရသေးတယ်။ ဒီဓနရှင်တွေဟာ ကိုယ်သုံးနိုင်တဲ့ဒါထက် ပိုနေတဲ့ ပစ္စည်းတွေ မိုးတက်ခဲ့ပြီး လှောင်ထားတော့ ဒီလောကအရွယ် အမယ်ကြီးတွေ အဘိုးကြီးတွေလဲ အခုထက်ထိ ပြေးလွှားနေရသေးတာပေါ့။

လှောင်ထားဆို ဒီလိုရှိသေးတာကိုး။ အသက်က ဘယ်လောက်အထိ နေကြရမယ်ဆိုဒါ မသိကြတော့ တသက်မှာ တင်တင်တယ်တယ် နေသွားနိုင်အောင် လှောင်ထားရတော့ ဒါဗျ။ ဒါမှမကသေးဘူး၊ မိဘတွေ သေသွားပြန်ရင်လဲ သူတို့ သားသမီးတွေ တင်တင်တယ်တယ် နေထိုင်စားသောက် သွားနိုင်အောင် လှောင်ထားရတာတဲ့ ကိုစိန်ရဲ့။

အဲဒါ ဒီလူတွေမှားဒါဘဲ။ ချမ်းသာတဲ့လူတွေ သောက် သောက်လဲ ချမ်းသာရင်းက ကန်းကောက်စရာမရှိအောင် မ သွားကြဒါတော့ ခင်ဗျားတို့မျက်စိအောက်မှာ တပ်ကြီးမဟုတ် လား။ သားသမီးဆိုဒါတော့ မပြောနဲ့လေ၊ ပိုက်ဆံချမ်းသာ တဲ့မိဘတွေသေပြီး သားသမီးတွေ ငတ်နေတာ ပြည့်လို့မ ဟုတ်လား။ ဘုံပစ္စည်းစံနစ်ရှိနေရင် ငါ့ပစ္စည်းပျက်စီး များ သွားမလားလို့ ပူနေရတဲ့သောကလဲ ပျောက်မယ်။ သူ့တသက် မဟုတ်ဘူး။ သူ့သားသမီး မြေးမြစ် တသက်ကိုရောက်ပေစေ၊ ဘုံစံနစ်ရှိသည် ဘယ်သူမှ မစားရမှာ မစိုးရိမ်ရ၊ မဝတ်ရမှာ မစိုးရိမ်ရ၊ လူတန်းစေ့ မနေရမှာ မစိုးရိမ်ရဘူးမဟုတ်လား။

အဲဒီတော့ ကိန်း-ခင်ဗျား ဘုံစနစ်ကို သဘောကျပြီ ဟုတ်လား။ ဒီစနစ် မြန်မာပြည်မှာ တည်အောင် ကျွန်တော်တို့လုပ်နေတယ်။ ခင်ဗျားရဲ့ အကူအညီကိုလဲ လိုချင်တယ် ပေးမလား။

“ဆင်းရဲသားတွေ ချမ်းသာအောင် လုပ်ပေးချင်တာနဲ့ နေရှင်တွေကို ဖျောက်ဖျက်ပစ်ရမယ်ဆိုတာ မတရားဘူး ထင်တယ် ကိစိန်”

“ဆင်းရဲသားတွေ ချမ်းသာအောင် လုပ်ပေးချင်တာနဲ့ ဆိုတဲ့စကားကိုမသုံးပါနဲ့။ ခုပြောခဲ့တာတွေကိုလဲ ခင်ဗျား ကြားခဲ့ပြီးပြီ။ ဒီတော့ ဆင်းရဲသားတွေ ချမ်းသာအောင် လုပ်ပေးချင်တာနဲ့ ဆိုတဲ့စကားအစား လောကကြီးနဲ့ သာသနာတော်ကြီးရဲ့ အကျိုးစီးပွားအတွက် နေရှင်စနစ်ကို ဖျောက်ဖျက်ပစ်ရမယ်ဆိုရင် ခင်ဗျားစကားဟာ သာပြီးမှန်မှာဘဲ”

တရားတယ် မတရားဘူးဆိုတာတော့ မပြောနဲ့။ ကျွန်တော်တို့ ဘုရားအလောင်းဟာ ဂဏန်းလက်မ ဖြစ်စဉ်က သူ့ မိတ်ဆွေ ပုဏ္ဏားရဲ့ မျက်စေ့ကိုစားချင်တဲ့ ကျီးကန်းနဲ့ ကျီးကန်းရဲ့ မိတ်ဆွေ မြွေရဲ့ လည်ပင်းတွေကိုတောင် လောကကြီးရဲ့ အကျိုးစီးပွားအတွက်ဖြတ်ပစ်လိုက်သေးတာ နိပါတ်တော်ထဲမှာ အထင်အရှားဘဲမဟုတ်လား။ ကျီးကန်းနဲ့ မြွေရဲ့ လည်ပင်းကိုဖြတ်တာတော့ ကျီးကန်းနဲ့ မြွေရဲ့ဘက်ကနေကြည့်ရင် မတရားဘူးပေါ့။ သို့ပေမဲ့ သူတို့ကိုမသုတ်သင်လိုက်ရင် နောက်ကိုလူတွေ တိရစ္ဆာန်ရဲ့ အကျိုးစီးပွားပျက်စီးအောင် ဒီကျီးနဲ့ ဒီမြွေ ၂ ကောင်ပေါင်းပြီး လုပ်နေမှာဘဲမဟုတ်လား။ ဒီလို လုပ်မှာစိုးလို့ ဘုရားလောင်းကိုယ်တိုင်ဘဲ သုတ်သင်ပစ်လိုက်ရ



တယ်မဟုတ်လား။ နိပါတ်တော်ထဲမှာရှာရင် ဒါမျိုးတွေပြည့်နေမှာဘဲ။

အဲဒီတော့ ဆင်းရဲသားတွေ ချမ်းသာအောင် မလုပ်ချင်နေ လောကကြီးအတွင်းမှာ ခိုးမ တိုက်မ ဒစ်ရိုက်တွေ ပပျောက်အောင် ခင်ဗျားမလုပ်ချင်ဘူးလား။ အဘိဇ္ဈာ စိတ်တွေ ပါးကန်အောင် မလုပ်ချင်ဘူးလား။ ကြည်ညိုသတင်း ရတနာသုံးပါးကို ဆည်းကပ်နိုင်အောင် ခင်ဗျား မလုပ်ချင်ဘူးလား။ မြတ်စွာဘုရားရဲ့ တရားတွေ တလောကလုံး ပြန့်ပွားအောင် ခင်ဗျား မလုပ်ချင်ဘူးလား။ လောဘမီး-ဒေါသမီး- မောဟမီးတွေပါးသွားအောင် ခင်ဗျားလုပ်မပေးချင်ဘူးလား။

အဲဒါတော့ လုပ်ချင်ရင်တော့ ဘုံစနစ်ကို လုပ်ပေတော့။ ဘာစနစ်ကလဲလို့ ဒီလောကကြီးထဲမှာ ဒီဟာတွေကို လုပ်ပေးနိုင်တာမရှိတော့ဘူး။

ကိစိန်၏စကားများသည် ကျွန်တော့အား စိတ်ဝင်စားရုံ သာမက များစွာလည်း နှစ်သိမ့်စေ၏။ ဘုံဝါဒသည် ဘုရား၏ ဝါဒနှင့် ဆန့်ကျင်သည်ဟု ရှေးကထင်ခဲ့မိသောကြောင့်၊ စစ်ဆေးခြင်းမပြုဘဲ ဘုံဝါဒကို ရှောင်ရှားခဲ့၏။ ယခုမှကား လေးသချေနှင့် ကမ္ဘာတသိန်းပတ်လုံး သတ္တဝါတွေ၏ အကျိုးစီးပွားအတွက် ပါရမီဖြည့်ခဲ့ပြီး ကျေးဇူးတော်အနန္တနှင့်ပြည့်စုံတော်မူသည့် ဘုရားကိုယ်တော်မြတ်ကြီး၏ ကျေးဇူးကို ဆပ်လိုလျှင် ဘုံဝါဒကို တည်မြဲအောင်လုပ်မှပင် ဖြစ်ရတော့မည်ဟု စိတ်ထဲတွင် အတော်လှုပ်ရှားသွားလေသည်။ ဘုရားကိုယ်တော်မြတ်ကြီးသည် ၄၅-ဝါပတ်လုံး သက္ကာယဒိဋ္ဌိကို ပယ်ရန်

ဟောပြောခဲ့၏။ ဘံဝါဒသည် ထိဒိဋ္ဌိကိုပယ်ရန် ပဌမ စခမ်း ဖြစ်သည်ကိုတွေ့ရ၏။

ကျွန်တော်၏အယူအဆတို့မှာ တမျိုးပြောင်းလဲ လာသည် ကိုလည်း အနည်းငယ်ခံစားစပြုလာလေ၏။

ကျွန်တော်တို့ရှေ့တွင်ရှိသောခလေးအလောင်းသည်လည်း တစတစညှိမဲ့၍ လာလေ၏။ ၎င်းကိုသင်္ဂြိုဟ်ရန်အတွက် ဘာမျှ ပြင်ဆင်ပြီးသည်ကိုမတွေ့ရ၊ အလိုက်သိစွာကျွန်တော်တို့ စီးလာသော မော်တော်ကားသမားအား ခလေးထည့်ရန် သေတ္တာ တလုံးနှင့် ကန်တော့ပဝယ်ရန်ငွေပေးပြီး လွှတ်လိုက်ရ လေ၏။

အတော်ကလေး ကြာသောအခါမှာလိုက်သောပစ္စည်းများ အားလုံးရောက်လာသဖြင့် ကျွန်တော်တို့ စီးလာသော မော်တော်ကားပေါ်သို့ ကားမောင်းသမားကို တောင်းပန်၍ တင်ပြီး သုသာန်သို့ပို့ လိုက်ရလေ၏။

အားလုံးကိစ္စများပြီးစီး၍ အိမ်သို့ပြန်လာသောအခါ အခြားအလုပ်များကို ထိုနေ့အဘိတွင် မလုပ်နိုင်တော့ဘဲ ကိုစိန် ပြောလိုက်သော စကားများကိုသာ အဖန်တလဲလဲ တွေးတော၍ နေလေတော့သတည်း။

မောင်နု

# ဘယ်လိုလွတ်လပ်ရေးမျိုးလဲ

ရေးသူ **မောင်နု**

လွတ်လပ်ရေးကို လူမပြောနှင့် တိရစ္ဆာန်များကပင် အလိုရှိကြ၏။ ထို့ကြောင့် နဖါးကြိုးတပ်ထားသော နွားကလည်း နဖါးကြိုးပြတ်အောင် ရုန်း၍ သော်၎င်း၊ ဇောင်းအတွင်း လှောင်ထားသည့်မြင်းကလည်း ဇောင်းအတွင်းကလွတ်အောင် ခုန်လွှား၍သော်၎င်း၊ လှောင်အိမ်တွင် လှောင်ထားသော သာလိကာကလည်း လှောင်အိမ်မှ ထွက်ပေါက်ကို မနေမနား ရှာခြင်းဖြင့်သော်၎င်း၊ လွတ်လပ်ရေးကို ရရန်ကြိုးစားခဲ့သည် မဟုတ်ပါလော။

အကယ်၍ တပါးသူ၏ လက်တွင်းသို့ ကျရောက်နေသော "ကျွန်" တဦးသည် ၎င်း "ကျွန်"ဘဝမှ လွတ်မြောက်အောင် အထက်ပါ နွား-မြင်း- သာလိကာတို့ကဲ့သို့ မရုန်းထွက် မကြိုးစားခဲ့သော် ၎င်းကျွန် သည် (၁) မိမိကိုယ်တိုင် ကျွန်ဖြစ်ရမှန်း (၀၊) အချုပ်အခြယ်ခံနေရမှန်း မသိ၍သော်၎င်း၊ (၂)

ကြောက်ရွံ့သော်ငြား ဖြစ်ပေသည်။ ကြောက်သည်ဆိုရာ၌ နက္ခ ထက် ပိုမို၍ ဆင်းရဲရခြင်း။ အနှိပ်စက်ခံရခြင်း။ ပစ္စည်းဆုံးရှုံး ရခြင်း။ အသက်ဆုံးရှုံးရခြင်းတို့ကို ကြောက်ရွံ့ခြင်းပင်ဖြစ် လေသည်။

ထို့ကြောင့် သတ္တပါးတိုင်းပြည်က မိမိ၏ခြေဖဝါးအောက် တွင် ထားလိုသော ပါးနပ်သည့်တိုင်းပြည်တပြည်သည်....

၁။ ။ငင်းနိုင်ငံအား မိမိတို့ ချုပ်ချယ်ထားမှန်း မသိရ အောင် အမျိုးမျိုးသော နိုင်ငံရေး ပရိယာယ်တို့ဖြင့် ဖန်တီး ထားခြင်း။

၂။ ။ငင်းနိုင်ငံရှိ "ကျွန်" များအား ကြောက်စိတ်တော ဝင်သည်ထက်ဝင်အောင် လုံ့လထုတ်ပေးခြင်းတို့ကို ပြုလုပ် ကြလေရာ၊ ငင်းတို့ခြေဖဝါးအောက်မှ မိမိတို့၏အမျိုးကို လွတ် မြောက်အောင် လုပ်လိုသောလူများကလည်း....

(က) မိမိတို့တမျိုးလုံးအား တိုင်းတပါးသား တို့သည် ချုပ်ချယ်ထားကြောင်းကို "ကျွန်" တိုင်း သိရှိစေရန်နှင့်။

(ခ) ကိုယ်ကျိုးကိုကြည့်၍ "ကြောက်"နေကြ သော သူများ၏ရင်တွင်းမှ ငင်းကြောက်စိတ်တောက် လုံးဝ လွင့်စင်သွားစေရန် ကိစ္စ ၂-ရပ်ကို အခြား ကိစ္စ များထက် ပိုမိုကြိုးစား၍ ဆောင်ရွက်ကြလေသည်။

မြန်မာပြည်ကို အင်္ဂလိပ်များ သိမ်းယူသွားသည်မှာအနှစ် ငါးဆယ်ကျော်လေပြီ။ ငင်းအနှစ် ငါးဆယ်ကျော် အတွင်း



ဗြိတိသျှ အစိုးရတိုသည် ကင်းကင်းကြီး နေနိုင်သမျှ နေခဲ့ကြ လေသည်။ ဥပမာ လူမျိုးတမျိုးသည် ဘာသာရေးနှင့် ပတ် သက်လျှင် အလွန်ဒေါသထွက်လွယ်သည်။ အသက် စွန့်တတ် သည်ကို ဗြိတိသျှ အစိုးရတို့ သိရှိကြလေသည်။ ဤသို့သိ သောကြောင့် ဘာသာရေးကိစ္စတွင် ငင်းတို့သည် ဘာမျှ ဝင် ဆောက် နှောက်ယှက်ခြင်းမပြုကြ။အင်္ဂလန်တွင် အလုပ်လက်မဲ့ အင်္ဂလိပ်များ မြောက်မြားစွာရှိ၏။ ငင်းတို့ကို မြန်မာပြည်သို့ ခေါ်ဆောင်လာပြီး အအုပ်ချုပ်ခိုင်းမည်ဆိုလျှင် ခိုင်းနိုင်၏။ သို့ရာတွင် ဤသို့အင်္ဂလိပ်များကို နေရာတကာတွင် အုပ်ချုပ် ခိုင်းပါမူကား ငင်းတို့ကို ကြီးလေးစွာပေးရသော လခထက် ငင်းတို့ကို တိုင်းသူပြည်သားများက နေ့စဉ်နေ့တိုင်း တွေမြင် နေလျှင် "အသင်မြန်မာလူမျိုးများသည် တံအောက်က ဖါး များသာဖြစ်ကြသည်" ဟုငင်း အင်္ဂလိပ်များကနေ့နှင့်အမျှသတိ ပေးသလိုဖြစ်ပြီးလျှင် လွတ်လပ်လိုသောစိတ်များလျှင်မြန်သည် ထက် လျှင်မြန်စွာ တိုးလာမည်ဘေးက ပို၍ ကြီးလေးသော ကြောင့် ငင်းတို့ကို အအုပ်အချုပ်မခိုင်းပေ။

နောက်နောင်ကို လူများများ မကြာခဏ တွေ့နိုင် မြင်နိုင် သော အစိုးရရာထူးကြီးများတွင် မြန်မာများကိုသာ ခန့်၍ အင်္ဂလိပ်များကို အညာနေရာများလောက်၌သာ ထားရှိအထိ လျှော့ပေးလိုက်ဦးမည်။ ဤသို့ပြုလုပ်ခြင်းသည် တိုင်းသူပြည် သားများအား စိတ်ပြောင်းပေးပြီး ကျွန်သက်ရှည်အောင် လုပ်ပေးခြင်းပင် ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် လူ တို့သည် အကာယ်စင်စစ် တကျွန်ဘား အချုပ် အချယ် ခံရငြား သော်လည်း ချုပ်ချယ်မှန်း မသိရလျှင် ရန်းထွက်လိုချင်စိတ်

မရှိဘဲ၊ တမူးတီး ချုပ်ချယ်ထားသော်လည်း ချုပ်ချယ်ထားမှန်း မျက်ဝါးထင်ထင်တွေမြင်ရသောအခါ လွတ်အောင်ရုန်းတတ်သော သတ္တိများ ရှိသောကြောင့်ဖြစ်လေသည်။

မြန်မာပြည်၏ နိုင်ငံရေးရာဇဝင်ကို ပြန်ကြည့်လျှင် နိုင်ငံရေးကို စတင်ဆောင်ရွက်သူ ၄-ပုံ ၃-ပုံသည် အင်္ဂလိပ်စာ တတ်သော်လည်း မိမိတို့ တတ်ထားသည့် အင်္ဂလိပ်စာဂုဏ်နှင့် လိုက်လျောအောင် အထက်တန်းအစိုးရ ရာထူးကြီးများကို မရနိုင်သည့်လူများဖြစ်ကြလေသည်။ ၎င်းတို့ဆပသည့်အတွက် အထက်တန်းရာထူးကြီးများကို ဗမာများထံမှ အနည်းအကျဉ်း ရကြလေသည်။ နောက်တသုတ် နိုင်ငံရေးခေါင်းဆောင်များ၏ အတန်းအစားကား၊ အနည်းငယ်တိုးတက်ပြီး လာကြလေသည်။ ၎င်းတို့ကား အထက်တန်း ရာထူးမျိုးနှင့် မကျေနပ်၊ ဝန်ကြီးချုပ်များရာထူးကိုရကြမှ ကျေနပ်ကြ၏။

ကျိပ်ဂိုလ်များ ကိုယ်ကျိုးရှာသွားကြသည့်အတွက် တိုင်းပြည်နိုးကြားသဖြင့် တိုင်းပြည်တွင် အကျိုးရှိသလောက်လည်း ရှိသေး၏။ "ရှိသလောက်ရှိ၏" ဟူသောစကားကို ကောင်းစွာ မှတ်ပါ။ သို့ရာတွင် အထက်တန်းအစိုးရ ရာထူးကြီးများတွင် ၎င်းတို့ တစတစ ဝင်ရောက် ဆောင်ရွက်လျက်ရှိရာ အမျိုးသားများ၏ ရင်တွင်း၌ "ငါတို့သည် တိုင်းတပါးသားတို့၏ လက်အောက် ရောက်နေရပါလား" ဟူသော စိတ်ဓာတ်များ တနေ့တခြား ရေနည်းငါးကဲ့သို့ နဲပါး ဆုတ်ယုတ်သွားပါသဖြင့် လွတ်လပ်ချင်သော စိတ်များ တစစ ခေါင်းပါးလာသည် ဖြစ်ရာ၊ ၎င်းတို့ ယနေ့ထက်တိုင် နိုင်ငံရေး ဆောင်ရွက်ခြင်းသည် အင်ပါယာချဲ့ဝါဒကို ထောက်ခံရုံနှင့် အမျိုးသား ကျွန်



သက် ရှည်ရုံမဟုတ်ပါ၊ အခြား ထူးခြားသော အကြောင်းများ ဘာမှ မရှိကြောင်းကို နိုင်ငံရေးမျက်စေ့နှင့် ကြည့်လျှင် ကောင်းစွာတွေမြင်နိုင်မည်ဖြစ်ကြောင်း။

ယခုအခါပင်လျှင် အင်ပါယာချဲ့ဝါဒကို အားပေးလျက်ရှိသော လူတစု၏ တပည့်တပန်းများက "မင်းတို့ ကိုယ့်မင်း ကိုယ်ချင်းလို့ တောင်းနေတာ ယခုရပြီမဟုတ်လား" ဟု တိုင်းပြည်တွင် လည်လည်၍ တိုင်းသူပြည်သားများ၏ မျက်စေ့ထဲသို့ သဲပက်လျက်ရှိကြချေပြီ။

ယခုအတိုင်းသာဆိုလျှင် များမကြာမီ တို့ဗမာများ၏ ရင်တွင်း၌ လွတ်လပ်လိုသောစိတ်ဓာတ်များ ကုန်ခန်းသွားမည်ကိုပင် စိုးရိမ်ကြရ၏။ ဗမာတွေ ရာထူးရနိုင်သမျှ ရအောင်ယူရန် ကြိုးစားခြင်းသည် နိုင်ငံရေးပင်ဖြစ်သည်ဟု စိတ်ကောင်း စေတနာကောင်းနှင့် ယုံကြည်ချက်ဖြင့် ဆောင်ရွက်သူများလည်း ရှိပေရာ၊ ၎င်းသူများသည် ဘခင်၏နဖူး၌ ခြင်ကိုက်နေသည်ကို တူးဘတ်နှင့် တသဖြင့် ဘခင်ကိုမသတ်လိုဘဲ၊ သတ်ရာရောက်သကဲ့သို့ အမျိုးတမျိုးလုံးကို ကျွန်သက်ရှည်စေလိုသည့် ဆန္ဒမရှိဘဲ ကျွန်သက်ရှည်အောင် လုပ်ပေးသည့် လူစုထဲတွင် အပါအဝင် ဖြစ်သွားရရှာလေသည်။

ဘယ်သူတွေ ဘယ်နေရာဘဲ ရောက်ရောက် နောက်ဆုံးတနေ့ ဘုရင်ခံဘဲ တက်ဖြစ်ဖြစ်. တို့ဗမာများမှာ မျောက်လောင်း မျောက်လောင်းဘဲ။

၁။ အရင်ကလည်း ကိုယ့်စစ်တပ်၊ ကိုယ့်ရေတပ်၊ ကိုယ့်လေတပ် ကိုယ်မထားရ။ ယခုလည်းမထားရ၊

၂။ ယခင်ကလည်း ကိုယ့်လက်နက်ကိုယ်မလုပ်ရ၊ ကိုယ့်လက်နက် ကိုယ်မကိုင်ရ။ ယခုလည်း မလုပ်ရမကိုင်ရ။

၃။ သင်းထားသောနွားများကို ရှေးယခင်ကလည်း စစ်ဘက်- လေဘက်-ရေဘက်- လက်နက်လုပ်ကိုင်သည့်ဘက်- စက်ဘက်- လက်မပညာဘက်- နတ်မပညာဘက်တွင် တို့ဗမာတို့သည် အစွမ်းရှိသ၍ မပြကြရ။ ယခုလည်းမပြကြရ။

၄။ ရှေးကလည်း ကိုယ့်အမျိုး ကိုယ်ချစ်အောင် ကိုယ့်အမျိုးနှင့်တိုင်းပြည်အတွက် စည်းစိမ်နှင့် အသက် စွန့်အောင် မျိုးချစ်ဂိုဏ်တစ်ဦးသည် မိမိစိတ်ထဲရှိသလောက် လှုပ်လှုပ်ရှားရှား မလှုပ်ဆော်နိုင်၊ ယခုလည်းမလှုပ်ဆော်နိုင်။

၅။ လွတ်လပ်သောနိုင်ငံများမှာကဲ့သို့ ဝင်ငွေနှင့် အခွန်အတုတ်များကို လိုက်လျောအောင် မထားဘဲ၊ အခွန်ထမ်းတယောက်၏ ဝင်ငွေနှင့်အဆမတန်သော အခွန်အတုတ်များကို ရှေးအခါကပေးခဲ့ရ၏။ ယခုအခါမှာကား လခန့်လျော့၍ အခြား ကြီးလေးသော အခွန်စား ကောက်ခြင်းကို ခံကြရ၏။

၆။ သို့ရာတွင် ရှေးအခါက အသက်တန်း ရာထူးကြီးများတွင် အင်္ဂလိပ်များအုပ်စိုး၍ ယခုအခါမှာကား ဘုရင်ခံကလဲ၍ အကြီးဆုံးရာထူးမှာ မြန်မာတို့၏ လက်တွင်းသို့ အပ်နှင်းလေပြီဖြစ်ကြောင်း။

ကောင်းပါပြီ။ ကျွန်ုပ်တို့အမျိုးသားတွေ လွတ်လပ်ချင်သောစိတ်များ ပြင်းပြလာသောကြောင့် လွတ်လပ်ပြီဆိုပါစို့။ ဘယ်လွတ်လပ်ရေးမျိုးလိုချင်ပါသလဲ၊ ဘယ်လို လွတ်လပ်ချင်



သလဲ၊ ဗမာတရာလျှင် လေး ငါး ချောက်ယောက်လောက် ချမ်းသာပြီး။ ၉၀ ကျော်လောက်ဆင်းရဲသည့် လွတ်လပ်ရေးကိုယူမလား။ ၉၀-ကျော်ချမ်းသာသော လွတ်လပ်ရေးကို ယူမလား။ လွတ်လပ်ရေးဆိုသောစကားသည် အလွန် မကဲစရာကောင်းသည်။ ချဉ်သီးနှင့်ဆားကို မြင်သတိုင်း သရေယိုဘိသကဲ့သို့ လွတ်လပ်ရေး၏အသံကို ကြားရသတိုင်း အလိုရှိကြ၏။ ထို့ကြောင့်လည်း နိုင်ငံရေးလည်ဖြတ်သမားတို့သည် ရေသံပေးပြီး ဆင်ကြီးကိုချောက်ထဲချသော ဖါးကဲ့သို့ အမျိုးသားများကို ၎င်းတို့ကြိုက်သည့် မကလုံးတည်းဟူသော လွတ်လပ်ရေးအသံကို ဘန်းပြပြီး တမျိုးလုံးကို ချောက်ချတတ်ကြလေသည်။

ဥပမာ-အင်္ဂလန်သည် လွတ်လပ်၏။ သို့ရာတွင် များစွာသော အင်္ဂလိပ်ဆင်းရဲသားတို့သည် အိုးအိမ်မဲ့လျက်၊ အလုပ်မဲ့လျက်၊ အစားမဲ့လျက်ရှိကြ၏။ ထိုနည်းအတူ လွတ်လပ်သည်ဟုဆိုသော အမေရိကန်ပြည်ထောင်စု၊ ဂျာမဏီပြည်၊ အီတလီပြည်တို့သည်လည်း လွတ်လပ်ကြ၏။ ၎င်းတို့ တိုင်းပြည်တွင် အုပ်စိုးကြလျက်ရှိသော မနေရှင်အစိုးရတို့သည် ၎င်းတို့၏ အမျိုးသားအပေါင်းအား လွတ်လပ်ရေးတည်းဟူသော မကလုံး ပြပြီး "ချောက်"ချထားကြကုန်၏။

ထို့ကြောင့် မြန်မာပြည်သည်လည်း လွတ်လပ်ရေး ရခဲ့ပါလျှင်၊ ဘယ်လိုလွတ်လပ်ရေးမျိုးကိုမှ လက်ခံသင့်ကြောင်းကို တိုင်းသူပြည်သားများက ကောင်းစွာ ဆုံးဖြတ်နိုင်သင့်ပေ၏။ သမဟုတ်လျှင် လွတ်လပ်ရေးရသည်ဆိုပြီး တရာလျှင် ၉၀-ကျော်သော တို့ဗမာလယ်သမား၊ ဆင်းရဲသား အလုပ်သမား

များသည် မျောက်လောင်းဘဝက မတက်နိုင်သော လွတ်လပ်ရေးမျိုးရမည်ကို စိုးရပေ၏။

ထို့ကြောင့် မြန်မာတမျိုးလုံး၏ စိတ်ထဲတွင် ကျန်ဘဝမ လွတ်မြောက်လိုသော ဆန္ဒ ပြင်းပြစွာ ပေါ်ပေါက်လာရန် လှုံ့ဆော်ပေးရသောမက လူဦးရေ ရာခိုင်နှုန်း ၉၀-ကျော်ရှိသော တိုင်းပြည်၏ ကျေးဇူးရှင်များဖြစ်သည့် လယ်သမားများနှင့် အလုပ်သမားသည် လနည်းစုတို့၏ ချုပ်ချယ် ဖိနှိပ်ခြင်းမှ ကင်းဝေးပြီးလျှင် ၎င်းတို့၏ တိုက်တန်သော စည်းစိမ် ချမ်းသာတို့ကို ခံစားနိုင်စေရန် ၎င်းတို့၏အင်အားကို ၎င်းတို့ ကိုယ်တိုင် ကွက်ကွက်ကွင်းကွင်း ထင်လင်းစွာသိရှိအောင် လှုံ့ဆော်ပေးသော စာအုပ်များသည် ယခုအခါ လိုနေပြီ၊ လိုအပ်ပြီဖြစ်ရကား ကျွန်ုပ်တို့လူငယ်တစု တိုင်ပင်၍ နဂါးနီစာအုပ် အသင်းကြီးကို တည်ထောင်ရပါကြောင်း။

မောင်နု

## ရေနံမြေအရေးတော်ပုံ

**ရေးသူ-မောင်စိုး**

လွန်ခဲ့သည့် လေးလလောက်ကတည်းက အစပြု၍ ဖြစ်ပွားခဲ့သော ရေနံမြေသပိတ် အရေးတော်ပုံကား မနရှင် အလုပ်သမားတို့ တပဲ့တလမ်း ခန်အားစမ်းကြသော အရေးတော်ပုံ ဖြစ်ကြောင်း လူတိုင်းသိရှိရပေပြီ။ ထိုရေနံမြေသပိတ် အရေးတော်ပုံကြီးသည် ယခုထက်တိုင် မပြီးပြတ်သေးဘဲ နိုင်ငံနှင့်အဝမ်း ဆည်မစ တသသရှိတော့၏။

ထို့ကြောင့် ဗမာပြည်တွင် မိုတင်း နေထိုင်ကြကုန်သော အလုပ်သမား တောင်သူလယ်လုပ် ဆင်းရဲသား လူအောက်တန်းစားတို့သည် ဤသပိတ်အရေးတော်ပုံကြီး ဖြစ်ပွားရာ အကြောင်းရင်းကို စေ့စပ်သေချာစွာ သိရှိ နားလည်ဘို့ရာ အရေးကြီးလှပေသည်။

ရေနံကုမ္ပဏီပိုင် မနရှင်တို့သည် အမျိုးမျိုးသော စံနစ်တို့ကို စီမံဖန်တီး၍ မည်သို့မည်ပုံ အလုပ်သမား ဆင်းရဲသားတို့အား

ညှင်းပန်းဖိနှိပ်ထားပုံ၊ နှိမ်နင်းထားပုံတို့ကို ဦးစွာပထမ ရေးသား ဖော်ပြရပေလိမ့်မည်။

**လုပ်သူကားမရ၊ မလုပ်သူသာ ရသောစံနစ်**

ရေနံကုမ္ပဏီပိုင် မနေရှင်တို့သည် ဗမာပြည်မှ နှစ်စဉ်နှစ်စဉ် အိတ်ဝင် အမြတ်အစွန်းအဖြစ်ဖြင့် ငွေပေါင်း၆-ကုဋေမှ ၁၃-ကုဋေအထိ ရရှိယူငင်ကြ၏။ အလုပ်သမားတို့ကား လစာအဖြစ်ဖြင့် တနှစ်လုံးအတွက်မှ ငွေပေါင်း၇-သန်းမှ ၁၀-သန်း အထိ လောက်သာ ရကြ၏။ မိမိတို့၏ ခွန်အားသက်သက်ဖြင့် ပင်ပန်းတကြီး ရင်းနှီးလုပ်ကိုင်မှသာ ထွက်ရှိဖြစ်ထွန်း အပ်သော ပစ္စည်းသစ် စည်းစိမ်ဥစ္စာသစ်များအနက် ၁၀-ပုံတပုံမျှလောက်ကိုသာ အလုပ်သမားတို့ ရယူပိုင်ဆိုင်ခွင့်ရှိကြကုန်၏။

လုပ်သူမရ၊ မလုပ်သူကိုသာ ရစေသောဇောက်ထိုးမိုးမျှော် စံနစ်ဆိုးကြီး တည်တန့်နေခြင်းအားဖြင့် အဘက်ဘက်တွင် ဆပ်ပကနေပေ၏။

**ဘီအိုစီ၏ ကန်ဆိုင်ကြီး**

မနေရှင်တို့သည် မိမိတို့က အလုပ်သမား ဆင်းရဲသားတို့အား လစဉ်လစဉ် လစာအဖြစ်ဖြင့် ထုတ်ပေးနေသည့် အခကြေးငွေများကိုလည်း အလိုရမ္မက်လောဘမီးတိုက်ခါ ကောက်ကျစ်စဉ်းလဲသော စံနစ်ဆိုးအမျိုးမျိုးတို့ကို အသုံးပြုကာ ပြန်လည်လုယ့်ပတ်၍ နိုင်လိုမင်းထက် လုယက်ယူငင် ကြကုန်သေး၏။



အလုပ်သမားတို့သည် ဖျမ်းမျှကြေးအားဖြင့် တနေ့လျှင် တကျပ်ကျစ် လုပ်ခအဖြစ်ဖြင့် ရရှိကြကုန်၏။ ထိုတကျပ်အနက် ၂၅-ရာခိုင်နှုန်း (တမတ်)ကို ဆန်ဂိုဒေါင်ခေါ်သည့် အလွန်အကျိုးအမြတ်တင်ကာ ကုမ္ပဏီကဖွင့်လှစ်ထားသော ကန်စိုဆိုင်သို့ပြန်လည် ပေးအပ်ကြရကုန်၏။ ၂-ရာခိုင်နှုန်းမျှလောက်ကို အစိုးရအား သဿမေဓ အခွန်တော်အဖြစ်ဖြင့် ပေးရ၏။ ကုမ္ပဏီကထုတ်ရောင်းသည့် ဓါတ်ဆီတဂါလံကို ၅-ပဲကျ ပေးရသော သယ်ဝိုက်ခွန်ကိုလည်း အလုပ်သမားဆင်းရဲသားတို့သာ ထမ်းဆောင်ကြရ၏။

**ရောက်သမျှဘေးဒဏ် အလုပ်သမားခံ**

အိမ်မှရေးရာအဘက်နှင့် မမှာမကျန်းဖြစ်သည့်အတွက် ခံယူရသောခွင့်ရက်များနှင့် တနင်္ဂနွေနေ့များတွင် အလုပ်သမားတို့ လုပ်ခမရရှိကြချေ။ တနေ့တာအတွက် အလုပ်ချိန် ကုန်သဖြင့် အိမ်ပြန်ရန် အချိန်ကြရောက်သော်လည်း ကုမ္ပဏီ၏ အလုပ်အရေးကြီးသည်ဆိုကာ နာရီပိုအတွက် လုပ်ခမရဘဲ အချောင်ခိုင်းသည့်စံနစ်ဖြင့် မနေရှင်လက်ပါးစေ မျက်နှာဖြူတို့က အာဏာကုန်ပြကာ အလုပ်သမားတို့ထံမှ ကုမ္ပဏီအတွက် မိုက်ကြေးလည်းခံသေး၏။ တခါတရံ အကြောင်းမညီညွတ်သဖြင့် အလုပ်သမားတို့ အလုပ်ခွင်အတွက်နောက်ကျလျှင် စက္ကန့်-၂၀ အတွက် ၂-ပဲ၊ နာရီဝက်နောက်ကျသည့်အတွက် ၂-ပဲမှတကျပ် အထိ ဒဏ်တပ်ခြင်း၊ နာရီဝက်ထက်ကျော်လွန်၍ နောက်ကျလျှင် အလုပ်မှထုတ်ပစ်ခြင်း၊ ရက်သတ္တ တပတ်၊ နှစ်ပတ်၊ သုံး

ပတ်၊ တလစသည်တိုင်အောင် လုပ်ခမရှိ အလုပ်ပိတ်ထားခြင်း စသည့်နည်းအမျိုးမျိုးတို့ဖြင့် အလုပ်သမားတို့အား ပေး အပ်ပြီးဖြစ်သော လစာမပေါင် ဒဏ်ငွေအဖြစ်ဖြင့် မနေရှင်တို့ကအတင်း အကြပ်ပြု၍ ပြန်လည်သိမ်းပိုက် ယူငင်ကြ၏။

အလုပ်ခွင်အသုံးပြုသည့် ဟောင်းနွမ်းသဖြင့် မခိုင်သောစူး ဆောက် တန်ဆာပလာတို့ ကျိုးပဲ့ပျက်စီးပြန်လျှင်လည်း တန် ဘိုးထက် လေးဆငါးဆမျှကို အလုပ်သမားတို့ဒဏ်တပ်ခံရပြန် ၏။ ထိုသို့သော ဒဏ်မျိုးမှ လွတ်ကင်းရလေအောင် အလုပ်သ မားတို့သည် ကျိုးပဲ့သောစူးဆောက် တန်ဆာပလာတို့ကို မိမိ တို့စရိတ်ဖြင့် တိတ်တဆိတ် ဝယ်ယူထည့်သွင်းကြရ၏။ ဤစံနစ် ကား သွယ်ဝိုက်သောနည်းဖြင့် အလုပ်ခွင်တွင် ကျိုးပဲ့ပျက်စီး သော ကိရိယာတန်ဆာကို အလုပ်သမားတို့အား ဝယ် ထည့် ခိုင်းသော စံနစ်တည်း။

ကမ္ဘာကြီးက စိတ်နှင့်မခတ်မိဘိုင်း အပြစ်ရှာကြ၍ အလုပ်သ မားတို့အား လုပ်ခမရှိဘဲ ခဏခဏအလုပ်ပိတ်ပစ်၏။အလုပ်ပိတ် ခံရသော အလုပ်သမားကိုပေးရမည့် လုပ်ခကို ကမ္ဘဏီကမိမိ၏ အိတ်တွင်းသို့ပြန်ထည့်လိုက်၏။ ၎င်းလုပ်ရမည့် အလုပ်တာဝန် ကိုကား ၎င်းနှင့်အလုပ်ငှားနှုန်း တဌာနတည်းတွင် လုပ်ကိုင်နေ ကြသော အခြားအလုပ်သမားများမှ၍ ဝိုင်းလုပ်ကြရ၏။ ဤ စံနစ်ကား ကမ္ဘဏီအတွက် စရိတ်ကျဉ်း၍ အလုပ်သမား တို့ကို အလုပ်ပို၍ အတင်းအကြပ်စေခိုင်းသော စံနစ်တည်း။

ပင်စင်ရခွင့်ရထိုက်ရှိရန် လုပ်သက် စေ့ရောက်ခါနီး တွင် ကမ္ဘဏီက ကလိန်ညဏ်ထွင်၍ ဆရာဝန်၏အကူအညီဖြင့်မကျန်း



မမာတော့ပြီဟု၍ သော်လည်းကောင်း၊ အိုးမင်းမစွမ်းရှိပြီဟု၍ သော်လည်းကောင်း၊ရမယ်ရှာ၍ အကြောင်းပြပြီးလျှင်အလုပ် မှထုတ်ပစ်ခြင်းခံကြရသော အလုပ်သမားများ မရေမတွက်နိုင် လောက်အောင် များပြားလှ၏။ လုပ်သက်ရှည်သည့် လခကြီး စား အလုပ်သမားဟောင်းကြီးများကို လခ လျှော့ပစ်ခြင်း၊ ၎င်းတို့ကိုအပြစ်ရှာ၍ အလုပ်မှထုတ်ပစ်ပြီးလျှင် လသစ်များကို လခအနည်းငယ်သာပေး၍ ၎င်းတို့နေရာများတွင် ခန့် ထား ခြင်း၊ လခနှင့်ရာထူးများကို လျှော့ပစ်ခြင်းစသည် ညင်း နည်း အမျိုးမျိုးတို့ဖြင့် အလုပ်သမားတို့ကို လခကြီးစားမနေရှင် လက် ပါးစေတို့က အနိုင်ကျင့်ကြကုန်၏။

တင်းတားဆရာ၊ တုတ်တံချန်ဆရာ၊လက်သမားဆရာတို့သည် လုပ်သက်ရှည်လျှင် ရှည်သည့်အလိုက် ကုလီအလုပ်၊ ဆီထည့် အလုပ်၊ ဒရဝမ်အလုပ် စသည်ဖြင့် အစဉ်တစိုက် တဆင့်မှ တ ဆင့်သို့ ရာထူးလျှော့ လခပါလျှော့ချခြင်း ခံကြရကုန်၏။

အလုပ်ခွင်တွင် ဖြစ်ပွားသည့် ရောဂါတခု မများကြောင့် အလုပ်သမားတို့သည် ကိုယ်လက်အင်္ဂါ ချို့ယွင်းကာ မိ မေး တိုင်း ဖမေးတိုင်းဘဝကို ပြန်လည်မရရှိဘဲ လချင်းမတူသချင်း မမျှ ဖြစ်နေကြရရှာသော အလုပ်သမားတို့ကို မနေရှင်တို့ကရှေ နစ်ရေ ဝါးကမ်းမြစ်နှစ်သည့်နှယ် လျော်ကြေးမပေးဘဲ ထား ကြ သေး၏။

မနေရှင်တို့၏ ဧရာမဇာတနာ

မနေရှင်တို့ အလွန်အကျူး ကြောက်လန့်သော အရာတခု ကား အလုပ်သမားတို့ကိုပေးရမည့်လျော်ကြေးတည်း။အလုပ်

သမားဘို့ အလုပ်ခွင်၌ အနာတရဖြစ်လျှင် လျော်ကြေး ပေးရမည်စီးသဖြင့် ထိထိခိုက်နာကျင်မှုမ ပျောက်ကင်းချမ်းသာစေအောင် အထူးဝါယမ စိုက်ထုတ်၍ ကုသရမည်ကမလွဲတည်း။ သို့သော်လည်း ဆရာဝန်လက်လျှော့ရသောအလုပ်သမားတို့ကိုကား လျော်ကြေးမပေးရလေအောင် အလုပ်သမားတို့၏ အပေါ်တွင်သာ ဆင်ခြေပေး၍ အပြစ်ဖို့သေး၏။ ကုမ္ပဏီ ကြီးများရှိသည့်ရပ်ကွက် မြို့နယ်များတွင် ကုမ္ပဏီဆေးရုံများသည် အစိုးရဆေးရုံများထက် သာလွန်ကောင်းမွန် ကြောင်းကို ထောက်ရှုခြင်းအားဖြင့် ဓနရှင်တို့၏ စေတနာရင်းကို သိရှိနိုင်ကြပေလိမ့်မည်။

**အလုပ်သမားများကို သက်တန်းတိုစေသော ဓနရှင်စံနစ်**

ခါတိုင်းမခါတိုင်း ၄-၅ ယောက်မျှသော အလုပ်သမားတို့ လုပ်ကိုင်ရသည့် အလုပ်ခွင်နေရာများတွင် လူလျှော့ပေး၍အလုပ်သမားတယောက်တည်းကသာ လုပ်ခိုင်းခြင်းသည် မည် မျှ အလုပ်သမားတို့ကို သက်တန်းတိုစေကြောင်းကို လူတိုင်း လူတိုင်း တွေးတောသိနိုင်ပေလိမ့်မည်။

**မြယုဂ်ကား**

တနေ့လျှင် မိုင်ငါးဆယ်ကျသွားသော မော်တော်ကား သည် ၁၀-နှစ်ခံပါက၊ ၎င်းကိုတနေ့လျှင်မိုင်ပေါင်း ၁၀၀-၂၀၀ သည်ပြင်း ခရီးပိုမိုင်း သွားစေသဖြင့် ၎င်း မော်တော်ကား မည်သည့်နည်းနှင့်မျှ ၁၀-နှစ် ခံတော့မည်မဟုတ်။

ဓနရှင်တို့ အမြတ်အစွန်း ရသည်ထက် ရစေခြင်း အလို့ငှါ အလုပ်သမား ဆင်းရဲသားတို့သည် သက်တန်းမျှမစေ့ခင် အသေခံကြရကုန်၏။

စစ်ဖြစ်ပွားစဉ်တွင်သာ မဟုတ်သေး၊ တိုင်းပြည်ငြိမ်သက်ချမ်းစဉ်တွင်လည်း၊ နိုင်ငံနယ်ချဲ့စနစ် နတ်ဆိုးသည် များစွာသော အလုပ်သမားဆင်းရဲသားတို့ကို ဘမ်းစားပေသေးသည်။

**ခေတ်သစ် ကာကစလ္လိယများ**

နှစ်စဉ်နှစ်စဉ် အမြတ်အစွန်း အဖြစ်ဖြင့် ငွေ သန်း ပေါင်းများစွာကို အလုပ်သမားတို့၏ ကာယ-ဉာဏ လုံ့လ ဝီရိယ သက်သက်ဖြင့် ဓနရှင်တို့ရရှိကြသော်လည်း အလုပ်သမားတို့၏ အပေါ်တွင်ကား "ဖတ်လေတဲ့ပေ ရှိလေတယ်မှမမှတ်"သော စိတ်ထားမျိုး ဓနရှင်တို့ထားရှိခြင်းကို အလုပ်သမားတို့အတွက် ဆောက်လုပ်ထားသော နေအိမ်တန်းလျားများ၏ အခြေအနေကြည့်ရှုခြင်းအားဖြင့် သိရှိနိုင်ပေလိမ့်မည်။

အလုပ်သမားတို့၏ ကျန်းမာရေးကို လုံးလုံးဂရုမပြုဘဲ နေအိမ် တန်းလျားတို့ကို ဆောက်လုပ်ပေးထား၏။

အလုပ်သမား တအိမ်ထောင်လုံးအိပ်ရန်အတွက် ၁၀-ပေပတ်လည်အခန်းတခန်း၊ အလုပ်သမားတို့က ဧည့်ခန်း, ထမင်းစားခန်း, နေထိုင်ခန်း, အိမ်ထောင်ပရိဘောဂ ထားခန်းအဖြစ် တခန်းတည်းကို ရေလဲအမျိုးမျိုးနှင့် အသုံးပြုရသည့် တံ ခါး

မရှိ ဟာလာဟင်းလင်းဖြစ်သော၁၀-ပေ၆-ပေတခန်း၊ အလုပ်သမားတအိမ်ထောင်လုံး နေနိုင်ရန်အတွက် အကျယ် အဝန်း စုစုပေါင်း စတုရန်းပေပေါင်း ၁၆၀မျှသာ ဖြစ်တော့၏။

ဥရောပတိုက်သားတဦးတည်း နေထိုင်ရန်အတွက် ဆောက်လုပ်ထားသော ၂-ထပ်အိမ်များမှာမူကား စတုရန်းပေပေါင်း ၁၈၀၀-မျှကျယ်ဝန်း၏။

ဤသို့မောင်နှင့်နှမ သားနှင့်အမိ မနေအပ်ဘဲ ကြပ်တည်းကျဉ်းမြောင်းလှသည့် နေအိမ်တန်းလျားများတွင် နေထိုင်ခြင်းအားဖြင့် အလုပ်သမားတို့၏ ကျန်းမာရေးနှင့်အကျင့်စာရိတ္တကို မည်မျှထိခိုက် နစ်နာစေကြောင်းသိရှိနိုင်ပေလိမ့်မည်။

တအိမ်လုံးတွင် ပြူတင်းပေါက်တပေါက်သာလျှင် တပ်ရှိထားခြင်းကြောင့် လေကောင်းလေသန့် မှန်မှန် မရရှိသည်ဖြင့် ရောဂါဆိုး အမျိုးမျိုးတို့ကလည်း လွယ်ကူစွာ ပျံ့နှံ့စေနိုင်ခြင်းကြမ်းပြင်မှ တစက်မိတ်ခေါင်းမိုးအထိ၁၀-ပေမျှသာ ကွာဝေးသဖြင့် နေ၏အပူရှိန်ကို အလွန်လွယ်ကူစွာ ကူးသယ် ယူတတ်သော သတ္တုရှိသည့် သွပ်ခေါင်မိုးကြောင့်၊ ပြွတ်ထား သည့်အလား ပြည့်ကျပ်လှသည့် အခန်းကျဉ်းကလေးများ အတွင်းတွင် အလုပ်သမား မိသားတစုတို့ ညပ်ပိုးညပ်ပိတ် နေထိုင်ကြရ သဖြင့် ကျန်းမာရေးအရ နေပထိုင်ရသည်ထက် ဆိုး ဝါးခြင်းစသည်တို့သည် အလုပ်သမားတို့၏ ကိုယ်စိတ်နှစ်ပြာ ချမ်းသာမှု၊ အလုပ်သမားတို့၏ကျန်းမာရေးများကိုအလွန်အကျိုး ထိခိုက်စေ၏။

တနည်းအားဖြင့် ဆိုရမည်မှာ အလုပ်သမားတို့၏ နေရေးထိုင်ရေး အခြေအနေသည်၊ ဦးပညာရေး ကာကဝလ္လိယဇာတ



တွင်ပါရှိသော "အကာဆုံးခက်၊ အင်ဖက်အမိုး၊ ကျူးရိုးတိုင်ထု၊ နေပူကျဲထဲ၊ ဝက်သိုက်ထဲ၌၊ အဌဲခဲခေါင်းအုံး၊ အိုးတလုံးမျှမရှိ၊ ဘုမ္မိကမ္မလာ၊ မြေမှေ့ယာဝယ်၊ ခြုံချာတော်နှလသော၊ ကာကဝလ္လိယ၊ မုဲပြာမောင်နှံ၊ တို့ပျော်ကြသည့် အခန်းဝါ" ဆိုသည့်စာပိုဒ်တွင်ပါသော နေရေးထိုင်ရေးအခြေအနေထက် ဆိုးဝါးကြောင်း၊ ရေနံမြေ၏ချောက်သွေ့ပပြင်းလှသော ရာသီဥတုက သက်သေခံပေလိမ့်မည်။

**အဆိပ်ဓာတ်ငွေ့များ**

ရေနံမြေရပ်ကွက်များတွင် အလုပ်လုပ်ကိုင်ကြရသော အလုပ်သမားတို့သည် အလုပ်ခွင်၌ အလုပ်လုပ်စဉ် ကန့်ဓာတ်ရေနံဓာတ်များပါဝင်သော အဆိပ် ဓာတ်ခိုးဓာတ်ငွေ့များကိုနေစဉ်နှင့်အမျှ ရှူရှိုက်နေရခြင်းကြောင့် မကျန်းမမာဖြစ်ခြင်းမှ ပပျောက်စေရန် လုပ်ခမပျက် အခွင့်လုံလောက်စွာ မရရှိသဖြင့် အလုပ်သမားတို့၏ ကျန်းမာမှုသည် တနေ့ထက် တနေ့မတေးတော့လောက်အောင်ပင် သာ၍ သာ၍ ဆိုးဝါးနေတော့၏။

ဥရောပတိုက်သား မျက်နှာဖြူတို့မှာကား အလုပ်ခွင်၌၎င်းတို့၏ နေထိုင်ရေး အခြေအနေအရသော်၎င်း၊ ကုမ္ပဏီကပေးထားသော နေအိမ်များ၏ အခြေအနေအရသော်၎င်း၊ အထက် အဆိုပါကျန်းမာရေးကို ထိခိုက်စေသည့် လေညစ်များကို အလုပ်သမားများကဲ့သို့ မရှူမရှိုက်ရစေမှုမကဘဲ ဆရာဝန်တို့က ၎င်းတို့ကို ပိုးမွှားမွေးသလို မျက်ခြေမပြတ် ဂရုတစိုက်

ပြုစု စောင့်ရှောက် ကြပ်မတ်ကုသသဖြင့်၎င်းတို့၏ကျန်းမာရေးကို လုံးလုံးမထိခိုက်ဟု ဆိုရပေလိမ့်မည်။

၎င်းပြင် ဥရောပတိုက်သားတို့ကို ၃ နှစ်တကြိမ် ၆-လ လခအပြည့် ပထမတန်းဖြင့် ခရီးစရိတ်လည်း တပါတည်း ကုမ္ပဏီက ပေးကမ်းထောက်မသေး၏။

အလုပ်သမားတို့ကိုမူကား ညာကပေး ဘယ်ကပြန်ယူသည့်နည်းဖြင့် ဘာသာရေးနှင့် သက်ဆိုင်သည့် ခွင့်ရက်များကိုပင်လည်း ပြန်လည်ဖြတ်နှုတ်ခဲ့သည်မှ စနက်မီးစကာ သပိတ်အရေးတော်ပုံ မီးတောက် မီးလျှံကြီး ဖြစ်ပွားခဲ့ကြောင်း လူတိုင်းအသိဖြစ်၏။

## ဆိုးဝါးသည့်စံနစ်

မနေရှင် အမြတ်အစွန်းရမှုအတွက် အလုပ်သမား ဆင်းရဲသားတို့ ကျိုးရ-ကန်းရ အင်္ဂါချွတ်ယွင်းခြင်း ခံကြရ၏။ လချင်းမမျှ မီးမွှေးတိုင်း ဖမွှေးတိုင်း ဘဝကိုပင် စွန့်လွှတ်ကြကုန်၏။ ရောဂါဆိုးအမျိုးမျိုးတို့၏ ဖိစီးနှိပ်စက်မကြောင့် လစဉ်မကြာခဏ ဖွတ်ကျောပြာစု၊ ခရဆံကျွတ်၊ ခါးဝတ်လှာချင်း၊ ထမင်းရက်ချန်၊ ရေရက်မန်နှင့်နေကြရ၏။ သက်တန်းမျှမစေခင်လည်း အသေခံကြရ၏။ ပညာသင်ကြားရေးဘက်က ကြည့်ပြန်လျှင်လည်း ရှင်ဘုရင်ကြီးမာပါစေ၊ စုံထောက်ကြီး တန်ခိုးကြီးပါစေ၊ အသက်ရှည်ပါစေဆိုသည့် ကျွန်ဘဝကို အရှည်သဖြင့် တည်တန့်စေမည့် ပညာကိုသာ သင်ကြားကြရကုန်၏။



ဤမျှလောက် ယုတ်မာသစ်ညမ်း ဟောင့်သရမ်းလှသော အဓမ္မစံနစ်ဆိုး စံနစ်ညစ်ကြီး၏ ဖိနှိပ်ကြိတ်နယ်ခြင်းကို မခံမရပ်နိုင်လေသဖြင့် အလုပ်သမားတို့သည် မလှမရှောင်သာတော့ဘဲ သပိတ်လက်နက်ကိုစွဲကိုင်ကာ မနေရှင်တို့ကို တိုက်ခိုက်ခဲ့ကြရ၏။

ရေနံမြေသပိတ်အရေးတော်ပုံကြီးသည် လူ့အခွင့်အရေးကို မနေရှင်တို့က ဖိဆန်ဖေါက်ပြား ကျူးလွန် စော်ကားခဲ့ကြောင့် ဖြစ်ပွားရကြောင်း ထင်ရှားလှပေပြီ၊ ထိုကြောင့် ဤအရေးတော်ပုံကြောင့် ဖြစ်ထွန်းအပ်သော ဂုဏ်, အနိုင် အကျိုးတရားတို့သည် ရေနံကုမ္ပဏီပိုင် မနေရှင်တို့၏ တာဝန်သက်သက်မျှသာ ဖြစ်သဖြင့် ထိုတာဝန်သည် မနေရှင်တို့၏အပေါ်၌သာ လုံးဝ တည်စေရမည်။

## သပိတ်ကိစ္စကြောင့်ဖြစ်ပွားသည့် စီးပွားရေးနစ်နာချက်များ

ရေနံကုမ္ပဏီများက အမြတ်အစွန်းအဖြစ် ရအပ်သောငွေ အလုပ်သမားတို့၏လခ၊ နေရှင်အစိုးရတို့က ကောက်ခံရရှိအပ်သော အခွန်အတုတ်စသည့် ပစ္စည်းသစ်များကို စပေါင်းလိုက်ပါက ပျမ်းမျှခြေအားဖြင့် တနေ့လျှင် ငွေပေါင်းတသိန်းခွဲမှ နှစ်သိန်းနီးပါးခန့်ဖြစ်၏။ ဤမျှလောက်များသော စည်းစိမ် ဥစ္စာတို့သည် သပိတ်အရေးတော်ပုံအစပြုရာ လွန်ခဲ့သည့် လေးလခန့်ကတည်းကပင် ဆုတ်ယုတ်ပျက်ပြားခဲ့ပေပြီ။

မနုဿရင်တို့၏ ပယောဂကြောင့် ဖြစ်ပွားရသော ကျွဲသပိတ် အရေးတော်ပုံကြီးသည် ဗမာပြည်ရှိ ဆင်းရဲသားများ၊ ခေါင်း ရွက် ထမ်းပိုးထမ်း၊ ဈေးသည်များတို့၏ စီးပွားရေးကို မည်မျှ ထိခိုက် နစ်နာစေကြောင်းကို တွေးကြည့်ခြင်းအားဖြင့် သိရှိ နိုင်ပေလိမ့်မည်။ လှေသူကြီး လှေမှောက်က အရေးမကြီးလှ ချေ။ လှေထိုးသား၏စောင်ပါသွားခြင်းက အရေးကြီး၏။

မနုဿရင် နိုင်ငံချဲ့စနစ် တည်တန့်နေသမျှ ကာလပတ်လုံး မရှိ တောင့်တ ရှိကြောင်းကြ ဖြစ်ရမည်သာမလဲတည်း။ အလုပ် သမား ဆင်းရဲသားတို့ လှုပ်လှုပ်မှသာလျှင် လှုပ်တိုင်းသည်း လှုပ်လှုပ်နိုင်လိမ့်မည်။ နိုင်ငံချဲ့စနစ်ကို အရင်း အမြစ်မှနေ၍ သုတ်သင်နေသော ရေနံမြေအလုပ်သမားတို့ကို လှုပ်လှုပ်ရေး လိုလားနှစ်ချိုက်သတိုင်း စည်းကူးပေးရမည်ကား မလွဲသာသော မဟာဝတ္တရားတော်ကြီးဖြစ်တော့သတည်း။

**မောင်စိုး**

# အလုပ်သမားနှင့် လယ်သမားများသာ

# တိုင်းပြည်၏ အရှင်သခင်

အတိုင်းတိုင်း အပြည်ပြည်ရှိ လူမျိုးအသီးသီးတို့သည် မိမိတို့ ဆိုင်ရာ ကြီးပွားရေးလမ်းကြောင်းကို လိုက်လံ ဆောင်ရွက်နေ ကြ၏။ သို့ရာတွင် ယနေ့အထိ ကြီးပွားခြင်းအကျိုးကို ခံစား သင့်သလောက် မခံစားကြရသေးပေ။ အကြောင်းကိုရှာသော် တိုင်းပြည်၏ လူများစုဖြစ်သည့် အလုပ်သမားများနှင့် လယ် သမားများ၏အရေးကို လျစ်လျူရှုကာ ပေါ်ဆစ္စ ပြုလုပ်ကြ လျက် တိုင်းပြည်၏လူနည်းစုဖြစ်ကြသည့် ရှေ့နေ၊ ကုန်သည်၊ ပွဲစား၊ မြေပိုင်ရှင်၊ စက်ပိုင်ရှင်၊ လခစားသမား၊ ငွေချေးငွေး စားသူ စသည့် ဖြတ်စား, လုတ်စားသမားတို့ အရေးကိုသာ အဓိကထား၍ ဆောင်ရွက်နေခြင်းကြောင့် ဖြစ်လေသည်။ အချုပ်ဆိုလိုရင်းမှာ လူနည်းစုအရေးသည် လူများစု အရေး ထက် ပိုမို၍ကြီးလေးသည်ဟု ယူဆချက် ထားနေခြင်းကြောင့် တိုင်းပြည်၌ ကြီးပွားသင့်သလောက် မကြီးပွားဘဲ ဖြစ်ရလေ

သည်။ စင်စစ်အားဖြင့် တိုင်းပြည်၏ လူများစု အလုပ်သမား များနှင့် လယ်သမားများ၏ အရေးကိုသာ ပထမ အဓိကထား လျက် နိုင်ငံရေးရာတွင် ဆောင်ရွက်အပ်ပေသည်။

အလုပ်သမားနှင့် လယ်သမားများမှာ တိုင်းပြည်၏ အရှင် သခင်များ ဖြစ်ကြလေသည်။ ထိုသူတို့မရှိက တိုင်းပြည်မရှိနိုင်။ ရေနံ၊ ကျွန်းသစ်၊ ပဲစား၊ မြေပိုင်ရှင်နှင့် စက်ပိုင်ရှင်၊ လခစား သမား၊ ငွေချေးငွေးစားသတို့သည်လည်း ရှိနိုင်ကြမည်မဟုတ်၊ အလုပ်သမားများသည် နေ့စဉ်နေတိုင်း အလုပ် အကြမ်း အနုမရွေး လုပ်ကိုင်နေကြရသဖြင့် ကျောက်သံပတ္တမြားရွှေ၊ ငွေ၊ ရေနံအစရှိသည့် သတ္တုတို့ပေါ်ထွက်ရ၏။

အဆောက်အဦ လမ်းပန်းအစရှိသည့်ဒေသယ်ကြီးများ ပေါ် ပေါက်ရ၏။ ကုန်ပစ္စည်းအပြောင်းအလဲပြုလုပ်နိုင်၏။ အ တိုင်း တိုင်းအပြည်ပြည်နှင့် စီးပွားရေးအရ လူးလာဆက်ဆံ နိုင် ၏။ ဤသည်တို့ကိုအကြောင်းပြု၍ တိုင်းပြည်၏လူနည်းစုများ ဖြစ် ကြသည့် ရေနံ၊ကျွန်းသစ်၊ ပဲစား၊ မြေပိုင်ရှင်၊လခစားသမား ငွေချေးငါးစား သူဌေးများ ချောင်လည်စွာ အ သက် မွေး ဝမ်းကြောင်း လုပ်နိုင်ကြကုန်၏။ သူဌေးသူကြွယ်တို့ မည်သည် အလိုအလျောက်ကောင်းလျှ၍ ဌေးကြွယ် လာရခြင်းမဟုတ်၊ မိမိတို့လက်အောက်ရှိ အလုပ်သမား လယ်သမား ဆင်းရဲသား များအပေါ်၌ အမျိုးမျိုးသော ကောက်ကျစ် စဉ်း လဲ သည့် ကလိန်ဉာဏ်များကိုထုတ်ခါ မတန်တဆအခကြေးငွေပေးလျက် ဖိနှိပ်ချုပ်ချယ်ခြင်းအားဖြင့် သာလျှင် ဌေးကြွယ် လာရခြင်း ဖြစ်လေသည်။



သူဌေးတယောက်ဖြစ်ရန်အတွက် အလုပ်သမားနှင့် လယ် သမားအများမှာ အနစ်နာခံကြရသဖြင့် သူဌေးသည် သူ့ခင် မဟုတ်၊ ထို့အတူ လခကြီးစား ရာထူးရာခံကြီးများ အတွက် ဆင်းရဲသား တိုင်းသူပြည်သားအလုပ်သမားများက အခွန်အ တုတ်အားဖြင့် ထောက်ပံ့ကြရသဖြင့် ၎င်းလခကြီး စားများ သည် အရှင်သခင်များမဟုတ်ကြ။ ရေနံ၊ ကုန်သည်၊ ပဲစား များမှ ဆင်းရဲသားနှင့် လခကြီးစား သူဌေးများ စပ်ကြား၌ နေလျက် ဖြတ်စားလတ်စား လုပ်နေသူများသာ ဖြစ်ကြသဖြင့် ထိုသူများလည်း တိုင်းပြည်၏ အရှင်သခင်များ မ ဟုတ်ကြ။ တိုင်းရေးပြည်ရေး သဘောအရဖြင့်သာ ဗမာတမျိုးသား လုံး သည် အခွန်အတုတ် ထမ်းဆောင်နေကြသူများ ဖြစ်ကြ၍၎င်း၊ မြေပြည်သား တိုင်းရင်းသားများ ဖြစ်ကြ၍၎င်း၊ ဗမာပြည် က အပ်စီးလာခဲ့သူများဖြစ်ကြ၍၎င်း၊ အရှင် သခင် များ ဖြစ် ကြသည်ဟု ယူဆရပေသည်

စီးပွားရေးသဘောအရကိုဆိုခဲ့သည်ရှိသော်၊ မည်သည့်တိုင်း ပြည်တွင်မဆိုအလုပ်သမားနှင့်လယ်သမားများသာလျှင် တိုင်း ပြည်၏ အရှင်သခင်များ ဖြစ်ကြောင်း၊ဝန်ခံရပေမည်၊ အခြား အသက်မွေးဝမ်းကျောင်း လုပ်စားသောက်သူများမှာ လခ ကြီးစား သူဌေးများနှင့် ၎င်းတို့အားမှီခိုခြင်းဖြင့်၎င်း၊ ထောက် ခံအားပေးခြင်းဖြင့်၎င်း၊ နေထိုင်ခါ ဖြတ်စားလတ်စား လုပ်နေ သူများသာ ဖြစ်ကြလေသည်။

## ဘုရားကားအောက် မျောက်ကားအထက်ခေတ်

တိုင်းပြည်၏လူများစုသည် အလုပ်သမားနှင့် လယ်သမား ဖြစ်ကြကြောင်း၊ ၎င်းလူများစုသည် တိုင်းပြည်၏ အရှင်သခင် ဖြစ်ကြကြောင်း၊ အတော်အသင့် ရှင်းလင်းဘော်ပြ ခဲ့ပေပြီ။ ယခုခေတ်သည် ဓနခေတ်ကြီးဖြစ်နေသဖြင့် ဓနဥစ္စာ ပေါများ ကြွယ်ဝ သူများသာလျှင် လူ့အခွင့်အရေးကို ကောင်းမွန်စွာ စံစား ခံစားနိုင်လျက် လူဖြစ်ကျိုးနပ်ရလေသည်။ နေရာတကာ အရေးပါ အရာရောက်ရလေသည်။ လူတင့်ကျယ် လုပ်နိုင်လေ သည်။ အများ၏ချီးကျူးခြင်း အသိအမှတ်ပြုခြင်းများကိုခံရ လေသည်။ သို့ရာတွင် ဤကဲ့သို့လူတင့်ကျယ်လူရေလည်လုပ်နိုင် သူများမှာ တိုင်းပြည်၏ လူနည်းစုများသာဖြစ်ကြလျက် လူ များစုအလုပ်သမားနှင့် လယ်သမားများမှာမူ ဆိုခဲ့သည့် လူ နည်းစု ဂုဏ်မောက်သူတို့အတွက် သွေးသား စုတ်ထုတ်ခြင်းကို သာ ခံစားကြရရှာလေသည်။

ထို့ကြောင့် လူများစုအလုပ်သမားနှင့် လယ်သမားတို့မှာ ကျွန်နွားနှင့်ဘက်ခါ အလုပ်ကြမ်းများကို နေ့ပမိုးရွာ မရှောင် လုပ်ကိုင်ကြရသော်လည်း၊ မိမိတို့၌ ရသင့်ရထိုက်သော လုပ်ခ တန်ဘိုးကို မရကြသဖြင့် အစားအဝတ် အနေအထိုင်နှင့်တကွ ပညာရေးမှစ၍ လူတို့၏ခံစားအပ်သည့် အခွင့်အရေး အားလုံး ချို့တဲ့ရလေသည်။

၎င်းတို့ချို့တဲ့ရသဖြင့် ဆင်းရဲသားအများမှာ မကောင်းမ ဒုစရိုက်များကို နေ့စဉ်နှင့်အမျှ ကျူးလွန်မိကြ၏။ အကုသိုလ်



[illegible]ားများရာ ရောက်တော့၏။ အစားအဝတ် အဆောက် အဦမပြည့်စုံ၊ ပညာမပြည့်စုံသ ဆင်းရဲသားသည် သ တ ပါး ဥစ္စာကို ခိုးရန်မကြောက် လုရန်မကြောက်၊ လိမ်လည်ပြောဆို [illegible]လည်း ကြောက်မည်မဟုတ်၊ မိမိအသက်ရှင်ရန် အတွက် လူ ဖြစ်သည့်အားလျော်စွာ တနည်းနည်းဖြင့် တရားသည် မတရား သည်ကို မစူးစမ်းမဆင်ခြင်နိုင်ဘဲ ကြံဆောင် အားထုတ်မည် သာဖြစ်၏။

အစားအဝတ် အဆောက်အဦ ပညာအစရှိသည်ထက်ပိုမို ၍ ပြည့်စုံနေကလည်း အပျော်ကြူးလျက် စည်းစိမ်ရစ်မူးခြင်း ဖြင့်အကုသိုလ်ဖြစ်ရပြန်၏၊ ထို့ကြောင့်ဤ ကမ္ဘာလောကအတွင်း ရှိ မည်သည့်တိုင်းပြည်မဆို တိုင်းသူပြည်သားအချင်းချင်း အ တန်းအစားခြားနားလှက အကုသိုလ်ဒုစရိုက် များပြားရမည် သာဖြစ်၏။

တိုင်းသူပြည်သားအများမှာ လူ့အခွင့်အရေးကို ကောင်း မွန်စွာ မခံစားကြရဘဲ လူဖြစ်ကျိုးရှုံးကြလျက် ကြီးပွားတိုး တက်ခြင်းနှင့် ဝေးသည်ထက် ဝေးကြရမည်သာဖြစ်၏။ ထို့အ ပြင် ဖိနှိပ်ခြင်းသွေးစုတ်ခြင်းကို ခံစားနေကြရသူ လူများစု အလုပ်သမား လယ်သမားများနှင့် ဖိနှိပ်ကာ သွေးစုတ်နေသူ လူနည်းစု၊ ဖြုတ်စား လုတ်စားသမားများသည် ဤကဲ့သို့ အ တန်းအစားကွဲပြားလျက် တဦးကိုတဦး ဖိနှိပ်နေသမျှ ကာလ ပတ်လုံး ချမ်းသာယာဘယ် အကြောင်းမရှိ။

အတိုက်အခံ အာဃာတသဘောမျိုး အမြဲဝင်စားကြလျက် တနေ့နေ့၌ နစ်ဘက်သော်၎င်း၊ တဦး တဘက် သော် ၎င်း၊ ပျက်စီးရမည်သာဖြစ်ချေ၏။ အဘယ်ကြောင့်နည်းဟူမူ ဘုရား

ကားအောက် မြောက်ကားအထက် ဆိုသည့် စကားကဲ့သို့ တိုင်းပြည်၌ အရေးပါအရာရောက်လျက်ရှိနေကြသော လူများစုအလုပ်သမား လယ်သမားတို့၏ စားရေး ဝတ်ရေး ထိုင်ရေး ပညာရေးအစရှိသည်တို့ လျစ်လျူရှုကာ ပေါ်သစာ အရေးပေးလျက် လူနည်းစုတို့၏ စားမှုအရေးကိုသာ အဓိက ပထမထားနေခြင်းကြောင့်ဖြစ်လေသည်။

## တိုင်းပြည်၏လူများစုသည် ဘယ်သူနည်း

တိုင်းပြည်အတွင်းရှိ တိုင်းသူပြည်သားအများ၊ အစားအဝတ်၊ အနေ၊ အထိုင်၊ ပညာသင်ကြားမှု အစရှိသည်တို့ ပြည့်စုံဖလိုစွာ ခံစားလျက် ကာလသဘာရား ပွဲများနိုင်ခြင်းသည်ပင်လျှင် ၎င်းလူမျိုးနှင့် တိုင်းပြည်ကြီးပွားသည်မည်၏။ မည်သည့်တိုင်းပြည်တွင်မဆို လူများစုသည် ဘယ်သူနည်းဟု စစ်ကြည့်လတ်သော် အလုပ်သမားနှင့် လယ်သမားများသာလျှင် လူများစုဖြစ်ကြသည်ကို တွေ့ရလေသည်။

ထို့ကြောင့် တိုင်းပြည်တခုကြီးပွားသည်ဟု ပြောဆိုရာ၌ ၎င်းတိုင်းပြည်၏ လူများစုဖြစ်ကြသည့် အလုပ်သမားနှင့်လယ်သမားများ ကြီးပွားသည်ဟု မှတ်ယူရပေမည်။ အကြင် တိုင်းပြည်တခုတွင် အလုပ်သမားလယ်သမားများ၏ စားရေး ဝတ်ရေး၊ နေထိုင်ရေး၊ ပညာရေး အဆင့်အတန်းသည် မြင့် မြတ်ကောင်းမွန်အံ့၊ ထိုတိုင်းပြည်သည် ဧကန်မုချ ကြီးပွားနေသည် တိုင်းပြည်တည်း။



## တို့ပြည်ဘာကြောင့် မကြီးပွားရသနည်း

တို့ပြည်-တို့တာတွေ ဘာကြောင့် မကြီးပွားရသည် ဟူမူ တို့လူမျိုး တို့တိုင်းပြည်၏ အသက်သခင် ကျေးဇူးရှင်များ ဖြစ်ကြသည့် အလုပ်သမား လယ်သမားလူများစုတို့၌ စားရေး- ဝတ်ရေး- နေထိုင်ရေး- ပညာသင်ကြားရေးမပြည့်စုံ လန်စွာ ချို့တဲ့နေကြ၍ဖြစ်၏။ ဤကဲ့သို့ မပြည့်စုံ မလုံလောက် ဖြစ်ရခြင်းမှာ စီးပွားရေးအရ ဓနရှင်ကြီးများနှင့် ၎င်းတို့အား ကူညီထောက်ပံ့နေကြသည့် ဖြုတ်စားလုတ်စား သမားများ၏ သွေးသားစုတ်ထုတ်ခြင်းကို အစဉ်မပြတ် ခံစားနေကြရ၍၎င်း၊ နိုင်ငံရေးအရ ဓနရှင် နိုင်ငံချဲ့သမား ဗြိတိသျှတို့၏လက်အောက်၌ ကျွန်သဘောက် ကျရောက်နေကြ၍၎င်း၊ ဖြစ်ရလေသည်။

## တို့ရန်သူများ

တို့ပြည်၏ကြီးပွားရေးလမ်းတွင် မည်သူသည် တို့တာတွေ၏ အကြီးဆုံးသော အနှောက် အယှက်နည်း။ တို့လူမျိုးအား ဓနရှင်ဝါဒအရ သွေးသားစုတ်ခြင်းစနစ်နှင့် နိုင်ငံချဲ့ဝါဒအရ ရုံး၊ ကျောင်း၊ ပုလိပ်ဌာန စစ်တပ်၊ ထောင်တို့ကိုသာအားကိုးလျက် ငါတို့အပေါ်၌ ဖိနှိပ်ချုပ်ချယ်နေသည့် လောဘကြီး နိုင်ငံချဲ့ ဗြိတိသျှတို့၏ တဘက်သတ်နည်းစနစ်များသည်ပင်လျှင် တို့တာတွေ၏ အကြီးဆုံးသော အနှောက်အယှက်များ၊ ရန်သူများဖြစ်လေသည်။ တနည်းအားဖြင့် ၎င်းတို့သည်ပင်လျှင် လူများစု ငါတို့အလုပ်သမားနှင့် လယ်သမားတို့၏ အကြီးဆုံးသော ဘေးရန်များ ဖြစ်လေသည်။

## ထိုရန်သူများကို မည်သို့ တွန်းလှန်ကြအံ့နည်း

ငါတို့သည် ယခုအခါ ရန်သူများကို သိကြပြီ။ ၎င်းရန်သူများကို မည်ကဲ့သို့ တွန်းလှန်ပြိုဖျက်ကြအံ့နည်း။ နက်နဲစွာ ငါတို့ စဉ်းစမ်းဆင်ခြင်ရန် အချိန်သည် ယခု အချိန်တည်း။ ရှေးရှေးက ငါတို့သည် ရန်သူကိုရန်သူမှန်းမသိ၊ မိတ်ဆွေကို မိတ်ဆွေမှန်းမသိဘဲ နေကြသဖြင့် ငါတို့၏ ကြိုးပမ်းချမ်းသာမှုကိစ္စကြီးသည် မအောင်မြင်ဘဲ ဖြစ်ခဲ့ရလေပြီ၊ ငါတို့ အဓိကထားအပ်သည့် လူများစုအရေးကို လျစ်လျူရှုလျက်၊ လူနည်းစုအရေးကလေးကိုသာ အဓိကထား၍ နိုင်ငံရေးရာတွင် ဆောင်ရွက်ခဲ့ကြသဖြင့် ခေါင်းဆောင်ညာ၊ ခေါင်းဆောင်ဝါ၊ ခေါင်းဆောင်ဗလချာများ ထွန်းကားလျက် အရေးမလှ ဖြစ်ခဲ့ကြရလေပြီ။

ငါတို့သည် လူနည်းစုနေရင်နှင့် ဖြတ်စား လုပ်စားသမားများကိုသာ လူမှတ်ခါ အရေးပေးခဲ့ကြသဖြင့် လူများစုအလုပ်သမားများနှင့် လယ်သမားများမှာ တနေ့တခြား လူချင်းမတူ ဖြစ်ခဲ့ရသည်ကို သတိတရားကြီးစွာ ရချိန်တန်ပြီ။ ဤသို့ သတိရကြပြီးနောက် ထိုရန်သူများကို တွန်းလှန်ကြရန် အားအင်စုဆောင်းကြရတော့မည်။ ထို၏အင်အားသည် ဘယ်အပေါ်မှာတည်သနည်း။ စိစစ်လတ်သော် လူများစု အပေါ်တွင် တည်နေပေသည်။

၎င်းလူများစုသည် ဘယ်လူနည်း။ အလုပ်သမားနှင့် လယ်သမားများသာတည်း။ ထိုသတိသာလျှင် တိုင်းပြည်၌ အရေးပါ အရာရောက်သောသူများ ဖြစ်ကြ၏။ တိုင်းပြည် အတွက်



အနစ်နာခံရမည့်အခါတွင် စည်းစိမ်ဥစ္စာကိုအပထား ထောင်တန်း၊ ကြိုးစင် သေနတ်ဝ အစရှိသည့် ကိုယ်ခန္ဓာအားနစ်နာစေမှုများကိုပင်လျှင် အရေးမထားသူများဖြစ်ကြ၏။

ဤသို့ရေးသားရခြင်းသည် အလုပ်သမားနှင့် လယ်သမားအား တဘက်သတ် မြှောက်ထိုး ပင့်ကော် ရေးသားရခြင်း မဟုတ်။ အမှန်စင်စစ် အနစ်နာခံရသူများဖြစ်ကြ၍ ရေးသားရခြင်းဖြစ်၏။ တို့ပြည်၏ အတိတ်နိုင်ငံရေး အဖြစ်အပျက်ကို တွေးတောကြည့်က တို့လူမျိုး ဆင်းရဲသား အလုပ်သမားနှင့် လယ်သမားများသည် မည်ရွေ့မည်မျှ နိုင်ငံခဲ့၊ ဗြိတိသျှတို့၏ ပစ္စည်း သိမ်းဆည်းခြင်း၊ ချုပ်ချယ်ခြင်း ခံကြရသနည်း။ သာယာဝတီ သပန်တွင် မရေတွက်နိုင်သော လယ်သမားများသည် ကြိုးစင် သေနတ်ဝနှင့် စစ်အမြောက်ဝများ၌ မည်သို့မည်ပုံ အသက်ဆုံးရှုံးခံသွားကြရသနည်း။ အစရှိသည်တို့ကို တွေးတောကြည့်က ကောင်းစွာသိနိုင်ပေသည်။

ဤမျှ ဤမျှ အနစ်နာခံကြရသည့် အလုပ်သမားနှင့် လယ်သမားများမှာ ပညာဉာဏ် အမြော်အမြင် နည်းကြသဖြင့်အကျိုးခံစားခွင့် အရပ်ရပ်တို့ကိုကား မိမိတို့ လုံးဝမခံစားရ။ မဆီမလျော် မလျော်ကန်ပတ်သည့် ဖြတ်စား လုပ်စား ခေါင်းဆောင်အမည်ခံ လူတစုလောက်သာ အကျိုးခံစားခွင့် ရရှိနေသည့်အကြောင်း ပြန်ပြောင်းတွေးတောကြည့်က ထင်ရှားလှကြောင်း။

ထို့ကြောင့် ရန်သူဟူသမျှကို တိုက်ခိုက်၍ ဖြိုဖျက်ရန် အားအင်ကို စုဆောင်းကြရမည်။ တိုဘတွေ၌ လူအား၊ ငွေအား အကြံဉာဏ်အား၊ အနစ်နာခံနိုင်ခြင်းအား၊ စွန့်စားခြင်းအား

အရပ်ရပ်တို့ပြည့်စုံစေရန်အတွက် တိုင်းပြည်၏အရှင်သခင်များဖြစ်ကြသည့် အလုပ်သမားနှင့် လယ်သမားတို့၏ အရေးကို ပထမအဓိကထားလျက် ထိုသတို့၏စည်းလုံးမ နိုးကြားမှု ပညာဗဟုသုတ တိုးပွားမှုတို့ကို အပြင်းအထန် စနစ်ကျကျ သံသမမ ဆောင်ရွက်ကြရမည်သာတည်း။

ဤနည်းအားဖြင့်သာ လိုအပ်သည့်အားအင်တို့ကို ပြည့်စုံစေလျက် တိုင်းပြည်နှင့်တကွ ကမ္ဘာလောကကြီးကုပါ နှိပ်စက်ညှင်းပန်းနေသည့် ဓနရှင် နိုင်ငံချဲ့ဝါဒကြီးကို ဖြိုဖျက်ခါ ဆင်းရဲသားအများ အကျိုးခံစားခွင့် ရစေရမည်။ ဆင်းရဲသားလောက၊ ဆင်းရဲသားခေတ်ကြီးကို တည်ထွင်နိုင်ပေမည်။

**သခင်လေးမောင်**

# ဆိုရှယ်လစ်ဝါဒနှင့် ဗမာရာဇဝင်

**ရေးသူ—သန်းထွန်း**

(၁)

ဗမာပြည်၌ ဆိုရှယ်လစ် ဝါဒဟု ပြောဆို လာကြသည်မှာ မကြာသေးပေ။ ရှေးအခါကပင် လူငယ်များ ပြောဆိုလာခဲ့ကြသော်လည်း ၁၉၃၆-ခု၊ ဧပြီလတွင် အိန္ဒိယပြည် လတ်ကနော်မြို့ ကန်ဂရက် အစည်းအဝေးကြီး၌ ဥက္ကဋ္ဌ ပန်ဒစ်ဂျဝါဟာလာနေရူးက ဆိုရှယ်လစ်ဝါဒသာလျှင် ကမ္ဘာ့ ပြဿနာများကို ဖြေရှင်းနိုင်သည်ဟု ပြောဆိုသည့်အခါမှ စ၍ သာ၍ အပြောအဆိုများလာတော့၏။

ဆင်းရဲသားအတွက် အကျိုးဆောင်ခြင်းကိုလည်း ဆိုရှယ်လစ်၊ ဆင်းရဲသားအကြောင်းရေးခြင်း၊ ပြောခြင်းကိုလည်း ဆိုရှယ်လစ်၊ စသည်ဖြင့်ယူဆကြ၏။

အချို့ကလည်း ဆိုရှယ်လစ်ဆိုတာ မဖြစ်နိုင်ဘူးဟု၍ တတစ်ချို့ ပြောကြ၏။ ဆိုရှယ်လစ်ဆိုတာဘာလဲဟု တဆင့်တက်၍

မေးပါက ကျကျနန မဖြေတော့ချေ။ ဖြေပါကလည်းလုံတိုင်းပြောနေကျစကားမျိုးသာကြားရ၏။

အချို့ကလည်း ဆိုရှယ်လစ်ဝါဒသည် ဘာသာတရားနှင့်ဆန့်ကျင်သည်ဟု ဆိုကြ၏။ ထိုသို့ဆိုသူများပင် ဘာသာတရား၏ သဘောကို ကျကျနနသိသူမတွေ့ရ၊ ဆိုရှယ်လစ်ဝါဒ၏ အဓိကရည်ရွယ်ချက်သည် ဘာလဲဟူပင် မစူးစမ်းတော့၊ ဝါးလုံးရှည်နှင့် သိမ်းလိုက်ခြင်းမျှသာ ဖြစ်ပေ၏။

ဆိုရှယ်လစ်ဝါဒမှာ စင်စစ်အားဖြင့် တိုင်းရေး ပြည်ရေး စီးပွားရေးတို့နှင့်သာ သက်ဆိုင်သော ဝါဒလည်း မဟုတ်ပေ။ လူတို့၏တွေးပုံခေါ်ပုံ၊ စိတ်နေစိတ်ထား သဘာဝမှ ပြောင်းလဲပုံ၊ ရာဇဝင်၏သဘောတရား၊ အတိတ်ပစ္စုပ္ပန်၊ အနာဂတ်၊ အားလုံးနှင့် သက်ဆိုင်သော ဝါဒဖြစ်၏။

(၂)

ဆိုရှယ်လစ်ဝါဒ၏ ပဌမအခြေခံကား ရာဇဝင်၏သဘောတရားကို လေ့လာခြင်းပင်ဖြစ်၏။ရာဇဝင်ဆိုသောစကားသည် ရာဇဝံသ ဟူသောစကားမှ ဆင်းသက်လာသဖြင့် မင်း ဆွေမင်းမျိုးတို့နှင့်သာ သက်ဆိုင်သကဲ့သို့ ဖြစ်နေပေ၏။ ယခုအခါ ရာဇဝင်ဟုဆိုလျှင် ရှေးကအဖြစ်အပျက်လောက်ဟုသာ တွေးကြ၏။

ဆိုရှယ်လစ်ဝါဒအရဆိုလျှင် ရာဇဝင်ဆိုသည်ကား ရှေးကဖြစ်ပြီး ယခုဖြစ်ဆဲ အကြောင်းသာမက၊နောင်ဖြစ်လတ္တံ့သော အကြောင်းတို့ကိုပါ သက်ဆိုင်နေပေ၏။



ဗမာ ရာဇဝင်ကို သာမန်မျက်စိနှင့် ပြန်လည် သုံးသပ်ပါက ကပိလဝတ်ပြည်မှ အဘိရာဇာတို့ ပြေးလာခဲ့ပုံ၊ တကောင်းပြည်ကြီး တည်ထောင်ပုံ၊ မြတ်စွာဘုရား လက်ထက် ဝိဋ္ဋူဍဘ ဘေးရန်ကြောင့် ဓဇရာဇာတို့ ပြေးလာပုံ၊ ဒုတိယတကောင်းပြည် တည်ထောင်ကြပုံ၊ စန္ဒသူရိယ မဟာသမ္ဘဝ၊ ဘေဒါရီနှင့် ရသေ့ပြည်တည်ထောင်ကြပုံ၊ ပျူ-ကမ်းယံ၊သက် တို့ တဲ့ ပြီးနောက် သမုဒ္ဒရာဇ်မင်း ရှာ(၁၉)ရာကပေါင်းစုကာပုဂံပြည် တည်ထောင်ပုံ၊ ပျူစောထီး ငက်ကြီးခွင်းပုံ၊ အလောင်းစည်သူ တိုင်းခန်းလှည့်လည်ပုံ၊ နရသီဟပတေ့မင်း ဟ ်းခွက် သုံး ရာ စားပုံ၊ တရုပ်တို့ချီတက်လာသဖြင့် အောက်ပြည်သို့ပြေးပုံ၊စစ်ကိုင်း၊အင်းဝ၊ပင်းယတွင် တိုင်းသစ်ပြည်သစ်တည်ထောင်ကြပုံ၊ တပင်ရွှေထီး ပဲခူးကိုသိမ်းပြီး ယောက်ဖတော်ကျော်ထင်နော်ရထာနှင့် တိုင်းသစ်တူထောင်ပုံ၊ ဟံသာဝတီပါမင်း သက်ထက် တလိုင်းတို့ချီတက်တိုက်ခိုက်ပုံ၊ မုဆိုးဖိုမှ အလောင်း ဘုရားထပုံ၊ ရှင်ဖြူရှင်လက်ထက် တရုပ်တို့နှင့် လေးကြိမ်တိုက်ပုံ၊ ဘကြီးတော်ဘုရားလက်ထက် အင်္ဂလိပ်တို့နှင့်စစ်ဖြစ်ပြီး ရခိုင်တနင်္သာရီတို့ ပါသွားပုံ၊ ပဂံမင်းလက်ထက်သရက်မြို့ တောင်ငူမြို့အထိ အောက်မြန်မာပြည် ပါသွားပုံ၊ မင်းတုန်းမင်းဘုရားကြီး မိဖုရားများပုံ၊ အလယ်နန်းမတော်မိဖုရား သမက်တော် သီပေါမင်းသားကို နန်းတင်လိုသဖြင့် အခြားမင်းသားများကို လည်ဆယ်ပြီးသတ်ပစ်ပုံ၊ သီပေါမင်းကို စလေဒင် ခေါ်သွား ပြီး ရတနာဂီရိမြို့တွင် နတ်ရွာစံပုံ၊ စသည်တို့ကို တွေ့ရပေမည်။

ဆိုရှယ်လစ်ဝါဒအရဆိုလျှင် ဗမာရာဇဝင်ကို မင်း ဆွေမင်းမျိုးများအကြောင်းချည်းဟု သဘောမထားချေ။ အမျိုး

လေးပါးဟုဆိုအပ်သော ရဟန်း,မင်း,မှူးမတ်,သူဌေးသူကြွယ် တောင်သူလယ်လုပ် ဆင်းရဲသားတို့ တမျိုးနှင့်တမျိုး အာဏာ လုရာ စစ်တလင်းပေတည်းဟု ယူဆကြပေ၏။

(၃)

ရှေးဦးပထမ ဗမာပြည်တွင် တောတောင်နှင့် ပြည့်လျှက် နေခဲ့၏။ နေရာတကာတွင် စိမ့်ကြီးမြိုင်ကြီးများ ဖုံး လွှမ်းလျှက်ရှိပေ၏။ ဗမာပြည်၌ ပထမဦးဆုံး ရောက်လာသူ တို့မှာ ခက်ခက်ခဲခဲနေခဲ့ကြရ၏။ တောရိုင်း တိရစ္ဆာန်တို့၏ ဘေးရန်ကလည်း ကြီးမားလှသဖြင့် လက်နက်များကို ဖန်တီးလာကြရ၍ အပြင်အပ၏ရန်ကြောင့် စုရုံး၍နေကြသူတို့မှာ တသွေးတည်း တစိတ်တည်း ရှိခဲ့ကြ၏။

မြေပေါ်တွင် အလိုအလျောက် ပေါက်သော အနှံများ၊ သစ်သီးသစ်ဖုများကိုသာ သုံးခဲ့ကြရ၏။သားရဲတို့၏ဘေးရန်ကို အဆင်သင့်ကာကွယ်နိုင်ရန် သစ်ပင်,နွယ်,ချုံ ပိတ်ပေါင်းတို့ကို ရှင်းလင်းလာကြရ၏။

အနီးအနားပတ်လည်တွင် အလိုအလျောက် ပေါက်သော အသီးအနှံတို့ ကုန်ခမ်းလာသဖြင့် မိမိတို့၏ လက်လှမ်းဖြင့်လယ်ယာ စိုက်ပျိုးလာကြ၏။

ရှေးအခါက အလေ့ကျပေါက်သော အသီးအနှံကို အား လုံးဝိုင်းဝန်း စားသောက်ကြရာ၌ ဘုံပစ္စည်းသဘောထားကြ



သဖြင့် မည်သို့မျှမဖြစ်သော်သည်း၊ ယခုအခါ၌ ငါ လုပ်စာ သူ လုပ်စာ စသည်ဖြင့် ခွဲခြမ်းလာကြ၏။

ငါလုပ်သည့်လယ်နှင့် သူလုပ်သည့်လယ် ခွဲခြားမှု ဘဲ ဟု သဘောထားကာ မိမိတို့လယ်ကို ကန်သင်းတို့ဖြင့်၎င်း၊ ခြံကာခြင်းဖြင့်၎င်း၊ ခွဲခြားလာတော့၏။

ဤနည်းဖြင့် ငါဟာသူ့ဟာခွဲခြားသော ပုဂ္ဂလိကပစ္စည်းသည် ပေါ်ပေါက်လာတော့၏။ ပုဂ္ဂလိကပစ္စည်း အစဲအလမ်းကြောင့် ရှေးကတညီတညွတ်တည်း နေလာခဲ့ကြရသော လူတစုမှာ စိတ်ဝမ်းကွဲပြား လာကြတော့၏။

ရှေးအခါက ဗြဟ္မာကြီးများကဲ့သို့ အကျင့်ဖြူစင်သူများ အကြားဝယ် ခိုးမှုကမ်မှုတသည် ပေါ်ပေါက် လာ ကြ တော့၏။

အချင်းချင်း ပဋိပက္ခဖြစ်မှုတိုကို ပပျောက်စေရန် ရည်သန် ပြီးသကာလ တရားနှင့်အညီဖြစ်စေရန် ဆုံးဖြတ်စေရန်ဟုအကြီးအကဲတယောက်ကို တင်မြှောက်လာခဲ့ကြ၏။ ထိုသူအားမှုမမ ၏ ဝမ်းစာအတွက် ကိုယ်တိုင်လက်ရောက်မဆောင်ရွက်စေတော့ဘဲ အများအကျိုးကို သည်ပိုးရွက်ဆောင်သည်ဟု ယူဆကာ မိမိတို့လုပ်ငန်းမှ ဆယ်ပုံတပုံကို ထိုသူအား ဝိုင်းဝန်းပေးလာကြ၏။ ထိုအကြီးအကဲဖြစ်သူ သေဆုံးသည့်အခါ၌မှ နောက်ထပ် အကြီးအကဲတယောက်ကို ရွေးချယ်ရာ၌ အစမ်းရှိသူ အရည်အချင်းရှိသူကို ထပ်မံ၍မရွေးချယ်တော့။ ပဌမအကြီးအကဲဖြစ်သူ၏ သားတို့ကိုသာ ရွေးချယ်လာကြတော့၏။ ဤ နည်း ဖြင့် အစိုးရ မင်းဆွေမင်းမျိုးစသည်တို့ ပေါ်ပေါက်လာခဲ့၏။

(၄)

မင်းအစိုးရတို့သည် လတို့အပေါ်၌ ဩဇာ လွှမ်းမိုးနိုင်သော်လည်း လူတို့၏စိတ်ကို မလွှမ်းနိုင်ချေ။ တောတောင်ခြုံပိတ်ပေါင်းတို့၊ သားရဲတို့ဖြင့် ဝန်းရံခြင်းခံနေရသော လတို့၊ တောတောင်ခြုံပိတ်ပေါင်း တည်းဟူသော သဘာဝ တရားကြီးတို့ကြောက်ရွံ့လျက် နေကြပေတော့၏။ လတို့သည် ပညာဉာဏ်မျက်စိ နည်းပါးရကား သစ်ပင်ကိုးကွယ်၊ အသီးအနှံကိုးကွယ်ခြင်း စသည့်အမှတို့ကို ပြုလာကြကုန်၏။

အနည်းငယ်ပါးနပ်သော လတို့လည်း သတို့၏အသိဉာဏ်နည်းခြင်းကို အမိပြုခါ စားပေါက်ရှာလာကြကုန်၏။ ဒါတွေမကြောက်ကြနဲ့၊ ဒါတွေပျောက်အောင် လုပ်ပေးမယ်၊ ငါ့ကို ကန်တော့ကြစသည်ဖြင့် ဆိုလာကြ၏။ ဤနည်းဖြင့် လတို့အသိဉာဏ်ပေးသော တနည်းအားဖြင့် လတို့၏ အသိဉာဏ်မဲ့ခြင်းကို အမိပြုပြီး စားလမ်းရှာသော လူတမျိုးသက်သက်ပေါ်ပေါက်ခဲ့၏။

မိမိတို့အချင်းချင်း မသင့်မြတ်သည်တို့ကို မင်းအစိုးရက ကာကွယ်နိုင်၏။ သို့ရာတွင် မိမိတို့၏ ဧရာမတန်ခိုးကြီးလှသော သဘာဝဓမ္မတို့၏ ဘေးရန်ကိုမူ ရဟန်းပုဏ္ဏားခေါ်သူတို့က သာ ကာကွယ်နိုင်၏။ ဤသို့အားဖြင့် လူတို့အပေါ်တွင် မင်းဆရာဖြစ်သော ရဟန်းပုဏ္ဏားတို့က မင်းအစိုးရထက် ဩဇာလွှမ်းမိုးလျက် နေပေတော့၏။

ရဟန်းဆိုသူတို့သည် တံခွန်- ရေချိုး- မီးလှံ- စသည် ထူးမြတ်သော အကျင့်ကြီးများ ကျင့်ကာ လတို့အား တရား



ဒေသနာ ဖြန့်ဖြူးလာကြ၏။ လက်ထပ်ခါနီးဆဲဆဲ အမျိုးသမီးတို့အားလည်း လက်မထပ်မီ တညတွင် ပန်းဦးပန်ရန် မိမိတို့ထံ လွှတ်စေခဲ့၏။

(၅)

အသိဉာဏ်ရှိသော မင်းတို့သည် ရဟန်းဆိုသူတို့က မိမိတို့၏ ဩဇာကိုအလွဲသုံးစား ပြုနေကြောင်း ရိပ်မိလာကြကုန်၏။ သို့ရာတွင် မိမိတို့ ဩဇာထက် ရဟန်းတို့ဩဇာကို ကြီးမားလာသဖြင့် မည်သို့မျှ မလုပ်ရဲကြ။

အနော်ရထာမင်းစောသည် ငယ်ရွယ်စဉ်ကပင် ရှင်ရဟန်းဆိုးတို့၏ ဩဇာအာဏာကို ဖြိုဖျက်အံ့ဟု စိတ်ပိုင်းဖြတ်ခဲ့၏။ အထင်ရှားသိရောက်သည့်အခါ၌ ဩဇာကို ဖြိုဖျက်သည့် နည်းလမ်းများရှာတော့၏။ ရှင်အရဟံနှင့် တွေ့သည့်အခါမှစ၍ အရည်းကြီး ရဟန်းတို့ ဩဇာကို အဆုံးသတ် ဖြိုဖျက်ခဲ့ လေတော့သတည်း။ ထိုအခါမှစ၍ လူသူတို့အပေါ်တွင် မင်းဆွေမင်းမျိုးတို့၏ ဩဇာသည် လွှမ်းမိုးလာပေတော့သတည်း။

ရဟန်းတို့လည်း ခိုကိုးရာမဲ့၊ ဩဇာမဲ့ ဖြစ်ကြရာ အကျင့်ကောင်း ကျင့်လာကြကုန်၏။ သို့ရာတွင် မင်းဆွေမင်းမျိုးတို့ကို သင်ကြားပြသသူ မင်းဆရာဘုန်းကြီးက လတို့၏ အပေါ်တွင် ဩဇာလွှမ်းမိုးမြဲ လွှမ်းမိုးနေသေးတော့၏။ သို့ရာတွင် မင်းအစိုးရတို့လောက် အာဏာ မရှိတော့ပေ။

ရှေးအခါက တိုင်းသူပြည်သားတို့၏ ဆန္ဒနှင့် အာဏာရှင်အဖြစ် ရောက်သူ မင်းတို့လည်း ယခုအခါ မြေပိုင်-ရေပိုင် ဖြစ်

လာကြကုန်၏။ ရှင်ဘုရင်တို့အား ရေမြေရှင်ဟု၍ ခေါ်ဝေါ် သမုတ်ကြကုန်၏။

မင်းလုပ်သူလည်း အပြောကျယ်လှစွာသော တိုင်းပြည်အား မိမိတဦးတည်း မအုပ်ချုပ်နိုင်။ မြေယာကို စိပ်ခွဲကာ လုပ်ကြံဘက်ဖြစ်သူတို့အား အသီးသီး ခွဲဝေ၍အုပ်ချုပ်စေ၏။ နယ်စား၊ မြို့စား၊ ရွာစားတို့၏တာဝန်ကား အရေးအကြောင်း ပေါ်ခဲ့သော် ရှင်ဘုရင်အား စစ်သားမည်၍မည်မျှ ပေးရန် အခွန်အတုတ်ကိုလည်း သင့်သလျော်သလို ဆက်သရန် တခါ တရံ ညီလာခံဝင်ရန် သမ်းကညာဆက်သရန် လောက်သာဖြစ်၏။ ရှင်ဘုရင်သည် ရေမြေ့ရှင်ဟု ဆိုစေကာမူ စင်စစ်အားဖြင့် ပဒေသရာဇ်ကလေးများဖြစ်သော မြို့စားနယ်စားတို့သည် တကယ့် ရေမြေ့ရှင်များဖြစ်၏။ မိမိတို့ပင်လျှင် သက်ဦးဆံပိုင် အာဏာရှင်ကလေးများဖြစ်ကြ၏။ မိမိတို့ဘာသာ လယ်ယာ လုပ်ကိုင်စားသောက်သော သဘိသည်ငှင်း၊ ပညာနှင့်အသက် မွေးသော သဘိသည်ငှင်း၊ အားလုံးရေမြေ့ရှင်များ၏ ကျေးတော်မျိုးကျွန်တော်မျိုးများဖြစ်ကြ၏။ ရှင်ဘုရင်လုပ်သူ မင်းဆွေမင်းမျိုး မြို့စား နယ်စား တကာ ငါဟသော အသုံးနှုန်း သုံးကြစေကာမူ မိမိတို့ အစမ်းဖြင့် နဖူးမချေး ခြေမကျ အောင် လုပ်ကိုင်စားသောက်ရသူများက ဘုရား ကျွန်တော် မျိုးစသည်ဖြင့် သံတော်ဦးတင်ကြရကုန်၏။

မင်း၊ မှူးမတ်၊ မြို့စား နယ်စားတို့လည်း မဟာကုသိုလ် တော်ကြီးများ ရလိုသဖြင့် ဘုရား ကျောင်းကန် တန်ဆောင်း တို့ တည်ဆောက်ကြ၏။ သို့ရာတွင် ကိုယ်တိုင် ဘာမျှမလုပ်ကြ။ တိုင်းသူပြည်သားတို့မှာ မိမိတို့ ဝမ်းစာအတွက် လုပ်သည့်



အလုပ်အကိုင်များကိုဖျက်ခါ ဘုရင်မင်းမြတ်များ ဘုရား တကာဘွဲ့ခံယူစေရန် လာရောက် တည်ပေးကြကုန်၏။

သေသည့်အခါများ၌ ဘုရင်မင်းမြတ်သည် နတ်ရွာလား ကြကုန်၏။ တိုင်းသူ ပြည်သားတို့မှာ ဘယ်ရောက်သည်ဟု၍ ရာဇဝင်များတွင် မတွေ့ရ။

သို့ခေတ် ထိုအခါက ထွန်းကားသော စာပေတို့မှာလည်း ရှေးဘုရင်အကြောင်း၊ မိဖုရားအကြောင်း၊ မင်းသမီး အကြောင်း၊ နန်းတော်အတွင်း မည်ကဲ့သို့ နေကြပုံ၊ ဘုရင် ကောရာဇ်ကြီး ယိုးဒယားသို့ ချီတက်စသည်တို့ကိုဖွဲ့ကာ သီဆို ထားကြကုန်၏။

ပဒေသရာဇာရေး၊ ထန်းတကာသမားအကြောင်း၊ စလေ ဦးပုညရေး ကာကဝလိယတ်အကြောင်း ဆိုသည်မှာလည်း အနန်းတရာမှ တခါပေါ်သည့် စာမျိုးသာဖြစ်၏။ သို့ရာတွင် ထိုစာတို့မှာ အာဏာရှင်များက သနားတတ်ပုံတို့လောက်သာ တွေ့ရ၏။ ဆင်းရဲသည် ဆိုသည်မှာလည်း ဘဝကအကုသိုလ် ကြောင့် ဆင်းရဲတာ ဟူသောသဘော သက်ရောက်စေသည့် စာမျိုးပင်ဖြစ်၏။ အာဏာရှင်များက အခွင့်ခိုးပုံ၊ ဆင်းရဲ သားတို့အား အသိဉာဏ်ပိတ်ပင်ထားပုံတို့ကို မတွေ့။

ကျဉ်းနည်းအားဖြင့် မင်းဆွေမင်းမျိုးတို့ လမ်းမိုးလာလိုက် သည်မှာ သီပေါမင်းတရားလက်ထက်တိုင်တိုင်ဖြစ်၏။

ရှမ်းပြည် ရှမ်းရွာတို့၌မူ ဤကဲ့သို့ စံနစ်မျိုး ယခုထက်တိုင် လမ်းမိုးလျက်ပင်ရှိသေး၏။ စော်ဘွားအမျိုးအနွယ်တို့ကို သခင် သခင်မဟူ၍ငှင်း၊ သံတော်ဦးတင်ကြရ၏။ စော်ဘွားများက

မိမိတို့နယ်တွင်းရှိတောင်သူလယ်လုပ်တို့အားခေါ်လျှင် ဘုရားထူးကြရ၏။

ဗမာပြည်၌ အစိုးရအရာရှိများ ဘုရားထူး ခံနေကြခြင်းကား ကန့်လန့်ခံပြုးသော မင်းဆွေမင်းမျိုးခေတ်၏ ထုံးစံကို အမွေခံခြင်းမျှဖြစ်၏။ ဗမာရှင်ဘုရင်တို့၏ အသားယမကြောင့် ကျိုးနွံလျက်ရှိနေသော ဗမာလူမျိုးတို့၏ စိတ်ခံတော်ကို မိမိတို့ အကျိုးရှိစေရန် အသုံးချကြခြင်းမျှသာဖြစ်၏။

(၆)

သီပေါမင်း အင်္ဂလိပ်လက်ပါသွားပြီးနောက် ဗမာပြည်သို့ မနေရှင်စံနစ်ဆိုက်ရောက်လာခဲ့၏။

မနေရှင်စံနစ် ဆိုက်ရောက်သည်ဆိုစေကာမူ ရောက်စသာဖြစ်သေး၏။ အဆုံးတိုင်ရောက်သေးသည်မဟုတ်။

အင်္ဂလိပ်မင်းအစိုးရသည်အခါမစ၍ မင်းဆွေ မင်းမျိုးတို့လိုလားသည့် စိတ်ခံတော်မှာ တဖြည်းဖြည်း နည်းပါးလာခဲ့၏။ ဗမာပြည်၌ သြဇာလွှမ်းမိုးလာသူတို့မှာ ကုန်သည်မျိုး သူဌေးသူကြွယ်မျိုးတို့သာလျှင်ဖြစ်၏။

သို့ရာတွင် ဗမာပြည်၌ သြဇာလွှမ်းမိုးနေသူတို့ အစစ်မှာ နိုင်ငံခြားသားမနေရှင်များသာဖြစ်၏။

နိုင်ငံခြားသားမနေရှင်တို့၏ နိုင်ငံခွဲ့အစိုးရကို ကြိုးကိုင်ကာ မိမိတို့ အမြတ်အစွန်းရမှုအတွက် ရေနံ၊ သစ်တော၊ ဆန်စပါး၊ သတ္တုတွင်းစသည်တို့မှာ အဆီအနှစ်ကို ထုတ်ယူကြကုန်၏။ တိုင်းသူပြည်သားတို့မှာ ရေးစိတ်ရေးမ ရှိသေးသည်တို့ကို ပြု



ပြုရန်စိတ်မကူးကြ။ တိုင်းသူပြည်သားတို့ စိတ်ပြောင်းလာပါက မိမိတို့အမြတ်အစွန်းရဘို့ လမ်းမရှိတော့သည်ကို သိကြ၏။

မျက်စိပွင့်လင်းလာသော ဗမာကန့်သည် ဗမာပညာတတ်တို့လည်း မိမိတို့စားကျက်ကို နိုင်ငံခြားမနေရှင်များ သိမ်းယူထားသည်ကိုသိသဖြင့် မိမိတို့ အခွင့်အရေးကို တောင်းဆိုလာကြ၏။

ဤကား ဗမာပြည်တွင် နိုင်ငံရေးလုပ်ငန်းပေါ်ပေါက်လာခြင်းပေတည်း။

အုပ်ချုပ်ရေးကို ဘယ်နေရာပြင်ပေးပါဟု တောင်းဆိုလာကြခြင်းကား မိမိတို့ စားလမ်းပေါက်ရန် တောင်းဆိုကြခြင်းဖြစ်၏။

ဗမာဆင်းရဲသားတို့အဘို့ရာမှာကား အထူးပြောဘွယ် မလိုပေ။ စားသောက်ရသည်မှာလည်း အဟာရဖြစ်စေသည့် အစာတို့ကို မစားရ။ နပ်ကျော်စားရသူတွေမှာလည်း အနုတကမထန်းလက်ကာ ကျူရိုးတင်ထပြီး နေကြရသူတွေ မှာလည်း ဒုန့်ဒေး။ အရက်ကိုဖုံးလွှမ်းစေရန် အပအဓမ္မ ကာကွယ်ရန် မျှတသည့်အဝတ်အစားများကို မဝတ်ကြရ။

တေးပုံ့ခေါ်ပုံ ပြောင်းလဲစေသည့် ပညာမျိုးကိုလည်း မသင်ကြားရ။ လက်ရှိအခြေအနေနှင့် တင်းတိမ်စေမည်နေရှင်များကို ကျေးဇူး တင်စေသည့် ပညာမျိုးသာ သင်ကြားရကုန်၏။

ခေတ်မှီသည့် သူနာပြုစုမှု မထွန်းကားသဖြင့်ကလေးသူငယ်တို့မှာလည်း မသေထိုက်ဘဲသေကြရကုန်၏။

ပညာတတ် အလုပ်လက်မဲ့၊ အလုပ်ကြမ်းသမား အလုပ်လက်မဲ့တို့မှာလည်း တနေ့တခြား ပေါများလာချေတော့၏။

လယ်ယာစိုက်ပျိုးလုပ်ကိုင်သတို့မှာလည်း တနှစ်လျှင် (၆) လခန့်သာအလုပ်လုပ်ရပြီး ကျန် (၆)လမှာ ခိုးခြင်းတိုက်ခြင်းဖြင့် အသက်မွေးလာကြ၏။

ငရဲတချက်ကြီးလှသော ဤဒုက္ခမှ လွတ်မြောက်ရန်နည်းကား ဗမာတမျိုးလုံးအား ဆင်းရဲဒုက္ခ ရောက်စေသော နိုင်ငံခြားသား နေရှင်ကြီးများနှင့် ၎င်းတို့အား အားပေး နေသော နိုင်ငံချဲ့စံနစ် လက်အောက်မှ ထွက်ခွာရန်သာဖြစ်တော့၏။

ဤသို့အားဖြင့် ဆင်းရဲသားအပေါင်းတို့လည်း နိုင်ငံရေးလုပ်သူတို့၏ နောက်သို့လိုက်ကြကုန်၏။ သို့ကြောင့်လည်း ရေးအခါက ဂျီ-စီ-ဘီ-အေ ထွန်းကားကြီးကျယ်ခဲ့ခြင်းဖြစ်၏။

နိုင်ငံချဲ့သမားတို့လည်း ဆင်းရဲသားတို့၏ ဘေးရန်မှရှောင်ခွာရန် ပညာတတ်များကို အလင်ပေးကြ၏။ ရာထူးပေးကြ၏။ ကန်ထရိုက်လေးများကို ရှယ်ယာအစုများပေးကာ နေရှင်ပေါက်စကလေးတွေဖြစ်အောင် ဖန်တီးပေးလာကြကုန်၏။

ဤနည်းဖြင့် အမျိုးသား လွတ်လပ်ရေး လုပ်ငန်းမှာ ဖရိုဖရဲဖြစ်လာခဲ့၏။ သို့ရာတွင် မကျေနပ်သေးသော သူများလည်း ဆက်လက်ဆူပူဆဲဖြစ်တော့၏။ အစဉ်သဖြင့်နာနေသော ဆင်းရဲသား ပစ္စည်းမဲ့ အိုးမဲ့ အိမ်မဲ့တို့လည်း လူဆူ လူပူတို့နောက် အမြဲလိုက်နာနေတော့၏။



(၇)

ဤအတိုင်းသာသွားခဲ့သော် တဖြည်းဖြည်း အင်အားကြီးလာသဖြင့် ဗမာပြည်သည် နိုင်ငံချဲ့စံနစ်၏ စက်ကွင်းမှ လွတ်မြောက်တော့အံ့။ နိုင်ငံခြားသား နေရှင်တို့ လက်အောက်မှ လွတ်မြောက်အံ့။

သို့ရာတွင် ဆင်းရဲသားတို့နှင့် ပူးပေါင်းပြီး တိုက်ခိုက်လာခဲ့သော ဗမာနေရှင်တို့သည် နေရှင်ကြီးများဖြစ်လာတော့အံ့။

ထိုအခါ၌ ဗမာနိုင်ငံသည် နေရှင်တို့ လွှမ်းမိုးသော နိုင်ငံဖြစ်လာအံ့။ သို့ရာတွင် တိုင်းပြည်တွင်း၌ ဆင်းရဲသားတို့မှာ ဆင်းရဲမြဲဆင်းရဲ၊ ငတ်မြဲငတ်နေသဖြင့် ဆင်းရဲသား ခေါင်းဆောင်အစစ်တို့သည် မိမိတို့ဆင်းရဲသားများအား အာဏာရေးအတွက် လှုံ့ဆော်ကြတော့မည်။

တနေ့တခြား လဦးရေများလာသော အလုပ်သမားများ လယ်သမားများနှင့် နေရှင်များ (ဗမာအချင်းချင်း) ပဋိပက္ခဖြစ်တော့မည်။ စစ်ပွဲများလည်း တိုက်ရပေမည်။

သို့ရာတွင် ဆင်းရဲသားတို့၏ အင်အားကြီးမားလာသဖြင့် နောက်ဆုံး၌ နေရှင်တို့ကိုဖြုတ်ချကာ ဗမာပြည်၌ ဆင်းရဲသားချင်း အစိုးရပေါ်ပေါက်လာလိမ့်မည်။

ထိုအစိုးရလည်း မိမိ၏ရန်သူဖြစ်သော နေရှင်များ နေရှင်ပေါက်စများကို အပြင်းအထန် နှိမ်နင်းရပေလိမ့်မည်။

နေရှင် အမျိုးပြုတ်သွားသည်နှင့် အလုပ်လုပ်သူချည်း နေသော တိုင်းပြည်ဖြစ်လာတော့အံ့။ လူတို့သည်လည်း အခြေ

အနေ ပြောင်းလဲလာသဖြင့် စိတ်နေစိတ်ထား ပြောင်းလဲလာကြတော့အံ့။

လူတို့တရားပြည့်ဝလာသည်နှင့် အစိုးရကိုလည်း လူတို့မလိုတော့။ အစိုးရလည်း အလို အလျောက် ကွယ်ပျောက်သွားတော့အံ့။

ဤကား ဆိုရှယ်လစ်ဝါဒအရ ဗမာရာဇဝင်ကို ကြည့်ပုံ တည်း။ ရှေးကဖြစ်လာခဲ့ပုံ၊ နောက်ဖြစ်မည့် အခြေအနေကို စူးစမ်းခြင်းပေတည်း။

(ဂ)

ရာဇဝင်၏သဘောတရားကို နားလည်ပါတယ်။ အခု ဘာလုပ်ရမလဲဟု ဆိုကြပေမည်။

ယခုအခါ၌ ဗမာတို့သည် ဗြိတိသျှ နိုင်ငံခြားစံနစ်၏ စက် ကင်းတွင်ရောက်နေပေ၏။

ဆိုရှယ်လစ်နိုင်ငံ (ဝါ) ဆင်းရဲသားမင်း၊ ဆင်းရဲသားချင်း နိုင်ငံတည်ထောင်ရန်မှာ ဖြစ်နိုင်သည်။ မဖြစ်နိုင်သည် အပထား၍ ချက်ခြင်းပြုလုပ်ရမည် လုပ်ငန်းမဟုတ်။

ဆိုရှယ်လစ်ဝါဒသမားတို့သည် ရာဇဝင်၏ သဘောတရားကို သိကြသူများဖြစ်သဖြင့် လက်ငင်းအလုပ်ကို လက်ငင်းလုပ်ကြ၏။ သို့ရာတွင် မိမိတို့၏ရည်ရွယ်ချက်ကို အမြဲကထားကြ၏။

ဆိုရှယ်လစ်ဝါဒသမားတို့သည် ဗမာပြည်တွင် လက် ငင်း အလုပ်ကား ဗြိတိသျှနယ်ချဲ့စံနစ်မှ လုံးဝလွတ်လပ်ရန်ဟု သိ



ကြ၏။ ဆိုရှယ်လစ်ဝါဒ၊ ကွန်မြူနစ်ဝါဒ စသည်ဖြင့် ကွဲပြားနေခြင်းကား ဝါဒပြန့်ပွားရေးသာဖြစ်၏။ ဆိုရှယ်လစ်ဝါဒသမားတို့သည် ဗြိတိသျှ နိုင်ငံခြား စံနစ်ကြီးတည်တန့်နေသမျှ ကာလပတ်လုံး ဆိုရှယ်လစ်နိုင်ငံ မတည်ထောင်နိုင်ဟု ကြ၏။

ဗြိတိသျှ နိုင်ငံခြား စံနစ်မှ လွတ်လပ်လိုသူတို့ ဖြစ်သည့် အတင်း လုံးဝလွတ်လပ်ရေး လိုလားသူတိုင်းနှင့် ပူးပေါင်းမည်ဖြစ်၏။

သို့ရာတွင် ဆိုရှယ်လစ်ဝါဒသမားတို့သည် အလုပ် သမား ဆင်းရဲသားတို့ကိုသာ အားကိုး၏။ နောင်အခါ၌ ဆိုရှယ်လစ်နိုင်ငံ တည်ထောင်ရာ၌လည်း အလုပ်သမား လယ်သမားများသာ တည်ထောင်မည်ဖြစ်၏။

ဗမာနေရှင်တို့သည် ဗြိတိသျှနိုင်ငံခြားတည်တန့်ရာ တည်တန့်ကြောင်း အလုပ်သမား လယ်သမားတို့၏ အင်အားပျက်စီးရာ ပျက်စီးကြောင်းလုပ်ပါက ဆိုရှယ်လစ်တို့သည် ဗမာလမျိုးဘဲဟု၍ကား ညှာတာပေမည်မဟုတ်၊ အပြင်းအထန် တိုက်ကြပေမည်။

သို့သော်လုံးဝ လွတ်လပ်ရေး လိုလားသော ဗမာနေရှင်တို့နှင့် ပူးပေါင်းမည်ဖြစ်၏။

ရာဇဝင်သဘောတရားအရဆိုလျှင် လုံးဝလွတ်လပ်ပြီးသည့်အခါ၌ ဗမာနေရှင်များနှင့် ဗမာဆင်းရဲသားတို့ အိုးစားကွဲရချေမည်။

ဗမာပြည် လွတ်လပ်ပြီးသည့်အခါ၌ မနေရှင်နိုင်ငံ အဖြစ် ကျန်ရစ်မည်လော။ သို့တည်းမဟုတ် ဆင်းရဲသားမင်း၊ ဆင်းရဲသားချင်း နိုင်ငံဖြစ်လာမည်လော။

ဤ ပြဿနာတို့ကား ယခုအခါ လွတ်လပ်ရေးတိုက်ပွဲတွင် ပါဝင်နေကြသော ဗမာမနေရှင်ပေါက်စတို့၏အင်အား ဗမာ အလုပ်သမား လယ်သမားတို့၏ အင်အားတို့အပေါ်တွင်တည် ရှိနေပေတော့သတည်း။

**သခင်သန်းထွန်း**

## လောကနိဗ္ဗာန်တည်ဆောက်နေသူ

## စတာလင်

ရေးသူ-**မောင်ဗဆွေ**

ကျောက်ပေါက်မာ သက် သက် နှင့် ခက်ထန် ကြမ်းကြုတ် သည်ဟု ထင်ရသော မျက်နှာပိုင်ရှင်စတာလင်၏ မို့ မောက်သော ရင်အုပ်အတွင်းတွင်၊ လူသတ္တဝါများကို လှိုက်လှိုက်လှဲ လှဲ သနားတတ်သောစိတ်နှင့် ကြီးနိုင်ငယ်ညှင်း မတရားလုသော လောကကြီးကို ရွံရှာမုန်းတီးသောစိတ် ၂-ခုပေါင်းစပ် အပ်သော နှလုံးတခုသည် တည်၏။

သူသည် ဂုဏ်ပကာသနကို မတောင့်တ၊ နာမည်ကြီး ရန်လည်း မရည်ရွယ်၊ လူတန်းစေ့ချင်း သာ၍ အဆင်ပြေသော လောကကြီးကို ဖန်တည်းလို၏။ တရားသော လောကကြီးကို မြင်လို၏။ ထိုအဆင်ပြေသောလောက၊ တရားသောလူ့ဘု

ကြီးဖြစ်မြောက်လာရန် အလုပ်သာလျှင် သူ၏တောင်တာ အပ်သောအာရ၏၊ မျှော်လင့်အပ်သော လာဘ်လာဘဖြစ်ချေသည်။ သူ့အား အလုပ်ခွင်မှလွှဲ၍ အပျော်အပါး ပွဲလမ်းသဘင်များတွင် တွေ့မြင်ရန်ခဲယဉ်းလေသည်။

သူသည် အရာရာ၌ သည်းခံနိုင်သော သတ္တိရှိသည်ဟုကျော်ကြား၏။ သို့သော်လည်း သည်းမခံနိုင်သောအရာတခုရှိ၏။ သူ၏လုပ်ငန်းတွင် ဆးဆွေ့ာင်ခလုတ်နှင့်တူသူကိုရင်း မှိုမှိုတဖက်တလမ်း ရန်သူများကိုရင်း၊ သူသည် သည်းမခံနိုင်။ ထိုသူများကို သုတ်သင်ရန် သူသည် ဦးမလေးခဲ့ဘူးချေ။ သူသည် ခေတ်ပြောင်း နိုင်ငံရေးသမားများကို ချီးကျူးအပ်သောပြည်နှင်ဆုကို နှစ်ပေါင်းများစွာ ခံခဲ့ရ၏။ ထိုအချိန်များတွင် သူသည် လူမနီးသော မြက်ခင်းပြင်ကြီးထဲတွင် တယောက်ထည်းလှည့်လည်ကာ မဆိုးအဖြစ်ဖြင့် အချိန်ဖြုန်းရရှာ၏။

သဘာဝအားဖြင့် ဖြစ်ပေါ်နေကြသော သစ်ပင်မြက်ခင်းများသည် သူ့အား ဘ˚ဝါဒသင်ခန်းစာများကို သင်ပေး၍ သိမ်မွေ့သော စိတ်ဓာတ်များ ဖြစ်ပေါ်လာအောင် ဖန်တီးပေးကြလေသည်။ သားရဲတိရစ္ဆာန်များကလည်း သူ့ အား ရဲစမ်းသတ္တိနှင့် သတ္တိအစမ်းယုံကြည်မှု ပွားများလာရန် သင်ပေးကြလေသည်။

ယခုအခါသူသည် ကမ္ဘာ့ခြောက်ပုံတပုံခန့်မျှရှိသော ရုရှားပြည်၏ အာဏာရှင်ဖြစ်လေသည်။ သို့သော်လည်း သူ၏စိတ်၌ "ငါအာဏာရှင်"ဟူသော မာနမထား၊ အများပြည်သူတို့၏ ကောင်းရာကောင်းကြောင်းကို မည်သို့မည်ပုံ ဆောင်ရွက်ရမည်



ဖြစ်သော နေ့စဉ်နှင့်အမျှ ကြံဆ၍ လူအများ ချမ်းသာမှုဖြင့်သာ နေ့မနေ ညမအားဆိုသလို အလုပ်များနေပေ၏။

ယခုအခါ သူ၏အသက် (၅၀)ကျော် (၆၀) ပြည့် လုပြီ။ သို့ဖြစ်လင့်ကစား သူ၌ ကျစိတ်မပေါ်သေး။ သန်မာသော ခွန်အားရှိသေး၍၊ ထက်မျက်သောတက်စိတ်သည် သန့်တုန်းပင်ရှိသေးသည်။ သူသည် သူ၏ပြည်သူ ပြည်သားများ ဝတ်ရေး၊စားရေး၊ နေရေး၊ထိုင်ရေးမစ၍ လိုလေသေး မရှိအောင် ဖန်တီးပေးခဲ့ပြီး ဖြစ်သည်။ လုတင်းထမင်းဝရေး၊ အလုပ်လက်ကိုင်ရရှိရေး ပြဿနာကို ရှင်းခဲ့ပြီး ရှင်းဆဲဖြစ်လေသည်။

သူသည် ထိုမျှဖြင့် တင်းမတိမ်နိုင်သေး။ တကမ္ဘာလုံး စစ်မက်ရေးမှ ငြိမ်းအေး၍ လူတိုင်းလူတိုင်း ထမင်းဝရေး ကိုလည်း တောင်တလျက်ရှိသေး၏။ ထိုသို့ဖြစ်လာရန်လည်း သူသည် အလုပ်လုပ်လျက်ရှိလေသည်။ ဤသို့ထူးခြား လူသော ပုဂ္ဂိုလ်မြတ်ကို သင်တို့သည် ဘယ်ကဲ့သို့သော လူစားမျိုး ဖြစ်သည်ဟု သိလိုကြပေမည်။

သူ၏ဘခင်မှာ ဘိနပ်ချုပ်သမားဖြစ်၏။ စာပေလည်း တတ်သူတယောက်မဟုတ်ချေ။ သူ၏ဘခင်သည် သူ့အား ဘုန်းကြီးဖြစ်ရန်လိုလား၍ ဘုန်းကြီးဖြစ်နိုင်ရန် စာလည်း သင်ပေးရှာလေသည်။ သို့သော်လည်း သူ၏စိတ်၌ ဘုန်းကြီး အဖြစ်ကို မတောင်တ၊ သူ၏အသက်ဆယ်နှစ်ကျော်ကျော် အရွယ်တွင်ပင် မကိုင်တွယ်အပ်သော အဆိပ်ခဲများဟု အထိမ်းအမှတ်ပြု၍ တားမြစ်ထားသော ဆိုရှယ်လစ်ခေါ် လူတန်းစေ့ ချမ်းသာရေးဝါဒ စာအုပ်စာတမ်းများကို မြိုးမိသဖြင့် အရသာ တွေ့လျက်ရှိလေသည်။ ထိုစာအုပ်စာတမ်းများကို ခိုး ကြောင် ခိုး

ကြီးဖြစ်မြောက်လာရန် အလုပ်သာလျှင် သူ၏တောင်တအပ်သောအရာ၊ မျှော်လင့်အပ်သော လာဘ်လာဘဖြစ်ချေသည်။ သူ့အား အလုပ်ခွင်မှလွဲ၍ အပျော်အပါး ပွဲလမ်းသဘင်များတွင် တွေ့မြင်ရန်ခဲယဉ်းလေသည်။

သူသည် အရာရာ၌ သည်းခံနိုင်သော သတ္တိရှိသည်ဟုကျော်ကြား၏။ သို့သော်လည်း သည်းမခံနိုင်သောအရာတခုရှိ၏။ သူ၏လုပ်ငန်းတွင် ဆူးညှောင့်ခလုတ်နှင့်တူသူကိုရင်း၊ မိမိနှင့်တဖက်တလမ်း ရန်သူများကိုရင်း၊ သူသည် သည်းမခံနိုင်။ ထိုရန်သူများကို သုတ်သင်ရန် သူသည် ဦးမလေးခဲ့ဘူးချေ။ သူသည် ခေတ်ပြောင်း နိုင်ငံရေးသမားများကို ချီးကျူးအပ်သောပြည်နှင့်ဆိုက် နှစ်ပေါင်းများစွာ ခံခဲ့ရ၏။ ထိုအချိန်များတွင် သူသည် လူမနီးသော မြက်ခင်းပြင်ကြီးထဲတွင် တယောက်ထည်းလှည့်လည်ကာ မဆိုးအဖြစ်ဖြင့် အချိန်ဖြုန်းရရှာ၏။

သဘာဝအားဖြင့် ဖြစ်ပေါ်နေကြသော သစ်ပင်မြက်ခင်းများသည် သူ့အား ဘုံဝါဒသင်ခန်းစာများကို သင်ပေး၍ သိမ်မွေ့သော စိတ်ဓာတ်များ ဖြစ်ပေါ်လာအောင် ဖန်တီးပေးကြလေသည်။ သားရဲတိရစ္ဆာန်များကလည်း သူ့အား ရဲစွမ်းသတ္တိနှင့် သတ္တိအစွမ်းယုံကြည်မှု ပွားများလာရန် သူ့ကို သင်ပေးကြလေသည်။

ယခုအခါသူသည် ကမ္ဘာ့ခြောက်ပုံတပုံခန့်မျှရှိသော ရုရှားပြည်၏ အာဏာရှင်ဖြစ်လေသည်။ သို့သော်လည်း သူ၏စိတ်၌ "ငါအာဏာရှင်"ဟူသော မာနမထား၊ အများပြည်သူ၏ကောင်းရာကောင်းကြောင်းကို မည်သို့မည်ပုံ ဆောင်ရွက်ရမည်



ကသာ နေ့စဉ်နှင့်အမျှ ကြံဆ၍ လူအများ ချမ်းသာမှုဖြင့်သာ နေ့မနေ ညမအားဆိုသလို အလုပ်များနေပေ၏။

ယခုအခါ သူ၏အသက် (၅၀)ကျော် (၆၀) ပြည့် လုပြီ။ သို့ဖြစ်လင့်ကစား သူ၌ ကျစိတ်မပေါ်သေး။ သန်မာသော ခွန်အားရှိသေး၍၊ ထက်မျက်သောတက်စိတ်သည် သန့်တန်းပင်ရှိသေးသည်။ သူသည် သူ၏ပြည်သူ ပြည်သားများ ဝတ်ရေး၊ စားရေး၊ နေရေး၊ ထိုင်ရေးမှစ၍ လိုလေသေး မရှိအောင် ဖန်တီးပေးခဲ့ပြီး ဖြစ်သည်။ လူတိုင်းထမင်းဝရေး၊ အလုပ်လက်ကိုင်ရရှိရေး ပြဿနာကို ရှင်းခဲ့ပြီး ရှင်းဆဲဖြစ်လေသည်။

သူသည် ထိုမျှဖြင့် တင်းမတိမ်နိုင်သေး။ တကမ္ဘာလုံး စစ်မက်ရေးမှ ငြိမ်းအေး၍ လူတိုင်းလူတိုင်း ထမင်းဝရေးကိုလည်း တောင်တလျက်ရှိသေး၏။ ထိုသို့ဖြစ်လာရန်လည်း သူသည် အလုပ်လုပ်လျက်ရှိလေသည်။ ဤသို့ထူးခြားလှသော ပုဂ္ဂိုလ်မြတ်ကို သင်တို့သည် ဘယ်ကဲ့သို့သော လူစားမျိုး ဖြစ်သည်ဟု သိလိုကြပေမည်။

သူ၏ဘခင်မှာ ဘိနပ်ချုပ်သမားဖြစ်၏။ စာပေလည်း တတ်သူတယောက်မဟုတ်ချေ။ သူ၏ဘခင်သည် သူ့အား ဘုန်းကြီးဖြစ်ရန်လိုလား၍ ဘုန်းကြီးဖြစ်နိုင်ရန် စာလည်း သင်ပေးရှာလေသည်။ သို့သော်လည်း သူ၏စိတ်၌ ဘုန်းကြီး အဖြစ်ကို မတောင်တ၊ သူ၏အသက်ဆယ်နှစ်ကျော်ကျော် အရွယ်တွင်ပင် မကိုင်တွယ်အပ်သော အဆိပ်ခဲများဟု အထိမ်းအမှတ်ပြု၍ တားမြစ်ထားသော ဆိုရှယ်လစ်ခေါ် လူတန်းစေ့ ချမ်းသာရေးဝါဒ စာအုပ်စာတမ်းများကို မြီးမိသဖြင့် အရသာ တွေ့လျက်ရှိလေသည်။ ထိုစာအုပ်စာတမ်းများကို ခိုးကြောင်ခိုး

ဝက် ဘတ်ရှနေကြောင်းကို ဆိုင်ရာ ဆိုင်ရာ ကျောင်းအရာရှိများ သိရှိသောအခါ သူ့အားကျောင်းမှ မောင်းထုတ်လိုက်လေသည်။

အသက် ၁၆-နှစ်တွင် သူသည် လောက နိဗ္ဗာန်ထူထောင်ရေး အသင်းသားတယောက်အဖြစ်ဖြင့် စာရင်းသွင်းပြီး ဖြစ်လေသည်။ ဆဖော်ပဘက်များကသူ့အား ဇီဇီဟာရဲရင်း ဒစပစ်ဟာရဲရင်း။ ဂိုလ်ဘာဟာရဲရင်း၊ အမည် အမျိုးမျိုးဖြင့်သိခဲ့၏။ ထိုအချိန်များတွင် သူသည် လူတန်းစေ့ ချမ်းသာရေးဝါဒကို လေ့လာရင်း မိမိ၏အသက်မွေးဝမ်းကျောင်းမှုအတွက်စာအုပ်ချုပ်သမားလုပ်ခဲ့၏။ ကိုယ်ပိုင် သတင်းစာတစောင်ကိုလည်း မိမိနေအိမ် တဲကုပ်အတွင်းတွင်ပုံနှိပ်၍ ထုတ်ဝေခဲ့၏။ မိမိ၏ အဖွဲ့သားများကိုလည်း နောက်ကွယ်မှ အမျိုးမျိုးကူညီခဲ့၏။ ထိုအကြောင်းကို သွေးစုတ်ဘီလူးများကြီးစိုးနေသည့် အစိုးရသိရှိရသောအခါ သူ့အားအလစ်မပေး။ စုံထောက်များကထောက်လှမ်းစုံစမ်းရန် ခိုင်းစေထားလေ၏။ သူသည် နိုင်ငံရေးရုပ် အမျိုးမျိုးဖျက်၍ ဝင်ရောက်ဆောင်ရွက်သော်လည်း စုံထောက်များက သူဘာလုပ်၍ ဘာကိုင်နေသည်ကို သိပြီးဖြစ်ရကား။ သူ၏ အသက် ၂၄-နှစ်နှင့် ၃၄-နှစ်အကြားတွင် ထောင်သို့ ခြောက်ကြိမ်တိုင်တိုင် ပို့ခြင်းခံရလေသည်။

သူသည် ရုပ်ဖျက်ခြင်းအတတ်တွင် ကျွမ်းကျင်၍ လျှင်သော ဉာဏ်ရှိလေသည်။ တခါ၌ ဖင်လန်သို့ တိမ်းရှောင် နေရသော လီနင်ဆီသို့ ရုပ်ဖျက်ကာ ပြည်ဝင်လက်မှတ် အတုနှင့် အရောက်သွား၍ တွေ့ဆုံဘူးလေသည်။ ထိုနည်းအတူ ဂျာမဏီပြည်သို့ လိုက်၍လည်း လီနင်နှင့် တွေ့ဆုံကာ စစ်ဘုရင်ပင် ထိုးခဲ့ဘူး



ကြောင်း သိရလေသည်။ သူ၏အသက် ၁၆-နှစ်နှင့် ၂၆–နှစ်အတွင်း သူသည် ခေတ်သစ်ထူထောင်ရေး၌ အမျိုးမျိုး အကူအညီ ပေးခဲ့သော်လည်း သူ့အား လီနင်တယောက်မှ လွဲ၍ အထိမ်းအမှတ်ပြုသူမရှိခဲ့ချေ။

၁၉၁၃-ခုနှစ်တွင် ပုလိပ်များသည် သူ့အား လျှို့ဝှက်သော အစည်းအဝေးပွဲတခုတွင် တွေ့ရှိရ၏။ သူသည် မိန်းမလိုဆင်၍ ရုတ်တရက် ထွက်ပြေးမည်ကြံသော်လည်း ပုလိပ် လက်ဦးသွားသဖြင့် အဖမ်းခံလိုက်ရလေသည်။ ထိုပြစ်ချက်ဖြင့် သူ့အား ၁၆ ကြိမ်မြောက် ချီးမြှင့်ခြင်းအားဖြင့် လူသူမနီးသော အာတစ်ဆီးနှင်းပြည်သို့ ပြည်နှင်ဒဏ်ပေးခြင်း ခံလိုက်ရလေသည်။ ထိုတွင် သူသည် တယောက်ထဲ အမဲလိုက် ငါးမျှားရင်း အချိန်ကိုဖြုန်း၍ လောကငရဲခံရလေသည်။ ထိုအရပ်မှ ကမ္ဘာစစ်ဖြစ်သည်ဟုကြားလိုက်ရ၏။ သို့သော်လည်း ဘယ်ပုံဘယ်သို့ ဖြစ်ပျက်နေသည်ကိုကား သတင်းစာလည်း မဖတ်ရ၊ လူကြုံလည်းမရောက်သဖြင့် ဘာမျှမသိခဲ့ရချေ။

၁၉၁၇-ခုတွင် လွတ်လပ်ခွင့်ရသဖြင့် ပြည်သို့ပြန်ရ၏။ သို့သော်လည်း အခြားသော ခေါင်းဆောင်များ ကဲ့သို့ သိုင်းသိုင်းဝိုင်းဝိုင်း ကြိုဆိုခြင်းကိုမခံရ။ ကိုယ့်လမ်းကိုယ်ရှာ၍ ကိုယ့်အိမ်သို့သာ ကိုယ်သွားရလေသည်။ သို့သော်လည်းမကြာမီ ပရောဒါးခေါ် သတင်းစာတွင် အယ်ဒီတာလုပ်၍ လီနင်နှင့် အတူဘက်လုပ်ကိုင်သောအခါမှ ပြည်သူပြည်သားများက လီနင်၏ လက်ရုံးတဆူအဖြစ်ဖြင့် ကိုးကွယ်ခြင်းကို ခံရလေသည်။ ထိုအချိန်တွင် လီနင်မှလွဲ၍ သူနှင့် ထရော့စကီးမှာ ပြည်သူတို့ ယုံကြည်ကိုးစားခြင်း အခံရဆုံးဖြစ်လေသည်။

သတို့နှစ်ယောက်သည်လီနင်၏တပည့်ရင်းများဖြစ်ကြသည်မှာမှန်၏။ သို့သော်လည်း သင့်သင့် မြတ်မြတ်ရှိသည်ဟူ၍ကား ဘယ်အခါမျှမကြားဘူးခဲ့ချေ၊ သတို့နှစ်ဦးတွင်မတူသောအရည်အချင်းကွဲပြားသော နည်းလမ်းများစွာရှိလေသည်။ ထရော့စကီးသည် စကားဖြင့် ပရိသတ်ကို ထကြွအောင် ဆွပေးနိုင်၏။ စတာလင်ကား ရန်သူကိုပင်လျှင် နှစ်ဦးချင်းတွေ့က ကိုယ့်ဘက်ကိုပါအောင် ဖန်တီးနိုင်လေသည်။ ထရော့စကီးမှာ နိုင်ငံရေးတွင် ပရိယာယ်ဘက်၌ ကျွမ်းကျင်၏။ စတာလင်မှကား ဖြစ်ပေါ်နေသောအရေးကိစ္စကို အချက်ကျကျ အသုံးချရာဘက်၌ ပါးနပ်၏။ ထရော့စကီးသည် လူတွေကို စိတ်ကြွအောင်ဆွနိုင်၍ စတာလင်မှာ မိမိလိုရာပါအောင် စီမံခန့်ခွဲနိုင်သော အရည်အချင်းရှိလေသည်။

ထရော့စကီးသည် စာရေးတော်၏။ စကားပြော ကောင်း၏။ သူ၏လက်နက်မှာ သူ၏ကလောင်ပင်ဖြစ်လေသည်။ မိမိ၏ စကားဖြင့် လူတွေကို ကိုယ့်ဘက်ပါအောင် ဆွနိုင်သည်ဟု ယုံကြည်၏။ မိမိ၏ကလောင်ဖြင့် ရန်သူများကို ပြားပြားဝပ်စေနိုင်သည်ဟု အထင်ကြီးသူတယောက်ဖြစ်လေသည်။ စတာလင်ကား ဒူးနေရာဒူး တော်နေရာတော် အချက်ကျကျသုံးမှ ရန်သူကို နိုင်နိုင်သည်ဟုယုံကြည်၏။ ထိုအတိုင်းလည်း ရန်သူများကို သတ်သင့်သူကိုသတ်၊ နှင်သင့်သူကိုနှင်၊ ချော့သင့်သူကိုချော့ရန် သူသည် ဝန်မလေးခဲ့ချေ။

သို့လျှင် သူတို့နှစ်ဦးမှာ မတူသော အရည်အချင်း ကွဲပြားသော နည်းလမ်းများရှိကြသည့်အတိုင်း လချင်းလည်း ဂုဏ်တူ ဂုဏ်ပြိုင် ရှိခဲ့ကြလေသည်။ ရုရှားပြည်ကြီး ခေတ်ဟောင်းမြေ



ခေတ်သစ်ပြောင်းလိုက်သောအခါ လီနင်မှာ အာဏာရှင်၊ ထရော့စကီးကား သေနာပတိ စစ်ဗိုလ်ချုပ်၊ စတာလင်မှာ ကွန်မြူနစ်ပါတီ၏ အတွင်းရေးမှူးချုပ်စသည်ဖြင့် တာဝန်ယူကြရလေသည်။

တခါသော် ဘုရင်ခေတ်ကို ပြန်လည် ထူထောင်လိုသော ရှင်သူပုန်ကြီး ဒယ်နီကင်ကိုနှိမ်နင်းရန် စတာလင်အား ဗိုလ်ချုပ်ခန့်၍ လွှတ်လိုက်၏။ ထိုအခါ သေနာပတိ ဗိုလ်ချုပ်ထရော့စကီးက မည်သို့မည်ပုံ ဆောင်ရွက်ရမည်ဟု စတာလင်ထံသို့ အမိန့်လွှာများပို့ခဲ့၏။ သို့သော်လည်း စတာလင်က ဂရုမစိုက်။ သူ၏ဗိုလ်ချုပ်မှူးများကိုလည်း ထရော့စကီး၏အမိန့်ကို အရေးမယူရန် အတိအလင်း အမိန့်ပေးခဲ့လေသည်။

ယင်းသို့ မသင့်မတင့်ဖြစ်နေသော တပည့်နှစ်ဦးအတွက် ဆရာလီနင်မှာ အခက်အခဲ အမျိုးမျိုးတွေ့ခဲ့ရ၏။ နောက်ဆုံး ကြုံရသော အခက်အခဲကြီးမှာ ရာထူးဆက်ခံရေး ပြဿနာဖြစ်လေသည်။ မည်သူ့အား လွှဲအပ်ရမည်ကို လီနင်ကိုယ်တိုင် မဆုံးဖြတ်နိုင်သဖြင့် နောက်ဆုံး၌ နှစ်ယောက်တွဲဘက်၍ တိုင်းပြည်အုပ်ချုပ်ရန် သေတမ်းစာရေးခဲ့ရလေသည်။

သူမတူအောင် ထူးချွန်သူတယောက်ပင် ဖြစ်သော်လည်း ဤနေရာ၌ လီနင်မှားလေသည်။ ရွှေဂူဟာတည်း၌ ခြင်္သေ့မင်း နှစ်ကောင် မနေနိုင်ဆိုသည်ကို လီနင်မေ့ခဲ့ဟန်တူသည်။

လောကနိဗ္ဗာန်ထူထောင်ရေးကို နှစ်ဦးစလုံးအလိုရှိ၍ လူတိုင်း ထမင်းဝရေးပြဿနာကို နှစ်ဦးစလုံး ရှင်းကြသည်။ ထို့ကြောင့်လည်း သတို့နှစ်ဦးစလုံး လီနင်နှင့်ပေါင်း၍ သွေးစုပ်သူများဟုဆိုအပ်သော ဓနရှင်တို့၏ဝါဒကို တော်လှန်ခဲ့လေပြီ။

ယခုအခါ ရွာပြည်တွင် တရာလျှင် ကိုးဆယ်ရာခိုင်နှုန်း ငှ သော ပစ္စည်းမဲ့တို့မှာ လယ်ပိုင်မြေပိုင်ရှိလေပြီ။ ထမင်း ၁၀ စားရ၍ လုလုကြီးဝတ်နိုင်ပေပြီ။ သို့သော်လည်း သတိနှစ်ဦးမှာ ရောက်လိုသောလမ်းပင်တသော်လည်း၊ လုပ်လိုသောနည်းချင်း မတူကြချေ။ ထို့ကြောင့်လည်း လီနင်သေသောအခါ လီနင် စကားကို နားထောင်သောအားဖြင့် သတိနှစ်ဦးမှာ ခက် ခေါင်းမခံတိကြသော်လည်း နောက်ကွယ်၌ကား အသီးသီး ပြင်ဆင်လျက်ရှိကြလေသည်

ကွန်မြူနစ်ပါတီတွင် အမှုဆောင် ၁၉-ဦးရှိ၏၊ ၎င်းတို့ အနက် ထရော့စကီးဘက်သား ၄-ဦးသာရှိလေသည်။ သို့သော် လည်း ထရော့စကီးကား စိတ်မပျက်။ တနေ့ ငါနိုင်ရမည်ဟ သော စိတ်ထားအမြဲရှိသဖြစ်သည့်အတိုင်း မိမိ၏ ကလောင် လက်နက်ကို အခွင့်သာတိုင်းသုံး၍စကားကိုလည်း အကြောင်း ပေါ်တိုင်း ပြောဟောလေသည်။ တိုင်းပြည်ကား ထရော့ စကီးကိုပို၍ ကြည်ညိုလာလေသည်။

သို့သော်လည်း စတာလင်မှာ ကွန်မြူနစ်ပါတီ၏ကြီးကိုင် ဖြစ်သည့်အတိုင်း ပါတီအတွင်းရှိ နေရာတိုင်းလိုလိုပင် သူ၏ ဘက်တော်သားများကိုချည်း ခန့်ထား၍ ပါတီသတင်းစာ ဟူသမျှကိုလည်း သူ့အားကူညီရန် အတင်းအကြပ် ပြုထား သဖြင့် ၁၉၂၇-ခုနှစ် ပါတီခေါင်းဆောင်ရွေးပွဲကျင်းပသော အခါ ထရော့စကီးမှာ အရှုံးကြီးရှုံး၍ စတာလင်က အာ ဏာရှင်ဖြစ်လာလေသည်။

ထရော့စကီးမှာ အနိုင်မခံအရှုံးမပေးသောစိတ်ရှိ၍ အမြဲ ဆူပူနေလိုသော သူပုန်သေးရှိသူတယောက် ဖြစ်သည့်အတိုင်း



စတာလင် အာဏာရှင် ဖြစ်လာသောအခါ ဆူပူ ထကြွ၍ အနှောက်အယှက်ပေးမည်စိုးသဖြင့် ကွန်မြူနစ်ပါတီဝင် ဆန် ကျင်ဘက်သားအချို့နှင့်အတူ ဆိုက်ဘေးရီးယား နယ်သို့ပို့ ထားခြင်းခံရလေသည်။ အချို့မှာကား နိုင်ငံရေးတွင် မနေ ပါတော့မည်ဟု ဝန်ခံချက် ပေးသဖြင့် ပြည်ဝင်ခွင့်ကို ပြန်၍ ပေး၏။ သို့သော်လည်း ထရော့စကီးအတွက်မှာမူ မိမိ၏ ရန် သူလက်အောက်သို့ဝင်၍ စာအုပ်စာတမ်း ကလေးရေး၍ နေ နေရန် စိတ်ကူး၍မဖြစ်နိုင်ချေ။ ယခုကား ထရော့စကီးမှာ မက်ဆီကိုပြည်တွင် ခိုဝင်၍ စာအုပ်စာတမ်းများ ရေးသားခါ လူတန်းစေ့ ချမ်းသာရေးဝါဒကိုသာ ဖြန့်ဖြူးနေရလေပြီ။

မိမိ၏ရန်သူပြေးလေပြီဖြစ်၍ စတာလင်အလုပ်ခွင်သို့ ဝေ ဝင်နိုင်လေပြီ။ လီနင်လက်ထက်တွင် အင်မြစ်ချရုံသာ ချခဲ့ရ သော တတိုင်းပြည်လုံးကို လျှပ်စစ်ဓာတ်ဖြန့်ဝေ၍ အသုံးပြုနိုင် ခွင်ကိုစကာ ငါးနှစ်ကိန်းစံနှုန်းထင်၍ အောင်မြင်အောင် ဆောင် ရွက်နိုင်ခဲ့လေပြီ။ အိမ်တိုင်းအိမ်တိုင်းတွင် ဓာတ်မီးသုံးနိုင်၍ အိမ်တိုင်းအိမ်တိုင်းတွင် ဓာတ်မီးဖိုကိုယ်ပိုင်ရှိလေပြီ။စက်ရုံတိုင်း စက်ရုံတိုင်းလည်း ဓာတ်အားဖြင့် လည်စေ၍ လတိုင်း လတိုင်း ဝါယာလက်ကို နားထောင်နိုင်လေပြီ။

ဤမျှဖြင့် သူသည် မဘင်းတိမ်နိုင်သေး။ လောကနိဗ္ဗာန် ထထောင်ရန် လုပ်ငန်းများစွာ ကျန်သေး၏။ ဆက်လုပ်လျက် ရှိသေးသည်။ ကမ္ဘာတဝမ်းလုံး စစ်မက်ရေးဖြင့် ရင်ဆိုင်လျက် ရှိသည့်အခါတွင် ထိုဘေးမလွတ်ကင်းရန် ဘကြံလျက်ရှိသေး သည်။

သို့နှင့်သူသည် ငါတို့တတွေ ဝဝစား၍ လှလှဝတ်ရရေး၊ စစ်မက်ဘေးမဝေး၍ ဧနေရရေးစသော အလွန်မွန်မြတ်လှသော လုပ်ငန်းများဖြင့် နေ့မနေ ညမအား အလုပ်များနေ၏။ သကာ ခြီးမွမ်း ထိုက်သူပေတည်း။ အတုယူထိုက်သူပေတည်း။

သူ့ရကောင်းကို သတ်သင်တတ်သော ငါတို့၏ ဘုရင်ခေတ်ကား သည်ဦးခဲ့ပြီ။ ခြီးမြင့်ထိုက်သူ ခြီးမြှင့်၍ ပဇော်ထိုက်သူကို ပဇော်တတ်သော ငါတို့၏ ခေတ်ကြီးကားရောက်ခဲ့ပြီ။ ငါတို့သည် ခြီးမွမ်းပဇော်ခြင်းကို ခံထိုက်သော သူနှင့်သူ၏ ဆရာလီနင်တို့ကို ခြီးမွမ်းကြကုန်စို့။ ပဇော်ကြကုန်စို့။ မွန်မြတ်လှသော သူတို့၏လုပ်ငန်းများကို အတုယူ၍ ခေတ်သစ် ထူထောင်ရေးတွင် တဘက်တလမ်းက ထမ်းဆောင်ကြကုန်စို့။

•

**မောင်ဗဆွေ**

# ကမ္ဘာကိုချောက်ချားတုန်လှုပ်စေခဲ့သော နိုင်ငံရေး ပါတီတခု

**မောင်ဗဟိန်း-ရေးသည်**

(၁)

လွန်လေပြီးသော ၁၉၀၃ ခုနှစ် လန်ဒန်မြို့တော်တွင် ဖြစ်လေသည်။ ဒုတိယအကြိမ်မြောက် ရုရှားအလုပ်သမားများ အသင်းကြီး နှစ်ပတ်လည် အစည်းအဝေးကြီး ကျင်းပနေလေသည်။ သလက်သားကသို့ ပြင်းထန်ကြမ်းကြုတ်လှသော ဇာဘုရင်၏ နိုင်ငံရေးနှိပ်ကွပ်ချုပ်ချယ်မှုများကြောင့် သပုန်စိတ် သပုန်သွေးဖြင့် ရုရှားပြည်ကို တော်လှန်ပြောင်းလဲလိုကြသော သူတိုင်းလိုပင် ပြည်နှင်ဒဏ်ကို အောင့်သက်သက် အရသာခံကြရလေရာ အထက်ပါ အစည်းအဝေးကြီးမှာလည်း ပြည်

နှင်ဒဏ်ထိသဖြင့် သားမယား အိုးအိမ်တိုကို စွန့်ခွာခဲ့ရသော သူပုန်များ၏ အစည်းအဝေးဖြစ်လေသည်။

အထက်ပါအစည်းအဝေးကြီးသို့ ယခုအခါ ကမ္ဘာက သိနေကြသော လီနင်နှင့် ထရော့စကီးတို့လည်း တက်ရောက်ကြလေသည်။

အစည်းအဝေးတွင် အသင်းကြီး၏ စည်းမျဉ်းကို ဆွဲကြရာ၌ လီနင်က အသင်းသားတိုင်း အသင်း၏ဝါဒကို ကျကျနန နားလည်ပြီး ဝါဒကို ထိထိရောက်ရောက်လိုက်နာ ဆောင်ရွက်ရမည်ဟု စည်းမျဉ်းတွင် အပိုဒ်တခု ထည့်သွင်း၏။ ထိုအပိုဒ်ကို မာတော့(ဖ်)နှင့် ထရော့စကီးတို့က ကန့်ကွက်ကြပြီး အသင်းကြီးသို့ ရံဖန်ရံခါ အကူအညီပေးလျှင်ပင် အသင်းသားဖြစ်နိုင်ရမည်ဟု ပြင်ဆင်ချက်သွင်းကြ၏။ မူလအပိုဒ်နှင့် ပြင်ဆင်ချက် ၂-ခုကို မဲတင်၍ ခွဲလိုက်သောအခါ မူလအပိုဒ်မှာမဲများသဖြင့် အတည်ပြုလိုက်ကြလေသည်။ လီနင်တင်သွင်းသော မူလအပိုဒ်ကို မကြိုက်သော သူများမှာ မိမိတို့ လူနည်းစု အင်အားဖြင့်ပင် ခွဲထွက်သွားကြ၏။ လူများစုဖြစ်သော လီနင်ခေါင်းဆောင်သည့်အဖွဲ့ကို လူများစုအဖွဲ့၊ သို့မဟုတ် ရုရှားဘာသာအရ ဘိုလရှီးဗစ်အဖွဲ့ဟုတွင်၍လူနည်းစုများဖြစ်သော ထရော့စကီး ခေါင်းဆောင်သည့် အဖွဲ့ကိုလူနည်းစုအဖွဲ့၊ သို့မဟုတ် ရုရှားဘာသာအရ "မင်ရှီးဗစ်"အဖွဲ့ဟု တွင်ခဲ့လေသည်။

တကမ္ဘာလုံးရှိ ဓနရှင်များကို တုန်လှုပ်ချောက်ချားသွားလောက်အောင် ဆောင်စွမ်းနိုင်ခဲ့သော 'ဘိုလရှီးဗစ်' ပါတီကို ဘွားမြင်ရာ အချိန်ဖြစ်သည့် ၁၉၀၃-ခုနှစ်သည်ကား



တကမ္ဘာလုံးရှိ ပစ္စည်းမဲ့ အလုပ်သမားများ ဆင်းရဲသား တောသူတောင်သားများအတွက် ထူးမြတ်သော နှစ်မင်္ဂလာအခါကောင်းနှစ်ဟု ဆိုလောက်ပေသည်။

မင်ရှီးဗစ်ပါတီက တထောင့်မှ အမြဲကပ်ဖဲ့ လုပ်ခြင်းခံနေလျက်ပင် ဘိုလရှီးဗင်တို့သည် စွဲမြဲသော အဓိဋ္ဌာန်ဖြင့်ဇာဘုရင်၏ အာဏာစက်ကို အကြိမ်ကြိမ်တိုက်ဖျက်ခဲ့ကြရာ ၁၉၁၇ ခုနှစ်တွင်မှ အစိုးအာဏာကို လက်ဝယ်ရရှိကြပြီးနောက်မှ မိမိတို့နှစ်ရှည်လများဒဏ်တွင်းမှနေ၍မြှော်ကိုးစောင့်စားခဲ့ရသော ဆင်းရဲသားများ၏ ဘုံနိုင်ငံကြီးကို တည်ထောင် နိုင်ခဲ့လေသည်။

(၂)

အစိုးရအာဏာရလာသော ၁၉၁၈-ခုနှစ်တွင် ဘိုလရှီးဗစ်ပါတီနာမည်ကို ကွန်မြူနစ်ပါတီဟူ၍ ပြောင်းလဲခေါ်တွင်စေခဲ့သည်။

ကွန်မြူနစ်ပါတီ၏ အကြီးဆုံး ဩဇာ အာဏာအများကို ဆိုဗီယက်ယူနီယံများ အားလုံး၏ ကွန်ဂရက် အစည်းအဝေးကြီးတွင် အပ်နှင်းထားလေသည်။ ထိုကွန်ဂရက်က ပါတီ၏ အရေးပါသော လုပ်ငန်းဝါဒများကို လမ်းခင်းပေးရသည်။ ပါတီ၏လုပ်ငန်းအသွယ်သွယ်ကို ချုပ်၍ဆောင်ရွက်နိုင်ရန် အတွက် ဗဟိုကော်မတီကိုလည်း ခန့်ထားသည်။ တဖန် ထိုဗဟိုကော်မတီကြီးကမှ လုပ်ငန်းများကို အသေးစိပ်ပြီး ပါတီ၏ နိုင်ငံရေးလုပ်ငန်းအတွက် ပေါ်လစ်ဗြူရိုကိုငင်း၊ ပါတီ၏စည်း

ရုံးရေးအတွက် အောင်မြူရိုက်ငှင်း၊ ထပ်မံခန့်ထား ရသည်။ ဗဟိုကော်မီတီကြီးတွင် အတွင်းရေးမှူး ငါးယောက်ရှိသည်အနက်၊ စတာလင်မှာ အထွေထွေအတွင်းရေးမှူးဖြစ်သည်။

ကုန်ဂရက်ကြီးက ပါတီအုပ်ချုပ်ရေး ကော်မရှင် အဖွဲ့ကိုလည်း ခန့်သေးသည်။ ထိုကော်မရှင်၏တာဝန်မှာ ပါတီ၏ ဆုံးဖြတ်ချက်များကို ဆောင်ရွက်မှု၊ ပါတီ၏စည်းကမ်းဥပဒေ ချိုးဖောက်မှု၊ ကွန်မြူနစ်အမည်ခံကာ နာမည်အလွဲသုံးစားပြုမှုတို့ကို ဂရုတစိုက် အရေးယူရသည်။

နယ်ရှိ ပါတီကော်မီတီများ စည်းရုံးရေး၊ ပါတီ၏သြဝါဒများကို လိုက်နာရေးအတွက် ဗဟိုကော်မီတီကြီးမှ နယ်သို့ လူလွှတ်ထားပြီး၊ နယ်တွင် အမြဲတစေနေကာ နယ်ကော်မီတီများ၏ လုပ်ငန်းများကို ဆောင်ရွက်ကြရလေသည်။

ပါတီ၏ အစည်းအရုံးများကို ဒီမိုကရေစီ စနစ်အရ ဖွဲ့စည်းထားသည်။ ပါတီစည်းမျဉ်းအရ ဒီမိုကရေစီ စနစ် ဆိုသည်မှာ....

(က)။ အရေးပါသော ပါတီ၏ကော်မီတီများ၊ အဖွဲ့ဝင်များကို ရွေး ကောက် တင်မြှောက်ခြင်း။

(ခ)။ အခါကာလအလျောက် အထက်ပါကော်မီတီစသည်တို့က၊ အစီရင်ခံစာများ ဆိုင်ရာ တို့ သို့ တင်သွင်းခြင်း။



(ဂ)။ ပါတီ၏ စည်းကမ်းကိုရိုသေစောင့်ရှောက်ခြင်းနှင့် လူနည်းစုက လူများစု၏ ယူဆချက်ကိုလိုက်နာခြင်း။

(ဃ)။ အထက်အဖွဲ့များ၏ ဆုံးဖြတ်ချက် များ ကို အောက်အဖွဲ့ငယ် များနှင့်တကွ ပါတီဝင်အသင်းသား အားလုံးက တသွေမတိမ်း လိုက်နာခြင်းတို့ ဖြစ်သည်။

(၃)

ရုရှားပြည်တွင် လူဦးရေသန်းပေါင်း ၁၇၀-ရှိသည့်အနက် ကွန်မြူနစ်ပါတီတွင် အသင်းသားပေါင်း ၂-သန်းသာ ရှိလေသည်။ ဤအချက်ကိုထောက်သဖြင့် ကွန်မြူနစ်ပါတီ အသင်းသားဖြစ်ရန်အတွက် မည်မျှတာဝန်ကြီးသည်၊ ခက် ခဲ သည် ကို သိနိုင်လေသည်။

အသင်းဝင်လိုသတိုင်း အသင်းကြေးပေးရုံနှင့်အသင်းသားမဖြစ်နိုင်။ ပါတီကပြဌာန်းထားသော အသင်းသားများတွင် ရှိအပ်သည့် အရည်အချင်းနှင့် ပြည့်စုံမှသာ အသင်းသားဖြစ်နိုင်သည်။ အသင်းဝင်လိုသတယောက် အရည်အချင်း ရှိမရှိကို အောက်ပါအတိုင်း စုံစမ်းသည်။

(၁)။ ။အသင်းဝင်လိုသူတိုင်းကို၊ ပါတီကိုလေးစားသူများ အစုအရုံးခေါ် အဖွဲ့ငယ်များတွင် ထားသည်။

(၂)။ ထိုအဖွဲ့ငယ်တွင် လုပ်သက်ငါးနှစ်ရှိသောစက်ရုံ အလုပ်သမားအတွက် တနှစ်၊ ကျန်တောင်သူ တောင်သားများအတွက် ၂-နှစ်နေကြရသည်။

(၃)။ အထက်ပါ အစအရှုံးသားများအား၊ ပါတီ နည်းပြဆရာများက ရာဇဝင်၊ လီနင်နစ်ဇင်း ခေါ် လီနင်ဝါဒ၊ နိုင်ငံကြီးများလက်ရှိအခြေ အနေတို့ကို သင်ကြားပေးကြသည်။ ဆွေး နွေးပွဲ စာဘတ်ဂိုင်းကလေး များကိုလည်း ပြု လုပ်ပေးသည်။

အထက်ပါ သုံးထစ်လွန်၍ ကျေနပ်နှစ်သက်လောက်မှ ရ တောင့်ရခဲသော ကွန်မြူနစ်ပါတီ၏ အသင်းသားလက်မှတ်ကို ရလေတော့သည်။

ပါတီကို ဆေးကြောသော အစည်းအဝေးများကို အခါ အခွင့်အလျောက် ကျင်းပပြုလုပ်သည်။ အထက်ပါ အစည်း အဝေးတွင်း ပါတီအသင်းသားများသည် တယောက်စီ တ ယောက်စီထ၍ မိမိတို့၏ အတိတ်ရာဇဝင်၊ ကွန်မြူနစ်အသင်း သားအဖြစ် မည်သို့ပါတီဝါဒကို လိုက်နာဆောင်ရွက် ခဲ့ပုံတို့ကို ပြောပြကြရသည်။ အသင်းသားများက မေး ခွန်း ထုတ်သည် ကိုလည်း ဖြေရှင်းရသည်။ ဤအစည်းအဝေးများက ပါတီ၏ စည်းမျဉ်းတို့ကို မလိုက်နာနိုင်သူတို့အား၊ အသင်းသားအဖြစ် မှလျှော့ချပြီး ပါတီကိုလေ့စားသူများ အစည်းအရုံးသို့ ပြန် လည်ဝင်ကြရလေသည်။



"ခေတ်ပြောင်းလဲရေး လုပ်ငန်းကို ကတိပါ လက်နှင့် မ ဆောင်ရွက်နိုင်" ဟူသောစတာလင်၏ ဝါဒအတိုင်း ကွန်မြူ နစ်ပါတီကို ဖျက်လိုဖျက်ဆီးကြစည်သူ၊ အ သား ထည်းက လောကများမှာ အပြင်းအထန်ဆုံးသော အပြစ်ဒဏ်ကို ခံကြ ရလေသည်။

မောင်ဗဟိန်း

# လက်ဝဲဂိုဏ်းများ၏ ဝါဒ

**ရေးသူ ဦးသန့် (ပန်းတနော်)**

ကမ္ဘာပေါ်တွင် နိုင်ငံရေး ဝါဒကို အကြမ်း အားဖြင့် နှစ်မျိုး နှစ်စားခွဲခြားနိုင်ပေသည်။ ဝေါဟာရ ပညတ်အားဖြင့် လက်ျာဂိုဏ်းနှင့်လက်ဝဲဂိုဏ်းဟူ၍ဖြစ်၏။ လူအများ နားလည်ကြသော ဓနရှင်ဝါဒ နိုင်ငံချဲ့ဝါဒတို့ကို လက်ျာဂိုဏ်း ဟူ၍ ခေါ်ဝေါ်၏။ ဆင်းရဲသားဝါဒ (ဝါ) ဘုံဝါဒ၊ (ဝါ) ဆိုရှယ်လစ်ဝါဒစသည်တို့သည် လက်ဝဲဂိုဏ်း ဖြစ်ကြ၏။ ယခု ကမ္ဘာရေးသည် လက်ဝဲနှင့်လက်ျာတို့ အပြိုင်အဆိုင် တိုက်ခိုက်ကြသော အရေးပင်ဖြစ်၏။

စပိန်ပြည်စစ်ပွဲကြီးသည် စပိန်ပြည်၌ လက်ဝဲဂိုဏ်း ကြီးစိုးမည့် အရိပ်အရောင်တို့ ဝဲပေါ်လာခြင်းကို လက်ျာဂိုဏ်း ခေါင်းဆောင်များဖြစ်ကြသော ဂျာမဏီ-အီတလီတို့က ဝင်ရောက် ဖိနှိပ်ခြင်းပင်ဖြစ်သည်။ တရုတ် ဂျပန် စစ်ပွဲသည်လည်း တရုတ်ပြည်တွင်းသို့ လက်ဝဲဂိုဏ်း ရုရှားကွန်မြူနစ်ဝါဒပြန့်ပွား



လာခြင်းကို တားဆီး သတ်သင်ရန်အလို့ငှာ လက်ျာဂိုဏ်း ဂျပန်တို့ စိုးရိမ်ကြောင့်ကြခြင်းကြောင့်ပင် မဟုတ်တုံလော။ ကမ္ဘာကြီးတခုလုံး၏နောင်ရေးသည် ၎င်းစပိန်နှင့် တရုတ်ပြည် အရေးတို့တွင် တည်သည်ဟုဆိုလျှင် များစွာမှားမည်မဟုတ်ပေ လက်ဝဲနှင့် လက်ျာတိုက်ပွဲသည် ကမ္ဘာရာဇဝင်ရှိ တိုက်ပွဲများ ထက် အဆပေါင်းများစွာ ပိုမို၍ ကြီးကျယ်၏။

ထိုလက်ဝဲလက်ျာဂိုဏ်းတို့၏ အကျိုးအပြစ်များကို သေချာစွာ မစစ်ဆေးမီ လက်ဝဲဂိုဏ်းတို့၏ ဝါဒကို အကျဉ်းချုပ်ရေးပေအံ့။ မြန်မာနိုင်ငံ၌ တို့ဗမာအစည်းအရုံး၊ နဂါးနီအသင်း၊ ဖေဘီယန်အသင်းအဖွဲ့၊ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့တို့သည် လက်ဝဲဂိုဏ်းတွင် အပါအဝင်ဖြစ်ပေ၏။ လက်ဝဲဂိုဏ်းတို့၏မူလ ရည်ရွယ်ချက်သည် လွတ်လပ်ရေး ငြိမ်းချမ်းရေးနှင့် တိုးတက် ကြီးပွားရေးကိုအလိုရှိ၏။ လွတ်လပ်မှသာ ငြိမ်းချမ်းမည်၊ ငြိမ်းချမ်းမှသာ တိုးတက်ကြီးပွားနိုင်ပေလိမ့်မည်။ တိုးတက်ကြီးပွားရေး ဆိုသည်မှာလည်း ယဉ်ကျေးမှု၏ တိုးတက်ရေး၊ အများစီးပွားရေး၏ တိုးတက်ရေးပင်ဖြစ်၏။

နှစ်ပေါင်းတရာကျော်က ကမ္ဘာတဝှမ်းလုံးတုန်လှုပ်ချောက်ချားခဲ့သော ပြင်သစ်သပုန်အရေးကြီးသည် လွတ်လပ်ရေး ညီမျှရေးနှင့် ခင်မင်ရေးတို့ကို အဓိကထား၍ သဌေးဝါဒကို တိုက်ဖျက်ခဲ့ကြ၏။ လက်ဝဲဂိုဏ်းဝါဒကို စတင် တည်ထောင်ခဲ့ပေ၏။ ၁၉၁၇ ခုနှစ် ရုရှားသပုန်အရေးတော်ကြီး အောင်မြင်ခြင်းသည် ကမ္ဘာပေါ်၌ လက်ဝဲဂိုဏ်း အင်အားကို ဦးစွာပထမ ပြုခြင်းပေတည်း။

ညီမျှရေးဆိုရာ၌ လူတဦးနှင့်တဦး ညီမျှရမည်ဟု မဆိုလို အချို့ မသိနားမလည်သောသူတို့က ကျသိ ဆိုသည်ဟု အယူ ရှိကြ၏။ လူတို့သည် မွေးကထဲက တဦးနှင့်တဦး မညီမျှကြ။ ဝသောသူ- ပိန်သောသူ- အရပ်ရှည်သောသူ- အရပ်ပုသောသူ- အသားဖြူသောသူ-အသားနက်သောသူ စသည်ဖြင့် မွေးကထည်းကပင် ကွဲပြားကြကုန်၏။ အသို့လျှင် တဦးနှင့်တဦးပုံသေ ကားချ ညီမျှကြမည်နည်း။

လက်ဝဲဂိုဏ်းသားတို့သည် ဤသို့လျှင် တဦးနှင့်တဦး ညီမျှခြင်းကို တောင့်တသည်မဟုတ် တောင့်တ၍လည်း မဖြစ်နိုင်။ သို့ရာတွင် လူတိုင်းလူတိုင်းက အခွင့်အရေး ညီမျှစွာရကြရန်ကို အလိုရှိကြ၏။ မည်သူသည် မိဘချမ်းသာသဖြင့် ညဏ်အလယ် အလတ်နှင့်ပင် တက္ကသိုလ်သို့ ရောက်၏။ ဝိဇ္ဇာ စာမေးပွဲကို အောင်၏။ ထိုသူကား မိဘဆင်းရဲသဖြင့် ဉာဏ်ကောင်းသော်လည်း တက္ကသိုလ်သို့မသွားနိုင်။ ဝိဇ္ဇာဘွဲ့ကိုမရ။ ပထမပုဂ္ဂိုလ် ခံစားရသော အခွင့်အရေးတို့ကို ငင်းပုဂ္ဂိုလ်မခံစားရ။ ဤကား အခွင့်အရေး မညီမျှခြင်းပင်တည်း။ လက်ဝဲဂိုဏ်းသားတို့၏ဝါဒ ကား အခွင့်အရေးညီမျှစွာ ရကြရမည်ဖြစ်၏။

လွတ်လပ်ရေးဆိုသည်မှာလည်း ဓနရှင်တို့က အမြတ်အစွန်း ရရန်အတွက် လုပ်ငန်းကြီးများကို အုပ်ချုပ်စီမံခြင်း၊ စီးပွားရေးကို လက်ဝါးကြီး အုပ်ခြင်းသည် အများသောသူတို့၏ လွတ်လပ်ရေး၊ အကျိုးခံစားရေး စသည်တို့ကို ပိတ်ပင်ခြင်း ပင်ဖြစ်၍ လူတဦး၊ လူတစုတို့က စီးပွားရေး ခြယ်လှယ်သော ဝါဒကို ပယ်ဖျက်ပစ်ရမည်ဟု ဆို၏။ အချုပ်သဘောမှာ လူ ၁၀၀-ရှိသည့်အနက် တဦးက တသိန်းချမ်းသာ၍ ၉၉-ဦး-



ကား တပြားမှ မရှိခြင်းသည် ဆိုးရွားလှ၏။ ထိုကဲ့သို့ရှိမည့် အစား ညီတူနိုင်သမျှ တရားသဖြင့် စီးပွားရေးတွင် ညီတူပါမှ သာ၍ ကောင်းသည်မဟုတ်လောဟု လက်ဝဲဂိုဏ်းသားတို့ ဆိုကုန်၏။

ငြိမ်းချမ်းရေးကို အလိုရှိသည်ဆိုရာမှာလည်း စစ်ဖြစ်ခြင်း သည် လက်ဝဲဂိုဏ်းသားတို့ တောင့်တအပ်သော အကျိုးတရား တို့ကို ပျက်ပြားစေလေသည်။ လောဘ, ဒေါသ, မောဟတို့ သည် ငြိမ်းချမ်းရေးကို ပိတ်ပင်ဖျက်ဆီးကြကုန်၏။ စစ်သည် အလိုမရှိအပ်။ နိုင်ငံချဲ့ထွင်ရေးသည် လွတ်လပ်ရေးကို ဖျက် ဆီးခြင်းမည်၏။ ဓနရှင်လူတန်းတို့၏ အကျိုးမျှသာ ဖြစ်၏။ ဆင်းရဲသားတို့၏အကျိုး စိုးစဉ်းမျှမပါ။ ထို့ကြောင့် လက် ဝဲဂိုဏ်းသားတို့သည် စစ်ကိုသေမင်းကဲ့သို့ကြောက်ရွံ့ကြကုန်၏။

မြန်မာပြည် လက်ဝဲဂိုဏ်းသားတို့၏ လုပ်ငန်းသည် အင်္ဂလန် ပြည်၊ ပြင်သစ်ပြည်, ရုရှားပြည် စသော ပြည်တို့ရှိ လက်ဝဲဂိုဏ်း သားတို့၏ လုပ်ငန်းထက် ကြီးလေး၏။ ထိုပြည်တို့တွင် နိုင်ငံ လွတ်လပ်ရေးရှိသဖြင့် တထစ်ပို၍ လွယ်ကူ၏။ မြန်မာပြည်တွင် မူကား ထိုလွတ်လပ်ရေးမရှိသေးသဖြင့်ပဌမလုပ်ငန်းသည် နိုင်ငံ ကို လွတ်လပ်အောင် လုပ်ရမည်ဖြစ်၏။ နိုင်ငံမလွတ်လပ်ဘဲ မည်သည့်အရာကိုမျှ လုပ်၍မဖြစ်။ လက်ဝဲဂိုဏ်း၏ အလုပ်လည်း မဖြစ်။ လက်ျာဂိုဏ်း၏အလုပ်လည်း မဖြစ်နိုင်။ အထက်ဖော်ပြ ရာ လုပ်ငန်းတို့သည် နိုင်ငံလွတ်လပ်ပြီးမှသာလျှင် ပြုလုပ်နိုင် သော ကိစ္စများဖြစ်ကြ၏။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပဌမ လုပ်ငန်းသည် နိုင်ငံလွတ်လပ်ရေး၊ ဒုတိယလုပ်ငန်းသည် လက် ဝဲဂိုဏ်းဝါဒ ပြန့်နှံ့တည်တံ့ရေးပင်ဖြစ်၏။ ပြောင်းပြန်လုပ်၍

အကျိုးများစွာမမြင်ပေ။ မြင်းတကောင်ကို တိုင်တွင် ကြိုးဖြင့် ချည်နှောင်ထားသဖြင့် ကြိုးမှီသမျှနေရာရှိ မြက်အစာအဟာရ ကိုသာလျှင် စားရ၏။ ခပ်လှမ်းလှမ်းရှိ စိမ်းစိုသောမြက်၊ ကြည် လင်သောရေတို့ကို မမှီဝဲရသဖြင့် ပိန်လှီလျက်ရှိချေ၏။ ထိုစိမ်း လှမ်းသောမြက်၊ ကြည်လင်သောရေတို့ကို မှီဝဲရလျှင် မိမိသည် သန်မာလန်းဆန်းလာမည်ကိုသိ၏။ သို့သဖြင့် မြက်ကိုစားရန် ကြိုးစားမိ၏။ သို့ရာတွင် မိမိ၏နှောင်ကြိုးမှ မလွတ်သမျှ စား လိုသောမြက်ကို မစားနိုင်။ မှီသမျှနှင့်ပင် တင်းတိမ်ရောင့်ရဲ ရ၏။ ထိုမြင်း၏ ပဌမလုပ်ငန်းမှာ မိမိစားလိုသော မြက်ကိုစား ရန်ဖြစ်၏။ မြန်မာလူမျိုးမှန်သမျှ တယောက်မကျန် နှောင် ကြိုးမှ လွတ်ကင်းခြင်းဟူသော လွတ်လပ်ရေးကို ပဌမရရှိ အောင် ကြံဆောင်ပြီးမှသာလျှင် အလိုရှိသောလမ်း၊ အလိုရှိ သော အစာတို့ကို စားသုံးနိုင်ကြရန် ကြိုးစားအပ်ကြပေ သတည်း။

ဦးသန့်

## ငြိမ်းချမ်းရေးနှင့် ဗြိတိသျှခြေလှမ်း

**ရေးသူ-မောင်လှဖေ။**

တနေ့ထက်တနေ့ လောကဓာတ်ပညာ ထွန်းကားကြီးကျယ် လာသည့်အလျောက် အလွန်ကျယ်ပြန့်သော ကမ္ဘာလောက ကြီးတွင် တဖြည်းဖြည်း ကျဉ်းမြောင်းလာသည်ဟု ထင်မှတ်ရ တော့သည်။ ယခင်အထက်ထက်ကမှ တနေရာမှ တနေရာ တနိုင်ငံမှ တနိုင်ငံ ကူးလူးဆက်ဆံ သွားလာကြလိုသော် ရက် ပေါင်းအနန္တ၊ လပေါင်းအနန္တ၊ နှစ်ပေါင်းအနန္တ၊ ကြာမြ လိုရာသို့ ရောက်ရှိကြလေသည်။ ယခုအခါမှ တနေရာမှ တနေ ရာသို့ အိပ်မက်မက်သကဲ့သို့ ရောက်ရှိလာကြလေသည်။

ယင်းသို့ တပြည်နှင့်တပြည် ကူးသန်းဆက်သွယ်ရန် လွယ် ကူလာလျှင် ကမ္ဘာချေမ်းမှု ပျက်ပြားစပြုလာပြီဟု ယူဆရ တော့သည်။ အကြောင်းသော်ကား နိုင်ငံတိုင်း- နိုင်ငံတိုင်းတို့ တွင် အလုပ်လက်မဲ့ပြဿနာနှင့် တော်မှတ် ခေါင်းပါးလျက် ရှိ

သော ဆင်းရဲသား အလုပ်သမားအပေါင်းတို့၏ ပြဿနာတို့မှာ အုပ်ချုပ်သော နိုင်ငံအစိုးရတို့ ဂရုမပြုလောက်အောင်ပင် ဆိုးဝါးကြီးကျယ်လာခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံကြီးအသီးသီးတို့သည် ထိုပြဿနာများ ပပျောက်ရန် ကြိုးစားဆောင်ရွက်လိုကြသည်။

ဘယ်ကဲ့သို့ ဆောင်ရွက်ကြမည်နည်း။ နိုင်ငံတိုးတက်ချဲ့ထွင်မည်လော။ သို့တည်းမဟုတ် ဆင်းရဲသားများ၏ ငတ်တတ်ငတ်သေကြစေမည်လော။ ဘယ်နိုင်ငံမှ ငတ်တတ်အငတ်ခံကြမည်မဟုတ်။ နိုင်ငံတိုးတက်ချဲ့ထွင်ကြမည်မှာ မချပင်ဖြစ်လေသည်။ သို့ကြောင့်မဟုတ်တုံလော ဂျပန်သည်တရုတ်ကိုတိုက်၏။ အီတလီသည် အက်ဘီဆီနီးယားပြည်ကိုတိုက်၏။ ဂျာမဏီသည် ဩစတြီးယားကိုသိမ်း၏။ အင်္ဂလိပ်တို့သည် အာရေဗီယတောင်ဘက်ပိုင်းကို သိမ်းစပြုနေ၏။ လောကဓာတ်ပညာများ တန်ခိုးကြောင့် ကျို့မျှ လွယ်လွယ်ကကာ တိုက်ကြခိုက်ကြ ကုန်သည်။

ထိုကဲ့သို့ ကမ္ဘာတခွင်လုံး တုန်လှုပ်ချောက်ချားနေပြီ ဖြစ်သဖြင့် တိုင်းပြည်ကြီး အသီးသီးတို့သည် လက်နက်အင်အားများသည်ထက်များအောင် စုဆောင်းနေကြသည်မှာ နေ့စဉ်နှင့်အမျှ သတင်းစာများတွင် ဖတ်ရှုရလေသည်။ မချွတ်စစ်ကြီး ဖြစ်ပွားလိမ့်မည်ဟူ၍လည်း နိုင်ငံခေါင်းဆောင် ကြီးတိုင်းက ယူဆကြကုန်သည်။ ယခုတကြိမ် စစ်ကြီးပေါ်ပေါက်လာလျှင် "ဓာတ်ဆီ"သည် အရေးအကြီးဆုံးသော အရာဖြစ်မည်ဖြစ်သဖြင့် ယခုအခါကပင် ကြိုတင်၍ ဓာတ်ဆီထွက်သည့် ပြည်များအပေါ်သို့ နိုင်ငံကြီးတို့သည် မျက်စိကျနေလေပြီ။ အင်္ဂလိပ်အစိုးရပင် မြန်မာပြည်၏ ဖျာပုံနယ် မြောင်းမြ အင်းစိန်



စသည့် နေရာများတွင် ရေနံတူးဖော်ရန် အင်္ဂလိပ်ကုမ္ပဏီကြီးများသို့ မျက်စပစ်ပြီး မဟုတ်လော။

အာရေဗီယာ တောင်ပိုင်းကို ဗန်းပြ၍ အင်္ဂလိပ်တို့ တိုက်ခိုက်သိမ်းယူနေခြင်းသည် ဓာတ်ဆီထွက်သော အရပ်ဖြစ်၍ မဟုတ်လော။ သို့သော်ထိုနိုင်ငံကို တိုက်ခိုက်ရခြင်းအကြောင်း တတန်ရှိသေး၏။ အဘီစီနီယာပြည်အား အီတလီတို့က သိမ်းပိုက်ထားပြီဖြစ်ခြင်းကြောင့် အင်္ဂလိပ်တို့သည် အိန္ဒိယပြည် ဗမာပြည်ခရီးလမ်းအတွက် စိုးရိမ်ကြောင့်ကြ လာရသည်။ အကြောင်းကြကြီးလှန်း၍ပင် ၁၉၃၇-ခုနှစ် ဧပြီလကစ၍ အာရေဗီးယားပြည်တောင်ပိုင်း စတုရန်းမိုင်းပေါင်း တသိန်းခန့်မျှကို အတင်းဒလကြမ်းဗန်းပြ၍ လက်နက်မဲ့သော အာရေဗီးယားလူမျိုး ကလေး လူကြီးယောကျ်ားမိန်းမများကို သတ်ဖြတ်ပစ်ခဲ့လေသည်။

အီတလီကလည်း အင်္ဂလိပ်ခြေလှမ်းကို ကြည့်နေရကား ယခုအခါ ပင်လယ်နီအနောက်ကမ်းတွင် ခိုင်ခံ့သော ခံတပ်အဖြစ် သင်္ဘောဆိပ်မြို့တမြို့ တည်ထားလျက်ရှိလေပြီ။ စာချုပ်စာတမ်းအမျိုးမျိုး ချုပ်ဆိုထားကြသော်လည်း တဦးအကျိုးတဦး အခံကြသိမည် မဟုတ်ပေ။ တဦးအရိပ်အကဲ ကို သာ တဦးကသာအပြစ်ရှာ၍ စောင့်စားနေသော အချိန်မျှသာဖြစ်တော့သည်။

အထက်ပါအင်္ဂလိပ်တို့က အာရေဗီးယားပြည် တောင်ပိုင်းကို ဗန်းပြလျက်နေသည့်ကိစ္စ။ အိန္ဒိယပြည် အနောက်မြောက်နယ် တဝိုက်တွင် လက်နက်မဲ့သော တောင်ပေါ်သားများကို အသနား အညှာတာမရှိ ရက်ရက် စက်စက် ကြမ်း

ကြုတ်စွာ ဗန်းကြသတ်ဖြတ်နေသည့် ကိစ္စအဝဝကို စဉ်းစား ဆင်ခြင်သော အင်္ဂလိပ်အစိုးရက ဂျပန်အား တရုပ်များ အပေါ် အရမ်းမဲ့ ဗန်းကြခြင်းအတွက် အပြစ်ဖို ပြောဆိုခြင်းသည် ပြောင်ပြောင်ကြီး ကျွန်ုပ်တို့အား လှည့်ဖြားနေခြင်း ဖြစ်ပေသည်။ တိုင်းသူပြည်သား မရှိဆင်းရဲသားများ၏ အခွန်တော်ကို ရိုသေခြင်းမရှိ။ အလဟဿ ဖြုန်းတည်းရာလည်း ကျရောက်လေသည်။

နိုင်ငံချဲ့ ဝါဒစနစ်အတွင်း ဆင်းရဲသားအခွန်ငွေ ဆင်းရဲသားအပေါင်းအား ဖိနှိပ်ညှင်းဆဲနေသည့်အတွက် ကျွန်ုပ်တို့ ဗြိတိသျှအစိုးရတို့၏ ခြေလှမ်းကို အထူးဂရုပြုကာ နိုင်ငံချဲ့ ဝါဒပျက်ပြားအောင် ကြိုးစား၍ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် စိုင်းပြင်းကြရပေမည်။

**မောင်လှဖေ**

## တို့ဗမာအစည်းအရုံးကြီး နှင့် ဆိုရှယ်လစ်ဝါဒ

**သခင်ကျော်စိန်-ရေးသည်**

(၁)

ဆိုရှယ်လစ်ဝါဒမှာ ကောင်းလျှင်လည်း ကောင်းမည်။ ဆိုးလျှင်လည်းဆိုးမည်။ လူတို့၏မြှော်မှန်းချက်လည်းဖြစ်နိုင်သည်။ ယခုလက်ငင်းလုပ်ရမည့် အလုပ်လည်း ဖြစ်နိုင်သည်။

သို့ဆိုရှယ်လစ်ဝါဒမှာ ဘာဘဲဖြစ်နေဖြစ်နေ ယခု အခါတွင် ဗမာတပြည်လုံး၏ စိတ်ဝင်စားစွာ လေ့လာ နေသော ဝါဒဖြစ်ပေသည်။ ထိုဆိုရှယ်လစ်ဝါဒဆိုသော စကားလုံး ကလေးကို နိုင်ငံရေး ကြောင်ပါးကြီး များနှင့်တကွ ယောင်ခြာက်ဆယ် နိုင်ငံရေးဂျပိုးတို့က ထင်သလို မိမိတို့လိုရာဘက်သို့ ဆွဲယူပြောဆိုနေကြပေသည်။

အချို့ကလည်း ထိုဆိုရှယ်လစ်ဝါဒမှာ ကွန်မြူနစ်ဝါဒ၏ အရိပ်အာငွေ့တွေနှင့် ရောမှတ်နေသည်ဟု ဆိုကြ၏။ မှန် ပေ

သည်။ ဆိုရှယ်လစ်ဝါဒ ဝေဘန်သမျှအားအတိ မိမိတို့ထင်ရာမြင်ရာ ကြိုက်သလို ပြောနိုင်ဆိုနိုင်ကြလေသည်။

စီးပွားရေးနှင့်ပတ်သက်၍ကျွမ်းကျင်သောပုဂ္ဂိုလ်အပေါင်းကပင် နယ်ချဲ့သမားတို့၏ခြေရာကို အဘခြေရာ သား နင်း သလိုနင်းကာ ဆိုရှယ်လစ်ဝါဒကိုလအများ အထင်မှားအမြင်မှားဖြစ်ရအောင် ဘာသာရေး, အမိထောင်ရေး, မိန်းမများအရေးတို့နှင့် ရှုတ်ရှက်ခတ်စေကြသေးသည်။

ငါတို့ကား ဘယ်သူတွေ ဘယ်လိုနှောက်ယှက်နှောက်ယှက် ဂရုမထားဆိုက်၊ ငါတို့၏ အဘိုမှာ စာဘတ် တတ်သော သူကို စာပေ၏မူလကို ပြောပြရသကဲ့သို့ မည်မျှပင် စိတ်ပန်းကိုယ်ပန်းဖြစ်စေဦးတော့ ရှင်းလင်းပြရန် ဝတ္တရားရှိပေသည်။

အထူးအံ့သြစရာကောင်းသော အချက်တခုမှာ ဆိုရှယ်လစ်ဝါဒနှင့်ပတ်သက်၍ ထိုဝါဒကို မကြိုက်နှစ်သက်သော ပုဂ္ဂိုလ်များ၏ပါးစပ်မှငှငး၊ ရေးသားမှုတို့မှငှငး၊ အမျိုးအပြားတော ရမှုပင်ဖြစ်သည်။

သို့နှင့် ဆိုရှယ်လစ်ဝါဒအကြောင်းကို ကျောင်း သား ကလေးများပင်သိထိုက်သော အကြောင်းချင်းရာကား ထိုဝါဒသည် ကမ္ဘာ့ ရှုပ်ထွေးနေသော အရေးကိစ္စကြီးကို အမြစ်က လှန်လှောကာ သုတ်သင်ရှင်းလင်းမည်။ စီးပွားရေး ဝမ်းရေး နေရေးထိုင်ရေးအပေါ် မှတည်သော အ ချက် ပင် ဖြစ်သည်။

ဆိုရှယ်လစ်ဝါဒမှာ ကမ္ဘာ့ရာဇဝင်ကို အပြန်အလှန်လေ လာဆင်ခြင်၍ လူတို့၏လောကကြီးကို ဖန် တည်း နေ သော ခမ္မတာသဘောတရားတို့ကိုလည်း စူးစမ်းရှာဖွေ လုပ် ဆောင်



…ည်းမန့်ပေသည်။ သန်းပေါင်းမြောက်မြားစွာတို့မှာ ဤဝါ …ကို ယုံကြည်ကိုးစားသည့်အလျောက် အားကိုးအားထား ပြု …ကြလေသည်။

ကမ္ဘာမြေပြင် သုံးပုံတပုံတွင် (ရုရှားဆင်းရဲသားမင်း ဆင်းရဲသားချင်း နိုင်ငံကြီးဟူလို) နေထိုင်ကြသူတို့သည် ဆိုရှယ်လစ်ဝါဒအရသာကို မြိန်ရေရှက်ရေ ခံစားနေကြရပေသည်။ ဖြင့်ဆစ်ပြည် စပိန်ပြည်စသော ပြည်များမှာလည်း ဆိုရှယ်လစ်ဝါဒ၏ အရသာကို ခံစားရယူမှုအတွက် စိတ်အားထက်သန်စွာ …ကိုးပမ်းနေကြလေသည်။ ဆိုရှယ်လစ်ဝါဒ ဖြစ်မြောက်ရေး …ားကြသူပေါင်း မြောက်မြားစွာကို တိုင်းပြည်တိုင်း၌ တွေ့ သောဟာ၏။

ဆိုရှယ်လစ်ဝါဒ ပြန့်ပွားရေးအတွက် လုပ်ဆောင် နေ သူ များနှင့် ဆိုရှယ်လစ်ဝါဒကို နှစ်သက်ကြိုက်ချစ် လိုလားကြန် သောသူများ အပေါင်းတို့သည် အခြားအခြားသော သူအပေါင်းတို့အား ဆိုရှယ်လစ်ဝါဒ၏ မူရင်းကို သိစိမ့်သောငှါ …ရှင်းပြကြသေး။ သို့သော် ငါတို့ရင်ဆိုင် တွေ့ကြုံ နေရသော ပြဿနာရပ်အပေါင်း (စီးပွားရေးပြဿနာ,နိုင်ငံရေးပြဿနာ …ပေါင်းသင်းဆက်ဆံရေးပြဿနာ)စသည်တို့မှာ ဖြေ ရှင်း ရန် ဆိုရှယ်လစ်ဝါဒကို အသုံးပြုနိုင် မပြုနိုင်စဉ်းစား ရာသည်။

ဆိုရှယ်လစ်ဝါဒကို စီစစ်ပြီးသောအခါ၌ကား ငါတို့သည် …စ်လိုကစွန့်ပစ်၊ အသုံးပြုလိုကပြု၊ သင့်တော်သည့် အချက် …းကိုယူလျှင်ယူ၊ မိမိကြိုက်သလိုအသုံးပြုနိုင်၏။ သန်းပေါင်း …ာက်မြားစွာသော လူနင်းပြား ပစ္စည်းမဲ့ အင်အားမဲ့ လူမ… နှစ်သက်လိုလားအပ်သော ဤဆိုရှယ်ဝါဒကို မစီစစ်မ

ဆင်ခြင်ဘဲ စွန့်ပစ်ရန်မှာ ငါတို့ဉာဏ်မမီသည်ကို ဖော် ပြ ရာ ရောက်အံ့။

(၂)

ငါတို့၏ အရေးကြီးဆုံးသော ကိစ္စနှင့်အလုပ်မှာ ဗမာပြည်၏ ကိုယ်မင်းကိုယ်ချင်း ရယူရေးပင်ဖြစ်နေ၍၊ ကိုယ်မင်း ကိုယ်ချင်း မရရှိဘဲနှင့် ဆိုရှယ်လစ်ဝါဒအရ၊ အသစ်ဖန်တီးမှု လုပ်ငန်းအဝဝတို့မှာ ဝါးလုံးခေါင်းထဲလသာသလို ရှိတော့မည်။

ယခုအခါကြီးမှာ ဆိုရှယ်လစ်ဝါဒအကြောင်း ဆွေးနွေးရာ၌ပင် ငါတို့အချင်းချင်းစိတ်ဝမ်းကွဲပြားကြရသည်။ ဆိုရှယ်လစ်ဝါဒအကြောင်း ပြောဆိုလျှင် ပြဿနာအရပ်ရပ် တို့မှာ ရှုတ်ရှုတ်ထွေးထွေးဖြစ်လာရတော့သည်။

သို့ကြောင့် "ငါတို့စည်းစည်းရုံးရုံးနှင့် အာရုံ စူးစိုက်ခါ ကြိုးစားရန်ကား ငါတို့ဗမာပြည်၏ ကိုယ်မင်းကိုယ်ချင်း ရယူရေးပင်ဖြစ်သည်။ အခြားဘာအရေးကိုမှ အာရုံ မပြန့်ပွားစေရ" ဟူသောအချက်ကို တို့ဗမာတိုင်းမမေ့အပ်။ ။

အကြောင်းသော်ကား ငါတို့သည် ငါတို့၏ လွတ်လပ်ရေး တိုက်ပွဲ စစ်မြေပြင်၊ နယ်ချဲ့ဝါဒ ဖြိုဖျက်ရေး စစ်မြေပြင်တွင် ငါတို့၏ စစ်မျက်နှာ မကျိုးပေါက်ရန် အရေးကြီးသော ကြောင့်တည်း။

အထက်ပါကိစ္စကို ဗမာပြည် လက်ရှိစိတ်အားထက်သန်စွာ ဆိုရှယ်လစ်ဝါဒပြန့်ပွားရေး လုပ်ဆောင်နေသူတို့က မှန်သင့်သလောက် မှန်ပါသည်ဟု ချင်းချက်နှင့် ဝန်ခံနေကြပေသည်။



ထို့ကြောင့်ပင် ငါတို့ဗမာပြည် ကိုယ်မင်းကိုယ်ချင်း ရယူရေးသည် ငါတို့၏လိုရင်းမူလ ရည်ရွယ်ချက် ဖြစ်ကြောင်း လေးလေး နက်နက် ထပ်မံဖြည့်စွက်လိုက်ပါသည်။

အခြား အခြားကန်သော ပြဿနာရပ်တို့ကို ငါတို့သည် ကိုယ့်မင်းကိုယ့်ချင်းရပြီးသော သေချာ ရေရာစွာ ရှင်းလင်းနိုင်အံ့။ အမြစ်ကလန်ကာ အောက်ခြေသိမ်း ပြောင်းလဲမှုတို့မှာ လွတ်လပ်ရေး ရရှိက ဆောင်ကြဉ်းရန် လွယ်ကူတော့သည်။

မျကား လတ်တင်းနှင့်သက်ဆိုင်၏။ အမျိုးကို ခင်မင်ရေး (ဝါ) မျိုးချစ်စိတ်ကား ငါတို့၏ ပထမပြုစုအပ်သော အရေးဖြစ်ကြောင်း ဝန်ခံကြရပေသည်။ သို့ပေမဲ့ ထိုအမျိုး ချစ်ခင်ရေး ပြဿနာကို သတ္တုချကာ စစ်တမ်းထုတ်သည် ရှိသော် အမျိုးမျိုးကွဲပြားကြရလေပြန်သည်။

(၃)

ငါတို့အချင်းချင်း ဘယ်သူမှ သွေးခွဲစိတ်မရှိ။ ငါတို့အားလုံးပင် တောင်တောင်တင်းတင်းနှင့် စုရုံးပြီး ငါတို့၏ ရန်သူကြီးကို ခံရန် အရေးဆိုကြ၏။ သို့ဖြစ်လင့်ကစား အချင်းချင်း သဘောထား ကွဲလွဲမှု "နေရှင်နှင့် ဆင်းရဲသား သဘောထား ကွဲမကို ဆိုလိုသည်" တို့ကိုကား ငါတို့မဖျောက်ဖျက်နိုင်။

ငါတို့၏ နိုင်ငံရေးခြေလှမ်း ရှေ့သို့ တက်လေ တက်လေ ငါတို့၏စစ်မျက်နှာ အရေးသာလေလေ။ ထိုသဘောထား ကွဲလွဲချက်တို့မှာ ပို၍ပို၍ ထင်ရှားလာအံ့။ တို့ဗမာ အစည်းအရုံး

ကြီးမှာ သဘောထား ကွဲလွဲမှုများအပေါ် အခြေတည်၍ စနစ်တကျ စနစ်စနစ်စားစားနှင့် ဆောင်ရွက်သူများ ပေါ်ပေါက်လာသော အခါ မဆောင်ရွက်နိုင်သတ်မှာ ဓမ္မတာအတိုင်း နေရာဖယ်ပေးရ၏။

ထိုသို့ဖြစ်ရခြင်းမှာ စီးပွားရေး ပေါင်းသင်း ဆက်ဆံရေး စသည်တို့ကြောင့်မဟုတ်။ ငါတို့မှာ နိုင်ငံရေး အဆင့်အတန်း မြင့်လာ၍ အမြင်ကျယ်လာ၍ ဖြစ်သည်။ စနစ်စနစ်စားစားမလုပ် ဆောင်နိုင်သတ်မှာလည်း စနစ်စနစ်စားစား လုပ်ဆောင်က၊ ၎င်းတို့၏ တပ်မက်မောအပ်သော အခွင့်အရေးတွေ ဆုံးရှုံးမည်စိုး၍ ထက်ကြွရ၏။ ဘာမျှမထူးဆန်း။

သို့သော် ထူးဆန်းသောအချက်မှာ ထိုသို့ ခွဲထွက်သည့်အနေမျိုးဖြင့် ထွက်သူထွက်၊ ဝင်သူဝင်ဖြစ်နေသော်လည်း တို့ဗမာအစည်းအရုံးကြီး၏အင်အားမှာ တိုးတက်သည်ထက် တိုးတက်လာခြင်းဖြစ်၏။

ဤသို့ တဦးနှင့်တဦး အလုပ်တွဲ မလုပ်နိုင်၍ ကွဲကြသည့်အခါ၊ တို့ဗမာအစည်းအရုံးဝင်များမှာ ၎င်းတို့၏အလုပ်လုပ်ဘက် ရဲဘော်တို့နှင့်ခွဲခွါကာ လုပ်ရမည်ဖြစ်သောကြောင့် အနည်းငယ်မျှ ဝမ်းနည်းရောပေ။

တို့ဗမာ အစည်းအရုံးကြီး၏ အင်အားမှာ တနေ့တခြား ကြီးမားလာသည့်အတိုင်း ဗမာပြည်အရပ်ရပ်တို့တွင် တို့ဗမာအစည်းအရုံးများ အများပင် တည်ထောင်လာကြ၏။ တို့ဗမာအစည်းအရုံးဝင်များမှာ တိုးလာ၏ဟူသော အချက်တွေကို ဆင်ခြင်ကာ ဝမ်းသာထိုက်၊ အားတက်ထိုက်ကြ၏။ တဖြေးဖြေး ဗမာပြည်၏အရေးကိစ္စ ကြီးငယ်တို့ကို တို့ဗမာ အစည်း



အရုံးကြီးကပင် တာဝန်ယူကာ ဆောင်ရွက်လာရလေပြီ။ ရှုတ်ထွေးသော သဘောထား ကွဲလွဲမှုများမှာလည်း တဖြေးဖြေးပင် ပေါ်လာလေသည်။ ထိုထိုသော သဘောထား ကွဲလွဲမှုတို့သည် ငါတို့ ဖန်တီးအပ်သော အရာများမဟုတ်၊ အလို အလျောက် ပေါ်လာကြခြင်းဖြစ်သည်။

ငါတို့ကား ထိုသဘောထား ကွဲလွဲမှုတွေကို ဂရုမမူဘဲ ရှေ့သို့သာ လွတ်လပ်ရေးစစ်မျက်နှာကိုဖြန့်လျက် အောင်ပွဲ ယူပြီးရင်း ယူရင်းနှင့် တိုး၍တိုး၍ တိုက်ခိုက်လျက်ရှိ၏။

(၄)

ငါတို့ စစ်မျက်နှာဖြန့်လျက် လာရင်းပင် ငါတို့ရှေ့ဝယ် အခြားအခြားသောကိစ္စများ၊ ပြဿနာများ ထင်ရှားစွာပေါ်လာလေသည်။

ငါတို့သည် လူမွဲတို့အကြောင်းကို စိတ်ဝင်စားစွာ ပြောလာကြ၏။ လက်လုပ်လက်စားတွေအရေးကို ဂရုပြုလာကြ၏။ လနင်းပြားတွေ ထူထောင်နိုင်ရေး နည်းလမ်းများကို ရှာကြံလာကြ၏။

ငါတို့၏ လွတ်လပ်ရေးတိုက်ပွဲကြီးတွင် ဤရှုတ်ထွေး အဖြေခက်ခဲသော အရေးများ ဘာကြောင့်ပေါ်လာရပါသလဲ။

ငါတို့ဟာ ဘာကြောင့်တိုင်းပြည်နှင့်အဝှမ်း ငါတို့၏ မွဲမှု၊ ဆင်းရဲမှု၊ နပ်မမှန် ထမင်းမစားရမှု၊ လူတန်းမစေ့မှု၊ လူလူသူသူ မနေရမှုတွေကို ဟစ်ကြလဲ၊ အရေးကား အရေးသစ်တည်း။

ငါတို့၏ လွတ်လပ်ရေးတိုက်ပွဲ ရည်ရွယ်ချက်ကို ပိုမို ထင်လင်း စေတော့၏။ တနေ့ထက်တနေ့ ငါတို့၏ လွတ်လပ်ရေး တိုက်ပွဲ ကြီး ခင်းကျင်းနေသော နိုင်ငံရေးစစ်တလင်းကြီးမှာ လူတို့၏ နေရေး, ထိုင်ရေး, သောက်ရေး, အခက်အခဲ စီးပွားရေး ကြပ် တည်းမှု စသည်တို့၏ အရိပ်အာဝါသထဲသို့ ရောက်မှန်းမသိ ရောက်လာခဲ့ကြ၏။

ငါတို့၏ ပေါ်ပင် တိုင်းပြည် ခေါင်းဆောင် အမည်ခံတို့ မှာလည်း စကားလုံးဘမ်းပြရေးအတွက် ဆင်းရဲသား ဝါဒ၊ ဘာဝါဒ, ညာဝါဒ, စသည်ဖြင့် သံကုန်ဟစ်လာ တော့သည်။

ငါတို့ကား ဤအရေးကြီး၏ အရေးပါ အရာရောက်ပုံကို သိကြပေသည်။ သို့သော်စာတွေ့မျှဖြစ်၏။ (၁၉၃၅-၃)၁၂၉၇ ခုနှစ်မှစ၍ ငါတို့မှာ ဤအရေးကြီးကို ငါတွေ လိုက်လံစုံစမ်း စစ်ဆေး ကြတော့သည်။ လလတ်တန်းစား မနေရှင်ပေါက်စများ အဘို့ကား ဤအရေးကြီးမှာ ယခုထက်တိုင် စာတွေ့ သက်သက် ဖြစ်နေပေသေးသည်။ သနားစရာကောင်းလှ၏။

ငါတို့၏ လူတန်းစေ့မဖြစ်သော စီးပွားရေး ပြဿနာကြီး ကား ငါတို့၏ နိုင်ငံရေးပကတိဖြစ်သော လွတ်လပ်ရေးတိုက်ပွဲ ကြီးကို အကူအပံ့ပေးလာလေသည်။

ယခုကား တိုဗမာအစည်းအရုံးကြီး၏ အတွင်းဦးရင်း၊ အ ပြင်ဦးရင်း၊ စီးပွားရေးလူတန်းစေ့မှု အရေးအတွက် မနေရှင် မနေရှင်ပေါက်စတို့ကတဘက်၊ လယ်-လုနင်းပြား- ဆင်းရဲသား ပစ္စည်းမဲ့၊ အင်အားမဲ့တို့က တဘက်၊ ပဋိပက္ခဖြစ်လျက် လာ ပေသည်။



ငါတို့ကား ပဋိပက္ခဖြစ်မှု၊ သဘောထားကွဲလွဲမှုကို လုံးဝ အ လိုမရှိ၊ သို့သော် ထိုပဋိပက္ခဖြစ်ရေး သဘောထား ကွဲလွဲရေး မှာ အလိုအလျောက် အချိန်ကာလအခိုက်အတန့်အရဖြစ်ပေါ် လာသဖြင့် ငါတို့ဂရုမစိုက် အရေးမယူဘဲ မနေနိုင်။

ထိုသို့ဖြစ်လျှင် ငါတို့ဘာလုပ်ရမလဲ။ ။အဖြေကား.... တိုဗမာအစည်းအရုံးကြီးမှာ—

> လူတန်းမစေ့ သူတန်းမစေ့ လူနင်းပြား လူမွဲ ပေါင်း သိန်းသန်းတို့၏ အားကိုးရာ အားထား ရာ အစည်းအရုံးကြီး ဖြစ်ပေ၍၊ ထိုလူ ၁၀၀လျှင် ၉၅- ယောက်မျှသော ဆင်းရဲသား လက်လုပ် သက်စားလု နင်းပြား ပစ္စည်းမဲ့ အင်အားမဲ့ တို့ကို ထိခိုက်လာတိုင်း လာတိုင်း၊ ကယ်ကာရန်၊ ခုခံရန်၊ လုပ်ဆောင်ရမည်ဖြစ် ပေသည်။ သဘောထားကွဲလွဲမှု(မနေရှင်-မနေရှင် ပေါက် စတို့က တဘက်၊ ဆင်းရဲသား အလုပ်သမား တို့ကတ ဘက်) မှာ ကြန့်ပေါ်ပေါက်လာရမည့်အတိုင်းပေါ် ပေါက်လာက ငါတို့မှာ လက်တဆုပ်မျှသော မနေရှင် မနေရှင်ပေါက်စတို့ကို ဂရုမပြုနိုင်။

(၅)

တနေ့ထက်တနေ့ ငါတို့မှာလယ်သမားများနှင့် ရင်းနှီးစွာ ဆက်ဆံပေါင်းသင်း လာကြပြန်သဖြင့် ငါတို့၏လုပ်ငန်းဆောင် တာ အဖြာဖြာတွေကို များလှစွာသော ယခင်းလယ်ခင်

စသည်တို့ကို လက်ရုံးအားကိုးဖြင့် ထွန်ပေါက်စိုက်ပျိုး ရိတ်သိမ်းစားသောက် နေထိုင်ကြရသည့် လယ်သမားတို့နှင့် ဆီလျော်အောင်လုပ်ဆောင်ကြရပြီ။

သာယာဝတီ၊ ဟင်္သာတစသော နယ်များတွင် လယ်လုပ်သူတို့သည် စည်းလုံးကြကာ ဓနရှင်ပေါက်စများဖြစ်ကြသည့် လယ်ပိုင်ရှင်တို့က ဖိနှိပ်ချုပ်ချယ်ခြင်းတို့ကို တိုက်ခိုက် ခံစပြုလာကြပေပြီ။

ငါတို့၏ ဆင်းရဲတွင်းနက်မှု၊ လူမဖြစ်မှုတို့မှာ စီးပွားရေးအပေါ် အခြေတည်နေကြောင်း ငါတို့သိကြ၏။ ထိုစီးပွားရေးအပေါ် အခြေတည်ခြင်းကား။ (က) ဆင်းရဲသား လက်လုပ်လက်စားတို့ကို တိုင်းခြားသား ဓနရှင်ကြီးတွေက မညှာမတာ သွေးစုတ်မှု။ (ခ) ငါတို့၏ စီးပွားရေးအခြေခံ ဖေါက်ပြားမှု။ ခေတ်နောက်ကျမှုတို့ကြောင့် ဖြစ်ပေသည်။

ငါတို့၏ ဆင်းရဲတွင်းနက်မှု ပပျောက်ရေးမှာတော်လှန် (!) အမြစ်လှန် အောက်ခြေသိမ်း။ တည်ရင်းစွဲ စီးပွားရေး စနစ်၊ ပေါင်းသင်းဆက်ဆံရေးစနစ်တို့ကို ပြောင်းလဲပစ်မှ ရပေမည်။ လူလူချင်း သာနာညီမျှ ခံစားရယူရန်လည်း လိုပေသည်။

တိဗမာအစည်းအရုံးကြီးမှာ ဤအချက်ကို သဘောတူညီကြောင်း ရည်ရွယ်ချက်တွင် ဖေါ်ပြပါရှိ၏။ ဤအချက် မှာ ဆိုရှယ်လစ်ဝါဒအရ စစ်တမ်းထုတ်ကာ ရှာဖွေရယူထားသော အချက်ဖြစ်သောကြောင့်၎င်း၊ တိဗမာ အစည်းအရုံး ကြီးမှာ ဤအချက်ကို သဘောတူညီသောကြောင့်၎င်း၊ ဆိုရှယ်လစ်ဝါဒသမားတို့က တိဗမာအစည်းအရုံးကြီးကို ဆိုရှယ်လစ် အစည်းအရုံးဖြစ်ပြီဟု ဆိုကြမလား။



ဘယ်နည်းနှင့်မမဆိုနိုင်။ ငါတို့၏စိတ်တွင်လည်း တနေ့တခြားနိုင်ငံရေးအခြေအနေ အပြောင်းအလဲမှုတို့သည်မရေရာလှသေး။ အနည်းငယ်လိုသေးသည်။ အနည်းငယ် လိုနေသေးသော အရာကား တည်ရင်းစွဲလက်ရှိ စီးပွားရေး စနစ် နှင့်ပေါင်းသင်းမှုစနစ်ကို အမြစ်ကလှန်လှောပြောင်းလဲရေး ဖြစ်ပေ၏။ ဘယ်လိုဘယ်နည်းနှင့် ဤအမြစ်က လှန်လှောပြောင်းလဲရေးဖြစ်ပေါ်လာမည်ကိုကားမသိ။ ဖြစ်ပေါ်လာရမည်ကား ကေန်သာတည်း။

တိဗမာအစည်းအရုံးကြီးနှင့်တကွ၊ တိဗမာအစည်းအရုံးဝင်တို့မှာ။

> လူပေါ်လူဇော်လုပ်ခါ ခေါင်းပုံဖြတ်ခါ ဆင်းရဲသား လက်လုပ်လက်စားတို့ သွေးစုတ်ခံနေရသည်ကို တွေ့မြင်သိရှိ မလိုလားသည့်အတိုင်း ငါတို့၏ လုံးဝ လွတ်လပ်ရေးမှာ ငတတလ ပြတ်တာလ ဖြစ်နေသော ဆင်းရဲသားလူမွဲ လူနင်းပြား သိန်းပေါင်းပြောက်မြား စာတို့၏ စီးပွားရေးချောင်ချိမှုအတွက် ဖြစ်ရမည် ဟု သိရှိကြ၏။ သိရှိကြသည့်အတိုင်းလည်း တပြည်လုံး အား ကျေညာနေ၏။

ဆိုရှယ်လစ်ဝါဒ အရိပ်အယောင်နှင့်မကင်းသော ကျေညာခြင်းဖြစ်သော်လည်း ဆိုရှယ်လစ်ဝါဒနှင့်ကား မကိုက်ညီသေး။

တရွေ့ရွေ့နှင့် တိုဗမာအစည်းအရုံးကြီးမှာ ယခု အခါ ငါတွေအရေးများကို လုပ်ဆောင်နေချေပြီ၊ ငါတို့သည်လုံးဝ တိုင်းပြည်လွတ်လပ်ရေးကို စွဲစွဲလန်းလန်းကြီး အလိုရှိနေသော်

လည်း စီးပွားရေးလွတ်လပ်မှုအတွက် ဂရုမပြု အရေးမယူဘဲ မနေနိုင်။ တိုင်းပြည်လွတ်လပ်ရေးနှင့် စီးပွားရေး လွတ်လပ်မှု တို့မှာ အညမည ဆက်စပ်လျက်ရှိပေသည်။

ငါတို့ကား တိုင်းပြည်လွတ်လပ်ရေးနှင့် စီးပွားရေး လွတ်လပ်မှုတို့ကို အစမ်းကန်ခွဲခြားပြီး တိုင်းပြည်လွတ်လပ်ရေး အတွက် ကြိုးပမ်းနေကြပေသည်။ သို့သော် စီးပွားရေးလွတ်လပ်မှု ပြဿနာရပ်များသည် အလိုအလျောက် ပေါ်ပေါက်လာခဲ့၏။

(၆)

လူတို့၏ အမှတ်သညာကား နဲ့ဘိသည်။ များစွာသော သူတို့သည် တို့ဗမာအစည်းအရုံး ရာဇဝင်ကိုရင်း၊ ဗမာပြည် ရာဇဝင်ကိုရင်း၊ မေ့မေ့လျော့လျော့၊ သတိမမှဘဲ နေခဲ့ကြသည်၊ ဆိုရှယ်လစ်ဝါဒသည်လည်း၊ တိုင်းပြည်၏ စီးပွားရေး စံနစ်၊ ပေါင်းသင်းဆက်ဆံရေးစံနစ်၊ အောက်ခြေသိမ်း အမြစ် ကလန်ကာ ပြောင်းလဲရေးသည်နှင့်၊ တို့ဗမာ အစည်းအရုံးတွင် ယခုမှပေါ်ပေါက်လာသည့် အရေးသစ်ဝါဒသစ်၊ လုပ်ငန်းသစ်များမဟုတ်။

တို့ဗမာ အစည်းအရုံးအတွင်းဝယ် ဆင်းရဲသားအရေး၊ လူနင်းပြားများအရေး၊ [illegible]များအရေး။ မြေရှင်ပေါက်စများ အရေးနှင့် ပတ်သက်သော သဘောတရားများမှာလည်း၊ အဆန်းမဟုတ်။ တဖန်တို့ဗမာအစည်းအရုံးကြီးမှာ ယခုထက်တိုင် ဆိုရှယ်လစ်အစည်းအရုံးကြီး မဟုတ်ကြောင်းမှာလည်း တိတိ ရိရိမှန်ကန်လှပေသည်။



သို့သော် တို့ဗမာအစည်းအရုံးကြီးသည်၊ ဆိုရှယ်လစ်ဝါဒ နှင့် ကင်းသည်ဖြစ်စေ၊ မကင်းသည်ဖြစ်စေ၊ ယခုအခါမှာမူ နိုင်ငံရေးအပေါ်မှတည်၍သာ အလုပ်မလုပ်တော့ဘဲ စီးပွားရေး ကိုပါ စိတ်ဝင်စားစွာ အရေးပြုလျက် လုပ်ကိုင်နေတော့သည်။

ယခု စာရေးသည့်အခိုက်တွင်ပင် တို့ဗမာအစည်းအရုံးကြီး မှာ သံလျင်, ရေနံချောင်း စသော အရပ်ဒေသတို့ရှိ အလုပ် သမား လနင်းပြား လူမွဲများအရေးကို ကြိုးကြိုးစားစား ဆောင်ရွက်နေ၏။

ထိုသို့ဆောင်ရွက်နေသည့်အခါ အခွင့်အရေးချင်း ပဋိပက္ခ ဖြစ်လာသော်၊ သဘောထားချင်း ပဋိပက္ခဖြစ်လာသော်၊ မြေ ရှင်တို့၏ အခွင့်အရေးကို ထိခိုက်လာသော် ဘယ်သူ့အရေးကို မျှ ဂရုမစိုက်, အရေးမယူနိုင်ဘဲ ဆင်းရဲသား, အလုပ်သမား, လနင်းပြားများအရေး သာရေးကိုသာလျှင် ဂရုပြုရလေ သည်။

ဒါပေမင့် ငါတို့သည် လုံးဝလွတ်လပ်ရေးရရန်၊ အာရုံစိုက်ရပေမည်။ ဤအရေးကြီးကို အနှောက်အယှက်ပြုသော မည်သည့်ကိစ္စကိုမဆို ငါတို့မလိုလားအပ်သည့်အလျောက် ငါ တို့သည် အခြားအရေးတို့ကို စိတ်အားထက်ထက်သန်သန်ဖြင့် ဂရုမစိုက်ရာ, အားမပေးရာဟုဆိုလျှင် တို့ဗမာအစည်းအရုံးဝင် တို့၏ သဘောထားနှင့် တိုက်ဆိုင်ပေလိမ့်မည်။ သို့ဖြစ် လျှင် ငါတို့သည် ဘာကြောင့် ဆိုရှယ်လစ်ဝါဒ အကြောင်း ရေးကြီးခွင်ကျယ်, အရေးအရာလုပ်ခါ ပြောဆိုဆွေးနွေးကြ သလဲ။

ငါတို့သိရသလောက်မှာ ထိုသို့ဆိုရှယ်လစ်ဝါဒအကြောင်း ရေးကြီးခွင်ကျယ် အရေးအရာလုပ်ကာ ပြောဆိုဆွေးနွေးနေရသည်မှာ ဆိုရှယ်လစ်ဝါဒသမားတို့က လုံးဝလွတ်လပ်ရေးမရခင် ဆိုရှယ်လစ်လုပ်ငန်းများကို လုပ်ကိုင်နိုင်မည်ဟု ယုံကြည်သောကြောင့်မဟုတ်။

ဆိုရှယ်လစ်ဝါဒ လုပ်ငန်းတို့ကိုမူ လုံးဝလွတ်လပ်ရေးရပြီး တိုင်းပြည်ကလည်း ဆိုရှယ်လစ်ဝါဒ လုပ်ငန်းလုပ်၍ ရသောအခြေအနေ တိုင်းသူပြည်သားတို့ကလည်း ဆိုရှယ်လစ်ဝါဒကို လိုလားလျက် ရှိနေသောအခါကြမှသာလျှင် လုပ်နိုင်လေအံ့။

ငါတို့၏ အရေးပေါ်ငါးစတိုက် အရင်းစင်ကာ သတ္တုချကာ ဆင်ခြင်သုံးသပ်သည့်အခါ၌ကား ဆိုရှယ်လစ်ဝါဒသည်များစွာအကူအညီရပေသည်။ ဆိုရှယ်လစ်ဝါဒအရ တိုင်းပြည်အခြေအနေ ခေတ်ရာဇဝင်တို့ကို သုံးသပ် ဆင်ခြင်ကြသော် ငါတို့၏ လွတ်လပ်ရေးသည် အဘယ်ကဲ့သို့သော လွတ်လပ်ရေးဖြစ်ရမည်ကို ထင်ရှားစေ၏။

ငါတို့၏ လွတ်လပ်ရေးဆိုရာ၌ ဆိုရှယ်လစ်တို့ အမြင်အားဖြင့် ဆိုသော် ထိုလွတ်လပ်ရေးသည် နယ်ချဲ့ခနရှင်တို့နှင့် ဆက်ဆံခြင်းမှ ရပ်စဲမှပေါ် အရင်းတည်လျက်ရှိ၏။

ထို့ပြင် ဆိုရှယ်လစ်တို့က တိုဗမာ အစည်းအရုံးကြီးကအရေးကြီးသည်ဟု သိရှိ၍ ဆောင်ရွက်နေသော လူဆင်းရဲ လူမဲ့-လူနင်းပြားများအရေးကို လုံးဝလိုသား ဆောင်ရွက်ပေသည်။



"လွတ်လပ်ရေး အစစ်အမှန်ကား လူပေါ်-လူဖော်လုပ်ပြီး လာကျယ်လုပ်ကာ သွေးစုတ်နေသော အရေးကြီးပျောက်ကွယ်ရေးပင် ဖြစ်သည်"

သို့ကြောင့် ငါတို့သည် ၁၀၀-လျှင် ၉၅ ယောက်မျှသော လူဆင်းရဲ လူမဲ့ လူနင်းပြားများ အရေးတို့ကို ဂရုအထူးစိုက်၍ ဆောင်ရွက်လုပ်ကိုင်ကြရပေမည်။

(၇)

ထိုသို့အင်အားကြီးမားလှသော ဆင်းရဲသား လူမဲ့ လူနင်းပြား တပ်တောင်တာ ပိသ်ယကြီး အားပေးခြင်း ကူညီခြင်းသည် ငါတို့၏ လုပ်ငန်းကြီး အစစ် ဖြစ်ပေသည်။ ဤတပ်တောင်တာ ဗိုလ်တကြီးသာလျှင် ငါတို့၏ လွတ်လပ်ရေးတိုက်ပွဲကြီးကို အားကျိုးမာန်တက် ဝင်နွှဲပေလိမ့်မည်။

ငါတို့ကား ဖေါ်ပြခဲ့သည့်အတိုင်း ဆိုရှယ်လစ်ဝါဒကို သင်သင့် အသုံးပြုကြရ၏။ ငါတို့ကား ငါတို့ဝါဒကို ဆိုရှယ်လစ်ဆန်ဆန် လုပ်ရမည်၊ ကွန်မြူနစ်ဆန်ဆန် လုပ်ရမည်စသည် အားဖြင့်ကား အငြင်းမပွားထိုက်။

ငါတို့၏ဝါဒမှာ ရှင်းရှင်းကြီးပင်။ ၎င်းကား နယ်ချဲ့ဝါဒ တိုက်ခိုက်ရေးဖြစ်ပေသည်။ ဤကား ဆိုရှယ်လစ်မျက်စေ့နှင့် ကြည့်သော် ထင်ထင်ရှားရှားတွေ့ရမည့် ဝါဒကြီးတည်း။

ဆိုရှယ်လစ်ဝါဒက ရှေ့သို့တမျော် တခေါ်ကြီး မျော်မှန်းသည်ကား မှန်၏။ ဆိုရှယ်လစ်ဝါဒမှာ လူတို့ပေါင်းသင်း ဆက်ဆံရေး စီးပွားရေးတို့တွင် လူပေါ် လူဖော်လုပ်ကာ လူ

ကျယ်လပ်ကာ ခေါင်းပုံဖြတ် အမြတ်ယူရေးတို့ကို ပယ်ဖျက်ရန် ရည်ရွယ်သည်မှာ မှန်မြတ်လှပါသည်။ အချို့က ကျုပ်ကိုစွက် ယခု မစဉ်းစားထိုက်ဟု ဆိုအံ့။ ထိုသူများအဘို့ အမြင်တိုရာ ကြချေသည်။

ငါတို့၏ ရည်ရော်မှန်းဆချက်ကို ငါတို့သည် ယခုက တင် ကြို၍ စဉ်းစားခါ စီစဉ်မှသာ လာမည့်အရေးကြီးကိုပြေးတွေ့ ရာ ကျပေမည်။

ငါတို့လုံး၀ လွတ်လပ်ရေးရသော် နိုင်ငံရေး အာဏာကို ဘယ်သူတွေ ရယူမည်နည်း။ ဤပြဿနာမှာ အရေးပါလှ၏။ အကြောင်းသော်ကား ငါတို့ ရည်မှန်းချက်အတိုင်း စီးပွား ရေး, ပေါင်းသင်းဆက်ဆံရေး စသည်တို့ကို အောက်ခြေသိမ်း အမြစ်လှန်နိုင်ရန် တွေးတောကြည့်က သိနိုင်ပေသည်။

ငါတို့၏စီးပွားရေး, ပေါင်းသင်းဆက်ဆံရေး,စသည်တို့ကို အောက်ခြေသိမ်းအမြစ်ကလှန်နိုင်ရန်၊ ငါတို့ရည်ရွယ်ကြသဖြင့် ရည်ရွယ်မှန်းဆချက် အောင်မြင်ရန် လမ်းခင်းမှအတွက် ယခု ကတည်းက ကြိုတင်၍ အင်အားမရလျှင် မနေရှ တသာလျှင် ဗမာပြည်လုံး၀လွတ်လပ်ရေးရလျှင် လွတ်လပ်ရေး၏ အရသာ ကို သူတို့သာလျှင်ခံစားကြရပြီး လူဆင်းရဲ, လူမွဲ လနင်းပြား တို့မှာ အခြေအနေ မပြောင်းလဲဘဲ ရှိတော့အံ့။

(ဂ)

ဆိုရှယ်လစ်နည်းအားဖြင့် အရေးပေါင်းစုကို ဆင်ခြင်မှု သည် "မာဇင်" ၀ါဒအရဖြစ်၏။ ယခုခေတ်ရာဇ၀င်, ရေး



ခေတ်ရာဇ၀င်တို့ကို ဆင်ခြင်သုံးသပ် လေ့လာမှုပင်ဖြစ်သည်။

မာ့က်(စ်)၏ လောကကြီးကို ထိထိရောက်ရောက် လောကီ နိဗ္ဗာန် ဖန်တီးနိုင်အောင် ရည်ရွယ်သော ၀ါဒကြီးမှာ အသစ် အဆန်းမဟုတ်ပေ။ ရှေးရေးခေါမတိုင်း ရောမတိုင်းတို့ ထန်း ကားစဉ်ကတည်းက ဤလောကီနိဗ္ဗာန် ဖန်တီးရေး ၀ါဒကြီး မှာ ထင်ရှားစွာ ရှိပေသည်။

မာ့က်(စ်) ဆိုသောစကားသံကိုကြားလျှင် အများပင်တုန် လှုပ်ကြ၏။ အဘယ့်ကြောင့်ဟူ၍ကား တန်လပ်ကြသူတို့ပင် သိ ပေမည်။ ဤကိုစနှင့်ပတ်သက်၍ ယခုအိန္ဒိယပြည်သို့လာရောက် ကာ ပြည်ထောင်စုအရေး ဖြစ်မြောက်အောင် ကြိုးစားနေ သော ပုဂ္ဂိုလ်ကြီးဖြစ်သည့် 'လော့ဒ်လိုသီရင်'က ၁၉၃၀-ခု နှစ်က လန်ဒန်စီးပွားရေးဆိုင်ရာကျောင်းတွင်.....

> "မာ့ကစ်ဇင်အမြင်အားဖြင့် တည်ရင်းစု အခြေ အနေတို့ကို ဆင်ခြင်သုံးသပ်မှသည် ငါတို့ သုံးသပ်မြဲ ဖြစ်သော နည်းအရ သုံးသပ်ဆင်ခြင်ခြင်းထက် ပို၍ မမှန်ဘူးလား။ မာ့ကစ် လမ်းနှင့်စသည်တို၏ ရှေ့ဖြစ် မည် အရေးတွေကို ပြောခဲ့ချက်များမှာ မှန်းလောက် အောင် မှန်နေသည်ကို ငါတွေရ၏။ မာ့ကစ်ဇင်နည်း အားဖြင့် ယခုတည်ရင်းစု အခြေအနေတို့ကို ဆန်းစစ် ခြင်းသည် များစွာပင်မှန်လှသည်ဟု ငါထင်သည်"

စသည်ဖြင့် ပြောဆိုသွားသည်ကို ထောက်ချင့်ခြင်း အား ဖြင့် မာ့က်စ်ဆိုသောစကားသံကိုကြားလျှင် တုန်လှုပ်ကြသော သူများသည်၊ အဘယ့်ကြောင့် တုန်လှုပ်သည်ကို ထင်ရှား စေ တော့၏။

သို့သော် မာ့က်စ်ဇင်ဝါဒသည်ကား တို့ဗမာအစည်းအရုံးကြီးက ယခုအခါ အရေးယူ၍ စဉ်းစားစစ်စနေသောကိစ္စကြီး မဟုတ်ပေ။ တို့ဗမာအစည်းအရုံးကြီး လက်တွေ့ကိုင်ဆဲ စစ်စနေသော လုပ်ကိုင်နေသော ကိစ္စကြီးမှာ မတရားသော အမြမှုများ ပပျောက်ရေးအတွက် လုပ်ငန်းတော်နှင့် တကွ လွတ်လပ်ရေးတိုက်ပွဲကြီးကို အပြီးတိုင် အနိုင်တိုက်ခိုက်နိုင်ရန် လုပ်ငန်းများဖြစ်ပေသည်။

အချို့ ခက်ခဲနက်နဲသော ပြဿနာများအတွက် ငါတို့ကား ဖြေရှင်းရန် စစ်စစ်ရာတွေ အများကြီးရှိ၏။ ထိုဖြေရှင်းရန် နည်းလမ်းရှာကြရာ၌ ငါတို့ကား ဆိုရှယ်လစ်ဝါဒကို အသုံးပြုနိုင်ပေ၏။ ဆိုရှယ်လစ်ဝါဒမှ ထိုသို့ ရှုပ်ယှက်ခတ်နေသော ပြဿနာရပ်များကို ဖြေရှင်းရန် နည်းလမ်းရှာဖွေရာ၌ များစွာပင် အကူအညီပေးလေသည်။

ဆိုရှယ်လစ်ဝါဒအရ လောကနိဗ္ဗာန် ဖန်တီးရေး စသည်တို မှာ တမြော်တခေါ်ကြီး တွေးကြည့်မှ သိရပေမည်။ ထိုလောကနိဗ္ဗာန်တည်ထောင်သောအခါ ငါတို့ အသက်နှင့်ပင် နေမနေကြရမည်။ သို့သော် ဆိုရှယ်လစ်ဝါဒမှာ ငါတို့၏လွတ်လပ်ရေးစစ်ပွဲ တိုက်ခိုက်ရန်လမ်းကြီးတွင် မီးရှူးမီးတိုင်သဖွယ် ဖြစ်နေသတည်း။

ဤအတိုင်းပင် ဆိုရှယ်လစ်တို့က ထင်မြင် ယုံကြည်ကြ၏။ ဘယ်လိုပင် ယုံကြည်ယုံကြည် အခြား များစွာကန်သော လွတ်လပ်ရေး စစ်ပွဲကြီးတွင် နွှဲနေကြသော ရဲဘော် ရဲဘက်တို့မှာ ၎င်းတို့ ယုံကြည်သလို မယုံကြည်ကြောင်း သိရှိထိုက်၏။



ဆိုရှယ်လစ်ဝါဒသမားတို့မှာ ၎င်းတို့သည် အခြားအခြားကန်သော ဆိုရှယ်လစ်ဝါဒသမားတွေ ယုံကြည်သလိုမယုံကြည်ကြသော သူတို့သည် မိမိတို့ထက် အသိဉာဏ် နည်းသည်ဟု မမှတ်အပ်။

ဘယ်သူတွေ ဘယ်လိုလုပ်နေနေ၊ ဆိုရှယ်လစ် ဝါဒသမားတို့ လုပ်ကိုင်ရန်မှာ မိမိတို့နှင့် သဘောသဘာ မတိုက်ဆိုင်သောသူတွေကို မိမိတို့နှင့် သဘောထား တိုက်ဆိုင်အောင် လုပ်ရန်အရေးပင်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုသော် ငါတို့ကား ဆိုရှယ်လစ် ဝါဒကိုကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ၊ ဆိုရှယ်လစ်ဝါဒသမားတို့နှင့် သဘောတိုက်ဆိုင်သည်ဖြစ်စေ၊ မဆိုင်သည်ဖြစ်စေ၊ တို့ဗမာအစည်းအရုံးကြီး၏ “ကိုယ့်မင်းကိုယ်ချင်း” ရယူရေးဆိုသော ရည်ရွယ်ချက်အတိုင်း စည်းစည်းလုံးလုံးဖြင့်လွတ်လပ်ရေး စစ်မျက်နှာပြင်ကို ဖြန့်ကာ နောက်မဆုတ်တန်း တိုက်ကြစို့။

**သခင်ကျော်စိန်**

# ကုလားဗမာတိုက်ပွဲ

(၁)

ကုလား ဗမာ တိုက်ပွဲကား အနှေးနှင့်အမြန် ဖြစ်ပေါ်ရမည့် မလွဲမရှောင်သာသောအရေးဖြစ်သည်။

"ကျွန်ုပ်တို့ နှစ်ဦးစလုံးမှာ လူရိုင်းဘိအဖြေမှ မတက်နိုင်ခြင်းကို ပြသသည်" ဟု၍ နက်မရှောင်နှင့်တိမ်ဇီသော မစ္စတာ ဂန္ဒီ၏ စကားမျိုးဖြင့် မျက်နှာလွဲနေရုံဖြင့်လည်း အရေးမပြီး။ "ကျွန်ုပ်သိဖြစ်ရသည်မှာ ဝမ်းနည်းစရာဖြစ်ပါသည်" ဟု၍ မီးလောင်ရာတွင် ဘာမျှမလုပ်ဘဲ ချုံးချကာ ငိုခြင်းမျိုး ဖြစ်သော ဗမာပြည် ဘုရင်ခံ၏ စကားမျိုးသည်လည်း အရာမရောက်။ အရေးတော်ပုံ တခုလုံးသည် ဦးရွှေဖီ၏ စာအုပ်ကြောင့် ဖြစ်ရပါသည်ဟု လယ်လင်တကာဆိုရန်မှာလည်း ဉာဏ်အမြင် ဇောက်မနက်။ တကယ်အကြောင်း အဖြစ်အပျက် အမှန်များကို ဉာဏ်ဝင်စားကာ တွေးခေါ်ပြီး ရှင်းလင်းရန်သာ အရေးကြီးလှပေ၏။

အဘယ်ကြောင့် ကျွမ်းဆပရသနည်း။ အဘယ်ကြောင့် တပြည်ထောင်လုံးက ဝိုင်းပြီး အော်ကြဟစ်ကြရသနည်း။ အ



ကြောင့် လူတကာ သတ်နေရသနည်း။ အဘယ့်ကြောင့် ဆိုင်တွေကိုဖောက်ပြီး ဥစ္စာတွေယူကြသနည်း။ အဘယ့်ကြောင့် အိမ်တွေ ပလီတွေကို မီးရှို့ကြရသနည်း။

ကုလားတို့ကို ဗမာတို့သည် ချစ်ကြည်ကြပါသည် မဟုတ်လော။ ဘာသာတရား ယဉ်ကျေးမှုစသည်များကို ကုလားတို့ထံမှ ရခဲ့သဖြင့် ၎င်းတို့အား ကျေးဇူးတင်လျက်ရှိသည် မဟုတ်လော။ ခရေး တဲရေး ကိစ္စတန်းက ဗမာတို့သည် တဲရေးအတွက် မပေးခဲ့သည် မဟုတ်ပါလော။

ကုလားပြည်မှ ကုလားတို့သည် ကျွမ်းမေးခန်းများကိုမေးနေကြပေမည်။ ငါတို့ အိန္ဒိယပြည်တွင်ရှိစဉ်က ကျွမ်းမေးခန်းတွေကို မျက်မှောက်ပြုခဲ့ရလေပြီ။ ဘာသာတရား ယဉ်ကျေးမှု စသည်များကို ကုလားထံမှ ရခဲ့သည် မှန်ပါ၏။ သို့သော် ဗမာအား ဘာသာတရားနှင့် ယဉ်ကျေးမှုများကိုပေးခဲ့သော အိန္ဒိယပြည်သည် ယခုအိန္ဒိယပြည် မဟုတ်တော့ပြီ။ ဗမာအား ပေးလိုက်သော ဘာသာတရား ယဉ်ကျေးမှုစသည်များမှာ ယခုအိန္ဒိယပြည်၌ မရှိတော့ပြီ။ အိန္ဒိယပြည်၌ ဖျက်ဆီးပစ်လိုက်ကြပြီ။

သို့ကြောင့် ဗမာနှင့် ကုလားပြည်များမှာ ဘာသာတရား ယဉ်ကျေးမှုစသည်များ၌ မတူကြတော့ပြီ။ ကုလားတို့အား ထိုယဉ်ကျေးမှုများအတွက် ကျေးဇူးမတင်နိုင်တော့ပြီ။ ခရေး တဲရေးတန်းက ဗမာတွေက တဲရေးကို မပေးသည်လည်း မှန်လှပါ၏။ သို့သော် မပေးသည်မှာ ကုလားတွေက ချစ်ကြည် လေးမြတ်လှ၍ ပေးသည်မဟုတ်။ ကျေးဇူးရှင်မို့ မခံလို၍ ပေးသည် မဟုတ်။ ကုလားနှင့်နေရလျှင် ဖြတ်သျှတ်လကအောက်မှ လာ

လုပ်ပေမည်။ တစန်းတစ အကျိုးခံစားရပေမည် စသည်ဖြင့် ကိုယ်ကျိုးကြည့်ပြီး ကုလားနှင့်တွဲလိုခြင်းသာ ဖြစ်စပေ၏။ တွဲသည်ကိုပင် ယာယီတွဲ တွဲလို၏။

ထို့ကြောင့် ကုလားဗမာအရေးတွင်မေတ္တာဂရုဏာစသော တရား၊ ကတညုတ ကတဝေဒီစသော တရားတို့ဖြင့်သာ မြင်မနေကြဘဲ(ဝါ) တရားသဘောတဖြင့် မြင်မနေကြဘဲ၊ အစိုင်အခဲ ရုပ်ဝတ္ထုသဘောဖြင့် မြင်နိုင်ရန်ကြိုးစား ရပေတော့မည်။

(၂)

ရာဇဝင် သက်သေ အထောက်များအရ ကုလားများသည် ဗမာပြည်သို့ လာရောက်ကူးလူးနေကြသည်မှာ ရှေးခေတ်ကပင် ရှိခဲ့လေသည်။ ထိုစဉ်ကလာကြသော ကုလားများမှာ ပြည်ကြီးသား ပီသကြလေသည်။ သူတို့ပြည်၌ မန်မြတ် ကြီးပွားသော ဘာသာများကို ဗမာတိုင်းနေပြည်သားတို့ အကျိုးငှာ ဆောင်ယူခဲ့သည်။ သူတို့ပြည်တွင် စည်ပင်အောင် မြင်ပေးနေသည်ဆေးပညာ၊ ပိဋကပညာ၊ ပန်းချီပညာစသည်များကို ဗမာပြည် ကြီးပွားစည်ပင်အောင် ယူဆောင်ခဲ့လေသည်။ အချို့ကုလားများမှာလည်း ဗမာဘုရင်၏ စစ်သည် တော်များအဖြစ်ဖြင့် ထမ်းရွက်ရန်လာခဲ့ကြခြင်း ဖြစ်လေသည်။

ယခုခေတ်တွင် ဗမာပြည်သို့ရောက်လာကြသော ကုလားများကား ထိုအဆိုပါ ရှေးကုလားများ၏နာမည်နှင့် ကျေးဇူးတို့ကို ဖျက်ရန်လာသည်နှင့်တူတော့သည်။

အထက်အောက် ဗမာပြည်ကို အင်္ဂလိပ်တို့သိမ်းယူသော အခါ ကုလားစစ်သားများက သိမ်းယူသည်။ ဗမာတို့က သူတို့



ား မျက်မှန်းကျိုးသည်။ သို့ကုလားစစ်သားအချို့ပင် ဗမာ ပြည်တွင် ဆက်လက်နေခဲ့သည်။ အောက်ဗမာပြည်ကို သိမ်း သောအခါ အင်္ဂလိပ် ကုန်သည်များသည် စအောင် ားမြောင်း ကဲ့ဒါ စ ဖြစ်၍ ဥရောပတိုက်သို့ ဗမာဆန်အမြောက်အမြား ပေါပေါ ဖြင့်ပို့လိုကြသည်။ အောက်ဗမာပြည်တွင် စပါး ကြီးအကျယ်စိုက်လိုသည်။ တောင်သူများ မှာ ငွေ မ ရှိ၊ င်္ဂလိပ်ကုန်သည်ကြီးတကလည်း တိုက် ရိုက် မပေးနိုင်သော ကြောင့် မဒရပ်ပြည်မှ ချစ်တီးများကို ခေါ်ယူစေသည်။

အဂ္ဂဝ နှစ်လောက် ကတည်းက ချစ်တီးတော့ အင်္ဂ လိပ် ကုန်သည်ကြီးများ၏ သိတ်ပြု ချက် ကညီချက်ဖြင့် ငွေ ချေး ခဲ့သည်။ ဗမာလုပ်သားများ မလုံလောက်သဖြင့်၎င်း၊ ဈေး ပေါသဖြင့်၎င်း၊ ကုလားလုပ်သားများကို ခေါ်ယူခဲ့သည်။ ဗမာပြည်သို့ ရောက်လာကြသော ဇာတ်ကြီးသည့် ကုလား များကို ဘယာကြော်ရောင်းရန်၊ ဂျလေဘီ ရောင်းရန်၊ ဒိ ထိ ရောင်းရန်၊ ချစ်တီးများကို လာဘ်ရည်ရောင်းရန်၊ ကော် ဖီ ရောင်းရန်၊ လန်ကတ်တီရောင်းရန် စသည်ဖြင့် ကုန် သည် များ လိုက်ပါလာခဲ့လေသည်။

ဤသို့ဖြင့် ဗမာအကျိုးမဟုတ်ဘဲ၊ သူတို့အမြတ်အစွန်းရရန် အကျိုးအတွက် ကုလားများစတင် ရောက်လာကြလေသည်။

ကုလားကူလီလုပ်သားများကို မတန်ရည် တန် ရည်ပေး၍ မသေရုံစားရန်ပေး၍ ခေါ်ခဲ့ကြသည်။ အချောင် ရ သော ကုလားလုပ်သားများ အကူအညီဖြင့် အင်္ဂလိပ်နှင့် ကုလားခေ ရှင်ကြီးများသည် အမြတ်ငွေများစွာ ရခဲ့ကြသည်။

ထိုသို့တဖြည်းဖြည်း ကုလားများ ဗမာပြည်သို့ ဝင်လာလေရာ ယခုအခါ။

ဟိန္ဒူ ....၅၆,၅၆၀၉
မူစလင်....၃၉,၆၅၉၄
ပေါင်း-၉၆,၂၂၀၃ ရှိလေသည်။

အကြမ်းအားဖြင့် တသန်းမျှရှိသည်။ဗမာမှာ|အကြမ်းအားဖြင့် ၁၂-သန်းမျှရှိလေရာ ဗမာ ၁၂-ယောက်လျှင် ကုလား ၁ ယောက်ရှိလေပြီ။

ဗမာပြည်၏ ကုလားဝင်-ထက်စာရင်းမှာ (၁၀) နှစ်တက် အောက်ပါအတိုင်းဖြစ်၏။

| | လူဝင် | လူထွက် |
|---|---|---|
| ၁၉၂၈ | ၃၂၄,၀၀၀ | ၂၇၈,၀၀၀ |
| ၁၉၂၉ | ၃၀၇,၀၀၀ | ၃၉၈,၀၀၀ |
| ၁၉၃၀ | ၂၇၃,၀၀၀ | ၃၆၅,၀၀၀ |
| ၁၉၃၁ | ၂၅၂,၀၀၀ | ၂၈၅,၀၀၀ |
| ၁၉၃၂ | ၂၄၀,၀၀၀ | ၂၂၅,၀၀၀ |
| ၁၉၃၃ | ၂၂၀,၀၀၀ | ၂၀၀,၀၀၀ |
| ၁၉၃၄ | ၂၉၉,၀၀၀ | ၁၈၅,၀၀၀ |
| ၁၉၃၅ | ၂၀၆,၀၀၀ | ၁၈၈,၀၀၀ |
| ၁၉၃၆ | ၂၁၉,၀၀၀ | ၁၈၄,၀၀၀ |
| ၁၉၃၇ | ၁၉၉,၀၀၀ | ၁၉၅,၀၀၀ |



၁၉၃၁-ခုနှစ်၌ ကုလားဗမာ ရိုက်ပွဲဖြစ်၍ သုံးနှစ်မျှရော့သွားပြီး ပြန်တက်လာပုံကိုတွေ့နိုင်လေသည်။

သိစာရင်းအရ တနှစ်ထက်တနှစ် ပို၍သာ ဝင်လာလေရာ ၁၀၀-လျှင် တနှစ် ၁၂-ယောက်နှုန်းမျှ တိုးလေသည်။

ဗမာပြည်တွင် ကုလားထီးနှင့် ကုလားမ ပေါင်းစပ်သဖြင့် တိုးအပ်သည်မှာ တရာလျှင် တနှစ် ၁၆-ယောက်မျှ တိုးတက်လေသည်။ ထို့ကြောင့် အနှစ်ငါးဆယ်ကြာသောအခါ ဗမာ

၈-ယောက်လျှင် ကုလား
၁-ယောက် ဖြစ်လာတော့သည်။

ယခုလက်ရှိ မနေရင်စံနစ်အရ အုပ်စိုးသော အင်္ဂလိပ်အစိုးရလက်ထက်တွင်ကား ယခုအခါ ပညာတတ်၊ ပညာမတတ် အလုပ်လက်မဲ့များစွာရှိ၏။ ထမင်းငတ်မွတ်ခြင်း များစွာရှိ၏။ သို့ရှိနေပါလျက် ဖော်ပြပါအတိုင်း ကုလားအဝင်က တိုးနေချေသော မနေရင်စံနစ်အရ အစိုးရခြင်းခံရသော ဗမာပြည်တွင် သည့်ထက်သည် အလုပ်လက်မဲ့ပေါ ရန်သာ ရှိလေသည်။ သို့ကြောင့် လူဝင်ရေးပြဿနာကို ကြိုတင်အခရေးယူရန် ဗမာ့ တာဝန်သာမဟုတ်၊ အစိုးရ၏ တာဝန်လည်းဖြစ်လေသည်။

သိအသင်အရေးဖြစ်၍ ဗမာများက လူဝင်လူထွက် ကန့်သတ်ရေးကို တောင်းသောအခါ ဗမာပြည်ရှိ ကုလားများသည် ဘာလုပ်ရောက်အောင် ဆန့်ကျင်ကြသည်။ ကုလားအစိုးရကပါ သဘောတူမ ကန့်သတ်နိုင်ရန် တောင်းကြသည်။ကုလားပြည်နေ ဗမာပြည်ရှိအခြေအနေကို နကန်းတလုံးမျှ မသိကြ

သော ကုလားတို့ကပါ ထောက်ခံ ဝိုင်းအော်ကြသည်။ ကုလားနေရှင်များက ဈေးပေါပေါဖြင့် ကုလားလုပ်သားတွေ မရနိုင်မည်ကို စိုးသဖြင့် "ကျွန်ုပ်တို့သည် ကုလားများ အကျိုးကို စောင့်ရန်ဖြစ်သည်။ ကျွန်ုပ်တို့ကား ကုလားမျိုးချစ်များ ဖြစ်ပါသည်" ဟု ညာဝါးကာအော်ကြလေသည်။

ကုလားများသည် စကတည်းက ယဉ်သကိုဆိုသကဲ့သို့ ဗမာပြည်သို့ ဝင်လာကတည်းက အမြတ်အစွန်းရရန်၊ ငွေရှာရန်သာ လာခဲ့လေသဖြင့် အမှုမဲ့အမှတ်မဲ့နေသော ဗမာများထက် စီးပွားရေးတွင် များစွာသာလာလေသည် ကူးသန်းရောင်းဝယ်ရေးတွင် ကုလားတို့သာ ချုပ်ချယ်လျက်ရှိလေသည်။

ကွမ်းယာဆိုင်မှာလည်းကုလား။ ဘယာကြော်ဆိုင်မှာလည်း ကုလား။ အထည်ဆိုင်မှာလည်းကုလား။ ဈေးပိုင်ကြီးများမှာလည်း ကုလား။ လက်ကားမှာလည်းကုလား။ ဘိနပ်သခ္ခါရိုက်သည်မှာလည်း ကုလား၊ စပ်ကျယ်စက်ကြီးမှာလည်း ကုလား သံဆပ်ပြာမှာလည်းကုလား၊ ရေမွေးဆပ်ပြာမှာလည်းကုလား အရင်းငွေချေးသမှာလည်းကုလား၊ ကုလား-ကုလား နေရာတကာတွင် ကုလားဖြစ်ပေ၏။ ဒုဝမ်လည်းကုလား၊ ဟိုက်ကုတ်တရားသကြီးလည်း ကုလား၊ ကန်ပေါင်ဒါမှာလည်း ကုလား၊ ဆေးဆရာဝန်ကြီးလည်း ကုလား၊ ဂျမဒါလည်း ကုလား၊ ထောင်မှူးလည်း ကုလားဖြစ်ချေသည်။

အဘက်ဘက်တွင် စီးပွားရကြပြီး စုဆောင်း ရသမျှကို ကုလားပြည်သို့ စာတိုက်မှတင်ပို့ကြလေရာ တနှစ်လျှင် ငွေ ၅ ကုဋေဖြစ်သည်။



ဆင်းရဲသားများသာ စာတိုက်ကအသုံးပြုကြသည်။ သူဌေးများကား ဘဏ်တိုက်မှတဆင့်ငင်း၊ ကိုယ်တိုင်ငင်း ပို့သည်။ ကုလားပိုင် အဗ္ဗဒဘာရီ ချောဒရီ ကုလားခေါ် မနက်ဂျီ ။ ဗမာခေါ် မနုင်းဆီစသော သင်္ဘောကုမ္ပဏီများလည်းရှိသည်။ ထင်းစက်၊ ဒန်အားစက်၊ စပ်ကျယ်စက် စသော စက်ကြီးများကိုလည်း ကုလားပိုင်သည်။ များစွာသောဘဏ်တိုက်များကိုလည်း ကုလားပိုင်သည်။ ငွေထုတ်ချေးသောဘဏ်များကိုလည်း ကုလားပိုင်သည်။ တနှစ်လျှင် ၁၂ ကုဋေမှ ၁၃ ကုဋေအထိ တန်ဘိုးရှိသော ကုလားပြည်က ဗမာပြည်ထဲမှ ဝယ်သည့်ဆန်မှာ မာရဝါရီစသော ကုလားကြီးများလက်မှ တဆင့်သွားသည်သာ များလေသည်။ ရေနံတွင်းများကိုလည်း ကုလားပိုင်လိုက်သေးသည်။ ရွှေဆိုင် ငွေဆိုင် ဟူသမျှမှာလည်း ဂုဂျရပ်တီ ပိုင်သည်သာ များလေသည်။ ဤကုလားနေရှင်များကပင် တနှစ်လျှင် ဆယ်ကုဋေမျှ ယူနေသည်ကို ကျွန်ုပ်ခန့်မှန်းလျှင် ရမ်းလွန်းမည် မထင်ပေ။

ဗမာပြည်တွင်အမြဲနေ၍ ဗမာပြည်သားဟု သတို့ကိုယ်ကို မယူဆသော ကုလားနေရှင်များ ရှိသေး၏။ သူတို့သည် ဗမာပြည် အရပ်ရပ်၌ အနှံ့အပြားရှိ၏။ ငွေကို မြောက်မြားစွာ ရှာ မြောက်မြားစွာစုပြီး စည်းစိမ်ရစ်ကာသာ နေကြ၏။ ထိုသို့သောသူတို့၏ နှစ်စဉ်အမြတ်ငွေမှာ ငါးကုဋေထက် မနည်းနိုင်ချေ။

ဒရဝမ်မအစ ဟိုက်ကုတ်တရားဝန်ကြီး အဆုံးထိ၊ အစိုးရအမှုထမ်းပေါင်း ဗမာပြည်တွင် ၄၀၀၀၀-မှ ၆၀၀၀၀-ထိဟု ဆိုထား၏။ ကုန်တိုက်ကြီးများမှ လခစားအလုပ်ရှိသေးသည်။

အစိုးရနှင့် ကန်တိုက်ကြီးများ အားလုံးတွင် လခစားငါးဆယ်မှအထက်ထိ ရသောအလုပ်သမားပေါင်း ၃၀၀၀၀-ရှိသည်ဟု ခန့်မှန်းကြည့်စမ်းမည်။ ဆေးဘက်၊လမ်းဘက်၊ ရထားဘက် စသည်များတွင် ကုလားများသည်သာ လုပ်နေသဖြင့် လခငါးဆယ်မှ အထက်ဖြစ်သော အလုပ်သမားပေါင်း ၁၅၀၀၀ ထက်မနည်းမှာ ကုလားတို့လက်တွင်းမှာသာနေသည်ဟု ယူဆနိုင်ပေမည်။ ဗမာပညာတတ် အလုပ်လက်မဲ့များမှာ ထိုကုလား အုပ်သိမ်းသော အလုပ်များကို ကြည့်လျှင် ဒင်းတို့ကြောင့် ငါတို့အလုပ်လက်မဲ့ ဖြစ်ရသည်ဟု ငြိုးနေကြလေသည်။

ဖျမ်းမျှခြင်းအားဖြင့် ကုလားတယောက်၏ စားရန်သောက်ရန် နေရန်လိုသော ငွေမှာ တလလျှင် ၇-ကျပ် ၇-ပဲ ဆိုကြပါစို့။ တနှစ်လျှင် ၉၀-ဖြစ်ပါမည်။ ကုလားတသန်းအတွက် ကိုးကုဋေဖြစ်လိမ့်မည်။ ထိုသို့ဖြစ်လျှင်....

၅- ကုဋေ စာတိုက်မှသွား။
၂- ကုဋေ ဆင်းရဲသားကိုယ်တိုင်ယူပြန်။
၁၀- ကုဋေ မနီရှင်များ ဘဏ်တိုက်စသည်တို့မှပို့။
၅- ကုဋေ ဗမာပြည်နေ ကုလားသူဌေးများ အမြတ်ငွေ။
၉- ကုဋေ ဗမာပြည်တွင်သုံးစားမည့်ငွေ။

၃၁- ကုဋေ။



ဗမာများက ကြည့်သည်မှာ ကုလားတသန်းသာ နေ၍ ငွေ ၃၁-ကုဋေ ကုန်ရသည်။ ဗမာ ၁၂-သန်းသည် ကုလားတသန်းအတွက် ငွေ ၃၁ ကုဋေ အခွန်ဆောင်နေရသည်။ဗမာတယောက်လျှင် ၂၅ ကျပ်ကျော်ကျော် တနှစ်တနှစ် ကုလားဆော်ကြေး ထမ်းဆောင်ရသည်။

ဗမာငါးဦးပါသော တအိမ်ထောင်လျှင် ၁၂၅- ကျပ် ကုလားတော်ကြေးထမ်းရလေ၏။ ဗမာငါးဦးပါသော တအိမ်ထောင်၏ ဖျမ်းမျှဝင်ငွေမှာ ၂၄၀ သာရှိလေသည်။

ဗမာ၏ ဝင်ငွေနှင့်အသုံး အခွန်တော်၊ ကုလားတော်ကြေးမှာ မမျှပေ။ ထို့ကြောင့် ယခုအခါ တောရွာကျေးလက်များ၌ တောင်သူတို့၏ကြွေးငွေမှာ....

၅၀ ကုဋေမှ ၆၀ ကုဋေထိ ရှိသည်ဆို၏။

သို့ကြောင့်လည်း စိုက်မျိုးဖြစ်သည့် ဗမာမြေ လေးပုံ-ပုံ တပုံသည် ချစ်တီးပိုင် ဖြစ်လာခဲ့ပြီ။ ကျန်လေးပုံ-သုံးပုံမှာ ချစ်တီးနှင့် အခြားကြွေးရှင်များထံ အပေါင်ခံပစ္စည်းများ ဖြစ်နေလေပြီ။ တောင်သူများမှာ ကြာလေ မြေမဲ့ယာမဲ့ ဖြစ်လျက် ရှိနေပြီ။

ဗမာတို့သည်ပြေးစရာမြေမရှိ ပေးစရာငွေမရှိတိုင်း ကုလားတို့ မျက်နှာကိုသာ မြင်လာကြလေသည်။

သူတို့၏ အရေးသာနေသော စီးပွားရေး အခြေအနေကို အလွဲသုံးစားပြုကာ ရပ်ရွာများတွင် မော်မောက်ခြင်း။ ဗမာဆင်းရဲသား အမျိုးသမီးများကို ငွေဖြင့်ဖြားယောင်းဖျက်ဆီး

ခြင်းများကို ပြုကြလေသည်။ ဗမာပြည်တွင် ကုလားထီး ၇-ယောက်လျှင် ကုလားမတယောက်သာရှိ၍ ဗမာမများမှာ ယောကျ်ားထက် များနေလေရာ ကုလားနှင့်ဗမာ ညားရမည်မှာ မမူတာပင် ဖြစ်လေသည်။ ငါတို့က ကန့်ကွက်ဘိမရှိ။ သို့သော် ကုလားများကား ဗမာမများကို နောက်ရံလောက်သာ ယူကြသည်။ တရားဝင်မယား မဖြစ်နိုင်အောင် ကုလားတို့ တရားဥပဒေအရ စီမံထားကြလေသည်။ ဗုဒ္ဓဘာသာမသည် တရားဝင်ဖြစ်လိုလျှင် မဟာမေဒင်ဘာသာသို့ ဝင်ရသည်လည်း ရှိသေးသည်။ သို့ကြောင့် ဗမာဗုဒ္ဓဘာသာတို့က ဗုဒ္ဓဘာသာနှင့် ဘာသာခြားတို့ လက်ထပ်ရေး ဥပဒေကိုပြုရန် လွှတ်တော်တွင်တင်သွင်းခဲ့ကြသည်။ ကုလားများက ကန့်ကွက်ဆူပူနေကြသဖြင့် ထိုဥပဒေမှာ သောင်မတင်ရေမကျ ဖြစ်နေခဲ့လေသည်။

ကုလားများမှာ ဗမာအကျိုးကို ဘယ်တော့မျှ မကြည့် သတို့အကျိုးကိုသာ ကြည့်ကြလေသည်။ ဗမာတို့နှင့် ဆိုးတူကောင်းဘက် ပေါင်းကာ အခွင့်အရေးများကို ရအောင် ဆောင်ရွက်မည့်အစား လူနည်းစုအဖြစ်ဖြင့် သေးခကာ နေလေသည်။ အခါများစွာက နိုင်ငံရေးဦးရင်း၊ မြို့ရေးရာရေးဦးရင်း။ သတို့သည် ဥရောပတိုက်သားများနှင့် ပေါင်းကာ ဗမာကို ဆန့်ကျင်ဘက် လုပ်ကြသေးသည်။ "သတို့အဖြစ်ကို မမေ့လိုသော ကုလားပြည်ရှိ ကုလားခေါင်းဆောင်နှင့် ကုလားသတင်းစာတို့ကဗမာပြည်ကို ဇာတ်ခံထားသော ဥရောပသားတို့ အဖြစ်ကြောင့် အကြေရှားဖြစ်ရသည်ဟု ပြောကြ



သည်မှာ ရယ်ဖွယ်သာဖြစ်၏" စီးပွားရေးတွင်ကား ဗမာတို့သည် နလံမထူနိုင်အောင် ကုလားတို့က အမြဲလုပ်ခဲ့၏။

ငါတို့၏ မိတ်ဆွေတယောက်သည် ရေမွှေးပေါင်ဒါစသော ကုန်များကို နိုင်ငံခြားမှ ကိုယ်စားလှယ်ခံ၍ ရောင်း၏။ သည်အလုပ်မှာ ဗမာအရာမဟုတ်ဟုဆိုပြီး ကုလားတစုက ငါ့မိတ်ဆွေရောင်းမရအောင် အနည်းနည်းဖြင့် နှောက်ယှက်ကြ၏။ ဖျက်ဆီး၏။ အခြားဗမာတယောက်သည် ကော်ဖီမက်တစ်စသော ချယ်သစရာများလုပ်၏။ သူကိုယ်တိုင်ရောင်းသော အခါ ရောင်းမဖြစ်အောင် ကုလားကုန်သည်များက နှောက်ယှက်၏။ ကုလားကိုရောင်းရန် တဦးတည်းကိုယ်စားလှယ်ပေးမှ ရောင်းရတော့၏။ ဝိသာနုစိတ် အတော်ကလေး ကြွလာသဖြင့် ဗမာတို့ လက်ယက်ကန်းများ ခေတ်ထလာလေ၏။ မဒရပ်ဘိုး ကောင်ပီဆိမလာသောအထည်များ ရောင်းမတွင်ဖြစ်သွား၏။ ချည်ထည်များကို လက်ကားရောင်းသူမှာ ကုလားများဖြစ်သဖြင့် ချည်ထည်ဈေးများကိုတက်၍ ဗမာယက်ကန်းရှင်များ၏လည်ကိုညှစ်၏။ ဗမာပြည်တွင် စက်မှုလက်မှုပညာ ထွန်းကားစေရန် ရည်ရွယ်သည်ဆို၍ အစိုးရက လက်မှုပညာ သင်ကျောင်းထောင်ရန် လွှတ်တော်၌ အဆိုသွင်းရာ ကုလား ဓနရှင်တဦးက ကန့်ကွက်၏။ သို့ကလို နေရာတကာ၌ သေးခ ထွက်သောနည်းဖြင့် ဝါ-ဂန္ဒီနည်းဖြင့် ညှင်းပန်း၏။

ဥပဒေ မည်ဘဲ ဗမာကို ကုလားတို့က ညှင်းပန်းခဲ့သည်မှာ များလှချေပြီ။ လူဝင်လူထွက် ကန့်သတ်ရေးဦးရင်း၊ လူမျိုးခြား လက်ထပ်ရေးဦးရင်း၊ မြေသိမ်းစား ဥပဒေဦးရင်း၊ စက်မှုလက်မှု

ပညာပြန့်ပွားရေး၌၎င်း၊ ဗမာစာဖြင့် စာသင်ကြားရေး၌၎င်း ကုလားတို့သည် တညောင်နာနာနှင့် မဆောင်သာအောင် ကန့်ကွက်ဆူပူခဲ့၏။

(၃)

ဤသို့ ဗမာ့အကျိုးနှင့် ကလန့်ကကျင် ထော်လော်ကန့်လန့် လုပ်သူ ကုလားများမှာ အလယ်တန်းစားနှင့် မနေရင်တို့သာ ဖြစ်သည်ကို သင်ရိပ်မိလောက်ပေသည်။ ဗမာပြည်ရှိ ကုလား မနေရှင်နှင့် အလယ်တန်းစားများသည် သူတို့အကျိုးအတွက် ဆင်းရဲသား ကုလားများကိုပါ ဆွဲလျက် ဆူပူဘောက်လုပ်နေကြသောကြောင့် ကုလားတိုင်းကို ဗမာတို့က မုန်းလာရတော့သည်။

ကုလားဆင်းရဲသားများကား ဗမာပြည်၌ လာရောက်နေထိုင်ရသော ကျေးဇူးကိုမေ့ကြဟန်မရှိ။ ဗမာများကို ရန်မမူ။ တခါတခါ ဗမာများနှင့် ဆိုးတကောင်းဘက် ဆောင်ရွက်ကြလေသည်။ ရေနံချောင်း၊ တည်င်စသော ရေနံမြေသပိတ်တို့၌၎င်း၊ အခြားသပိတ်တို့၌၎င်း၊ ကုလားအလုပ်သမားနှင့် ဗမာအလုပ်သမားသည် တပူးတပေါင်းတည်းရှိသည်မှာထင်ရှား၏။ မနေရှင်နှင့် အလယ်တန်းစားတို့ သွေးမခွဲလျှင် ဘယ်တော့မှ ကွဲဘွယ်မမြင်။

သို့ကုလားများက နှောက်ယှက်ဆူပူနေခိုက် ယခုအခါ ဗမာများကလည်း အတော်အတန် နိုးကြားလျက်ရှိနေ။ ခေတ်ချောင်ကြီးကုန်၍ ခေတ်ကြပ်ရောက်နေပြီဖြစ်၍ ဗမာတို့မှာ



သက်သက်သာသာ နေမရတော့ပေ။ ဆင်းရဲခြင်း၊ အလုပ်လက်မဲ့ခြင်း၊ ငတ်မွတ်ခြင်းတို့သည် သူတို့ မျက်မှောက်ဝယ် ပြူးစိတီးရှိလာကြကုန်သည်။ လယ်သူတို့ကလည်း နိုးကြားလာကြလေသည်။ ပညာတတ် အလုပ်လက်မဲ့များလည်း မငြိမ်မသက် လုပ်ရှားလာလေသည်။ ရဟန်းတော်များလည်း အစည်းအဝေးနှင့် နိုးကြားလာကြသည်။

ဤသို့သော အခြေအနေတွင် အချက်ပေါ်လျှင်ကုလားနှင့် ဗမာတိုက်ပွဲဖြစ်ရမည်မှာ မချွတ်။ မီးတဖွားပင်လျှင် ကြီး ထွားသော မီးတောက်ဖြစ်ပေလိမ့်မည်။

အခါတိုင်းကဲ့သို့ပင် မနေရှင်၊ အလယ်တန်းစားမနေရှင်၏ ကပွားစုတို့မှစ၍ တိုက်ရန်အကြောင်း ပေါ်ခဲ့လေ၏။ ဦးရွှေဖီ ဆိုသော ကျောင်းဆရာကား လူအားလည်းဖြစ်၏။ ဦးနှောက်တွင် ဘားကစားပြီး အသားရချင်၏။ ဘာသာတရား ငြင်းခုံရာ၌အားနေသောအချိန်ဖြုန်းပြီး အပြင်းဖြေချင်၏။ သို့ကြောင့် ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာတရားကို သွန္နယ်ဥုန္နယ်ရေးသားခဲ့၏။ အချိန်အားနေသော လူလချင်း ညီ သဖြင့်အပြစ်များ နေသော မစ္စတာပဘေးခေါ် မနေရှ တဦးက စိတ် ပြေလက်ပျောက် အပြစ်ပြေ အပြစ်ပျောက် ဦးရွှေဖီ၏ စာ အုပ် ကို ကောက်ရိုက်လိုက်လေသည်။

ဦးရွှေဖီနည်းတူ ဘာသာရေးပြဿနာတို့တွင် မြှာများနေသော ဘန်းတော်ကြီးတပါးနှင့် ထိုစာအုပ် ပက်ပင်းပါ ဆုံကြသောအခါ ဆူပူမှုစလေတော့၏။ သတင်း ထူး လျှင် ဦးချင်ကြသော သတင်းစာများက သူ့ထက်ငါ တိုး၍ ဦးရွှေဖီအကြောင်း ရေးကြလေသည်။

အချို့က ဒေါက်တာဘမော်သည် သူ့ ဘက်တော်သား မာမကများနှင့် တိုင်ပင်ပြီး၊ ရွှေတိဂုံအစည်းအဝေးကို တဖက်လှည့်လုပ်စေသည်ဟု စွပ်စွဲ၏။ နိုင်ငံရေးမျက်စိဖြင့် အသားရရန် ကြိုးပမ်းမှဟုဆိုကြ၏။ ငါတို့ကား ထိုအကြောင်းကိုမသိကြ။ အစိုးရကို အပြစ်ဆိုရန်မှာ ဖြစ်မည့်အရေးကို မတားဆီးနိုင်ခြင်းကြောင့်မဟုတ် ဖြစ်လာသည့်အရေးကို ကြိုးကိုင်၍ အနိုင်မဘမ်းနိုင်သောကြောင့်သာ ငါတို့အပြစ်ဆိုလိုသည်။ နန်းရင်းဝန်နှင့် ၎င်း၏အစိုးရအဖွဲ့သည် ဗမာတို့၌ ကုလားကိုမကြည်ဖြူစိတ် ရှိနေသည်ကို အကင်းသားမမြင် ဘာသာတရားနှင့် ပတ်သက်သော မော်လဝီနှင့်ယောဂီအရေးသည်၊ ကုလားမလိုလား မကြည်ဖြူစိတ်ကို ပေါက်ကွဲထွက်စေလိမ့်မည်ကို မတွေးမိ၊ အလျင်လုပ်ရမည့်အရေး၌ ဗမာဝန်ကြီးများကြည့်ဘို့ စာအုပ်ကို ဗမာလိုမှ အင်္ဂလိပ်လိုပြန်စေ။ စာထောက်များက အဆင့်ဆင့် ဝန်ကြီးရောက်အောင် ပို့စေသော ရုံးဓလေ့များကိုသုံးနေသည်မှာ အစိုးရ၏အမှားဖြစ်၏။

(၄)

အရေးဖြစ်လာသောအခါ အစိုးရသည် ပြာ လောင်ခပ် သွားပုံပေါ်၏။ အတွေးချော်ကုန်၏။ ဗမာလူမျိုး တို့ အား ကုလားတို့က စိစိစိနှင့် ကအိအိညှင်းလာသောကြောင့်၊ ဗ မာ တို့က စိတ်နာနေသည်ကို အကဲမခတ်မိ။ ဗမာတို့ ပင်ကိုယ် သဘောမှာ ဗြုံးကနဲ ဒိုင်းကနဲ ညီညာစွာ လုပ်လေ့ ရှိသည်ကို



မစဉ်းစားမိ ထင်မိထင်ရာ သတင်းစာကြောင့် တပြည်လုံးပျံ့နှံ့လေဟန် ယူဆကာ သတင်းစာများကိုပိတ်လေ၏။

ကုလားများက ဗမာတို့သည် ကုလားကို တိုက်သည်မှာ အကြံယူ၍ စနစ်ကျကျ တိုက်သည်ဟုစွပ်စွဲကြ၏။ တပြည်လုံး ပြန့်သည်ကို သတိအံ့ဩကာ မတွေးတောနိုင်ဘဲ ရှိကြ၏။ စင်စစ်ကား ကုလားကို မလိုလားသောစိတ်မှတပါး ဗ မာ တွင် အကြံစနစ် စသည်တို့မရှိ။ တယောက်လုပ်လျှင် ဝိုင်းလုပ်ခြင်း၊ တနေရာကစရလျှင် အခြားတနေရာက လိုက်လုပ်ခြင်းမှာ စေ့ဆော်၍မနေရသော ဗမာ့သဘောပါ တခုဖြစ်လေသည်။ "တပြိုင်နက် မီးထွန်းပွဲလုပ်ခြင်း၊ ပန်းကပ်ခြင်းတို့မှ မျိုးစေ့ရ၍၊ တပြိုင်နက် ဦးဝိစာရမွေးနေ့ကျင်းပခြင်း၊ သပိတ် မှောက်ခြင်း စသည်တို့ကြည့်"။ ဗမာသည်ခေါင်းဆောင် ညွှန့် သ လောက် နောက်လိုက်ကောင်းသည်ကို သတိပြုလေသည်။ တယောက်က တပေက ဟန်ကျပန်ကျ ခေါင်းဆောင်လိုက်လျှင် လ ထ က ဗြုံးကနဲထလိုက်လေ့ရှိသည်။ သို့ကြောင့်လည်း ကြံထားသလားအောက်မေ့ရအောင်အရေးဖြစ်သွားလိုက်သည်။

တိုက်ပွဲအတွင်း ဗမာရပ်ကွက်များတွင် အရေး ကြုံ တော့ သက်လုံကောင်း ဆိုသကဲ့သို့ ဗြုံးကနဲ ကင်းစောင့်အလုပ်များ ပေါ်လာသည်မှာလည်း အံ့ဘွယ်ပင်ဖြစ်၏။ သူ့လမ်းနှင့် သူ့အလိုက် ကင်းစောင့်အလုပ်မှာ ညီညွတ်စွာ ပေါ်လာ ခဲ့၏။ ဤသို့သော ဗမာတို့၏ စိတ်သဘောကို ကုလားတို့ မသိသည့်တိုင်အောင်ဗမာဖြစ်သော အစိုးရအဖွဲ့ဝင်တို့ သိ ဘို့ ကောင်းလေသည်။

(၅)

ဇူလိုင်လ ၂၆-ရက်နေ့တွင် ရွှေတိဂုံခြေရင်း၌ မှတ်စလင် တရားဟောဆရာကြီး ဦးရွှေဖီ၏ မော်လဝီနှင့်ယောဂီစာအုပ်ကို ကန့်ကွက်သော အစည်းအဝေးလုပ်၏။ ထိုနေ့တွင်ပုလိပ်နှင့် ဗမာတို့ အဓိကရုဏ်းဖြစ်၏။ ၂၇-ရက်နေ့တွင် ချေမ်းလျက်ရှိ၏။ ၂၈-ရက်နေ့တွင် ဆမ်းခသွားသော ဘန်းကြီးတပါးကို ကျုလယာကုလားတို့က စတင်ဓါးနှင့် ခုတ်လှတ် လိုက်သော အခါကစ၍ ကုလားဗမာ တိုက်ပွဲစလေ၏။ နောက် တပြည်လုံး ပျံ့နှံ့သွားလေ၏။

ဩဂုတ်လတွင် ချေမ်းနေပြီးနောက် စက်တဘ်ာ ၂-ရက်နေ့ညနှင့် ၃-ရက်နေ့များတွင် ကုလားတို့ကစပြီး မော်တော်ဘတ်ကားများကို ခုနှင့်ပေါက်ခြင်း၊ ဗမာတယောက်ကို ၂၄-လမ်းထိပ်တွင် လံနှင့်ထိုးသတ်ခြင်းတို့ကို ပြုပြန်သဖြင့် တိုက်ပွဲ အသစ် ပေါ်ပြန်လေသည်။

ဗမာတို့သည် အထိခံရ၍ သေးဆလာသောအခါ ကုလားထက် ရဲရင့်လျင်မြန်သောကြောင့် စ၍တိုက်သော ကုလားရန်ကို တော်လှန်နိုင်ခဲ့လေသည်။

သို့သော် ကုလားများကား ငွေအားဖြင့်ပို၍ ခိုင်လုံကြ၏။ ငွေဖြင့် ခံလျှင် အမျိုးမျိုးဖြစ်နိုင်လေသည်။

နယ်များတွင် ဗမာတို့သည် ကုလားကိုတိုက်ရသည် မရှိဘဲ စစ်ပုလိပ်တို့၏ သေနတ်ပေါ်သော ခံနေရလေ၏။

နန်းရင်းဝန်က "အဓိကရုဏ်း ငြိမ်ဝပ်ပိပြားအောင် သင်လော်မည်ထင်သလို စီမံရန် ကျွန်ုပ်အာဏာပေးသည်" ဟုနယ်



အရာရှိများအား အမိန့်ထုတ်ကြောင်းကို လွှတ်တော်အဃ် အကြည်မရှိ အဆိုသွင်းသည့်နေ့ကကြားခဲ့ရ လေသည်။ ဘန်းကြီးများလည်း သေနတ်အပစ်ခံကြရ၏။ လူအများ သေနက်အပစ်ခံရ၍ သေဆုံးကြ၏။ လူသုံးရာမျိုး လေးရာမျိုးကို အပြုံလိုက် ဘမ်းထားလေ့ရှိ၏။ ဟုတ်ဟုတ်မဟုတ်ဟုတ် တိုက်မှုခိုးမှုဖြင့် တရားစွဲခံနေကြရ၏။ အဓိကရုဏ်းပြီးသဖြင့် လွှတ် ပစ် ရန် ခေါင်းဆောင်များက တောင်းသော်ငြား အစိုးရသည် လွှတ်မပစ်- ညွှင်းဆဲနေလေ၏။

စက်တင်ဘာလ ၉-ရက်အထိ အဓိကရုဏ်းတွင် သေဆုံးသူ ၁၆၅ ယောက်၊ ဒဏ်ရာရသူ ၈၁၈ ယောက်ဖြစ်၍ စစ်သားနှင့် ပုလိပ်တို့၏ လက်ချက်ဖြင့် ၅၅ ယောက်သေ၍ ၁၀၈ ယောက် ဒဏ်ရာရလေသည်။ ၅၅ ယောက်အနက် အပစ်ခံရသူ ကုလား ၃ ယောက်သာဖြစ်၍ ဗမာ ၅၂ ယောက်သေနတ်ဖြင့် အသတ်ခံရလေသည်။

ဤသို့သော လိုသည်ထက်ပို၍ ရက်စက်မကြောင်း ကုလားမန်းစတသည် ပျောက်မသွားဘဲ ပို၍ ဆပ ထကြ လာ သည့် အပြင် အစိုးရကိုပါ ကုလားဘက်တော်သားဟု စ၍ မန်းကြလေ၏။ ဤသို့အခြေမလှသည့် အတောအတွင်း အစိုးရသည် ကုလားနေရှင်တို့၏မဖြင်တည်မြဲနေလိုက်သေး၏။ *သတည်မြဲနေသောကြောင့် ဗမာအပေါ်သည် အစိုးရအဖက် ပိမန်း

* ဩဂုတ်လ ၂၆ ရက် အစိုးရကို အယုအကြည်မရှိ အဆိုသွင်းရာ အစိုးရမှာ ၆၆ မဲ အတိုက်အခံမှာ ၆၁ မဲရရာ အစိုးရ၌ ဗွင် ကုလား ၁၂ မဲ ဘင်္ဂလိပ် ၉ မဲ ပါလေသည်။

သာ၏ ကုလားကို ပိုမုန်းလာ၏။ သွေးပိုဆူလာ၏။ စာအုပ်ကို ပိတ်လိုက်ပြီဟု လူမဆိုမီက ကျေညာလိုက်ရန် လိုသလို ကုလားမဲ့ အင်္ဂလိပ်မဲ့ဖြင့် မြဲနေရခြင်းမှာ စိတ်ချမ်းမြေ့ဘွယ် မရှိပါဟု အစိုးရအဖွဲ့က နှုတ်ထွက်ပြီး လူနည်းစု အာဏာ စက်ကင်းသော အစိုးရသစ်ထောင်လိုက်ပါလျှင် ကြနေသော သွေးများ အေးသွားမည်။ အစိုးရကို မုန်းစိတ်ပျောက်သွား မည်။ ထိုအခါမှသာ ထိုအစိုးရသစ်က အကြမ်းမသုံးဘဲ ချော့ မော့ကာ အဓိကရုဏ်းကို ရပ်စဲနိုင်မည်။ လူနည်းစု အကျိုး ပျက်အောင်ကိုကား ထိုအမျိုးသားအစိုးရက မတတ်နိုင်။ ဘုရင်ခံမှာ လူနည်းစုကို ကာကွယ်ရန်တာဝန်ရှိပါလျက် နန်း ရင်းဝန်ကပါ ကာကွယ်နေသည်မှာ လောကွတ်များရောရောက် နေလေသည်။

သို့အေးသွားသောအခါ စုံစမ်းရေး ကော်မီတီ၏ အလုပ် တွင်စွာ လုပ်နိုင်ပေလိမ့်မည်။ ထိုကော်မီတီသည် ငါတို့ ယခုစုံ စမ်းသောနည်းမျိုးဖြင့် စုံစမ်းလျှင် လမ်းမှန် ရောက်ပေလိမ့် မည်။

( ၆ )

စုံစမ်းရေးကော်မီတီကို ကုလားတို့ကလည်း ဟစ်အော် တောင်းဆိုနေကြလေသည်။ သူတို့က ဗမာနိုင်ငံမှအပ ဖြစ် သော သူများသာ စုံစမ်းရေးကော်မီတီတွင် ပါရမည်ဆိုလေ သည်။ ကုလားပြည်မှ ခန့်နိုင်မည်ဟု ဆိုလိုခြင်း ဖြစ်ပေ၏။ သို့ကလို ကိုယ်ကျိုးချည်းသာ ကြည့်နေသော ကုလားတို့အား



[illegible]ပေး၍ ဆုံးမသင့်လေပြီ။ ကုလားတို့သည် အိန္ဒိယပြည် သားရ၍ ရော်ဒကြီးတောင်းပေးရန် ဘူဂူနေကြပြန်ပြီ။ ဗမာ ပြည်ဘက် သူတို့သားသန့်နေဘို့ကို တောင်းနေကြပြန်ပြီ။ ဤကဲ့သို့ မောင်းခေါင်ဆွဲလေ-ထိုးရိုးရေ လုပ်နေခြင်းမှာလည်း ငတတ်တဲ့ ကလေး နို့စို့သော ဝါဒအကြောင်း ဗမာပြည်အစိုးရသည် သူတို့ ချယ်လှယ်တိုင်းခံရမည်ဟု သိသဖြင့် ပဆာနေခြင်းသာ ဖြစ်လေ သည်။

ကုလားကပ်စားလူမျိုးများသည် မတ်စသင်လီ( ) ကန်ဂ ရက် အစိုးရများထံ၌ အကူအညီတောင်းနေလေသည်။ ကန်ဂ ရက်တို့သည် ကြားဝင်ကောင်းဝင်လိမ့်မည်။

ငါတို့ကား ကန်ဂရက်ကို မလိုလားပေ။ လက်ရှိ ကန်ဂရက် ကား လကျ်ာဂိုဏ်းသားများ ကြီးစိုးနေသော အဖွဲ့ဖြစ်၏။

ဗမာပြည်ရှိ ကုလားတို့သည် ဗမာပြည်ကို သူတို့၏ ကိုလိုနီ နယ်ဟု အောက်မေ့နေကြ၏။ သူတို့၏ စားကျက်ဟု ရှုသော သဘောထား၏။ ဤသို့သောသဘောထားသည်ကို အားပေးနေသ ကား (ဝါ)အဖွဲ့ဆုံး မဟုတ်တားဘဲ ခင်ပွန်းကား လက်ရှိ ကန်ဂရက်ပင် ဖြစ်လေသည်။

လက်ရှိ ကန်ဂရက်ခေါင်းဆောင်တို့၏ အာဘော်ကို ငါတို့ ကြားဘူးလေပြီ။ ဗမာပြည်သည် ကုလားတို့၏ ကြံရည်ဖန် ရည် နေရည်ကြောင့် ကြီးပွားစည်ပင် လာသဖြင့် ကုလားများ က ကျေးဇူးတင်ရမည်ဟု ထင်နေသူများဖြစ်သည်။ "ဤသို့ ပင် အင်္ဂလိပ်တို့က ကုလားတို့ကိုဆိုခဲ့လေပြီ" သူတို့၏ သတင်း စာများကလည်း သည်အာဘော်အတိုင်း ရေးခဲ့လေပြီ။ ငါကလကတ္တားတွင်ရှိစဉ်က ကွန်ဂရက်ကို ထောက်ခံသော

ဓနရှင်တို့၏ သတင်းစာတွင် အင်္ဂလိပ်တို့က အထက်ပါစကားမျိုးပြောသည်ကို ခေါင်းဆောင်ပိုင်းမှနေပြီး ကန့်ကွက်ထား၍ နောက်ပိုင်းဆောင်းပါးတခုတွင်ကား ဗမာတို့ကို ထိုစကားမျိုး ကုလားတို့က မပြောဘဲ တိုက်တွန်းထားလေသည်။ ဂန္ဒီ-ဒေဆိုင်-ပတေး-ရာဂျာ ဂုလချာရီစသော ခေါင်းဆောင်များ ကန်ဂရက်တွင် ကြီးစိုးနေလေသမျှ ငါတို့ဗမာပြည်က ကန်ဂရက်ကိုရှိသေမည်မဟုတ်။ ကန်ဂရက်နှင့်ဗမာ့အရေး၊ ကုလားအရေး၊ ကမ္ဘာ့အရေးများကို ဆိုသည် မဟုတ်။ ဂျဝါဟာလာနေရူး၊ ဒန်ဂေး၊ ဒတ္တမဇုမ်ဒါး၊ ဒေါက်တာအာမက်စသည်တို့ ကြီးစိုးသောအခါမှသာ ကန်ဂရက်ကို ငါတို့ရိုသေမည်။ ကန်ဂရက်နှင့် တပ်ပေါင်းကာ လွတ်လပ်ရေးတိုက်ပွဲနွှဲမည်။ ကုလားဗမာ ပြဿနာများကို ပူးတွဲဆွေးနွေးကာ ဖြေရှင်းပြလိုက်မည်။ ထိုအချိန်သို့ မရောက်သမျှ(ဝါ)ဆင်းရဲသား အကျိုးဆောင်လက်ဝဲဂိုဏ်း မကြီးစိုးသေးသမျှ ငါတို့အားလည်း ကုလားက နားလည်မည်မဟုတ်။ ငါတို့ကလည်း ကုလားကို နားလည်မည်မဟုတ်ကန်။

**မောင်သိန်းဖေ။**

## ပြန်လည်သုံးသပ်ချက်

အထက်ပါ "ကုလား-ဗမာတိုက်ပွဲ"မှာ စာအုပ်ငယ်ကလေးအဖြစ်ဖြင့် နဂါးနီက ထုတ်ဝေရာ အပ်ရေ တသိန်းကျော်ခဲ့လေသည်။ ထိုစာအုပ်ကလေးကို ကျွန်တော် ရေးသားစဉ်က ကျွန်တော့တွင်ရှိသော မာ့က်စ်ဝါဒအမြင်ဖြင့် ဝေဘန် ပိုင်းခြား၍ ရေးသားခြင်းဖြစ်ပေသည်။ သို့ရာတွင် ယခု ပြန်လည်သုံးသပ်၍ ကိုယ့်ကိုယ် ပြန်လည်ဝေဘန်ရေးလုပ်၍ ကြည့်သောအခါ ထိုစဉ်က ကျွန်တော့ မာ့က်စ်ဝါဒအမြင်မှာ မရင့်ကျက်လသေးသည်ကို တွေ့ရသည်။ ချို့ယွင်းချက် အချို့တွေ့ရာ အကြီးဆုံးချို့ယွင်းချက်မှာ အင်္ဂလိပ်နယ်ချဲ့ သမားကတဘက်၊ ကုလား-ဗမာလက်အောက်ခံ လူမျိုးတို့က တဘက်ဖြစ်သော ပဋိပက္ခနှင့် ကုလားဓနရှင်များက တဘက်၊ ဗမာလူမျိုးက တဘက် ပဋိပက္ခဟူ၍ နှစ်မျိုးရှိရာ ကျွန်တော် ဖေါ်ပြပုံအရ ပဌမ ပဋိပက္ခသည် "ပေါ့"နေ၍ ဒုတိယပဋိပက္ခက "လေး"နေပေသည်။

အင်္ဂလိပ် နယ်ချဲ့သမားတို့သည်၊ သူတို့၏ စိုးမိုးမှု မြဲမြံရန်၊ ကုလား-ဗမာ ပဋိပက္ခကို ကြီးထွားအောင် လုပ်နေစဉ်၌ ကျွန်တော်တို့က ကုလား-ဗမာ ပဋိပက္ခကို အင်္ဂလိပ် နယ်ချဲ့သမားနှင့် ကျွန်တော်တို့ကြားရှိ ပဋိပက္ခ နယ်နိမိတ်အတွင်း ဖြေရှင်းကြဘို့ လိုပေသည်။ ၁၃၀၀ ပြည့်နှစ် အရေးတော်ပုံတွင် အထွတ်အထိပ်ရောက်လာသော ဗမာ့လွတ်လပ်ရေး, နယ်ချဲ့ဆန့်ကျင်ရေး, လုပ်ငန်းကို ဖျက်ဆီးရန် ပေါ်လာသော ကုလား ဗမာ တိုက်ပွဲအဖြစ်ဖြင့် သည့်ထက်ရှင်းလင်းပြတ်သားစွာ ဖေါ်ထုတ်ဘို့လိုလေသည်။ ကျွန်တော့တိုက်ပွဲ ဓားသွားသည် ကုလားဓနရှင်ဘက်သို့ထက် အင်္ဂလိပ် နယ်ချဲ့ဘက်သို့ ပိုထက်မြက်ဘို့ လိုလေသည်။ ဤသို့သော ချို့ယွင်းချက်မျိုးများကို ယခုမှ ထင်ရှားစွာ မြင်သော်လည်း ကျွန်တော့စာမူရင်းတွင် ထစ်တရာ မပြင်လိုက်ပါ အကြောင်းမှကား ကျွန်တော်သည် သမိုင်းတည်းဟူသော ကြေးမုံပြင်တွင် ကျွန်တော့ကိုယ်ကို ပြန်ကြည့်သေ့ရှိရုံမက အခြားသူတို့ကလည်း ကြည့်စေလိုသောကြောင့် ပေတည်း။

သိန်းဖေမြင့်

(၁၅-၁၂-၃၅)

## သခင်ကိုယ်တော်မှိုင်း

ဆရာကြီးမှာ တနိုင်ငံလုံး၏ ကြည်ညိုခြင်းကို ခံနေရသော နိုင်ငံချစ် ပုဂ္ဂိုလ်ကြီးပင်ဖြစ်သည်။ သီပေါဘုရင်အား ဗြိတိသျှနယ်ချဲ့သမားတို့က မန်းဘီဒိုပေါ်တင်ပြီး မန္တလေးရွှေနန်းတော်တွင် ဘမ်းယူသွားစဉ်က "မြတောင်" ကျောင်းတိုက်၌ စာသင်သားဖြစ်လေသည်။ ဆရာကြီးသည် ငယ်စဉ်ကပင် နိုင်ငံချစ်စိတ် ထက်သန်လာခဲ့သည်။ ဆရာကြီး၏စေတနာမှာ အနိုင်ကျင့်ခံနေရသူများ မျက်နှာမဲ့များအတွက် အထူး ပိုကဲခဲ့လေသည်။

စာပေဘက်၌ ဆရာကြီး၏ လေးချိုးကြီးများကိုသော်၎င်း၊ ဘိုးတော်င်ထောက်ဋီကာ၊ မျောက်ဋီကာ၊ သခင်ဋီကာ၊ ဓမ္မစေတီဝတ္ထု၊ မျောက်ဆက်၊ အစရှိသော ဂန္ထဝင် စာပေတို့ကို၎င်း၊ စာပေလိုက်စားသူတိုင်း မသိတဲ့သူ မရှိသလောက်ပင်ဖြစ်လေသည်။ ။ ထိုထိုစာပေအားလုံးတို့တွင် ဆရာကြီးသည် စာရှုသူ တိုင်းသားပြည်သူ ရဟန်းရှင်လူ ဟူဟူသမျှတို့၏စိတ်ဝယ် ကိန်းနေသော နိုင်ငံချစ်စိတ်ကို နှိုးဆပေးရန်စေတနာ ပါခဲ့လေသည်။ ထို့ကြောင့်လည်း ဆရာကြီး၏စာပေကို လေ့လာခဲ့

သည်။ ထိုလေ့လာခဲ့သည့်သူအပေါင်းတို့မှာ နိုင်ငံချစ်စိတ်ပြင်းထန်စွာ လာခဲ့ကြရလေသည်။

ဆရာကြီးသည် သာမန်စာပေထက် မျိုးရိုးဇာတိမာန် အခြေခံဖြစ်သော နိုင်ငံတော်၏ဖြစ်စဉ်ကို နိုက်နိုက်ချွတ်ချွတ်လေ့လာခဲ့သည့်အတိုင်း "မန်နန်းရာဇဝင်အကျဉ်းချုပ်" တရပ်ကိုလည်း ရေးသားထုတ်ဝေနိုင်ခဲ့လေသည်။

ဆရာကြီး၏နိုင်ငံတော်အား ကျေးဇူးပြုသည့်လုပ်ငန်းများကား များလှပါသည်။ နှစ်စဉ်ကျင်းပမြဲ ပြုလုပ်နေကျ အမျိုးသားနေ့ကို မွေးထုတ်ပေးလိုက်သော ၁၉၂၀-ခုနှစ် ကျောင်းသားများ သပိတ်အတွင်း ပေါ်ပေါက်ခဲ့သည့် အမျိုးသားဘဏ္ဍာလိပ်တွင် ဆရာကြီးသည် မြန်မာစာ ပါမောက္ခအဖြစ် တာဝန်ယူခဲ့လေသည်။

ဝိသာနုခေတ်တွင် ဆရာကြီးသည် ဝိသာနုလုပ်ငန်းများကို တတ်စွမ်းသည့်ဘက်မှ လိုလေသေးမရှိရအောင် ဝိုင်းဝန်းခဲ့သည်။ ၁၉၃၃-ခုနှစ် ရေနံချောင်း၌ ကျင်းပသော တို့ဗမာ အစည်းအရုံး၌ ပထမဆုံးညီလာခံတွင် သခင်ကိုယ်တော်မှိုင်း ဘွဲ့ကို ခံယူခဲ့သည်။ တို့ဗမာအစည်းအရုံး၌ နာယကကြီး ဖြစ်လာလေသည်။ ၁၉၃၆-ခုနှစ်တွင် ပေါ်ပေါက်လာသော ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂကလည်း ဆရာကြီးကိုပင် နာယကအဖြစ် တင်မြှောက်ခဲ့ကြလေသည်။

ယနေ့အထိ ကျော်ကြားခဲ့သော သခင်ခေါင်းဆောင်အားလုံးတို့မှာ ဆရာကြီးက ရှာရိုးရှောက်ပြီးလူလားမြောက်အောင် လုပ်ပေးခြင်းကို ခံခဲ့ရသူများသာ ဖြစ်ကြလေသည်။ တနည်းအားဖြင့်ဆိုသော် ဆရာကြီး၏ ဂုဏ်ကျေးဇူးကြောင့် ထွန်း



တောက်လာကြသူများချည်းသာ ဖြစ်ကြလေသည်။ သို့သော် ဆရာကြီးသည် မိမိသားသမီးများ လူလားမြောက်ပြီး ထွန်းတောက်သည်ကိုသာ လိုလားလျက် ကျေးဇူး တုံ့ပြန်ခြင်းကိုမျှ ဂရုမပြုသော မိခင်ကြီးနှင့် အလွန်တူလေသည်။

လွန်ခဲ့သော စစ်ကြီးအတွင်းက ဆရာကြီးသည် ဂျပန် ဖက်ဆစ်တို့က နဖူးတော့ဒူးတော့ ကြုံကြိုက်ရသောအခါ အလွန်ပင် မကျေနပ်သည့်အလျောက် ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးကို အဘိ အလင်း ဗိုလ်ပံပရိသတ်အလယ်၌ ဖွင့်ဟ ပြောဆိုခဲ့လေသည်။ ဂျပန်ခေတ် လွတ်လပ်ရေးသည် "နဖါးကြိုးနှင့် လွတ်လပ်ရေး" ဖြစ်သည်ဟု ဆရာကြီးကိုယ်တိုင် ကန်တော့မိတ်သဘင်၌ ကျင်းပသော ညှော်ခံပွဲတရပ်တွင် ဖွင့်ချခဲ့လေသည်။

စစ်ကြီးတခေတ်လုံး၌ ဆရာကြီးသည် ဗန်းဘေးစစ်ဘေးတို့ကို ကိုယ်တွေ့ဖြစ်လာသောကြောင့် ငြိမ်းချမ်းရေး (ဝါ) စစ်မဖြစ်ရေးကို အလွန်လိုလားလျက်ရှိလေသည်။ သို့ဖြစ်၍လည်း ယခုအခါ ကမ္ဘာ့ငြိမ်းချမ်းရေးကန်ဂရက် ဗမာနိုင်ငံ၏ဥက္ကဋ္ဌ ဝန်ကို ထမ်းဆောင်လျက်ရှိလေသည်။

လွန်ခဲ့သော နှစ်နှစ်ခန့်က ပြည်သူ့တရုပ်နိုင်ငံ အစိုးရ၏ ဖိတ်ကြားချက်အရ သွားရောက်ခဲ့သော ဗမာ့ယဉ်ကျေးမှုအဖွဲ့တွင် ဆရာကြီးသည် ခေါင်းဆောင်အဖြစ်လိုက်ပါခဲ့ပြီး လွန်ခဲ့သောနှစ်က ပီကင်းမြို့၌ ကျင်းပသည့် အာရှဒေသ ဆိုင်ရာ ကမ္ဘာ့ငြိမ်းချမ်းရေးကန်ဖရင့်သို့လည်း တက်ရောက်ခဲ့လေသည်။ ဗီယာနာမြို့၌ကျင်းပသော ကမ္ဘာ့ ငြိမ်းချမ်းရေး ကွန်ဂရက်ကောင်စီ အစည်းအဝေးသို့လည်း တက်ရောက် ပြီး နောက် ဥရောပ အရှေ့ပိုင်းနိုင်ငံတို့ကို လှည့်လည်ခဲ့လေသည်။

လက်ရှိ ပြည်တွင်းသောင်းကျန်းမှု (ဝါ) ပြည်တွင်းဆူပူမှု (ဝါ) ပြည်တွင်းစစ်မှာ နယ်ချဲ့သမားတို့၏ ပရောဂကြောင့်သာ ဖြစ်သည်ဟု ထိပ်တန်းက စွဲစွဲမြဲမြဲ ယုံကြည်နေသူမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းပင် ဖြစ်ကြောင်း ဘော်ပြအပ်ပါသည်။

## သခင်အောင်ဆန်း

၁၉၃၆-ခုနှစ် တက္ကသိုလ် သပိတ်ကြီးသည် သခင် အောင်ဆန်းအား နိုင်ငံကျော် ပုဂ္ဂိုလ်တယောက်အဖြစ် မွေးထုတ်ပေးလိုက်သော သပိတ်ကြီးပင်ဖြစ်သည်။

ထိုသပိတ်မှာ ကိုနု (ဝါ) သခင်နု (ဝါ) ယခု ဝန်ကြီးချုပ်ဦးနုကို တက္ကသိုလ်မှ ထုတ်ပယ်လိုက်ခြင်းကို အကြောင်းပြု၍ ဖြစ်ပေါ်ခဲ့လေသည်။

သခင်အောင်ဆန်းမှာ "အိုးဝေမဂ္ဂဇင်း" စာတည်းအဖြစ်လည်း ဆောင်ရွက်ခဲ့လေသည်။

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂကို တည်ထောင်ကြရာတွင် သခင်အောင်ဆန်းသည် ရှေ့တန်းခေါင်းဆောင်တဦးအနေနှင့် ပါဝင်ခဲ့လေသည်။

သခင်ဗစိန်တို့လုပ်ကိုက်ကို ထုတ်ပစ်ပြီး တို့ဗမာအစည်းအရုံးကြီးကို ဆရာကြီး သခင် ကိုယ်တော်မှိုင်း ကိုယ်တိုင် ပြန်လည်စည်းရုံးရာတွင် သခင်အောင်ဆန်းသည် တက္ကသိုလ်ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌဘဝမှ တို့ဗမာအစည်းအရုံး၏ အထွေ

ထွေအတွင်းရေးမှူး ဖြစ်လာခဲ့လေသည်။ ထိုသို့ သခင်အောင်ဆန်း သခင်ဖြစ်လာအောင် ပါရမီဖြည့်ကာ သိမ်းသွင်းခဲ့သကား ဂျပန်ခေတ်က ကွယ်လွန်သွားသူ တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌဟောင်း သခင်တင်မောင် (ပန်းတနော်)ပင် ဖြစ်လေသည်။

သခင်အောင်ဆန်း တို့ဗမာအစည်းအရုံးသို့ ရောက်လာပြီးနောက် ဖြစ်ပေါ်လာသော (၁၃၀၀)ပြည့်အရေးတော်ပုံတွင် သခင်အောင်ဆန်းသည် ဦးစီးခေါင်းဆောင်တယောက် ဖြစ်ခဲ့လေသည်။ သခင်ိုး-သခင်လှဖေ (ဗိုလ်လကျ်ာ)သခင်ဗဟန်း ရဲဘော်ဘတင်(ဂိုရှယ်)တို့နှင့်အတူ ၁၉၃၉-ခုနှစ်တွင် စကောဈေး(ယခုဗိုလ်ချုပ်ဈေး) အနောက်ဘက်တန်း နဂါးနီစာအုပ်အသင်း အပေါ်ထပ်၌ "ကွန်မြူနစ် ကလာပ်စည်း"တခုကို အိန္ဒိယကွန်မြူနစ်ပါတီ လက်အောက်ခံအဖြစ်ဖွဲ့စည်းခဲ့သည်။ ဗမာ့ထွက်ရပ် ဂိုဏ်းဦးစီးအဖွဲ့တွင်လည်း သခင်အောင်ဆန်း ပါခဲ့လေသည်။ တို့ဗမာအစည်းအရုံးကြီး၏ မော်လမြိုင်ညီလာခံ သဘင်မှ၎င်း သာယာဝတီ ညီလာခံကြီးမှ၎င်း၊ သခင်အောင်ဆန်းကို အထွေထွေအတွင်းရေးမှူးအဖြစ် ဆက်၍ဆက်၍ တင်မြှောက်ခဲ့ကြသည်။

၁၉၄၀ ခုနှစ် အိန္ဒိယပြည် ရမ်ဂါ ကွန်ဂရက်သို့ စေလွှတ်ခဲ့သော တို့ဗမာအစည်းအရုံး၏ ကိုယ်စားလှယ် ငါးဦးအဖွဲ့တွင် သခင်အောင်ဆန်းသည် ခေါင်းဆောင်အဖြစ် တာဝန်ခံခဲ့ရလေသည်။ ထိုငါးဦးအဖွဲ့ဝင်တို့မှာ တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်များ ဖြစ်ကြသော သခင်အောင်ဆန်း၊



သခင်တင်မောင်၊ သခင်သန်းထွန်း၊ သခင်အုန်းဖေ(ဝါးခယ်မ) နှင့် သခင် ခင်အောင် (သာယာဝတီ)တို့ဖြစ်ကြလေသည်။

ထိုအခါမှစ၍ သခင်အောင်ဆန်းသည် မဟာတ္တမဂန္ဒီနှင့်၎င်း၊ ပန်ဒစ်နေရူးနှင့်၎င်း၊ ရင်းနှီးခဲ့လေသည်။

၁၉၄၀-ခုနှစ် မေလတွင် နယ်ချဲ့စစ် ဆန့်ကျင်ရေး နယ်ချဲ့စစ် ဆန့်ကျင်ရေး တရားများဟောပြီး စည်းရုံးခဲ့သဖြင့် နယ်ချဲ့သမားတို့က ဆငွေငါးကျပ်ထုတ်ခြင်း ခံခဲ့ရလေသည်။

၁၉၄၀-ခုဇွန်လတွင် တရုပ်ကွန်မြူနစ်များထံ အရောက်သွားမည်ဟုသော ရည်ရွယ်ချက်ဖြင့် တိုင်းပြည်မှ ထွက်ခွာခဲ့သည်။ တရုပ်ပြည် အမွိုင်မြို့တွင် သောင်တင်နေစဉ် ဂျပန်များနှင့်တွေ့ပြီး နိုင်ငံလွတ်လပ်ရေးအတွက် ဆက်လက်ဆောင်ရွက်ခဲ့လေသည်။

ဂျပန်တခေတ်လုံးတွင် ကာကွယ်ရေးဝန်ကြီး အဖြစ်နှင့် တပ်မတော်ကြီးကို ထူထောင်ခဲ့သည်။ ဖက်ဆစ်ဂျပန်နှင့် ပေါင်းမိသော အမှားကြီးကို မြင်တွေ့လာသောအခါ နောင်တရလျက် ဖက်ဆစ်ဂျပန် ဆန့်ကျင်ရေးတွင် တပ်မတော်ကြီးတခုလုံးနှင့် ပါခဲ့သည်။ ဖ-ဆ-ပ-လ အဖွဲ့ချုပ် ဥက္ကဋ္ဌဖြစ်လာသည်။

"တနှစ်အတွင်း လွတ်လပ်ရေး ရရမည်" ဟုသော ကြွေးကြော်သံနှင့်အညီ လွတ်လပ်ရေးရအောင် အားထုတ်နေဆဲ ပရောဂပေးနေသော ဂဠုန်ဦးစောတို့၏ ရက်စက်စွာလုပ်ကြံခြင်းကို ခံခဲ့ရသည်။

သခင်အောင်ဆန်းသည် စာပေအရေး ဝါသနာပါသော်လည်း စာတအုပ် ဖြစ်မြောက်အောင် ရေးသားရန် အချိန်မရခဲ့သဖြင့် သခင်အောင်ဆန်း ရေးခဲ့သော စာအုပ်ဟူ၍ ဖြစ်ရာ

မရှိဖြစ်ခဲ့ရသည်။ သို့သော် သူ၏ မိန့်ခွန်းများကို စုပေါင်းလိုက်လျှင် "သခင်အောင်ဆန်း၏ ဩဝါဒများ" ကျမ်းကြီးတကျမ်း ဖြစ်လာနိုင်လေသည်။

သခင်အောင်ဆန်းသည် အမြော်အမြင်ရှိရှိနှင့် အလွန်ရိုးသားတည်ကြည်ပြီး ဇွဲအရှိဆုံး ခေါင်းဆောင်တဦးဖြစ်သည်ကို အားလုံးဝန်ခံကြရမည်သာ ဖြစ်လေသည်။

ယနေ့ ပြည်ထောင်စု နိုင်ငံတော်ကြီးကို မွေးထုတ်ခဲ့သူမှာ သခင်အောင်ဆန်း(ဝါ) ဗိုလ်ချုပ်အောင်ဆန်းပင် ဖြစ်လေရာ ပြည်ထောင်စုကြီး တည်နေသမျှ ဗိုလ်ချုပ်အောင်ဆန်း(ဝါ) သခင်အောင်ဆန်း၏ ကျေးဇူးကို အစဉ်သတိရလျက် ရှိကြရန် အရေးကြီးလှသတည်း။

## သခင်နု

သခင်နု (ဝါ) ဦးနုသည် အမျိုးသား ကျောင်းဆရာဘဝကပင် နိုင်ငံရေးကို ကိုယ်ထိလက်ရောက် ဆောင်ရွက်သူဖြစ်လေသည်။ ၁၉၃၁-ခုနှစ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ်အစည်းအရုံးကို ဘည်ထောင်ရာ ဦးနုပါခဲ့လေသည်။

၁၉၃၃-ခုနှစ်တွင် ဦးနုသည် တက္ကသိုလ်သို့ ဥပဒေဘွဲ့ယူရန် ပြန်ရောက်လာခဲ့သည်။ တက္ကသိုလ်ကျောင်းသား သမဂ္ဂတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်းခံရသည်။ တက္ကသိုလ် အာဏာပိုင်များနှင့် ကျောင်းသား အခွင့်အရေး(ဝါ)ကျွန်ပညာ တိုက်ဖျက်ရေးအတွက် နှင်လားငါလား ဖြစ်ခဲ့ကြသည်။ အိုးဝေမဂ္ဂဇင်း၌ ပါဝင်ခဲ့သော ဦးညိုမြ(ကိုသိန်းတင်)၏ဆောင်းပါးကိစ္စနှင့် ဆက်စပ်ပြီး တက္ကသိုလ်မှ ထုတ်ပယ်ခြင်း ခံရသည်။ ထိုအခါက မိမိရထားသော မီးခြစ်ဆံတချောင်းမှ ဖြစ်အောင်မလုပ်နိုင်သည့် ကျွန်ပညာအမက်အသား (ဘီအေ)ဘွဲ့ကို ပြန်အပ်ခဲ့သည်။ ဆရာဦးဘချို၏ ဖေဘာယံအဖွဲ့က အားပေးကူညီခဲ့သည်။ သခင်ဗစိန်တို့ကို ထုတ်ပယ်ပြီးနောက် ဆရာကြီးသခင်

ကိုယ်တော်မှိုင်း တို့ဗမာ အစည်းအရုံးသို့ ပြန်လည်စည်းရုံးရာ တွင် သခင်အောင်ဆန်းနှင့်အတူ တို့ဗမာအစည်းရုံးသို့ ရောက် ခဲ့လေသည်။ ၁၉၃၇-ခုနှစ်တွင် သခင်စိုး-သခင်သန်းထွန်းတို့ နှင့် နဂါးနီစာအုပ်အသင်းကို ထူထောင်ခဲ့သည်။ (၁၃၀၀) ပြည့် အရေးတော်ပုံတွင် ခေါင်းဆောင်တဦး ဖြစ်ခဲ့သည်။ တို့ဗမာအစည်းအရုံး၏ ငွေထိမ်းအဖြစ် တာဝန်ထမ်းခဲ့သည်။ တို့ဗမာအစည်းအရုံး သာယာဝတီ ညီလာခံကြီးတွင် စစ်ဆန့် ကျင်ရေးအဆို တင်သွင်းဖွဲ့ရှင်း၊ ဗမာ့ထွက်ရပ်ဂိုဏ်း၏ရန်ကုန် မြို့ ဂျူဗလီ အစည်းအဝေးကြီးတွင် စစ်ဆန့်ကျင်ရေး ဟောခဲ့ ရှင်း၊ ကာကွယ်ရေး ဥပဒေအရ ၂ထောင်ကျခဲ့သည်။

ဖက်ဆစ်ဂျပန်ခေတ်တွင် တို့ဗမာဆင်းရဲသား အစည်း အ ရုံး ဦးစီးအဖြစ် ဆောင်ရွက်သည်။ ထို့နောက် အဓိပတိ ဒေါက်တာဘမော် အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီး အ ဖြစ်နှင့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးအဖြစ်နှင့်ရှင်း၊တာဝန်ထမ်း ခဲ့သည်။

"နသိုးကြိုးပြတ်"နှင့် "ရက်စက်ပါပေ့ကယ်" ပြဇာတ် များကိုရေးခဲ့သည်။ စစ်ပြီးခေတ်တွင် "ငါးနှစ်ရာသီဗမာ့ပြည်" အမည်နှင့် ဂျပန်ခေတ်သရုပ်ဖော် စာအုပ်တအုပ် ရေးခဲ့ရာ ယခုအခါ အင်္ဂလိပ်ဘာသာနှင့်ပင် ရိုက်ပြီးလနီးနီး ဖြစ်လေ သည်။

အင်္ဂလိပ်များပြန်ရောက်လာသောအခါဝါးခယ်မ၌ ခေတ္တ နားနေစဉ် သခင်အောင်ဆန်းက ဖဆပလ ဒုတိယဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရန်ခေါ်သဖြင့် ရန်ကုန် ပြန်ရောက်လာ သည်။ "မာ့က်ဆစ်ဇင်း" ကျမ်းတအုပ်ထုတ်ခဲ့သည်။တိုင်းပြည်



ပြု လွှတ်တော်အမတ်ဖြစ်လာသည်။ ထိုလွှတ်တော်၏ ဥက္ကဋ္ဌ အ- ဖြစ် ဆောင်ရွက်နေစဉ် သခင်အောင်ဆန်း လုပ်ကြံခံရသဖြင့် သခင်အောင်ဆန်း၏ အရိုက်အရာကို ဆက် ခံ ခဲ့ရလေသည်။ ဖဆပလ အဖွဲ့ချုပ်ဥက္ကဋ္ဌအနေနှင့်ရှင်း၊ အင်္ဂလိပ်အစိုးရနှင့်နိုင်ငံ လွှတ်လပ်ရေးအတွက် နု-အက်တလီစာချုပ်ကို ချုပ်ခဲ့ရသည်။ ပြီးခဲ့သော ပါလီမံ ပြည်သူ့လွှတ်တော် ရွေးကောက် ပွဲတွင် ရန်ကုန်မြို့လမ်းမတော် မဆန္ဒနယ်မှ ရွေးကောက်ခံရပြီး ယခု အခါ နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ် ဆောင်ရွက်လျက်ရှိသည်။

## သခင်စိုး

ခဲ့ရေး- တံရေးခေတ် ဟံသာဝတီ ကြားရွေးကောက်ပွဲတရပ် ကျင်းပသည်မှ အစပြုပြီး တို့ဗမာအစည်းအရုံးနှင့် ရင်း နှီး လာသည်။ နောက် ဘီအိုဝီမှ အလုပ်ထွက်လိုက်ပြီး တို့ ဗ မာ အစည်းအရုံး လုပ်ငန်းများကို အားပေးလာသည်။ ။အရ ကျော် အင်္ဂလန်မပြန်ရောက်လာသောအခါ ပါရှိလာသော လက်ဝဲစာပေများကိုသခင်သန်းထွန်း-သခင်ဗိုလ်(ကယ်လန်သ) တို့နှင့် အတူယူပြီးလေ့လာခဲ့သည်။

အလုပ်သမားအရေးကို အထူးဂရုစိုက် လေ့ လာ သည်။ သခင်ကိုယ်တော်မှိုင်းကြီး တို့ဗမာအစည်းအရုံး ပြန်လည်စည်း ရုံးရာတွင် အလုပ်အမဆောင်တဦး ဖြစ်လာခဲ့သည်။ ၁၉၃၇ ခုနှစ်၊ နဂါးနီစာအုပ်သင်းကို သခင်နု-သခင်သန်းထွန်း တို့နှင့် အတူ ထူထောင်ခဲ့သည်။ "ဆိုရှယ်လစ်ဝါဒ" ကျမ်းကိုပြုစုခဲ့ပြီး "ဗမာ့တော်လှန်မှု"နှင့် "အလုပ်သမားလောက" ကျမ်းတို့ကို ရေးသားခဲ့သည်။ ၁၃၀၀ပြည့်အရေးတော်ပုံတွင် ဦးဗဆွေ သခင်ဗဟိန်းတို့နှင့်အတူ ထောင်ကျခဲ့သည်။ ၁၉၄၀- ခုနှစ်



တွင် စစ်ဆန့်ကျင်ရေး လှုံ့ဆော်မှုကြောင့် ကာ ကွယ် ရေး ဥပဒေအရ ထောင်ကျခဲ့သည်။ ။ဂျပန်များ မန္တလေးသို့ မဝင်မီကလေးတွင် ထောင်မှသခင်နု၊ သခင်ကျော်စိန်၊ သခင် မြသင်တို့နှင့်အတူ လွတ်သည်။ တရုပ်တပ်များနှင့် တရုပ်ပြည် သို့လိုက်ရန် စီစဉ်ရာ၌ပါခဲ့သည်။ နောက်မနေရစ်ခဲ့သည်။ဂျပန် တခေတ်လုံးတွင်တောခိုခဲ့သည်။ "ဗမာပြည်ကွန်မြူနစ်ပါတီ" ကို စည်းရုံးခဲ့သည်။ ဂျပန်ဖက်ဆစ် ဆန့်ကျင်ရေးကိုလုပ်ခဲ့သည်။ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်လာ လေသည်။ ၁၉၄၇-ခုနှစ်တွင် "အချောင်သမားတွေနှင့်စေ့ စပ်ကျေနေခြင်းသည် အချောင်သမားဝါဒကိုအားပေးခြင်း ဖြစ်သည်"ဆိုပြီး၊ အလံနီကွန်မြူနစ်ပါတီကို ခွဲထူထောင် ခဲ့ သည်။ တောခိုခဲ့ရာ ယနေ့တိုင်ပင်ဖြစ်သည်။

# သခင်သန်းထွန်း

၁၉၃၆-ခုနှစ်တွင် လူငယ်များ ကြီးပွားရေး အသင်းတွင် ပါဝင်ခဲ့သည်။ ရန်ကုန်ခရိုင် တိုဗမာအစည်းအရုံးနှင့် နီးစပ်ခဲ့သည်။ ၁၉၃၇-ခုနှစ်တွင် နဂါးနီစာအုပ်အသင်းကို သခင်နု၊ သခင်စိုးတို့နှင့်အတူ ထူထောင်ခဲ့သည်။ ဗမာမူဆလင် အမျိုးသားအထက်တန်းကျောင်းတွင် စာပြရင်း တိုဗမာ အစည်းအရုံး လုပ်ငန်းများကိုလုပ်ခဲ့သည်။ ၁၃၀၀-ပြည့်အရေးတော်ပုံကို ခေါင်းဆောင်ခဲ့သူတယောက်ဖြစ်သည်။ တောင်သူလယ်သမား လုပ်ငန်းများကို အာရုံစိုက်သည့်အတိုင်း ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး အထွေထွေအတွင်းရေးမှူး အဖြစ်၎င်း၊ ဌာနချုပ် တိုဗမာအစည်းအရုံး လယ်သမားဌာန တာဝန်ခံအဖြစ်၎င်း၊ ဆောင်ရွက်ခဲ့သည်။ နိုင်ငံခြား နိုင်ငံရေး ဂျာနယ်များတွင် ဆောင်းပါးများရေးခဲ့သည်။ တိုဗမာအစည်းအရုံး မော်လမြိုင်ညီလာခံကြီးတွင် တင်သွင်းသမျှ အဆိုတို့ကို "အိန္ဒိယကန်ဂရက် ဆိုရှယ်လစ်ပါတီ" ဆုံးဖြတ်ချက် များနှင့် ညှိနှိုင်းပြီးရေးဆွဲခဲ့သည်။ ၁၉၄၀-ခုနှစ်တွင် မြောင်းမြမြို့၌



စစ်ဆန့်ကျင်ရေးတရားဟောသဖြင့် ထောင်ကျခဲ့သည်။ ဂျပန်ဖက်ဆစ်များရောက်လာသောအခါ ပဌမအုပ်ချုပ်ရေး ပြင်ဆင်ရေးကော်မတီတွင် ပါခဲ့သည်။ ဂျပန်တခေတ်လုံး လယ်ယာစိုက်ပျိုးရေးဝန်ကြီး၊ ကုန်စည်ဖြန့်ချီရေးဝန်ကြီး အဖြစ်ဆောင်ရွက်ခဲ့သဖြင့် ဂျပန်ဘုရင်က 'တက်နေ့တံဆိပ်' ဖြင့်ချီးမြှင့်ခြင်းခံရသည်။ ၁၉၄၄-ခု၊ ဒီဇင်ဘာလတွင် ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းထဲဝင်ခဲ့သည်။ စစ်ပြီးသောအခါ ဗမာပြည် ကန်မြူနစ်ပါတီ ခေါင်းဆောင်တဦးဖြစ်လာသည်။ ဖဆပလ အဖွဲ့ချုပ်ကြီး၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ နောက်ဗမာပြည် ကန်မြူနစ်ပါတီ၏ အထွေထွေ အတွင်းရေးမှူးချုပ် ဖြစ်လာသည်။ ယခုတောခိုလျက်ရှိသည်။

## သခင်လေးမောင်

၁၉၃၁- ခုနှစ်က ဘီအေကိုစီ အောင်ခဲ့သော်လည်း ယနေ့အထိ ဘွဲ့မယူခဲ့၊ ဗမာနိုင်ငံလုံးဆိုင်ရာ လူငယ် အစည်း အရုံး၏ ပဉ္စမဆုံးဥက္ကဋ္ဌဖြစ်ခဲ့သည်။ ၁၉၃၃-ခုနှစ်တွင် အိန္ဒိယ ပြည်သို့ နိုင်ငံရေးလေ့လာရန်သွားခဲ့သည်။ ၁၉၃၄-ခုနှစ်တွင် တို့ဗမာ အစည်းအရုံး အလုပ်အမှုဆောင်ဖြစ်လာသည်။ မြင်းခြံညီလာခံတွင်ဥက္ကဋ္ဌဖြစ်လာသည်။ တို့ဗမာအစည်းအရုံးသို့ ဆိုရှယ်လစ်ဝါဒကို စတင်သွတ်သွင်းသူ ဖြစ်ခဲ့သည်။ ထောင် အကြိမ်ကြိမ်ကျခဲ့သည်။ တို့ဗမာအစည်းအရုံး၏ ရှေ့တန်း ခေါင်းဆောင်တဦးအနေနှင့် အလုပ်သမားရေးရာများကို အထူးပင်ဆောင်ရွက်ခဲ့သည်။

၁၉၄၀-ခုနှစ် ဇန္နဝါရီလ ၃၁-ရက်နေ့တွင် ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား အစည်းအရုံးကို သခင်ဗတင်(သံတဲ) သခင်ကျော်စိန်တို့နှင့်အတူ တည်ထောင်ခဲ့သည်။ ပဌမ ဆုံး ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ တို့ဗမာ အစည်းအရုံး သာယာဝတီညီလာခံတွင် တို့ဗမာအစည်းအရုံး၏ဥက္ကဋ္ဌအဖြစ်



ဒုတိယကအကြိမ်မြောက် တင်မြှောက်ခံရသည်။ ကာ ကွယ် ရေး ဥပဒေအရ အကန့်အသတ်မရှိ အချုပ်ခံခဲ့ရသည်။ ဂျပန်ခေတ် အလယ်ပိုင်း၌ အဓိပတိဒေါက်တာဘမော်အစိုးရတွင်ကူးသန်း ဆက်သွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူ ခဲ့ သည်။ နောက် ဒေါက်တာဘမော်နှင့် မတဲ၍ ထွက်ခဲ့သည်။ စစ် ပြီး ခေတ် တို့ဗမာအစည်းအရုံးကို ပြန်လည်စည်းရုံးခဲ့သည်။ "လွတ်လပ်ရေး" သတင်းစာထုတ်ခဲ့သည်။ ယခုအခါ ဗမာပြည် အလုပ်သမား လယ်သမား ပါတီခေါင်းဆောင်တဦးလည်းဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး ကန်ဂရက် (ဗမာနိုင်ငံ)၏ ဒုတိယဥက္ကဋ္ဌ တဦးလည်းဖြစ်လေသည်။ စတာလင်ရေးသော 'အနုပဋိလောမ ရုပ်ဝါဒနှင့် ရုပ်ပိုင်းရာဇဝင်" စာတမ်းကို မြန်မာပြန်ခဲ့သည်။

## ဦးဗဆွေ

၁၉၃၆- ၃၇ ခုနှစ်တွင် တို့ဗမာ လုပ်ငန်းတို့ကို ကျောင်းသားအနေနှင့် ဝိုင်းဝန်းခဲ့သည်။ (၁၃၀၀) ပြည့် အရေးတော်ပုံတွင် သခင်ဗဟန်း၊ သခင်စိုးတို့နှင့်အတူ မကွေးတွင်အဘမ်းခံခဲ့ရသည်။ တက္ကသိုလ်ကျောင်းသားများသမဂ္ဂ၏ အထွေထွေ အတွင်းရေးမှူး အဖြစ်၎င်း ဥက္ကဋ္ဌအဖြစ်၎င်း၊ ဆောင်ရွက်ခဲ့သည်။ ပြည်သူ့အရေးတော်ပုံပါတီကို လျှို့ဝှက်စွာ တည်ထောင်ခဲ့သည်။

ဂျပန်မဝင်ခင်က ထားဝယ်ခရိုင် ဘိုဗမာ အစည်းအရုံး ခေါင်းဆောင်အဖြစ် ဆောင်ရွက်ခဲ့ရာ အင်္ဂလိပ် အစိုးရက ရေဒီယိုမှ ကြိုးမိန့်ပေးခြင်းကို ခံခဲ့ရသည်။ ဂျပန်ခေတ်က "ကောဘိတိုင်" ရန်ကုန်ခရိုင် တာဝန်ခံအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၄-ခု၊ ဩဂုတ်လတွင် ဖဆပလ စတင်ဖွဲ့ရာ၌ ပါဝင်ခဲ့သည်။ ၁၉၄၅-ခု၊ မတ်လတွင် သခင်ကျော်စိန်၊ ဦးတင်ညွန့်တို့နှင့်အတူ ဂျပန်အဖမ်းခံခဲ့ရသည်။ ဂျပန်ပြေးမှ လွတ်သည်။



စစ်ပြီးခေတ်တွင် ဆိုရှယ်လစ်ပါတီကို တည်ထောင်သည်။ ယနေ့တိုင် ပါတီ၏ အထွေထွေ အတွင်းရေးမှူးချုပ် အဖြစ် ဆောင်ရွက်နေသည်။ ဖဆပလအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူးအဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၅၀ ခုနှစ်တွင် ဥရောပအရှေ့ပိုင်း ပိုလန်နိုင်ငံ အခြေအနေကို သွားရောက်လေ့လာခဲ့သည်။ ယခုမူ အာရှဆိုရှယ်လစ် ဗြူရိုသဘာပတိအဖြစ်၎င်း၊ ဖဆပလအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ်၎င်း၊ဆောင်ရွက်နေသည်။ အလုပ်သမားများ အစည်းအရုံး အဖွဲ့ချုပ် (ဗမာနိုင်ငံ) ၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။ အစိုးရအဖွဲ့တွင်မူ ကာကွယ်ရေးနှင့် သတ္တုတွင်း ဌာနများကို တာဝန်ခံနေရလေသည်။

အရမ်းဝေဘန်ပြောဆိုခြင်းထက် ကြောင်းကျိုး ဆင်ခြင်မှုကို အစဉ်အားပေးသဖြင့် နိုင်ငံရေးရန်သူများ၏ ကြည်ညိုမှုကိုပင် ခံယူရသူဖြစ်လေသည်။

## ပန်းတနော် ဦးသန့်

ပန်းတနော် အမျိုးသား အထက်တန်းကျောင်း ကျောင်း အုပ်ကြီးအဖြစ် နှစ်ပေါင်းများစွာလုပ်ခဲ့သည်။ ဂန္ထလောက နှင့် အခြား ဂျာနယ် မဂ္ဂဇင်း သတင်းစာများတွင် စာပေများ ရေးသားခါ နိုင်ငံနိုးကြားမကို ဆောင်ရွက်ခဲ့လေသည်။ စစ်ပြီး ခေတ်တွင် ဖဆပလအဖွဲ့ချုပ် ပြန်ကြားရေးဌာနကို ကိုင်ခဲ့ သည်။ ယခုသော် နိုင်ငံတော်အစိုးရ ပြန်ကြားရေးဌာန အတွင်းဝန်အဖြစ် တာဝန်ထမ်းလျက်ရှိလေသည်။

## သခင်ဗဟိန်း

၁၉၁၆-ခုနှစ်။ တက္ကသိုလ်သပိတ်တွင် မန္တလေးကောလိပ် သပိတ်ခေါင်းဆောင် အဖြစ် နိုင်ငံရေး နယ်ထဲ၌ ထင်ရှား လာသည်။ စစ်ကိုင်းကျောင်းသား သပိတ်တွင် ရှေ့ဆောင် ရှေ့ရွက်ပြုခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂ ကြေးကြော်သံဖြစ်သော "မျိုးညွန့်" မဂ္ဂဇင်း တာဝန်ခံ စာ တည်းလုပ်ခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် တက္ကသိုလ် ကျောင်း သား သမဂ္ဂ ဥက္ကဋ္ဌ အဖြစ်နှင့် (၁၃၀၀)ပြည့် အရေးတော်ပုံ တွင် ဦးဗဆွေ၊ သခင်စိုးတို့နှင့်အတူပါခဲ့သည်။ အာအီးတီ အ လုပ်သမားအစည်းအရုံး၏ ပဲ့ကိုင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၄၀-ခုနှစ်တွင် တိုဗမာအစည်းအရုံးဝင်ခဲ့သည်။ ဗမာနိုင်ငံ လုံးဆိုင်ရာ တိုဗမာအစည်းအရုံး အမှုဆောင်တဦး ဖြစ်ခဲ့သည်။ ပခုက္ကူ ၁၉၄၁-ခု၊ ကျင်းပသော ဗမာနိုင်ငံလုံးဆိုင်ရာတိုဗမာ အစည်းအဝေးတွင် အလုပ်အမှုဆောင်အဖြစ် ရွေးချယ်ခြင်းခံရ သည်။ ကာကွယ်ရေးဥပဒေအရ အဘမ်းခံခဲ့ရသည်။ ဂျပန် ခေတ်တွင် "ချေးတပ်"ဟု ကျော်ကြားခဲ့သော ဗမာ့ လက်ရုံး

တပ်ကို စတင်ခဲ့ရသည်။ နောက် နိုင်ငံခြားရေးဌာနတွင်ဒုတိယ အတွင်းဝန်အဖြစ် တာဝန်ခံယူခဲ့သည်။ စစ်ပြီးသောအခါ ဗမာပြည် ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဦးအဖြစ် တာဝန်ထမ်းဆောင်နေရင်းကွယ်လွန်ခဲ့သည်။ ။"နေရှင်လောက" ကျမ်းကိုပြုစုခဲ့လေသည်။

## သခင်လှဖေ "ဗိုလ်လက်ျာ"

၁၉၃၆- ခုနှစ် တက္ကသိုလ် သပိတ်တွင် ရှေ့တန်း ခေါင်းဆောင်တဦးဖြစ်သည်။ ကလကတ္တားတွင် ပညာဆက်သင်ခဲ့၍ ကလကတ္တား သခင်လှဖေဟုပင် တွင်ခဲ့သည်။ တို့ဗမာ အစည်းအရုံး မော်လမြိုင် ညီလာခံတွင် ဗမာနိုင်ငံလုံး ဆိုင်ရာ အမှုဆောင်တဦးဖြစ်ခဲ့သည်။ ၁၉၄၀-ခုနှစ်တွင် ဌာနချုပ် အလုပ်အမှုဆောင်တဦး ဖြစ်လာသည်။ ၁၉၄၁-ခုတွင် သခင်အောင်ဆန်းနောက် ဂျပန်ပြည်သို့လိုက်ခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်တွင် ဗိုလ်ချုပ်တဦးအဖြစ် အမှုထမ်းခဲ့သည်။ ဗမာ့ကာကွယ်ရေး တပ်မတော်တွင် ဗိုလ်မှူးကြီးအဖြစ် အမှုထမ်းခဲ့သည်။ ဖက်ဆစ် ဆန့်ကျင်ရေးတွင် ပါခဲ့သည်။ တပ်မတော်တွင် ဆက်လက်အမှုထမ်းခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း (ဝါ) သခင်အောင်ဆန်းကွယ်လွန်သောအခါ ကာကွယ်ရေးဝန်ကြီးအဖြစ်၎င်း၊ ဒုတိယဝန်ကြီးချုပ် အဖြစ်၎င်း၊ အမှုထမ်းခဲ့သည်။ ယခုမူ လက်ျာကုမ္ပဏီ အစရှိသော စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသည်။

နဂါးနီဂျာနယ်နှင့် ဂျာနယ်ကျော်တို့အပြင် ဒဂုန်မဂ္ဂဇင်းကြီးတွင် ဆောင်းပါးအများရေးခဲ့သည်။

"နိုင်ငံရေးမြေပုံ" ကျမ်းကိုပြုစုခဲ့သည်။

## သခင်ကျော်စိန်

၁၉၃၄-၁၉၃၅-ခုနှစ်တွင် လူငယ်များ ကြီးပွားရေးအသင်း၌ "လူမှုရေး" လုပ်ငန်းများ စတင် ဆောင်ရွက်ခဲ့သည်။ ၁၉၆၃-၃၇-ခုနှစ်တွင် "နယ်းဘားမား" သတင်းစာ၏ ဘဏ္ဍာထိန်းသတင်းထောက်အဖြစ် ဆောင်ရွက်ခဲ့သည်။ အလုပ်သမား အရေးနှင့် တို့ဗမာအစည်းအရုံးကိစ္စများတွင် စတင်ပါခဲ့သည်။ သခင်ကိုယ်တော်မှိုင်း တို့ဗမာအစည်းအရုံး ပြန်လည် စည်းရုံးသောအခါ တို့ဗမာအစည်းအရုံးကို ကျောင်းသား အနေနှင့်ပင် ပါဝင်ခဲ့ပါသည်။ ဂျာနယ် မဂ္ဂဇင်းများတွင် ဆောင်းပါးများရေးခဲ့သည်။ ၁၃၀၀-ပြည့် အရေးတော်ပုံတွင် ဗိုလ်အောင်ကျော်တို့နှင့်အတူ ဒဏ်ရာအကြီးအကျယ်ရခဲ့သည်။ ဆေးရုံ၌ (၃)လခန့်နေပြီးတို့ဗမာအစည်းအရုံးလုပ်ငန်းများကို ဆက်လုပ်သည်။ လက်ထောက် "ကိုယ်မင်းကိုယ်ချင်း ဌာန" အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ရေနံမြေ အလုပ်သမား စည်းရုံးရေး အထူးတာဝန်ခံဖြစ်ခဲ့သည်။



၁၉၄၀-ခုနှစ်တွင် ဗမာနိုင်ငံလုံး ဆိုင်ရာ အလုပ်သမား အစည်းအရုံးကို သခင်လေးမောင်၊ သခင်ဗတင် (သံတွဲ)တို့နှင့် အတူ တည်ထောင်ခဲ့သည်။ တို့ဗမာအစည်းအရုံး ဌာနချုပ် အလုပ်အမှုဆောင်ဖြစ်ခဲ့သည်။ ၁၉၄၁-ခု မြင်းခြံခရိုင် တို့ဗမာ အစည်းအရုံး ညီလာခံတွင် ဘောင်ကျခဲ့သည်။ ဂျပန်နှင့် ပူးပေါင်းရေးကို စောစောကပင် ကန့်ကွက်ခဲ့သည်။ ထောင်တွင်းမှနေပြီး ဂျပန်နှင့်မပူးပေါင်းရေးကို ဆောင်ရွက်ခဲ့သည်။ ၁၉၄၂-ခုနှစ် ဧပြီလတွင် သခင်နု၊ သခင်စိုး၊ သခင်ဗဟိန်းတို့နှင့်အတူ တရုပ်အစိုးရက တရုပ်ပြည်သို့ခေါ်ရန် စီစဉ်ခဲ့သော်လည်း ပျက်ခဲ့သည်။ ထောင်မလွတ်သော သခင်စိုး၊ သခင်မြသင်၊ သခင်သိန်းဖေ (သိန်းဖေမြင့်) တို့နှင့်အတူ တရုပ်တပ်များနှင့်အတူ လိုက်ရန်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ကြ။ ဂျပန်ဆန့်ကျင်ရေးကိုသာ ဆက်လုပ်ခဲ့သဖြင့် ၁၉၄၂-ခု စက်တင်ဘာလ ၁၇-ရက်နေ့တွင် ဂျပန်နှင့် ပူးပေါင်းနေသတို့၏ သေနတ်နှင့်အပစ်ခံရသည်။ လက်ဝဲအဆုပ်အတွင်း ကျည်ဆံဝင်သော်လည်း ပြန်လည်ကျန်းမာလာသဖြင့် ဂျပန် ဆန့်ကျင်ရေးကို ဆေးရုံပေါ်မှ ဆက်လုပ်ခဲ့သည်။

၁၉၄၃-ခု ဇူလိုင်လတွင် ကွန်မြူနစ်အဖွဲ့အစည်း (ဗမာနိုင်ငံ) ပြည်လုံးကျွတ် ညီလာခံကျင်းပရာ အထွေထွေ အတွင်းရေးမှူးအဖြစ်တင်မြှောက်ခံရသည်။ ၁၉၄၃-ခု စက်တင်ဘာလတွင်ဂျပန်ဖက်ဆစ်တို့၏ အဖမ်းခံရသည်။ ဂျပန်ဖက်ဆစ်တို့၏သေနတ်နှင့်မိုး၍ထားခြင်းခံရပြီး ဂျပန်နှင့်ပေါင်းလာခဲ့ရသည်။ ၁၉၄၅-ခုနှစ် မတ်လတွင် ဂျပန်ဖက်ဆစ်တို့က ပြန်ဖမ်းခြင်းခံရပြီး ရန်ကုန်မှ ဂျပန်များပြေးမှ လွတ်သည်။ စစ်

အပြီးတွင် အိန်ဂယ်လ်စ်ရေး "ကွန်မြူနစ်ဝါဒအခြေခံများ" စာတမ်းကို "ဘာလဲဟဲ့ ကွန်မြူနစ်" အမည်နှင့် ဘာသာပြန်ခဲ့သည်။ "တရုပ်ဆိုဗီယက်" စာတအုပ်ကိုပြုစုခဲ့သည်။

၁၉၄၆-ခုနှစ်တွင် ဘုရင်ခံခန့် အမတ်အဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၄၈ ခုနှစ်တွင် "ဗမာပြည် လမ္ဘတော်လှန်ရေးနှင့် လတန်းစားပြဿနာ" ကျမ်းကိုပြုစုခဲ့သည်။ "မေဒေး စာတမ်း" "အောက်တိုဘာ ဆိုရှယ်လစ်တော်လှန်ရေး" စာတမ်းတို့အပြင် "နယ်ချဲ့ထီးစစ်နှင့် ကရင်သပုန်" စာတမ်းတို့ကိုပြုစုခဲ့သည်။ "ကန်မြူနစ်ကျေညာစာတမ်း" နှင့် "ကမ္ဘာကွန်မြူနစ် အဖွဲ့အစည်းချုပ် လုပ်ငန်းစဉ်"တို့ကို ဘာသာပြန်ခဲ့သည်။ ယခုမှ ပြည်သူ့စာပေတိုက် အုပ်ချုပ်မှု အတွင်းရေးမှူးအဖြစ် ဆောင်ရွက်လျက်ရှိသည်။

## သိန်းဖေမြင့်

၁၉၃၄- ၃၅- ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂ အလုပ်အမှုဆောင်။ ၁၉၃၅—၃၆- ဗမာနိုင်ငံလုံး ဆိုင်ရာ တို့ဗမာ အစည်းအရုံး တဘက်အတွင်းရေးမှူး။ ၁၉၃၆-၃၇ ဘင်္ဂလားပြည်နယ် ကျောင်းသားများအဖွဲ့ပေါင်းချုပ် အလုပ်အမှုဆောင်။ ၁၉၃၆-တက်ဘုန်းကြီးဝတ္ထုရေး။ ၁၉၃၇-၃၈ နဂါးနီစာအုပ်သင်း ပညာရေးအဖွဲ့ဝင်အမှုဆောင်။ ၁၉၃၉—၄၀- ရုပ်ရှင်ဒါရိုက်တာ။ ၁၉၄၀-၄၁- တက်ခေတ်နတ်ဆိုးဝတ္ထုနှင့် ဦးစော ဘိလပ်သွား ပြဇာတ်ရေး၊ ၄၁-၄၂-ဂျပန်အဝင်တွင် ဂျပန်ဆန့်ကျင်ရေး အင်အားစုများ၏ စည်းရုံးရေးမှူး တဦးဖြစ်ပြီး ၎င်းတို့ ကိုယ်စားလှယ်အဖြစ်ဖြင့် အိန္ဒိယနှင့် တရုပ်ပြည်များသို့သွား။ ၁၉၄၅ ဗမာပြည်ပြန်ရောက်။ ၁၉၄၅ အောက်တိုဘာလမှ ၁၉၄၆-ဇွန်လအထိ ဗမာပြည်ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး။ ၎င်းနောက် ဖဆပလ အဖွဲ့ချုပ် တဘက်အထွေထွေအတွင်းရေးမှူး။ ၁၉၄၈-ဘလားရေး သဘင်သစ်ကို ကပြ။ ၁၉၄၈ မတ်လထိ ဗမာပြည် ကွန်

မြူနစ်ပါတီ ဗဟိုကော်မတီလူကြီး။ ၎င်းနောက် ကွန်မြူနစ်ပါတီမှထွက်ပြီး လက်ဝဲအင်အားစုများ ညီညွတ်ရေး- အမျိုးသား ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးများကိုလုပ်။ ၁၉၄၈-အောက်တိုဘာလမှ ၄၉-ဇူလိုင်ထိ ထောင်ကျနေ။ ထောင်တွင်းမှ "လမ်းစပေါ်ပြီ" ဝတ္ထု။ ချစ်၍ခေါ်ရာဇာတ်ညွှန်းနှင့် ဒီမိုကရေစီသစ် ဖေဒ်စီတီး၏ သင်ကြားချက်များ စာအုပ် သုံးအုပ်ကို ရေးသည်။ "စိမ်းရောင်စို" ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး သတင်းသစ်ကိုကပြသည်။ ယခုပြည်သူ့ညီညွတ်ရေးပါတီ တရုပ်-ဗမာ မိတ်ဆွေဖြစ်အသင်း။ ကမ္ဘာ့ငြိမ်းချမ်းရေး ကွန်ဂရက်။ စာရေးဆရာများအသင်းတို့တွင် ခေါင်းဆောင်ပိုင်းမှ ပါဝင်ဆောင်ရွက်လျက်ရှိ၏။

ဘုံဝါဒ နှင့် တို့ဗမာ

ဤစာအုပ်တွင်

[illegible]

ပါဝင်ရေးသားသူများ

* သခင်ကိုယ်တော်မှိုင်း
* သခင်အောင်ဆန်း
* ဦးနု
* သခင်စိုး
* သခင်သန်းထွန်း
* သခင်ဗဟိန်း
* သခင်လှဖေ (ဗိုလ်လက်ျာ)
* သခင်ကျော်ငြိမ်း
* သိန်းဖေမြင့်
* ဦးဗဆွေ
* သခင်သေးမောင်
* ဦးသန့် (ကုလသမဂ္ဂ)

တအုပ် ၂ ကျပ်


ထုတ်ဝေသူ— [illegible]

ပုံနှိပ်— ပေလောကစာအုပ်တိုက်

[illegible]